ဩဂုတ်လ ၅ ရက်နေ့၊ ၂၀၁၉ ခုနှစ်

# လူ့အခွင့်အရေး ကောင်စီ

**၄၂ ကြိမ်မြောက်အစည်းအဝေး**

၉ - ၂၇ ရက်နေ့ စက်တင်ဘာလ ၂၀၁၉ ခုနှစ်

Agenda item 4

**ကောင်စီ၏ အာရုံစူးစိုက်မှုကို လိုအပ်နေသော**

**မြန်မာပြည်၏ အခြေအနေ**

## မြန်မာ့ တပ်မတော်၏ စီးပွားရေး အကျိုးစီးပွား

မြန်မာပြည်ဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ

အချက်အလက် ရှာဖွေရေး မစ်ရှင်

Independent International Fact-Finding Mission

on Myanmar

# မာတိကာ

Page

၁ ။ အနှစ်ချုပ်နှင့် အဓိက ကျသော အကြံပြုချက်များ ........................................................................ ၄

၂ ။ လုပ်ပိုင်ခွင့်၊ အသုံးပြုနည်းနာနှင့် နိုင်ငံတကာ ဥပဒေနှင့် မူဝါဒ မူဘောင်........................................................ ၁၀

က။ လုပ်ပိုင်ခွင့် ........................................................................................................ ၁၀

ခ။ အသုံးပြုနည်းနာ ................................................................................................... ၁၂

ဂ။ နိုင်ငံတကာ ဥပဒေနှင့် မူဝါဒ မူဘောင် ............................................................................ ၁၄

၃ ။ တပ်မတော် စီးပွားရေး ဖွဲ့စည်းပုံနှင့် အကျိုးစီးပွားများကို ပုံဖော်ခြင်း..... ...................................................... ၃၃

က။ တပ်မတော် ဦးပိုင်ကုမ္ပဏီများ MEHL နှင့် MEC.............................................................. ၃၄

ခ။ MEHL နှင့် MEC လက်အောက်ခံ ကုမ္ပဏီများ........................................................................ ၄၃

ဂ။ နိုင်ငံတော်ပိုင် စီးပွားရေးအဆောက်အအုံများရှိတပ်မတော်၏ အခန်းကဏ္ဍနှင့် အကျိုးစီးပွားများ ....

ဃ။ တပ်မတော်နှင့် ချိတ်ဆက်မှုရှိသော ပုဂ္ဂလိကပိုင် ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းအုပ်စုကြီးများ . ၅၀

၄ ။ တပ်မတော်နှင့် တွင်းထွက်သယံဇာတ တူးဖော်ရေး လုပ်ငန်း ...................................................................... ၅၂

(က) ။ ကချင်နှင့်ရှမ်းပြည်နယ်များရှိ ကျောက်စိမ်းနှင့် ပတ္တမြားမိုင်းများတွင် တပ်မတော်၊ MHEL နှင့် MEC တို့၏ ပါဝင်ပတ်သက်မှုများ ...................................................................................................... ၅၄

၅ ။ တပ်မတော် စစ်ဆင်ရေးများနှင့် ကြွယ်ဝချမ်းသာမှုအတွက် ထောက်ကူပံ့ပိုးမှုကို ဖြစ်စေသော အခြားအခြေခံကျသည့် နည်းလမ်းများ .................................................................................................... ၆၆

က.က။မြန်မာ့တပ်မတော်နှင့်လုံခြုံရေးတပ်ဖွဲ့များမှကျူးလွန်သောချိုးဖောက်မှုပုံမှန်နည်းလမ်းများ .................... ၆၇

(က) အလှူရှင် ကုမ္ပဏီများ........................................................................................... ၆၇

(ခ) နိုင်ငံခြား ကုမ္ပဏီများ၊ နိုင်ငံခြားမှ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းအုပ်စုကြီးများနှင့် MEHL နှင့် MEC ၏ ပူးတွဲရင်းနှီးမြှပ်နှံမှုများ၊ ကုန်သွယ်မှုဆိုင်ရာ စပ်တူလုပ်ငန်းများ .................................. ၉၀

(ဂ) လက်နက်နှင့် ပစ္စည်းကရိယာများအား တင်သွင်းပေးသူများ.............................................. ၉၃

၆ ။ နိဂုံးချုပ်ချက် နှင့် အကြံပြုချက်များ ........................................................................................... ၁၁၁

နောက်ဆက်တွဲများ

၁ ။ မြန်မာပြည် မြေပုံ ........................................................................................................ ၁၂၂

၂ ။ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက် (MEHL) နှင့် မြန်မာ့ စီးပွားရေး ကော်ပိုရေးရှင်း MEC

(က) MEHL နှင့် MEC အုပ်ချုပ်မှု ယန္တရား ...................................................................... ၁၂၃

(ခ) MEHL နှင့် MEC သို့မဟုတ် MEC Ltd. ၏ လက်အောက်ခံ ကုမ္ပဏီများနှင့် ပေါင်းစည်းထားသော အသင်းဝင်အဖွဲ့များ ........................................................................................................ ၁၂၆

၃ ။ကချင်နှင့်ရှမ်းပြည်နယ်များရှိ တွင်းထွက် သယံဇာတ တူးဖော်ရေး လုပ်ငန်းများ .......................................... ၁၃၄

(က) ကျောက်စိမ်းမိုင်း ........................................................................................................ ၁၃၄

(ခ) ပတ္တမြားမိုင်း ........................................................................................................ ၁၃၄

၄ ။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ တပ်မတော်မှ ကောက်ခံရရှိခဲ့သည့် အလှူရှင်များစာရင်း နှင့် အလှူငွေများ၏ အသေးစိတ် ........................................................................................................ ၁၃၅

၅ ။ MEHL သို့မဟုတ် MEC တို့နှင့် ကုန်သွယ်မှုဆိုင်ရာ စပ်တူလုပ်ငန်းများ ရှိနေသော နိုင်ငံခြားကုမ္ပဏီများ ............ ၁၄၉

(က) ဖက်စပ်လုပ်ငန်း မိတ်ဖက်များ ........................................................................................................ ၁၄၉

(ခ) MEHL နှင့် MEC တို့ဖြင့် လုပ်ငန်းသဘောတူမှုပြုထားသော သို့မဟုတ် ကုန်သွယ်မှုဆိုင်ရာ ချည်နှောင်မှု ရှိသော နိုင်ငံခြားကုမ္ပဏီများ........................................................................................................ ၁၅၁

၆ ။ တပ်မတော်သို့ လက်နက်နှင့် ပစ္စည်းကရိယာများအား တင်သွင်းပေးသူများ........................................................................................................ ၁၅၉

(က) တပ်မတော်သို့ သမာရိုးကျ လက်နက်များနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းပေးသော လုပ်ငန်းအုပ်စုကြီးများနှင့် အစိုးရနိုင်ငံများ ........................................................................................................ ၁၅၉

(ခ) စစ်ဖက်ဆိုင်ရာ ရည်ရွယ်ချက်များအတွက် နှစ်မျိုး အသုံးပြုနိုင်သော ပစ္စည်းများ နှင့် နည်းအတတ်ပညာများကို ရယူနိုင်ရန်အတွက် တပ်မတော်မှအသုံးပြုသော ပုဂ္ဂလိက ကုမ္ပဏီများ ...................... ၁၆၃

## ၁။ အနှစ်ချုပ်နှင့် အဓိကကျသော အကြံပြုချက်များ

၁။ မြန်မာပြည်ဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင် (ဤနေရာမှစ၍ "မစ်ရှင်" ဟု သုံးစွဲသွားမည်။) အနေဖြင့် ၂၀၁၈ ခုနှစ် စက် တင်ဘာလ ၁၇ ရက်နေ့ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ၃၉ ကြိမ်မြောက် အစည်းအဝေးတွင် တင်သွင်းခဲ့သော အစီရင်ခံစာများ ("၂၀၁၈ အစီရင်ခံစာ" ဟု သုံးစွဲသွားမည်။) ၌ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များအကြား နိုင်ငံတကာ ဥပဒေအပေါ် ပြင်းထန်သည့် ချိုးဖောက်မှုများအပြင် ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်များရှိ ပြင်းထန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုများ၏ တသမတ်ထဲရှိလှသော ပုံစံကို ဖေါ်ထုတ် ပြခဲ့ပြီးဖြစ်သည်။ [1] သတ်ဖြတ်မှု၊ အကျဉ်းချမှု၊ ဥပဒေဖြင့် ပျောက်ဆုံးစေမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ မုဒိန်းမှု၊ လိင်ကျွန်ပြုမှု နှင့် အခြားပုံစံများဖြင့် လိင်အကြမ်းဖက်မှုများ၊ နှိပ်ကွပ်ညှဉ်းပန်းခြင်းနှင့် ကျွန်ပြုမှုများ ပါဝင်သော များစွာသော ချိုးဖောက်မှုတို့သည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုမြောက်သည်ဟု မစ်ရှင်မှ သုံးသပ်ခဲ့ပါသည်။ ထို့အပြင် ရခိုင်ပြည်နယ်၌ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ ဖြစ်သည့် အမြစ်ပြတ် သုတ်သင်ခြင်းနှင့် မောင်းထုတ်ခြင်းများသည်လည်း ရှိနေဆဲ ဖြစ်သည်ဟု တွေ့ရှိခဲ့ရသည်။ ထိုချိုးဖောက်မှုများကို အခြေခံ အားဖြင့် ကျူးလွန်သူများမှာ မြန်မာလုံခြုံရေးတပ်ဖွဲ့မှဖြစ်ပြီး အဓိက ကျသူများမှာ မြန်မာစစ်တပ် သို့မဟုတ် တပ်မတော်ပင် ဖြစ်သည်။ မှတ်တမ်းတင်ရရှိထားသော ချိုးဖောက်မှုများ၏ အမြောက်အမြား သည် နိုင်ငံတကာဥပဒေအောက်တွင် အဆိုးဝါးဆုံးသော ရာဇဝတ်မှုများ ဖြစ်သည်။ မစ်ရှင်အနေဖြင့် "တပ်မတော်၏ အမိန့်ပေး ကွပ်ကဲမှု စနစ်တွင်ရှိသည့် အဆင့်မြင့် အရာရှိများကို စုံစမ်းစစ်ဆေးရေးနှင့် တရားစွဲဆိုရေးကို ပြုနိုင်မည့် လုံလောက်သော အချက်အလက်ရှိပြီး ဖြစ်သည်။ သို့ဖြစ်၍ ရခိုင်ပြည်နယ်ရှိ အခြေအနေနှင့် ပတ်သက်သော လူမျိုးတုန်း သတ်ဖြတ်မှုအပေါ် ၎င်းတို့၏ တာဝန်ရှိမှုကို စွမ်းဆောင်ရည်ရှိသည့် တရားရုံး တစ်ခုဖြင့် ဆုံးဖြတ်နိုင်ပြီ ဖြစ်ပါသည်။" ဟု ကောက်ချက်ချထားပါသည်။[2]

၂။ မစ်ရှင်အနေဖြင့် နေရာအနှံ့ သက်ရောက်နေသည့် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်နေသော ယဉ်ကျေးမှုတခုသည် ပြည်တွင်းအဆင့်တွင် ရှိနေပြီဟု တွေ့ရှိရပါသည်။ ထိုအချက်ကြောင့်ပင် တာဝန်ယူမှု၊ တာဝန်ခံမှု အတွက် တွန်းအားသည် နိုင်ငံတကာ အသိုင်းအဝိုင်းမှသာ လာရမည်ဖြစ်ပြီး မစ်ရှင်မှ ထိုကိစ္စ အဆုံးသတ်ရေးအတွက် တိကျခိုင်မာသော အကြံပြုချက်များ ပြုခဲ့ပါသည်။

[1] A/HRC/39/64, မြန်မာပြည်ဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်၏ အစီရင်ခံစာ၊ ၁၂ စက်တင်ဘာ ၂၀၁၈ နှင့် A/HRC/39/CRP.2, မြန်မာပြည်ဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်၏ အသေးစိပ် အစီရင်ခံစာ ၁၇ စက်တင်ဘာ ၂၀၁၈

[2] A/HRC/39/64, စာပိုဒ် ၈၇

လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများအတွက် စုံစမ်းစစ်ဆေး၊ တရားစီရင်ရမည့် အဆင့်မြင့် ဗိုလ်ချုပ်ကြီးများ၏ အမည်စာရင်းကို မစ်ရှင်မှ ပြုလုပ်ပေးခဲ့ပါသည်။

ရှာဖွေတွေ့ရှိမှုများ၏ လေးနက်ပြင်းထန်မှု ရှိနေသည့် ဆက်စပ်အခြေအနေတွင် "မြန်မာနိုင်ငံ၏ လုံခြုံရေး တပ်ဖွဲ့များကို မစ်ရှင်အဖွဲ့ က အကြံပြုထားသည့် အတိုင်း ပြန်လည်တည်ဆောက်ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းများ မလုပ်မချင်း မြန်မာနိုင်ငံ အတွင်း လည်ပတ်နေသော စီးပွားရေးလုပ်ငန်းများ သို့မဟုတ် မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုပြုနေသော သို့မဟုတ် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံထားသော စီးပွားရေးလုပ်ငန်းများအားလုံး အနေဖြင့် မြန်မာနိုင်ငံ လုံခြုံရေးတပ်ဖွဲ့များ အထူးသဖြင့် တပ်မတော်ကဖြစ်စေ၊ ၎င်းတို့၏အဖွဲ့ဝင် တစ်ဦးချင်းကဖြစ်စေ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်သည့် စီးပွားရေး လုပ်ငန်းများနှင့် စီးပွားရေး သို့မဟုတ် ငွေကြေးဆိုင်ရာ ပတ်သက်ဆက်နွယ်မှုများ လုံးဝ မဆောင်ရွက်သင့်ပါ။"[3] ဟု မစ်ရှင်မှ တိုက်တွန်းခဲ့သည်။

အခြားသော ဘဏ္ဍာ အရင်းအမြစ်များကို တရားဝင် ဘတ်ဂျက် ပြင်ပမှ တပ်မတော်က ရှာဖွေနိုင်စွမ်းသည် အရပ်ဘက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှု မလိုဘဲ ၎င်းဖာသာ လည်ပတ်လှုပ်ရှားနိုင်မှုကို အထောက်အကူပြုပါသည်။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေများကို ဆက်လက်၍ ကျူးလွန်မှု၊ အနာဂတ်တွင် ကျူးလွန်မှုများကို တားဆီးရန်နှင့် မစ်ရှင်မှ မှတ်တမ်းတင်ထားခဲ့သည့် အတိတ်ကာလက ကျူးလွန်မှုများအပေါ် တာဝန်ယူမှု တာဝန်ခံမှုကို မြှင့်တင်ပေးနိုင်ရန် တို့အတွက် တပ်မတော်၏ ဘဏ္ဍာရေး အထီးကျန်မှုကို ပြုလုပ်ရန် မစ်ရှင်၏ ၂၀၁၈ အစီရင်ခံစာမှ အကြံပြုခြင်းဖြစ်သည်။ မြန်မာနိုင်ငံ တွင် လူ့အခွင့်အရေးများကို လေးစားလိုက်နာမှုရှိရန်အတွက် မဖြစ်မနေ လိုအပ်ချက်တခုဖြစ်သည့် တပ်မတော် ပြုပြင်ပြောင်းလဲရေးကို အားပေးတိုက်တွန်းလိုသည့်အတွက်လည်း မစ်ရှင်မှ စီးပွားရေး အထီးကျန်မှုကို အကြံပြုခဲ့ခြင်းဖြစ်ပါသည်။

၃။ မစ်ရှင်အနေဖြင့် တပ်မတော်၏ စီးပွားရေးအကျိုးစီးပွားများ ဆိုသည့် ဤအစီရင်ခံစာကို ထုတ်ပြန်ရခြင်းမှာ မြန်မာအစိုးရ၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ အဖွဲ့ဝင်နိုင်ငံများ၊ သက်ဆိုင်ရာ အစိုးရများအကြား ဒေသတွင်း နှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတကာ ငွေကြေးရံပုံငွေဆိုင်ရာ အဖွဲ့အစည်းများ၊ နှင့် ကုလသမဂ္ဂ၊ ၎င်း၏ ရံပုံငွေအဖွဲ့များ၊ အစီအစဉ်များနှင့် ဌာနများမှ ဤ အကြံပြုချက်များကို အကောင်အထည် ဖော်စေရန်အတွက် ကူညီပေးရန် ဖြစ်ပါသည်။

၄။ ၂၀၁၀ နိုဝင်ဘာ နှင့် နောက်ဆက်တွဲ ၂၀၁၅ နိုဝင်ဘာ ရွေးကောက်ပွဲများ နောက်ပိုင်း မြန်မာနိုင်ငံ၏ အလုံးစုံ တိုက်ရိုက် စစ်အာဏာရှင်စနစ်မှ အသွင်ကူးပြောင်းမှုအပေါ် တပ်မတော်၏ အဆမတန်အာဏာက သက်ရောက်နေခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က ၂၀၁၀ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီး ၂၀၁၆ ခုနှစ် မတ်လ တွင် အစိုးရ၏ အရပ်သားဘက်အခြမ်းကို ရယူခဲ့ပါသည်။ မည်သို့ပင် ဆိုစေကာမူ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဌာန်းထားခဲ့သည့် အတိုင်း တပ်မတော်သည် အရပ်သား အုပ်ချုပ်မှု

[3] A/HRC/39/CRP.2, စာပိုဒ်များ ၁၇၀၈၊ ၁၇၁၈ နှင့် ၁၇၁၇

သို့မဟုတ် ကြီးကြပ်မှုအောက်မှာ ကင်းလွတ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရထားသည့် အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ ၎င်းက ကာကွယ်ရေး၊ နယ်စပ်ရေးရာနှင့် ပြည်ထဲရေး ဝန်ကြီးဌာနများကို ထိန်းချုပ်ထားပြီး ၎င်းတို့၏ ဝန်ကြီးများမှာ ကာကွယ်ရေးဦးစီးချုပ်မှ ရွေးချယ်ထားသည့် တာဝန်ထမ်းဆောင်ဆဲ စစ်တပ် အရာရှိများသာ ဖြစ်ပါသည်။ [4] တပ်မတော် အနေဖြင့် ဥပဒေပြုရေးဆိုင်ရာ နေရာများ၏ ၂၅% ကို ရယူထားပြီး မည်သည့် ဖွဲ့စည်းပုံပြောင်းလဲမှုကိုမဆို ပိတ်ဆို့နိုင်သည့် အာဏာကို ရရှိထားပါသည်။ [5]

၅။ တပ်မတော်၏ စီးပွားရေး အကျိုးစီးပွားများက သူ၏ ပြုမူပုံများကို လုပ်ဆောင်နိုင်စေခြင်းဖြစ်သည်။ မစ်ရှင် အနေဖြင့် စီးပွားရေး အကျိုးစီးပွား၏ ကဏ္ဍ ၅ နေရာကို စုံစမ်းစစ်ဆေးခဲ့ပါသည်။

(က) တပ်မတော်၏ အဓိက စီးပွားရေး လုပ်ငန်းအုပ်စုကြီးများ ဖြစ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင် လီမိတက် (MEHL) နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) ၊ ၎င်းတို့ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်ထားသည့် လက်အောက်ခံလုပ်ငန်းများ၊ နိုင်ငံပိုင် လုပ်ငန်းများရှိ တပ်မတော်၏ အခန်းကဏ္ဍ၊ "ခရိုနီ ကုမ္ပဏီများ" ဟု လူသိများလာသည့် ပြည်တွင်း ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းအုပ်စုနှင့် တပ်မတော်ကြား နီးကပ်စွာ ချိတ်ဆက်နေမှု၊

(ခ) မြန်မာနိုင်ငံမြောက်ပိုင်းရှိ ကချင်နှင့် ရှမ်းပြည်နယ်များတွင် ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများနှင့် တပ်မတော်၏ စီးပွားရေး အကျိုးစီးပွားများ၊

(ဂ) ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အစပြုခဲ့သည့် ရခိုင်ပြည် မြောက်ပိုင်းရှိ တပ်မတော်၏ "ရှင်းလင်းရေး စစ်ဆင်ရေးများ" ကို အထောက်အကူပြုရန် တပ်မတော်မှ ကောက်ခံသော အလှူငွေများကို ပေးအပ်သည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ အလားတူ ရခိုင်ပြည်နယ် မြောက်ပိုင်း၌ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေး စီမံချက်များကို ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများ၊

(ဃ) တပ်မတော်၏ ပူးတွဲရင်းနှီးမြုပ်နှံမှုများ အပါအဝင် ကုန်သွယ်မှုဆိုင်ရာ ဆက်သွယ်မှုများ ရှိသည့် နိုင်ငံခြားကုမ္ပဏီများ နှင့်

(င) ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ စ၍ တပ်မတော်အား လက်နက်များနှင့် ဆက်စပ် ပစ္စည်းကိရိယာများ ရောင်းချ သို့မဟုတ် လွှဲပြောင်းပေးနေသည့် ကုမ္ပဏီများနှင့် နိုင်ငံများ အစရှိသည်တို့ ဖြစ်ပါသည်။

၆။ လက်ရှိ အစီရင်ခံစာတွင် တပ်မတော်နှင့် ၎င်း၏ အဆင့်မြင့် ဗိုလ်ချုပ်ကြီးများအား စီးပွားရေး အကျိုးအမြတ်ကို ထောက်ပံ့ပေးနေသည့် စီးပွားရေးလုပ်ငန်းများ၊ လူပုဂ္ဂိုလ်များ နှင့် နိုင်ငံများ အားလုံး ပြည့်ပြည့်စုံစုံ ပါသည့် စာရင်းကို ဖော်ပြ ပေးမထားပါ။ ဤသို့ ဆောင်ရွက်ရန် မစ်ရှင် အတွက် ရရှိထားသော အချိန်နှင့် အရင်းအမြစ်အရ မဖြစ်နိုင်ခဲ့ပါ။ သို့ပါသော်လည်း အခြား စုံစမ်းစစ်ဆေးသူများနှင့် သုတေသီများကို ဆက်လက် တည်ဆောက်နိုင်မည့် မြို့ငုံသုံးသပ်ချက်

---

[4] ၂၀၀၈ ခုနှစ် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပုဒ်မ (၂၃၂) (ခ) (၂) ။ (၂၃၂) ည) (၂)

[5] ၂၀၀၈ ခုနှစ် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပုဒ်မ ၁၀၉ (ခ) နှင့် ၄၃၆

တရပ်နှင့် အခြေခံအုတ်မြစ်ကို ထောက်ကူ ပေးထားပါသည်။ အောက်ပါ ဖေါ်ပြထားသော တွေ့ရှိချက်များကို ဤ အစီရင်ခံစာ၏ နောက်ဆက်တွဲ ပူးတွဲတွင် ပါဝင်သော အချက်အလက်များက ပံ့ပိုးပေးပါသည်။ ၎င်း၏ စုံစမ်းစစ်ဆေး တွေ့ရှိချက်များအပေါ် အခြေခံ၍ ယုံကြည်နိုင်လောက်သော အချက်အလက်များပေါ်တွင် မစ်ရှင်အနေဖြင့် အောက်ပါအတိုင်း ကောက်ချက် ချခဲ့ပါသည်။

(က) တပ်မတော်၏ စီးပွားရေး လုပ်ငန်းအုပ်စုကြီး ၂ ခုဖြစ်သော မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင် လီမိတက် (MEHL) နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) တို့ကို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ နှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ တို့အား ဆိုးဝါးကြမ်းတမ်းစွာ ချိုးဖောက်ခဲ့သော တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့ အပါအဝင် တပ်မတော် ထိပ်တန်း ခေါင်းဆောင်များက ပိုင်ဆိုင် ချုပ်ကိုင် ထားပါသည်။ ကွဲပြားခြားနားသော စီးပွားရေး ကဏ္ဍ မြောက်မြားစွာတို့တွင် MEHL နှင့် MEC တို့မှ ပိုင်ဆိုင်သော စီးပွားရေး လုပ်ငန်း ၁၂၀ ခု - ဆောက်လုပ်ရေး နှင့် ကျောက်မျက်ထုတ်ယူရေး မှ စပြီး ကုန်ထုတ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းအထိ- နှင့် ကော်ပိုရေးရှင်း ပုံစံဖြင့် MEHL နှင့် MEC တို့ဖြင့် အနီးကပ် ဆက်စပ်မှုရှိသော နောက်ထပ် စီးပွားရေးလုပ်ငန်း ၂၇ ခု တို့ကို မစ်ရှင်မှ ဖေါ်ထုတ်နိုင်ခဲ့ပါသည်။ ထို စစ်တပ်စီးပွားရေး လုပ်ငန်းများမှ ရရှိသော ဘဏ္ဍာငွေက ရွေးချယ်ခံ အရပ်သားများ၏ ကြီးကြပ်မှုမှ ကင်းလွတ်နေကာ နိုင်ငံတကာ လူ့အခွင့်အရေး နှင့် လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သည့် တပ်မတော်၏ စစ်ဆင်ရေးများအား ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုကို ဖြစ်စေပါသည်။

"ခရိုနီ ကုမ္ပဏီများ" ဟု လူသိများသော မြန်မာ့ ပုဂ္ဂလိက ကုမ္ပဏီများ၊ စီးပွားရေး လုပ်ငန်းအုပ်စုကြီးများနှင့် တပ်မတော်၊ တပ်မတော်၏ စီးပွားရေးလုပ်ငန်းစု အုပ်စုကြီးများ ဖြစ်သည့် MHEL နှင့် MEC တို့ အကြား အားကောင်း၍ ခိုင်မြဲသော စီးပွားရေး နှင့် မိသားစု ဆိုင်ရာ ချိတ်ဆက်မှုများ ရှိနေပါသည်။

(ခ) မိုင်းတွင်း ဒေသများ အထူးသဖြင့် ကချင်ပြည်နယ်တွင် ၎င်းတို့၏ စီးပွားရေး လှုပ်ရှားမှုများနှင့် ပါတ်သက်ပြီး အဓမ္မလုပ်အား ခိုင်းစေခြင်း နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ အပါအဝင် လူ့အခွင့်အရေးနှင့် နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေတို့ အပေါ် ချိုးဖောက်မှုများကို တပ်မတော်မှ ကျူးလွန်ခဲ့ပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ MEHL ၊ MEC နှင့် ၎င်းတို့၏ လက်အောက်ခံဟု မစ်ရှင်က ရှာဖွေတွေ့ရှိထားသော စီးပွားရေး လုပ်ငန်းခွဲများမှ ကျောက်စိမ်းနှင့် ပတ္တမြား တူးဖော်ခွင့် လိုင်စင် အမြောက်အမြားကို ရရှိထားပါသည်။

(ဂ) ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် စတင်ခဲ့သည့် ရခိုင်ပြည် မြောက်ပိုင်းရှိ ရိုဟင်ဂျာတို့ အပေါ် စစ်တပ်၏ "ရှင်းလင်းရေး စစ်ဆင်ရေးများ" ကို အထောက်အကူပြုရန် ၂၀၁၇ ခုနှစ် စက်တင်ဘာလက တပ်မတော် ထိပ်တန်း ခေါင်းဆောင်များက ကောက်ခံ၍ ရခဲ့သော အလှူငွေထဲတွင် ကုမ္ပဏီနှင့် အဖွဲ့အစည်း အနည်းဆုံး ၄၅ ဖွဲ့က လှူဒါန်းငွေ အမေရိကန် ဒေါ်လာ ၁၀.၂ သန်း ပါဝင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၌ ရိုဟင်ဂျာများ ပါဝင်သည့် အထောက်အထား ဖျောက်ဖျက်ရန် နှင့် ၎င်းတို့၏ ဇာတိမြေနှင့် လူထုအသိုင်းအဝန်းထံသို့ ၎င်းတို့ ပြန်လာနိုင်ရေးကို တားဆီးရန်တို့အတွက်

နည်းလမ်းတခုအနေဖြင့် ဒေသကို ပုံစံအသစ် ပြန်လည် ဖော်ဆောင်ရန် ဟူသော တပ်မတော်၏ ဦးတည်ချက်ကို ဖြည့်ဆည်းပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား တပ်မတော်နှင့် ခိုင်ခိုင်မြဲမြဲ ချိတ်ဆက်မှု ရှိသည့် ပုဂ္ဂလိက ကုမ္ပဏီများက ငွေကြေးပံ့ပိုးလျက် ရှိကြောင်း မစ်ရှင်မှ တွေ့ရှိခဲ့သည်။ လူသားချင်း စာနာမှု အကူအညီ ထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD) အောက်တွင် အကောင်အထည်ဖော်သော ဤစီမံချက်များသည် စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု နှင့် လူမျိုးတုန်း သတ်ဖြတ်မှု ဆောင်ရွက်ချက်များ၏ နောက်ဆက်တွဲ အကျိုးဆက်များကို တပေါင်းတစည်း တည်း ထုတ်ဖော်ပြသပါသည်။[6] ဤတွေ့ရှိချက်များကို အခြေခံ၍ "လူသားမဆန်သော ပြုမူချက်များ" ဖြစ်သည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် နှိပ်ကွပ်ညှဉ်းပန်းမှု အပါအဝင် နိုင်ငံတကာ ဥပဒေအောက်တွင် ကျူးလွန်သည့် ရာဇဝတ်မှုများအား သိသာထင်ရှားစွာ၊ တိုက်ရိုက် ပံ့ပိုးမှု ပြုလုပ်ခဲ့နိုင်သော ပုဂ္ဂလိက ကုမ္ပဏီများနှင့် အရာရှိများအား စုံစမ်းစစ်ဆေးရန် မစ်ရှင်မှ ဖော်ထုတ်ခဲ့ပါသည်။

(ဃ) တပ်မတော်၏ စီပွားရေးလုပ်ငန်းများနှင့် နိုင်ငံခြား ကုမ္ပဏီပေါင်း ၁၅ ခု က ဖက်စပ်လုပ်ငန်းများ ရှိပြီး နောက်ထပ် နိုင်ငံခြား ကုမ္ပဏီပေါင်း အနည်းဆုံး ၄၄ ခုက အခြားသော ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ချည်နှောင်မှုများ ရှိကြသည်။ ထိုကဲ့သို့သော ဖက်စပ်လုပ်ငန်းများနှင့် ကုန်သွယ်မှု ဆက်ဆံမှုများမှ တဆင့် တပ်မတော်နှင့် ၎င်း ၏ စီးပွားရေး လုပ်ငန်းစုကြီးများ ဖြစ်သော MEHL နှင့် MEC တို့နှင့် ပတ်သက်သော မည်သည့် ပြည်ပ စီးပွားရေး လုပ်ငန်းမဆို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေများ ချိုးဖောက်မှုများအပေါ် ပံ့ပိုးပေးသည့် သို့မဟုတ် ဆက်စပ်ပတ်သက်ခံရနိုင်သည့် မြင့်မားသော အန္တရာယ် တစ်ခု ရှိသည်ဟု မစ်ရှင်က တွေ့ရှိပါသည်။ အနည်းဆုံးအနေဖြင့် ထိုပြည်ပ ကုမ္ပဏီများသည် တပ်မတော်၏ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်ကို အထောက်အကူ ပြုပါသည်။

(င) တပ်မတော်၏ ဆိုးရွားသော လူ့အခွင့်အရေး မှတ်တမ်းကို ကျယ်ကျယ်ပြန့်ပြန့် နှင့် လူသိရှင်ကြား ဖြစ်စေခဲ့သော ၂၀၁၆ ခုနှစ် မှ စ၍ နိုင်ငံ ၇ နိုင်ငံမှ ပြည်ပ ကုမ္ပဏီ အနည်းဆုံး ၁၄ ခုမှ တပ်မတော်အား လက်နက်များနှင့် ဆက်စပ် ကိရိယာများကို ပံ့ပိုးပေးခဲ့ပါသည်။ ထို့အပြင် ထို လက်နက်နှင့် ဆက်စပ် ကိရိယာများ၏ အမျိုးအစားများစွာကို တပ်မတော် က နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ နှင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေ တို့အား ဆိုးရွားစွာ ချိုးဖောက်ရာတွင် အသုံးပြုနေကြောင်း အများသိ မှတ်တမ်းများက ရှင်းရှင်းလင်းလင်း ဖော်ပြထားခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်၍ ဤ ကုမ္ပဏီများနှင့် နိုင်ငံများသည် ၎င်းတို့၏ လက်နက်များ လွှဲပြောင်းပေးမှုကြောင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေ အပေါ်တွင် တိုက်ရိုက်နှင့် ကျိုးကြောင်းရှိစွာ ခန့်မှန်းနိုင်သော သက်ရောက်မှု ရှိကြောင်း သိပြီးသား သို့မဟုတ် သိသင့်ပြီးသား

[6] Jennifer Balint, Kristian Lasslett နှင့် Kate Macdonald တို့၏ ""ပဋိပက္ခလွန်" ပြန်လည်တည်ဆောက်ရေး၊ အာဏာကြီးသူများ၏ ရာဇဝတ်မှုများနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု " State Crime Journal, Vol. 6, No. 1, (Spring 2017), စာမျက်နှာ ၄ မှ ၁၂ အထိ၊ အလားတူကြည့်ပါ။ Loewenstein, A. (2017) ၏ ဘေးအန္တရာယ် အရင်းရှင်ဝါဒ - ကပ်ဆိုးထဲမှ သတ်ဖြတ်မှုကို လုပ်ဆောင်ခြင်း" New York: Verso.

ဖြစ်သည်။ မစ်ရှင်က ဖော်ထုတ်ခဲ့သော လက်နက် ထောက်ပံ့ပေးသူများအနက် ကုမ္ပဏီ ၁၂ ခုမှာ နိုင်ငံပိုင် လုပ်ငန်းများ ဖြစ်ကြသည်။

၂၀၁၆ ခုနှစ်မှ စ၍ တပ်မတော်က နှစ်မျိုးသုံးနိုင်သော ပစ္စည်းများနှင့် အတတ်ပညာများ ရယူရန် ကြိုးစားခဲ့သော ပြည်ပ ပုဂ္ဂလိက ကုမ္ပဏီ ၇ ခု နှင့် ပတ်သက်၍ ခိုင်လုံသော အချက်အလက်များကို အလားတူ ရရှိခဲ့ပါသည်။ ဤ နည်းပညာထဲတွင် ဆက်သွယ်ရေး ဝန်ဆောင်မှုများ၊ တိတိကျကျ ခြေရာခံစနစ်များ၊ လူမပါသော လေကြောင်းအသုံးပြု ယာဉ်များ၊ အင်တာနက်နှင့် အချက်အလက် ထုတ်လွှင့်နိုင်သော နည်းပညာများ ပါဝင်ပါသည်။[7]

၇။ ဤကဲ့သို့ သမာရိုးကျ မဟုတ်သော ဘဏ္ဍာငွေများ၏ အရင်းအမြစ်နှင့် စီးပွားရေး အကျိုးစီးပွားကို ဖယ်ရှားရန်အတွက် မြန်မာအစိုးရ အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်း နည်းလမ်းမှ ဆောင်ရွက်ခြင်း အပါအဝင် လိုအပ်သော ဥပဒေများနှင့် မူဝါဒများကို ချမှတ်ခြင်းဖြင့် တပ်မတော်အား အရပ်ဘက်ဆိုင်ရာ ထိန်းချုပ်မှု နှင့် ကြီးကြပ်မှု အောက်တွင် လုံးဝ ထားရှိခြင်းအားဖြင့် စရမည်ဖြစ်သည်။ ထိုအချိန်အထိ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ အဖွဲ့ဝင်နိုင်ငံများနှင့် သက်ဆိုင်ရာ အစိုးရများအကြား ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက တပ်မတော် ပိုင်သော ကုမ္ပဏီများ အထူးသဖြင့် MEHL ၊ MEC နှင့် လက်ခွဲကုမ္ပဏီများ အားလုံးအပေါ် ပစ်မှတ်ထားသော ငွေကြေးဆိုင်ရာ ပိတ်ဆို့မှုများ ချမှတ်သင့်သည်။ ထိုသို့ ပြုလုပ်ရာတွင် လူ့အခွင့်အရေးကို လေးစားသော အပြုအမူနှင့် ထို ပိတ်ဆို့မှုများကြောင့် ပြည်သူလူထု အပေါ် သက်ရောက်နိုင်သည့် အပျက်သဘောဆောင်သော လူမှုရေး၊ စီးပွားရေး မည်သည့် သက်ရောက်မှုကို မဆို ချင့်ချိန် စဉ်းစားပြီး ဆောင်ရွက်သင့်သည်။ ၎င်းဆောင်ရွက်မှုကို စောင့်ကြည့်မှုနှင့် သက်ဝင် လိုက်နာစေမည့် ယန္တရားတစ်ရပ် ပါဝင်သည့် မြန်မာပြည်အပေါ် ပြည့်စုံသော လက်နက်ရောင်းချမှု ပိတ်ပင်မှုနှင့်ပါ တွဲဖက်ဆောင်ရွက်သင့်သည်။

၈။ မစ်ရှင်အနေဖြင့် ၎င်း၏ ၂၀၁၈ ခုနှစ် အစီရင်ခံစာတွင် ပါဝင်သော အကြံပြုချက်ဖြစ်သည့် "ခရီးသွားလာခွင့် ပိတ်ပင်ခြင်းနှင့် ပိုင်ဆိုင်မှုထိန်းချုပ်ခြင်း အပါအဝင် လူပုဂ္ဂိုလ် တစ်ဦးချင်းစီအား ပစ်မှတ်ထားသည့် ဒဏ်ခတ်မှုများသည် နိုင်ငံတကာ ဥပဒေပါ ပြစ်မှုများကျူးလွန်ခြင်း လျှော့ချရာတွင် အထောက်အကူဖြစ်စေနိုင်ပြီး အထူးသဖြင့် နိုင်ငံတကာ ဥပဒေအောက်တွင် ဖြစ်သော ကြမ်းတမ်းသည့် လူ့အခွင့်ရေး ချိုးဖောက်မှုများနှင့် ပြင်းထန်သော ရာဇဝတ်မှုများ ဖြစ်စေသော အဓိက ပြုမူလုပ်ဆောင်မှုများ အတွက် ဖြစ်သည်" ကို ထပ်မံ ပြောကြားပါသည်။[8] မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ အဖွဲ့ဝင်နိုင်ငံများ၊ သက်ဆိုင်ရာ အစိုးရများအကြား ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတကာ ငွေကြေး ရံပုံငွေအဖွဲ့အစည်းများ၊ နှင့် ကုလသမဂ္ဂ၊ ၎င်း၏ ရံပုံငွေအဖွဲ့အစည်းများ၊ လုပ်ငန်းအစီအစဉ်များနှင့် ဌာနများ အနေဖြင့် ယင်းအကြံပြုချက်ကို အကောင်အထည် ဖော်နိုင်ရန် ဤအစီရင်ခံစာတွင် ပါဝင်သော တွေ့ရှိချက်များက ရှင်းရှင်းလင်းလင်း လမ်းကြောင်း ပေးထားပါသည်။ ဤအစီရင်ခံစာသည် ပိုမိုအာရုံစိုက်ရန် လိုအပ်သည့် နေရာဒေသများကိုလည်း လမ်းညွှန်ပြထားပြီး

[7] နောက်ဆက်တွဲ ဖေါ်ပြချက် ၆ တွင် ပါဝင်ပါသည်။ တပ်မတော်သို့ လက်နက်နှင့် စစ်ဖက်ဆိုင်ရာ ကရိယာ တင်သွင်းထောက်ပံ့သူများ

[8] A/HRC/39/CRP.2 စာပိုဒ် ၁၆၆၆

နိုင်ငံတကာဥပဒေ အောက်တွင် ရာဇဝတ်မှု အတွက် တာဝန်ရှိသည့်သူများ၏ ပိုင်ဆိုင်မှုများကို ခြေရာခံခြင်း၊ အသုံးမပြုနိုင်အောင် ရပ်တန့်ထားစေခြင်း၊ သိမ်းဆည်းခြင်းနှင့် ပြန်လည် ရှာဖွေရယူခြင်း တို့ကို ဦးတည်သွားစေမည့် စုံစမ်းစစ်ဆေးခြင်းများ ဖြစ်ပေါ်စေခြင်းတို့သည် တာဝန်ယူတာဝန်ခံမှုတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်း၏ အာဏာပိုင်ခွင့်အတွင်း တရားစီရင်ခွင့်ကို အသုံးပြု၍ စုံစမ်းစစ်ဆေးခြင်း နှင့် သင့်တော်ပါက မြန်မာပြည် လူ့အခွင့်အရေး အကြပ်အတည်းနှင့် ဆက်စပ်သော နိုင်ငံတကာ ဥပဒေအောက်တွင် ရာဇဝတ်မှုများကို ပါဝင်သည်ဟု စွပ်စွဲခံထားရသည့် ကုမ္ပဏီများ၏ အရာရှိများကို တရားစွဲဆိုသင့်ပါသည်။

၉။ မြန်မာပြည်တွင် လည်ပတ်နေသော သို့မဟုတ် ကုန်သွယ်မှုပြုနေသော သို့မဟုတ် စီးပွားရေး တခုတွင် ရင်းနှီးမြှုပ်နှံနေသော မည်သည့် စီးပွားရေး လုပ်ငန်းမဆို မြန်မာပြည်၏ လုံခြုံရေးတပ်ဖွဲ့များနှင့် ပတ်သက်နေသော အထူးသဖြင့် တပ်မတော် သို့မဟုတ် လက်ခွဲ လုပ်ငန်းများ အပါအဝင် ၎င်းတို့ သို့မဟုတ် ၎င်းတို့ အဖွဲ့ဝင်များ ပိုင်ဆိုင် သို့မဟုတ် ထိန်းချုပ်ထားသည့် လုပ်ငန်းများနှင့် ရှိသည့် စီးပွားရေးဆက်ဆံမှုမျိုး များထဲကို မည်သည့်ပုံစံဖြင့်နှင့်မှ မဝင်ရောက်သင့်ပေ။ မြန်မာ့ ကျောက်စိမ်းနှင့် ပတ္တမြားတို့ ကမ္ဘာတလွှား လက်လှမ်းမီနိုင်သည့် အခြေအနေ၊ သယံဇာတ ထုတ်လုပ်မှုတွင် တပ်မတော် ပါဝင်နေမှုနှင့် မိုင်းတွင်းဒေသများတွင် လူ့အခွင့်အရေးနှင့် နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှုများ အပေါ် တပ်မတော် တာဝန်ရှိမှုကို ကြည့်ပါက စီးပွားရေးလုပ်ငန်းများအနေဖြင့် ထိုချိုးဖောက်မှုများကို ထောက်ကူပြုပေးနေခြင်း သို့မဟုတ် အကျိုး အမြတ်ရရှိနေခြင်းမျိုး မဖြစ်သင့်ပေ။ တပြိုင်နက်တွင် ပုဂ္ဂလိက ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကို ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများကဖြစ်စေ သို့မဟုတ် နိုင်ငံတကာ ငွေကြေးရံပုံငွေ အဖွဲ့များက ဖြစ်စေ တပ်မတော်နှင့် တွဲဖက်စီးပွားရေး လုပ်ငန်းများ မဟုတ်သည့် အခြား စီးပွားရေး သမားများ၏ ကြီးထွားတိုးတက်မှုအား ထောက်ကူပေးရန် ပိုမို ဦးစားပေးသင့်ပါသည်။

## ၂။ လုပ်ပိုင်ခွင့်၊ အသုံးချနည်းပညာနှင့် နိုင်ငံတကာ ဥပဒေနှင့် မူဝါဒ ဆိုင်ရာ မူဘောင်

### က။ လုပ်ပိုင်ခွင့်

၁၀။ လူ့အခွင့်အရေး ကောင်စီ ဆုံးဖြတ်ချက် ၃၄/၂၂ မှ မစ်ရှင်ကို လုပ်ပိုင်ခွင့်ပေးထားသည်မှာ "မြန်မာနိုင်ငံအတွင်း အထူးသဖြင့် ရခိုင်ပြည်နယ်၌ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်ခဲ့သည်ဟူသော တရားလက်လွတ် ဖမ်းဆီးခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အခြားလူမဆန်သော ဆက်ဆံပြုမူမှုများ၊ မုဒိမ်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အခြားအကြမ်းဖက်မှုပုံစံများ၊ ဥပဒေမဲ့ အကျဉ်းရုံး သို့မဟုတ် လက်လွတ်စပယ် သတ်ဖြတ်ခြင်းများ၊ အင်အားသုံး ပျောက်ဆုံးစေခြင်းများ၊ အတင်းအကျပ် ရွှေ့ပြောင်းစေခြင်းနှင့် ပိုင်ဆိုင်မှုများကို ဥပဒေမဲ့ ဖျက်ဆီးခြင်းများတို့ သာမကဘဲ ပါဝင်စေလျက် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစား ပြုမှုများအပေါ် အချက်အလက်နှင့် အခြေအနေများကို သက်သေပြ အတည်ပြုနိုင်ရန်၊ နစ်နာခံစားသူများအတွက် တရားမျှတမှုနှင့် ကျူးလွန် ဖောက်ဖျက်သူများအား အပြည့်အဝ တာဝန်ယူမှု၊ တာဝန်ခံမှုကို သေချာစေမည့် အမြင်တရပ်ကိုပါ ပါဝင်စေရန်။" ဟူ၍ ဖြစ်ပါသည်။

ဆုံးဖြတ်ချက် ၃၉ / ၂ (၂၀၁၈) က မစ်ရှင်၏ လုပ်ပိုင်ခွင့် ကို တိုးချဲ့ပေးခဲ့ကာ မြန်မာပြည်ဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရား (IIMM) မှ ထိရောက်စွာ မျှဝေ၊ လက်လှမ်းမီ၊ အသုံးပြုနိုင်မည့် စုဆောင်းထားရမည့် သက်သေခံပစ္စည်း အဖြစ် ပြည့်စုံ သေချာ စွာ မှတ်တမ်းတင်၊ စီစစ်၊ စုစည်း ထိန်းသိမ်းထားရန်တို့ကို ထပ်ဆင့်တာဝန် ပေးအပ်ခဲ့ပါသည်။

၁၁။ ယုံကြည်နိုင်လောက်သော အကြောင်းအချက်များအရ တပ်မတော်သည် မြန်မာပြည်၌ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများကို ပြုလုပ်မှုများအပါအဝင် ရန့်ရင်းကြမ်းတမ်းသော လူ့အခွင့်အရေး ဥပဒေ ချိုးဖောက်မှုနှင့် နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေကို ပြင်းထန်စွာ ချိုးဖောက်မှုများတွင် တိုက်ရိုက်ပါဝင် ပတ်သက်နေသည်ဟု မစ်ရှင်မှ ၂၀၁၈ အစီရင်ခံစာတွင် ကောက်ချက်ချခဲ့ပါသည်။ တပ်မတော်မှ နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်း စာနာမှု ဆိုင်ရာ ဥပဒေများ အပေါ် ချိုးဖောက်မှုများ ကျူးလွန်နိုင်ရန် တပ်မတော်၏ စီးပွားရေး အကျိုးစီးပွားများက မည်သို့ ဖြစ်စေနိုင်ခဲ့ကြောင်းနှင့် တပ်မတော်၏ တရားမဝင်သော လုပ်ဆောင်မှုများမှ စီးပွားရေး လုပ်ငန်းများက မည်သို့မည်ပုံ အကျိုးအမြတ်များ ဆွတ်ခူးကြသည်ကိုပါ ထပ်မံ စုံစမ်းစစ်ဆေးခြင်း အားဖြင့် မစ်ရှင်အနေဖြင့် ၎င်း၏ လုပ်ပိုင်ခွင့်ကို ယခုတဖန် ထပ်မံ ဖြည့်ဆည်းလိုက်ပါသည်။ တရားဝင် စစ်တပ် ဘတ်ဂျက် အပြင်ဘက်မှ ဘဏ္ဍာရေးရံပုံငွေ အခြားအရင်းအမြစ်များအား တပ်မတော်၏ ဆွဲယူနိုင်စွမ်းအားသည် အစိုးရ၏ အရပ်သားဘက် အခြမ်း သို့မဟုတ် လွှတ်တော်မှ တဆင့် အစရှိသည်တို့၏ ထိရောက်သော ကြီးကြပ်မှုတို့ မပါဘဲ လုပ်ရှားဆောင်ရွက်နိုင်စေသည်ဟု မစ်ရှင် အတွက် ရှင်းရှင်းလင်းလင်း ဖြစ်စေပါသည်။ တပ်မတော်အား ဘဏ္ဍာရေးဆိုင်ရာ အထီးကျန်စေမှုကသာလျှင် လက်ရှိနှင့် အနာဂတ် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှု ဆိုင်ရာ ဥပဒေများ ချိုးဖောက်မှုကို တားမြစ်နိုင်ရန်၊ အတိတ်ကာလက ကျူးလွန်ခဲ့သူများ၏ တာဝန်ယူတာဝန်ခံမှုအတွက် ထောက်ကူပြုနိုင်ရန်၊ တပ်မတော်၏ အသွင်ကူးပြောင်းမှုကို တွန်းအားပေးရန်နှင့် မြန်မာပြည်တွင် ၎င်း၏ နိုင်ငံရေး၊ စီးပွားရေး ဗိုလ်ကျလွှမ်းမိုးမှုကို အဆုံးသတ်စေရန် ကူညီပေးနိုင်လိမ့်မည် ဖြစ်ပါသည်။

၁၂။ မစ်ရှင်သည် ၎င်း၏ လုပ်ပိုင်ခွင့်ဖြစ်သော "ကျူးလွန်သူများအတွက် ပြည့်ဝသော တာဝန်ယူ၊ တာဝန်ခံမှု နှင့် နစ်နာခံစားရသူများအတွက် တရားမျှတမှု" ကို သေချာစေရန်အတွက် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်မှုများအား ပံ့ပိုးသက်ရောက်မှုများ ဖြစ်စေခြင်းမှ နိုင်ငံခြား တိုင်းပြည်များအား တားမြစ်သည့် နိုင်ငံတကာ ဥပဒေ၏ စည်းမျဉ်းများနှင့် အခြေခံမှုများကို အသုံးပြုခဲ့ပါသည်။ ၎င်းတို့မှာ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်များတွင် မစ်ရှင်မှ မှတ်တမ်းတင်ခဲ့သော ချိုးဖောက်မှု အမျိုးအစားများကို စစ်တပ်မှ ကျူးလွန်နိုင်အောင် ဖြစ်ခဲ့ရသည့် (နိုင်ငံခြားတိုင်းပြည်များမှ) မလိုက်နာခဲ့သော တားမြစ်ပိတ်ပင်မှုများ ဖြစ်ပါသည်။ ရခိုင်ပြည်မြောက်ပိုင်း၌ တပ်မတော်၏ ပြုမူကျင့်ကြံမှုများအပေါ် များစွာ ဝေဖန်ရှုံ့ချခံရသည့် ၂၀၁၆ အောက်တိုဘာနောက်ပိုင်း နိုင်ငံခြား တိုင်းပြည်များမှ တပ်မတော်သို့ လက်နက်နှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းမှု မစ်ရှင်မှ အလေးထားကြည့်ခဲ့ပါသည်။ ဤစုံစမ်းစစ်ဆေးမှုမှ မစ်ရှင်၏ တွေ့ရှိချက်များသည် မြန်မာပြည် လူ့အခွင့်အရေး အကြပ်အတည်း

အပေါ် ပိုမိုပြည့်စုံသော နားလည်မှု တစ်ရပ်ကို နိုင်ငံတကာ အသိုင်းအဝိုင်းသို့ ပေးအပ်နိုင်ခဲ့သည်။ မြန်မာပြည်တွင် ရှိသော လူ့အခွင့်အရေးအကြပ်အတည်းကို အဆုံးသတ်ရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှု နှင့် တရားမျှတမှုတို့ အတွက် ဆက်သွယ်ညှိနှိုင်းမှုရှိသော ဘက်ပေါင်းစုံ ချဉ်းကပ်မှု၏ အဓိကကျသော အစိတ်အပိုင်း အဖြစ် လက်နက်လွှဲပြောင်းမှု ပိတ်ဆို့မှုလုပ်ရန် နိုင်ငံတကာ အသိုင်းအဝိုင်း အထူးသဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ အစိုးရများအကြား ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ နှင့် နိုင်ငံတခုချင်းစီမှ ဤ နားလည်မှုကို သဘောတူလက်ခံစေပါလိမ့်မည်။

## ခ။ အသုံးပြုနည်းနာ

၁၃။ ဤ အစီရင်ခံစာကို ပြင်ဆင်ရာတွင် မစ်ရှင်အနေဖြင့် ကုလသမဂ္ဂမှ ဖေါ်ထုတ်ပြဌာန်းထားသည့် လူ့အခွင့်အရေး အချက်အလက် ရှာဖွေရေးဆိုင်ရာ အသုံးပြုနည်းနာများနှင့် အကောင်းဆုံး လက်တွေ့ ကျင့်သုံးမှုများကို ထပ်မံ လိုက်နာခဲ့ပါသည်။ ဤသို့ဆောင်ရွက်ရာတွင် မစ်ရှင်အနေဖြင့် "အန္တရာယ် မဖြစ်စေရေး"၊ သီးခြားလွတ်လပ်မှု၊ ဘက်မလိုက်မှု၊ ဆန္ဒစွဲကင်းမှု၊ ဖြောင့်မတ်တည်ကြည်မှု အစရှိသည်တို့ကို အခြေခံသည့်မူများအား တိကျစွာလိုက်နာခဲ့ပါသည်။ ဤ အစီရင်ခံစာတွင် ပါဝင်သော တွေ့ရှိချက်များသည်လည်း မစ်ရှင်၏ ယခင် အစီရင်ခံစာများနှင့် တစ်သမတ်တည်းဖြစ်စွာ စုံစမ်းစစ်ဆေးရေး၊ နှင့် နစ်နာခံစားသူများ၊ သက်သေများအား ကာကွယ်ခြင်းတို့ အတွက် အသုံးပြုနည်းနာများကို အခြေခံခဲ့ပါသည်။[9]

၁၄။ ဤအစီရင်ခံစာ၏ စုံစမ်းစစ်ဆေးမည့် ဆိုလိုရင်း အကြောင်းအရာကို အာရုံထားရှိမှု အရ မစ်ရှင်အနေဖြင့် အောက်ပါ သတင်းအရင်းအမြစ်များကို စဉ်းစားခဲ့ပါသည်။

က။ မှန်ကန်လျော်ညီသည့် အသုံးပြုနည်းနာများအပေါ် အခြေခံသည့် အချက်အလက်များ နှင့် ခိုင်မာယုံကြည်ရသော အရင်းမြစ်မှ အစပြုသည်ဟု ယူဆရသည့် စာရင်းဇယားများ၊ ကွင်းဆင်း အချက်အလက်စုဆောင်းချက်များ နှင့် အခြား အရည်အသွေးရှိသည့် သတင်းများ၊

ခ။ ပုဂ္ဂလိကပိုင် ကုမ္ပဏီများ၏ ပိုင်ဆိုင်သူ နှင့်/သို့မဟုတ် ထိပ်ပိုင်းအဆင့် စီမံအုပ်ချုပ်မှုတို့၏ စာရင်းကိုဖေါ်ပြထားသော မြန်မာအစိုးရ၏ ကုမ္ပဏီ မှတ်ပုံတင်စာရင်း[10]၊ ပွင့်လင်းသတင်းအရင်းအမြစ်[11] နှင့် တသီးပုဂ္ဂလအဖွဲ့ဝင်မှု[12] အချက်အလက် သိုမှီးရာနေရာများ ပါဝင်သော စီပွားရေးလုပ်ငန်း မှတ်တမ်းများ

ဂ။ မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (Myanmar Extractive Industries Transparency Initiative – MEITI) ၏ သယံဇာတ ထုတ်ဖေါ်မှု ကဏ္ဍနှင့် ပတ်သက်သည့် နှစ်ပတ်လည် အစီရင်ခံစာ (ရေနံ၊ ဓါတ်ငွေ့၊ ကြေးနီ၊ ကျောက်မီးသွေး၊ ကျောက်မျက်ရတနာ နှင့် ကျွန်းသစ်)

---

[9] အသေးစိပ်အတွက် A/HRC/39/CRP.2 တွင်ကြည့်ပါ။

[10] ရင်းနှီးမြုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (DICA), ပြည်ထောင်စု မြန်မာနိုင်ငံ (https://www.dica.gov.mm/)

[11] International Consortium of Investigative Journalists (www.icij.org) and OpenCorporates (www.opencorporates.com)

[12] Orbis database, Bureau van Dijk (www.bvdinfo.com)

ဃ။ ယုံကြည်စိတ်ချရသော အရင်းအမြစ်များမှ ရရှိသည့် လက်ဦးမူရင်း သတင်းများ ပါဝင်သော အခြား မှတ်တမ်းများ၊ အလားတူ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဖြစ်စေ တပ်မတော် နှင့် ဘဏ္ဍာရေး အတွက်လည်းကောင်း၊ ၎င်းတို့၏ ခေါင်းဆောင်များနှင့် စစ်ရေးလှုပ်ရှားမှုများအတွက်လည်းကောင်း၊ သဘာဝသယံဇာတ ထုတ်ယူခြင်းနှင့် ကုန်ထုတ်လုပ်မှု ကဏ္ဍများက မည်သို့ တိုက်ရိုက် နှင့် သွယ်ဝိုက်ဖြစ်စွာ ဘဏ္ဍာအရင်းအမြစ်ကို ဖော်ဆောင်ပေးနေသည် ဆိုသည်အား သရုပ်ဖော်ပေးနိုင်သည့် မြန်မာပြည်၏ ပဋိပက္ခတွင်း အရင်းအမြစ် ဆိုင်ရာ စီးပွားရေးကို မှတ်တမ်းတင်ထားသည့် ယုံကြည်စိတ်ချဖွယ်ရာ စာပေများ။

င။ အရင်းအမြစ် နှင့်/သို့မဟုတ် အကြောင်းအရာသည် ယုံကြည် စိတ်ချရပြီးဖြစ်သည် ဟု မစ်ရှင် အနေဖြင့် ဆန်းစစ်မှု ပြုထားသည့်၊ တပ်မတော်၏ စီးပွားရေး လက်တွေ့လုပ်ဆောင်မှုများနှင့် ဖွဲ့စည်းပုံများကို လက်ဦး မူရင်း ဗဟုသုတ ရှိသည့် အကြောင်းအရာပိုင်း ဆိုင်ရာ ကျွမ်းကျင်သူများနှင့် လျှို့ဝှက် တွေ့ဆုံမေးမြန်းမှုများ။

စ။ အရင်းအမြစ် နှင့်/သို့မဟုတ် အကြောင်းအရာသည် ယုံကြည် စိတ်ချရပြီးဖြစ်သည် ဟု မစ်ရှင် အနေဖြင့် ဆန်းစစ်မှု ပြုထားသည့်၊ သတင်းများ ပါဝင်နေသည့် ကျွမ်းကျင်သူများ၏ တွေ့ဆုံမေးမြန်းမှုများ၊ အများသို့ ထုတ်ပြန်သော အစီရင်ခံစာများ၊ မီဒီယာ ဖော်ပြမှုများ၊ ပညာရပ်ပိုင်းဆိုင်ရာ သုတေသန ပြုချက် ထုတ်ဝေမှုများ။

ဆ။ ခိုင်လုံ၍ စိတ်ချယုံကြည်ရသော ဂြိုလ်တု ပုံရိပ်များနှင့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်ချက်။

ဇ။ မြန်မာနှင့် နိုင်ငံခြားအစိုးရ အရာရှိများ၏ သက်ဆိုင်ဆက်စပ်သော အချက်များအပေါ် လူသိရှင်ကြား ရရှိနိုင်သည့် ဝန်ခံချက်များ

ဈ။ ယုံကြည်၍ စိတ်ချရသော အရင်းအမြစ်များမှ ရရှိပြီး ၎င်းတို့၏ စစ်မှန်မှုကို သံသယဖြစ်စရာ မရှိကြောင်း ပြောနိုင်သည့် မြန်မာ အစိုးရ၏ ဥပဒေများ၊ မူဝါဒများ၊ ညွှန်ကြားချက်များနှင့် အစိုးရ အတွင်းပိုင်းမှ မှတ်တမ်းများ။

၁၅။ အကြောင်းအရာ အချက်အလက်များ မှန်ကန်မှုအတွက် သတင်းတောင်းခံသည့် အနေဖြင့် ဇူလိုင်လ ၃၁ ရက်နေ့က ဤ အစီရင်ခံစာကို မြန်မာအစိုးရထံ ဩဂုတ်လ ၄ ရက်နေ့ အကြောင်းပြန်ပေးရန် အတွက် မျှဝေပေးခဲ့ပါသည်။ ဤအစီရင်ခံစာ ထုတ်ပြန်သည့် အချိန်အထိ မည်သည့် တုန့်ပြန်မှုမှ မရရှိခဲ့ပါ။ ဤ အစီရင်ခံစာတွင် ရည်ညွှန်းထားသော အခြား အစိုးရများနှင့် စီးပွားရေးလုပ်ငန်းများထံသို့လည်း ဖြစ်နိုင်ချေ ရှိသော သတင်းများရရန် တောင်းခံခဲ့ပြီး ပြန်လည်ဖြေကြားမှု တော်တော်များများ ရရှိခဲ့ပါသည်။

၁၆။ ဤအစီရင်ခံစာ အတွက် မစ်ရှင်၏ စုံစမ်းစစ်ဆေးမှု ကာလအတွင်း မြန်မာပြည် မြောက်ပိုင်း၌ သဘာဝ အရင်းအမြစ်များအား ကိုယ်ကျိုးအတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ကုမ္ပဏီများစွာက တိုက်ရိုက် ပူးပေါင်း ထုတ်လုပ်နေသည် ဟူသော စွပ်စွဲချက် မြောက်မြားစွာ မစ်ရှင်မှ ရရှိခဲ့ပါသည်။ [13] ယင်းတို့သည် ကချင်နှင့် ရှမ်းပြည်နယ်များတွင် ရန်လိုမှုကို ငွေထောက်ပံ့ပြီး

[13] As in A/HRC/39/CRP.2 မြန်မာပြည်မြောက်ပိုင်း (ကချင်နှင့် ရှမ်းပြည်နယ်များ) တွင် အစိုးရကို ဆန့်ကျင် လှုပ်ရှားနေကြသော အစိုးရမဟုတ်သည့် လက်နက်ကိုင် အဖွဲ့များကို ရည်ညွှန်းလိုလျှင်

မီးလောင်ရာလေပင့်ပေးနေသည့် သဘာဝ အရင်းအမြစ်များ ဖြစ်ပါသည်။ [14] ထိုပြုကျင့်မှုက ကုမ္ပဏီများနှင့် အလားတူ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို ပါဝင်ပြိုင်ဆိုင်စေပြီး လေးနက်သော လူ့အခွင့်အရေး ဆိုင်ရာ စိုးရိမ်ပူပန်ရမှုကို မြင့်တက်စေသော်လည်း ၂၀၁၈ အစီရင်ခံစာ အကြံပြုချက်ကို ဦးတည် ပံ့ပိုးလိုသည့်အတွက် မစ်ရှင် အနေဖြင့် တပ်မတော်၏ စီးပွားရေး အကျိုးစီးပွားကို သုတေသနပြုရန်ကိုသာ ဆုံးဖြတ်ခဲ့ပါသည်။

၁၇။ မြန်မာပြည်ရှိ စီးပွားရေး လုပ်ရှားမှုများ အပေါ် အထူးသဖြင့် တပ်မတော် နှင့် ပတ်သက်နေလျှင် နေရာအနှံ့အပြားတွင် ဖြစ်နေသော၊ ပွင့်လင်းမြင်သာမှု ကင်းမဲ့နေသည့် အခြေအနေကြောင့် တပ်မတော်၏ စီးပွားရေး အကျိုးစီးပွားများ အားလုံး၏ အထူအပါးနှင့် ကျယ်ပြန့်မှု အတိုင်းအတာကို လွှမ်းခြုံသည့် မြင်ကွင်းကို ဤသုတေသနပြုမှုက မပေးနိုင်ကြောင်း မစ်ရှင်အနေနှင့် သတိပြုမိခဲ့ပါသည်။ ဤ အရေးကြီးသော ကွက်လပ်များကို ဖြည့်ရန် ထပ်မံ၍ သုတေသနပြုမှုနှင့် စုံစမ်းစစ်ဆေးမှုများ ပြုရန် မစ်ရှင်မှ ပြင်းထန်စွာ တိုက်တွန်းလိုပြီး တချို့သော ကိစ္စများအား ဤ အစီရင်ခံစာ၏ အကြံပြုချက်ထဲတွင် ဖော်ထုတ်ပေးထားပါသည်။ [15] မည်သို့ပင်ဖြစ်စေ ဤအစီရင်ခံစာတွင် ပါသော သတင်းအချက်အလက်များသည် မှန်ကန်ကြောင်း “ကောက်ချက်ချရန် ယုံကြည်ရသော အခြေအနေ” အဆင့်အတန်း အထိကိုဖြင့် ရောက်ရှိသည်ဟု မစ်ရှင်မှ ယုံကြည်ပါသည်။ ဤ စုံစမ်းစစ်ဆေးရေး လမ်းကြောင်းတလျှောက် ရရှိလာသည့် သတင်းများကို အချိန်မီကျရောက်ရမည့် ဖြစ်စဉ်နှင့် မျှတသော တရားရုံးစစ်ဆေးမှု ဆိုင်ရာ စံသတ်မှတ်ချက်များ အပါအဝင် နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်းများနှင့်အညီ တာဝန်ယူမှုတာဝန်ခံမှုကို အကောင်အထည်ဖော်နေသည့် စွမ်းဆောင်ရည်ကောင်းပြီး ယုံကြည်အားကိုးရသည့် အဖွဲ့အစည်းများနှင့် မျှဝေရေးဟူသည့် အမြင်တရပ်ဖြင့် ထိန်းသိမ်းထားခဲ့ပါသည်။[16]

၁၈။ ဤ စုံစမ်းစစ်ဆေးမှုများနှင့် သုတေသနတွင် မစ်ရှင်မှ သတင်းရယူခဲ့သော သတင်းရင်းမြစ် တချို့သည် တုန့်ပြန်ရန်ရာမှု ခံရနိုင်သည့် စိန်ခေါ်မှု တစုံတရာ ရှိပါသည်။ မစ်ရှင်နှင့် ၎င်းတို့အကြား အပြန်အလှန်ဆက်သွယ်မှု၏ လျှို့ဝှက်မှုအား ထိန်းသိမ်းခြင်း အပါအဝင် ထိုအရင်းအမြစ်များကို ကာကွယ်ရမည့် နည်းလမ်းများ အချို့ကို မစ်ရှင်မှ ဆောင်ရွက်ခဲ့ပါသည်။ မစ်ရှင်အနေဖြင့် ထိုပုဂ္ဂိုလ်များ အပေါ် ကျေးဇူးတင်ရှိမှုကို ဖော်ပြလိုပြီး၊ ထိုသူတို့၏ အန္တရာယ်ကင်းမှု၊ လုံခြုံမှု တို့အတွက်လည်း မေတ္တာရပ်ခံအပ်ပါသည်။

---

“တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများ” ဟူသော အခေါ်အဝေါ် ကို ဤ အစီရင်ခံစာမှ သုံးစွဲသည်။ “အစိုးရမဟုတ်သော လက်နက်ကိုင် အုပ်စု” ဆိုသည့် အသုံးအနှုန်းကို ထိုသို့သော အဖွဲ့အစည်းများသို့ သာမန်အားဖြင့် ရည်ညွှန်းလေ့ရှိသလို ထိုနေရာများနှင့် အခြားပြည်နယ်များရှိ လက်နက်ကိုင် လုပ်ရှားသူများ အပေါ်လည်း သုံးလေ့ရှိသည်။ (ဥပမာအားဖြင့် ပြည်သူ့စစ် အဖွဲ့များ သို့မဟုတ် အာဆာဟု သိကြသော ရခိုင်ပြည်နယ်ရှိ အာရကန် ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော်)

[14] MD-007; GM-005

[15] စာပိုဒ် ၁၉၁ (ဂ) တွင် ကြည့်ပါ။

[16] A/HRC/39/CRP.2 စာပိုဒ် ၁၅၅၃ မှ ၁၅၅၆ အထိ

## ဂ။ နိုင်ငံတကာ ဥပဒေနှင့် မူဝါဒ မူဘောင်

၁၉။ ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော အချက်အလက်များသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ၊ နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေ၊ လက်နက်ရောင်းချမှု နှင့် လွှဲပြောင်းမှုဆိုင်ရာ နိုင်ငံတကာ စည်းမျဥ်းများအောက် သက်ရောက်သော စည်းမျဥ်းများ နှင့် နိုင်ငံများ၏ တာဝန်ရှိမှု အထွေထွေ စည်းကမ်းများအောက်တွင် ဆန်းစစ်ထားခြင်း ဖြစ်ပါသည်။ [17] စီးပွားရေး လုပ်ငန်းများ လိုက်နာရမည့် နိုင်ငံတကာ အခြေခံမှုများနှင့် စီးပွားရေး လုပ်ဆောင်သူများ နိုင်ငံတကာ ရာဇဝတ်မှု ဥပဒေအောက်တွင် ဖြစ်လာနိုင်သည့် တာဝန်ရှိမှု ပုံစံများအပေါ် မူတည်၍ အချက်အလက်များကို ဤ အစီရင်ခံစာမှ ဆန်းစစ်ခဲ့ပါသည်။

### ၁။ နိုင်ငံတော်၏ တာဝန်ရှိမှုများ

### (က) မြန်မာနိုင်ငံ အတွက် သက်ဆိုင်သော နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ

၂၀။ နိုင်ငံများ အနေဖြင့် ၎င်းတို့၏ နယ်နိမိတ် အတွင်း သို့မဟုတ် ၎င်းတို့၏ တရားစီရင်မှုအောက်ရှိ ပြည်သူများ၏ လူ့အခွင့်အရေးကို လေးစားရန်နှင့် ကာကွယ်ပေးရန် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေက နိုင်ငံများကို တာဝန်ရှိစေပါသည်။ ဤ တာဝန်ရှိမှုက စစ်တပ်အရာရှိများ အပါအဝင် နိုင်ငံတော်၏ တာဝန်ရှိသူများမှ လူ့အခွင့်အရေး မချိုးဖောက်စေရန် လိုအပ်ပါသည်။ ၎င်းတွင် ကုမ္ပဏီများ၏ လုပ်ဆောင်မှုများကလည်း လူ့အခွင့်အရေး အလွဲသုံးစား လုပ်သည့် ရလဒ်များ မဖြစ်စေရန် သေချာစေရေးပါ ပါဝင်ပါသည်။ တာဝန်ရှိမှုဆိုသည်မှာ အဆိုပါ လူ့အခွင့်အရေး ကာကွယ်မှုများသည် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ၊ စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအပေါ် သက်ရောက်မှု ရှိစေရေး သေချာစေရန် ဖြစ်ပါသည်။ [18] ဤသည်ကို အသိအမှတ်ပြုသောအားဖြင့် လူ့အခွင့်အရေးကောင်စီ မြန်မာပြည်ဆိုင်ရာ ဆုံးဖြတ်ချက် 40/L.19 ဖြင့် “မိုင်းတွင်းဒေသများအား စစ်ရေးကင်းစေရန်၊ သဘာဝ အရင်းအမြစ်များ ထုတ်ယူမှု လုပ်ငန်းရှိ အလုပ်သမားများ၏ လူ့အခွင့်အရေး ကာကွယ်မှု နှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အန္တရာယ်ကင်းမှု စံသတ်မှတ်ချက်များ သက်ရောက်လိုက်နာမှု တို့အား သေချာစေရန်” မြန်မာအစိုးရအား တောင်းဆိုခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်ကပင် သက်ဆိုင်ရာ အကျိုးဝင်ပတ်သက်သူများ နှင့် သက်ရောက်မှုခံရသည့် ပြည်သူများပါ ပါဝင်သည့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့် အကျိုးအမြတ်များ ခွဲဝေရေးအတွက်ပါ အားလုံး ပါဝင်မှုရှိသည့် မူဝါဒများ ဖော်ဆောင်ရန် အစိုးရအား

17 အသုံးပြုနိုင်သော ဥပဒေမူ၏ အသေးစိတ် ရှင်းပြချက်ကို A/HRC/39/CRP.2 တွင်ကြည့်ပါ။

18 နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် အပိုဒ် ၂၊ ၃၊ ၁၈ နှင့် ၂၃။ စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် အပိုဒ် ၂၊ ၃၊ ၇၊ ၈၊ ၁၁ နှင့် ၁၃။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်၏ အဖွဲ့ဝင်မဟုတ်သော်လည်း ဤ ပါဝင်မှု အကြောင်းအရာ အများစုကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း တွင် တွေ့ရှိနိုင်ပြီးသား ဖြစ်ပါသည်။ UDHR ကို ရေးဆွဲချိန်က ဥပဒေအရ စည်းနှောင်မှုရှိသော အထောက်အထားအဖြစ် မရည်ရွယ်ခဲ့သော်လည်း ယခုအခါတွင် (စည်းနှောင်မှုရှိသော) ကုလသမဂ္ဂ ပဋိညာဉ် စာချုပ် ထဲတွင် ပါရှိသော လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များ၏ သြဇာအာဏာရှိသော ဖွင့်ဆိုချက် တစ်ရပ်အဖြစ် ယေဘူယျ လက်ခံထားကြပါသည်။ UDHR အား “လူသားအားလုံး၊ နိုင်ငံအားလုံး အတွက် ရရှိမှု၏ ဘုံ စံသတ်မှတ်ချက်” အဖြစ် စဉ်းစားကြပြီး အားလုံးအပေါ် လွှမ်းခြုံစွာ ကာကွယ်ပေးရမည့် အခြေခံကျသော လူ့အခွင့်အရေးများအဖြစ် သတ်မှတ်ထားပါသည်။ စာတမ်းတခုလုံး မဟုတ်သော်လည်း ၎င်း၏ ပြဋ္ဌာန်းချက်များစွာကို ထုံးတမ်းအစဉ်အလာ ဖြစ်သွားသော နိုင်ငံတကာ ဥပဒေများ၏ ရောင်ပြန်ဟပ်မှု အဖြစ်လည်း လက်ခံထားပါသည်။ A/HRC/39/CRP.2 စာပိုဒ် ၄၁ မှ ၄၃ အထိ ကြည့်ပါ။

တိုက်တွန်းခဲ့ပါသည်။[19]မြန်မာနိုင်ငံအနေဖြင့် စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံ ဖြစ်သည့် အားလျော်စွာ အတင်းအကြပ် နေရာပြောင်းရွှေ့ရမှု နှင့် မပြည့်စုံသော ပြန်လည်နေရာချထားမှု အစရှိသည့် လူ့အခွင့်အရေးအလွဲသုံးစားမှုများကို ဦးတည်စေသည့် ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်ကို ဖြစ်စေမည့် ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု စာချုပ်များတွင် ပါဝင်မှုမှ ရှောင်ကြဉ်ပါရန် မြန်မာ နိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ကုလသမဂ္ဂ အထူးစုံစမ်းရေး အရာရှိက မှတ်ချက်ပြုခဲ့ပါသည်။[20]ဤ အစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော တပ်မတော်၏ ပြုမူမှုများသည် နိုင်ငံတော် အနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေးများကို လေးစားကာကွယ်ရန် ဟူသည့် အစိုးရများ၏ တာဝန်ရှိမှု နှင့် အသက်ဆိုင်ဆုံး ဖြစ်ပြီး ထိုအထဲတွင် အဓမ္မလုပ်အားအသုံးချမှုကို တားမြစ်ခြင်း၊ [21] နှင့် လုပ်ခလစာများကို လက်လွှတ်စပယ် သို့မဟုတ် တရားမဝင် ကင်းမဲ့စေခြင်းများ[22] ပါဝင်ပါသည်။

၂၁။ ကုမ္ပဏီများအပေါ် စည်းကမ်းများ သတ်မှတ်ရန် နိုင်ငံများအပေါ် လူ့အခွင့်အရေး ဥပဒေများက သက်ရောက်မှုများကို ထပ်မံ ဖေါ်ထုတ်ကြသည့်အခါ၊ စီးပွားရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ၏ လမ်းညွှန်အခြေခံမှုများ - ကုလသမဂ္ဂ၏ "ကာကွယ်၊ လေးစား၊ ကုသ" မူဘောင် (လမ်းညွှန် အခြေခံမှုများ) က နိုင်ငံများကို "စီးပွားရေး လုပ်ငန်း အုပ်စုများ အပါအဝင် တတိယ အုပ်စုမှ ၎င်း၏ နယ်မြေအတွင်း နှင့်/သို့မဟုတ် တရားစီရင်ပိုင်ခွင့်အတွင်း လူ့အခွင့်အရေး အလွဲသုံးစားပြုမှု များမှ ကာကွယ်ရမည်။ ဤသည်က ထိုသို့သော အလွဲသုံးစားပြုမှုကို ထိရောက်သော မူဝါဒများ၊ ဥပဒေပြုမှုများ၊ စည်းကမ်းချမှတ်မှုများ၊ စီရင်ဆုံးဖြတ်မှုများ မှတဆင့် တားဆီးရန်၊ စုံစမ်းရန်၊ အပြစ်ပေးရန် နှင့် ပြန်လည်ပြုပြင်ပေးရန် သင့်လျော်သော ခြေလှမ်းများဆောင်ရွက်သွားရန် လိုအပ်ပါသည်။" ဟု ညွှန်ကြားထားပါသည်။ [23] အလားတူစွာပင် နိုင်ငံများ အနေဖြင့် "၎င်းတို့၏ နယ်မြေအတွင်း နှင့်/သို့မဟုတ် စီရင်ပိုင်ခွင့်အတွင်း အခြေချသွားမည့် စီးပွားရေး လုပ်ငန်းအုပ်စုများ အနေဖြင့် ၎င်းတို့၏ လုပ်ဆောင်မှုများ တလျှောက် လူ့အခွင့်အရေးကို လေးစားလိုက်နာသွားပါမည် ဟူသော မျှော်လင့်ချက်ကို ရှင်းလင်းစွာ ချမှတ်ထားသင့်သည်။" [24] အထူးသဖြင့် ထိခိုက်လွယ် သို့မဟုတ် ဖယ်ကျဉ်ခြင်း ခံရရန် ကြီးမားလာသော အန္တရာယ်ရှိသည့် အုပ်စုများ၏ အခွင့်အရေးနှင့် လိုအပ်ချက်များ နှင့်၊ လိင်စိတ်ဝိသေသ လက္ခဏာကွဲပြားမှု အခြေပြုသော အန္တရာယ်များ အပေါ် အထူးဂရုပြု သတိထား၍[25] လမ်းညွှန် အခြေခံမှုများအား ခွဲခြားဆက်ဆံမှု မရှိသော ပုံစံဖြင့် အကောင်အထည် ဖေါ်သင့်ပါသည်။

---

19 A/HRC/40/L.19 စာပိုဒ် ၂၄-၂၅

20 မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေနှင့် ပတ်သက်၍ အထူးစုံစမ်းစစ်ဆေးရေး အရာရှိ၏ အစီရင်ခံစာ A/HRC/40/68 ၅ မတ်လ ၂၀၁၉ ခုနှစ်။ စာပိုဒ် ၁၅

21 စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု ဆိုင်ရာ နိုင်ငံတကာ စာချုပ် အပိုဒ် ၆

22 စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု ဆိုင်ရာ နိုင်ငံတကာ စာချုပ် အပိုဒ် ၇

23 အခြေခံမှု ၁။ စီးပွားရေး နှင့် လူ့အခွင့်အရေး ဆိုင်ရာ လမ်းညွှန် အခြေခံမှုများ - ကုလသမဂ္ဂ၏ "ကာကွယ်၊ လေးစား၊ ကုသ" မူဘောင်ကို အကောင်အထည်ဖေါ်ခြင်း၊ လူ့အခွင့်အရေး မဟာမင်းကြီး၏ ရုံး

24 အခြေခံမှု ၂။ စီးပွားရေး နှင့် လူ့အခွင့်အရေး ဆိုင်ရာ လမ်းညွှန် အခြေခံမှုများ

25 စီးပွားရေး နှင့် လူ့အခွင့်အရေး ဆိုင်ရာ လမ်းညွှန် အခြေခံမှုများ၏ အထွေထွေ အခြေခံမှုများ

၂၂။ လူ့အခွင့်အရေးများ ကာကွယ်ရန် အစိုးရတာဝန်ကို ပြည့်စုံစေခြင်း အလို့ငှာ လမ်းညွှန်အခြေခံမှုများက ထပ်ဆင့် ရှင်းပြထားသည်မှာ၊ နိုင်ငံများအနေဖြင့် စီးပွားရေးလုပ်ငန်းများ လူ့အခွင့်အရေးကို လေးစားစေရန် ရည်ရွယ်သော သို့မဟုတ် သက်ရောက်မှု ရှိစေသော ဥပဒေများအား သက်ဝင်စိုးမိုးစေရန် လုပ်ရမည်။ ထိုသို့သော ဥပဒေများ၏ ပြည့်ဝကုံလုံမှု အပေါ် ဆန်းစစ်ပြီး ကွာဟ လစ်ဟာမှုများကို ဖေါ်ထုတ်ရမည်။ စီပွားရေးလုပ်ငန်းများအား ၎င်းတို့ လုပ်ငန်းဆောင်ရွက်မှု တလျှောက် လူ့အခွင့်အရေးကို မည်သို့ လေးစားလိုက်နာရမည် ဆိုသည့် ထိရောက်သော လမ်းညွှန်မှုများကို ပေးအပ်ရမည်။ စီးပွားရေးလုပ်ငန်းများ အနေဖြင့် လူ့အခွင့်အရေး သက်ရောက်မှုများကို မည့်သို့ ကိုင်တွယ် လုပ်ဆောင်သည်ကို ဆက်သွယ်တင်ပြရန် တိုက်တွန်းရမည်၊ လိုအပ်လျှင် လုပ်ဆောင်စေမည်။[26]

၂၃။ လမ်းညွှန်အခြေခံမှုများက နိုင်ငံပိုင် သို့မဟုတ် ထိန်းချုပ်ထားသော လုပ်ငန်းများ သို့မဟုတ် အစိုးရ အေဂျင်စီများမှ အခြေခံထောက်ပံ့မှုနှင့် ဝန်ဆောင်မှုများကို ရရှိထားသူများမှ ကျူးလွန်သည့် လူ့အခွင့်အရေး အလွဲသုံးစားပြုမှုများကို ကာကွယ်နိုင်ရန်အတွက် လူ့အခွင့်အရေး ဆိုင်ရာ ကြိုတင် ပြင်ဆင် အားထုတ်မှု (Due Diligence) လိုအပ်ခြင်း အစရှိသကဲ့သို့သော နောက်ဆက်တွဲ နည်းလမ်းများ လုပ်ဆောင်ရန် နိုင်ငံများကို တောင်းဆိုပါသည်။[27]ဝန်ဆောင်မှုများပေးမည့် စီးပွားရေး လုပ်ငန်းများနှင့် သဘောတူစာချုပ် ချုပ်ဆိုရာတွင်၊ သို့မဟုတ် ဥပဒေများပြုလုပ်ရာတွင် လူ့အခွင့်အရေး ရရှိခံစားမှုအပေါ် သက်ရောက်မှု ရှိနိုင်သော အခြေအနေများအတွက် အစိုးရများအနေဖြင့် ၎င်းတို့၏ နိုင်ငံတကာ လူ့အခွင့်အရေး ဆိုင်ရာ တာဝန်ရှိမှုများအတိုင်း လုပ်နိုင်စေမည့် လုံလောက်သော ကြီးကြပ်မှုကို ကျင့်သုံးရန် လမ်းညွှန် အခြေခံမှုများက တောင်းဆိုထားပါသည်။[28]

၂၄။ ပဋိပက္ခ နယ်မြေများ၏ နောက်ခံ အခြေအနေတွင် လူ့အခွင့်အရေး အလွဲသုံးစားမှု ဖြစ်နိုင်ချေ မြင့်မားသော အန္တရာယ်များမှုကို အသိအမှတ်ပြုသော အနေဖြင့် နိုင်ငံများအနေနှင့် "ထိုအခြေအနေများတွင် လုပ်ဆောင်နေသော စီးပွားရေး လုပ်ငန်းများမှ ထိုကဲ့သို့သော အလွဲသုံးစားပြုမှုများတွင် ပါဝင်ခြင်း မပြုရန် သေချာစေရေး အတွက် ကူညီရန် ဤအခြေခံမှုများက အထူးလမ်းညွှန်ထားပါသည်။ ဤသည်ကို လုပ်ဆောင်ရန်အတွက် လမ်းညွှန်အခြေခံမှုများက နည်းလမ်း အတော်များများကို ပေးအပ်ခဲ့ပြီး "(က) စီးပွားရေးလုပ်ငန်းများ၏ လုပ်ဆောင်မှုများနှင့် စီးပွားရေး ဆက်ဆံမှုများတွင် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အန္တရာယ်များ ဖေါ်ထုတ်ရန်၊ ကာကွယ်ရန်နှင့် လျော့ပါးစေရန် အတွက် ကူညီရန် အလို့ငှာ ၎င်းတို့နှင့် စောနိုင်သမျှ အစောဆုံး ထိတွေ့ဆက်ဆံခြင်း (ခ) လိင်စိတ်ဝိသေသ လက္ခဏာ အခြေပြု နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပေါ် အထူး အလေးထားခြင်းနှင့် အတူ အလွဲသုံးစားမှုများ အတွက် မြင့်မားနေသည့် အန္တရာယ်များကို ဆန်းစစ်၍ ဖေါ်ထုတ်နိုင်ရန် စီးပွားရေး လုပ်ငန်းများအား လုံလောက်သော ပံ့ပိုးကူညီမှုများ ထောက်ပံ့ခြင်း (ဂ) ရက်စက်ကြမ်းတမ်းသော လူ့အခွင့်အရေး အလွဲသုံးစားမှုများတွင် ပါဝင်ပတ်သက်သော အခြေအနေကို ဆွေးနွေးဖြေရှင်းရန်

[26] အခြေခံမှု ၃။ စီးပွားရေး နှင့် လူ့အခွင့်အရေး ဆိုင်ရာ လမ်းညွှန် အခြေခံမှုများ
[27] အခြေခံမှု ၄။ စီးပွားရေး နှင့် လူ့အခွင့်အရေး ဆိုင်ရာ လမ်းညွှန် အခြေခံမှုများ
[28] အခြေခံမှု ၅။ စီးပွားရေး နှင့် လူ့အခွင့်အရေး ဆိုင်ရာ လမ်းညွှန် အခြေခံမှုများ

ပူးပေါင်းဆောင်ရွက်မှုအား ငြင်းဆန်သော စီးပွားရေး လုပ်ငန်း တခုခုကို အများပြည်သူ ထောက်ခံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လက်လှမ်းမီမှုကို ငြင်းပယ်ခြင်း (ဃ) ရက်စက်ကြမ်းတမ်းသော လူ့အခွင့်အရေး အလွဲသုံးစားပြုမှုတွင် စီးပွားရေး ပါဝင်ပတ်သက်မှု၏ အန္တရာယ်ကို ဖော်ထုတ်ဖြေရှင်းရာ၌ ၎င်းတို့၏ လက်ရှိ မူဝါဒများ၊ ဥပဒေပြုမှု၊ စည်းမျဉ်းသတ်မှတ်မှုများနှင့် သက်ဝင်စိုးမိုးခြင်း နည်းလမ်းများသည် အားကောင်း ထိရောက်မှု ရှိသည်ဟု သေချာစေခြင်း" အစရှိသည်တို့ အပါအဝင် ဖြစ်ပါသည်။[29]

၂၅။ လူ့အခွင့်အရေးများကို လေးစားလိုက်နာခြင်း အပြင်၊ စီးပွားရေး လုပ်ဆောင်မှုများကြောင့် တစ်ဦးသောသူ၏ အခွင့်အရေးများ သို့ လွတ်လပ်မှုများကို ချိုးဖောက်ခံရပါက ထိုမည်သူ့ကိုမဆို ထိရောက်သည့် ကုသမှု ရရှိရန် နိုင်ငံတော်က သေချာစေရမည်။ ထိုသို့ ကုသမှု တစ်ခုကို တောင်းဆိုသူ မည်သူမဆို ကုသမှုအား ရပိုင်ခွင့်ရှိသည် ဆိုသည်ကို စွမ်းဆောင်ရည် အားကောင်းသော တရားစီရင်ရေး၊ စီမံအုပ်ချုပ်ရေး သို့မဟုတ် ဥပဒေပြဌာန်းရေး အာဏာပိုင်များ သို့မဟုတ် နိုင်ငံ၏ ဥပဒေစနစ်အရ လုပ်ပိုင်ခွင့်ပေးထားသော အခြား စွမ်းဆောင်ရည်ကောင်းသော အာဏာပိုင်တခုခုမှ ဆုံးဖြတ်ပေးရန် နိုင်ငံတော်က အလားတူ သေချာစေရမည်။ ထိုကျူးလွန်သူသည် တရားဝင်မှုဘောင် အတွင်းက ပြုလုပ်စေကာမူ နစ်နာသအနေဖြင့် ထိုသို့သော ကုသမှုများအပေါ် လက်လှမ်းမီမှု ရှိစေရပေမည်။[30] ကုသမှု ရရှိခွင့်သည် ရုတ်သိမ်း၍ မရသော ကိစ္စဖြစ်သည်။[31] ၎င်းသည် ထုံးထမ်းစဉ်လာဆိုင်ရာ နိုင်ငံတကာဥပဒေ၏ စည်းမျဉ်း တခုလည်း ဖြစ်သည်။[32]

၂၆။ နိုင်ငံတော်အနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများ အပေါ် ကြမ်းတမ်းစွာ ချိုးဖောက်မှုများနှင့် နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေများကို ပြင်းထန်စွာ ချိုးဖောက်မှုများ အထူးသဖြင့် နိုင်ငံတကာ ဥပဒေအောက်တွင် ရာဇဝတ်မှုမြောက်သော ချိုးဖောက်မှုများ (အထူးသဖြင့် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ နှင့် လူမျိုးတုန်းသတ်ဖြတ်မှုများ) အပေါ် စုံစမ်းစစ်ဆေးရန် တိကျသော တာဝန်ရှိပြီး၊ သက်သေ အထောက်အထား ခိုင်လုံပါက တရားစွဲဆိုရမည်။[33] စွပ်စွဲချက်များအပေါ်

---

[29] အခြေခံမှု ၇။ စီးပွားရေး နှင့် လူ့အခွင့်အရေး ဆိုင်ရာ လမ်းညွှန် အခြေခံမှုများ

[30] နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ စာချုပ် (ICCPR) အပိုဒ် ၂။ အလားတူ ဤတွင် ကြည့်ပါ E/C.12/2011/1; အခြေခံမှု ၂၅။ လမ်းညွှန် အခြေခံမှုများ; နှင့် E/C.12/GC/24 စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ ကော်မတီ - အထွေထွေ ထင်မြင်ချက် အမှတ် ၂၄ (၂၀၁၇)- စီးပွားရေး လုပ်ငန်းများ အခြေအနေတွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာ နိုင်ငံတကာ စာချုပ်အောက်၌ အစိုးရ၏ တာဝန်ရှိမှုများ (၁၀ ဩဂုတ်လ ၂၀၁၇) စာပိုဒ် ၄၁။

[31] CCPR အထွေထွေ ထင်မြင်ချက် အမှတ် ၂၉ ။ အပိုဒ် ၄၊ အရေးပေါ်ကာလ သတ်မှတ်ချက် အခြေအနေတွင် တရားဥပဒေ စိုးမိုးမှု လျော့ကြခြင်းများ၊ စာပိုဒ် ၁၄

[32] M. Cherif Bassiouni၏ နစ်နာခံစားရသူများ၏ အခွင့်အရေး အပေါ် နိုင်ငံတကာ အသိအမှတ်ပြုမှု *Human Rights Law Review*, Volume 6, Issue 2, 2006, စာမျက်နှ ၂၀၃ မှ ၂၇၉ တွင် ယေဘူယျအားဖြင့် ကြည့်ပါ။

[33] ထပ်မံဆိုရလျှင် အသုံးပြုနိုင်သော စာချုပ် သို့မဟုတ် အခြား နိုင်ငံတကာ ဥပဒေဆိုင်ရာ တာဝန်ရှိမှုများက ထောက်ကူပြုပေးနိုင်သော နေရာများတွင် အခြားနိုင်ငံများသို့ သို့မဟုတ် သင့်တော်သော နိုင်ငံတကာ တရားစီရင်ရေး အဖွဲ့များသိုပ တရားခံ လွှဲပြောင်းပေးအပ်ခြင်း သို့မဟုတ် ကျူးလွန်သူကို လက်နက်ချစေခြင်း များအား နိုင်ငံများအနေဖြင့် အကျိုးဆောင်ပေးနိုင်ပါသည်။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများ အပေါ် ကြမ်းတမ်းစွာ ချိုးဖောက်မှုများနှင့် နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေများကို ပြင်းထန်စွာ ချိုးဖောက်မှုများ၏ နစ်နာခံစားရသူများ အတွက် ကုသမှုနှင့် ပြန်လည် ကုစားပေးလျော်မှု

စုံစမ်းစစ်ဆေးမှုများသည် အမြဲလို လွတ်လပ်သော၊ သမာသမတ်ကျသော၊ ချက်ချင်းဖြစ်သော၊ စေ့စပ်စီစစ်သော၊ ထိရောက်သော၊ ယုံကြည်ဖွယ်ကောင်းသော၊ ပွင့်လင်းသော စစ်ဆေးမှုများ ဖြစ်ရပါမည်။ [34] ထို့အပြင် အမှန်တရားကို သိရှိခွင့်၊ ပြန်လည်ကုစားပေးလျော် ခံပိုင်ခွင့် နှင့် ပြန်မဖြစ်ပွားရန် အာမခံမှုများကို သေချာစေမည့် နည်းလမ်းများကိုလည်း တာဝန်ယူ၊ တာဝန်ခံမှုက ခြုံငုံမိစေရမည်။ [35] ပြန်လည်ကုစား ပေးလျော်ခြင်းသည် ပြန်လည်ဖြည့်ဆည်းပေးခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည် ပြုစု ပျိုးထောင်ခြင်း၊ ကျေနပ်မှု ဖြစ်စေခြင်း နှင့် နောက်တဖန် ထပ်မံမဖြစ်ပွားရန် အာမခံခြင်း ပုံစံများဖြင့် ဖြစ်ရပါမည်။ နောက်တဖန် ထပ်မံ မဖြစ်ပွားမှုကို သေချာစေရန် အတွက် စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီက ပိုင်းဖြတ်သည်မှာ အလွဲသုံးစားပြုမှုများ တားဆီးရေးအတွက် ထားရှိထားသည့်၊ မထိရောက်ဟု သက်သေပြနေသော ဥပဒေများနှင့် မူဝါဒများ တိုးတက်ကောင်းမွန်လာရေးအတွက် ထိရောက်သော ကုသမှု တစ်ရပ် လိုအပ်နေလိမ့်မည် ဟူ၍ ဖြစ်သည်။[36]

## (ခ) ပြည်ပနိုင်ငံများနှင့် သက်ဆိုင်သော နိုင်ငံတကာ လူ့အခွင့်အရေးများ ဥပဒေ

၂၇။ နိုင်ငံများအနေဖြင့် ၎င်းတို့၏ နယ်မြေပြင်ပတွင် ရှိသော သူများ၏ လူ့အခွင့်အရေးများအပေါ် သက်ရောက်နေသည့် သို့မဟုတ် သက်ရောက်ကောင်းသက်ရောက်နိုင်သည့် ဆိုးကျိုးများနှင့် ပတ်သက်၍လည်း ၎င်းတို့နယ်မြေ သို့မဟုတ် စီရင်ပိုင်ခွင့်အတွင်း ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများ၏ အပြုအမူများအပေါ် စည်းမျဉ်းများ ချမှတ်ရန် နိုင်ငံတကာ လူ့အခွင့်အရေးများ ဥပဒေက အစိုးရများအတွက် တိကျသော တာဝန်ရှိမှုကို ဖြစ်စေပါသည်။[37] ဤသည်မှာ အဓိက အားဖြင့် တပ်မတော်ကို လက်နက်များ လွှဲပြောင်းပေးသည့် စီးပွားရေးအား ဆောင်ရွက်သည့် နိုင်ငံများ နှင့် တပ်မတော်နှင့် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ ဖြစ်စေ၊ ဖက်စပ်လုပ်ငန်းများ နှင့် ကုန်သွယ်မှု မိတ်ဖက်မှုများမှတဆင့် စီးပွားရေးလုပ်ငန်းအား ဆောင်ရွက်နေသည့် နိုင်ငံများနှင့် ဆက်စပ်သက်ဆိုင်ပါသည်။ ဤတာဝန်ရှိမှုများ ပြည့်စုံစေရန်အတွက် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ စာချုပ် အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ၎င်းတို့၏ နယ်မြေ သို့မဟုတ် စီရင်ပိုင်ခွင့် အတွင်း ဆောင်ရွက်သော တစုံလုံး သို့မဟုတ် တစိတ်တပိုင်း လုပ်ဆောင်မှုများသည် ၎င်းနယ်မြေများ၏

---

တခုအတွက် အခွင့်အရေးအပေါ် အခြေခံမှုများနှင့် လမ်းညွှန်ချက်များ၊ အခြေခံ လမ်းညွှန်ချက်နှင့် အခြေခံမှု ၄ နှင့် ၅။

[34] ဥပမာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ စာချုပ် အပိုဒ် ၆၊ အသက်ရှင်သန်ပိုင်ခွင့် အပေါ် လူ့အခွင့်အရေးကော်မတီ၊ အထွေထွေ ထင်မြင်ချက်။ စာပိုဒ် ၂၈။

[35] အပြစ်ပေးခြင်းမှ ကင်းလွတ်ခြင်းကို တိုက်ဖျက်ရန် ဆောင်ရွက်မှုမှ တဆင့် လူ့အခွင့်အရေးကို ကာကွယ်၊ မြှင့်တင်သွားရန် အခြေခံမှုများ နောက်ဆုံးပြင်ဆင်ချက် တစုံ (E/CN.4/2005/102/Add.1) ၂၀၀၅ ခုနှစ်၊ အခြေခံမှု ၁။

[36] E/C.12/GC/24, စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ ကော်မတီ - အထွေထွေ ထင်မြင်ချက် အမှတ် ၂၄ (၂၀၁၇)- စီးပွားရေး လုပ်ငန်းများ အခြေအနေတွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာ နိုင်ငံတကာ စာချုပ်အောက်၌ အစိုးရ၏ တာဝန်ရှိမှုများ (၁၀ ဩဂုတ်လ ၂၀၁၇) စာပိုဒ် ၄၁။

[37] ဥပမာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ စာချုပ် အပိုဒ် ၆၊ အသက်ရှင်သန်ပိုင်ခွင့် အပေါ် လူ့အခွင့်အရေးကော်မတီ၊ အထွေထွေ ထင်မြင်ချက် အမှတ် ၃၆ (၂၀၁၈) ။ စာပိုဒ် ၂၂။ E/C.12/GC/24, စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ ကော်မတီ - အထွေထွေ ထင်မြင်ချက် အမှတ် ၂၄ (၂၀၁၇)- စီးပွားရေး လုပ်ငန်းများ အခြေအနေတွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာ နိုင်ငံတကာ စာချုပ်အောက်၌ အစိုးရ၏ တာဝန်ရှိမှုများ (၁၀ ဩဂုတ်လ ၂၀၁၇) စာပိုဒ် ၂၆ နှင့် ၂၈။

ပြင်ပတွင် ရှိသော လူပုဂ္ဂိုလ်များ၏ အသက်ရှင်သန်ပိုင်ခွင့်အတွက် တိုက်ရိုက် နှင့် ကျိုးကြောင်းဆီလျော်သည့် မှန်းဆနိုင်သော သက်ရောက်မှု ရှိမည်ဆိုလျှင် အသက်ရှင်သန်ခွင့်နှင့် အခွင့်အရေး နစ်နာဆုံးရှုံးသူမှ ထိရောက်သော ကုသမှု ရပိုင်ခွင့်များ တစိုက်မတ်မတ် သေချာစွာ ရစေမည့် သင့်တော်သော ဥပဒေဆိုင်ရာ နှင့် အခြားသော နည်းလမ်းများကို ပြုလုပ်ရမည်။ [38] အခြားသော နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများအတွက်လည်းကောင်း၊ [39] စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများအတွက်လည်းကောင်း အလားတူ ဖြစ်စေရမည်။ [40]

၂၈။ နိုင်ငံစုံနယ်နိမိတ်ဖြတ်ကျော် ကော်ပိုရေးရှင်းများ၏ လုပ်ရှားမှုများ သိသာထင်ရှားစွာ တိုးမြှင့်လာမှု၊ နိုင်ငံ ၂ ခု အကြား ကြီးထွားလာသော ရင်းနှီးမြုပ်နှံမှု နှင့် ကုန်သွယ်စီးဆင်းမှုများ၊ ကမ္ဘာလွှမ်းခြုံ ဖြန့်ဖြူးရေး ချိတ်ဆက်သွယ်တန်းမှုများ ပေါ်ထွက်လာမှုတို့အား အသိအမှတ်ပြုလျက် စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ ကော်မတီ က ၂၀၁၇ ခုနှစ်တွင် အာဏာသက်ရောက်မှု ရှိသော လမ်းညွှန်ချက်ကို ပေးကာ စာချုပ်အောက်ရှိ နိုင်ငံများ၏ တာဝန်ရှိမှုသည် "၎င်းတို့၏ နယ်စပ်များတွင် ရပ်တန့် မသွားပါ" ဟု ရှင်းလင်းခဲ့ပါသည်။[41] နိုင်ငံတော် အစိုးရများ အနေဖြင့် "၎င်းတို့၏ နယ်မြေ နှင့်/သို့မဟုတ် စီရင်ပိုင်ခွင့် အတွင်း အခြေချ လုပ်ကိုင်ကြသော စီးပွားရေး လုပ်ငန်းစုများ၏ ပြည်ပ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကာကွယ်ရန် အတွက် လိုအပ်သော ခြေလှမ်းများကို လုပ်ဆောင်ရန် လိုအပ်သည်"။ နိုင်ငံတခုသည် ၎င်း၏ နယ်မြေအတွင်း နှင့်/သို့မဟုတ် စီရင်ပိုင်ခွင့် အောက်တွင် အခြေပြုနေသော ကော်ပိုရေးရှင်းများ၏ လုပ်ရှားမှုများကို ထိန်းချုပ်ခြင်းအားဖြင့် နိုင်ငံ၏ နယ်မြေအပြင်ဘက်တွင် ရှိနေသော အခြေအနေကို နိုင်ငံတကာ ဥပဒေက သတ်မှတ်ထားသော ကန့်သတ်ချက်များနှင့် ကိုက်ညီစွာ လွှမ်းမိုးနိုင်လျှင်" နယ်မြေလွန် တာဝန်ရှိမှုများ ရရှိလာသည်ဟု ကော်မတီက ရှင်းပြပါသည်။ ဤသည်က နိုင်ငံ၏

---

[38] နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ စာချုပ် အပိုဒ် ၆၊ အသက်ရှင်သန်ပိုင်ခွင့် အပေါ် လူ့အခွင့်အရေးကော်မတီ၊ အထွေထွေ ထင်မြင်ချက် အမှတ် ၃၆ (၂၀၁၈) ။ စာပိုဒ် ၂၂။

[39] လူ့အခွင့်အရေးကော်မတီ၊ ဂျာမဏီနိုင်ငံ၏ ၆ ကြိမ်မြောက် လူ့အခွင့်အရေး အခြေအနေဆိုင်ရာသုံးသပ်မှု အပေါ် လေ့လာတွေ့ရှိချက်များအား ကောက်ချက်ချခြင်း (၂၀၁၂ ခုနှစ်) CCPR/C/DEU/CO/6, စာပိုဒ် ၁၆။ လူ့အခွင့်အရေးကော်မတီ၊ ကနေဒါနိုင်ငံ၏ ၆ ကြိမ်မြောက် လူ့အခွင့်အရေး အခြေအနေဆိုင်ရာသုံးသပ်မှု အပေါ် လေ့လာတွေ့ရှိချက်များအား ကောက်ချက်ချခြင်း (၂၀၁၅ ခုနှစ်) CCPR/C/CAN/CO/6, စာပိုဒ် ၆။ ထိုကိစ္စရပ်များ၌ ကော်မတီမှ အထူးဂရုပြု ပြောခဲ့သည်။ "အဖွဲ့ဝင် နိုင်ငံများသည် (က) ကနေဒါ နိုင်ငံ၏ စီရင်ခွင့်အောက်တွင် ရှိနေသည့် ကော်ပိုရေးရှင်းများ အားလုံး အထူးသဖြင့် မိုင်းလုပ်ငန်း ကော်ပိုရေးရှင်းများသည် ပြည်ပတွင် လုပ်ဆောင်သည့်အခါ၌ လူ့အခွင့်အရေး စံသတ်မှတ်ချက်များကို လေးစားရန် သေချာစေရေးအတွက် ရှိနေပြီးစာ ယန္တရားများ၏ ထိရောက်မှုကို မြှင့်တင်ရန် (ခ) ထိုသို့သော ကော်ပိုရေးရှင်းများ၏ ဝေးရပ်မြေခြားတွင် ကျူးလွန်သော လူ့အခွင့်အရေး အလွဲသုံးစားပြုမှုများကို စုံစမ်းစစ်ဆေးရန် အာဏာပေးထားတသာ လွတ်လပ်သည့် ယန္တရား ဖွဲ့စည်းရေးအတွက် စဉ်းစားရန် နှင့် (ဂ) ထိုသို့သော ကော်ပိုရေးရှင်းများ၏ ဝေးရပ်မြေခြား လုပ်ဆောင်မှုများအတွက် နစ်နာခံစားရသူများကို ဥပဒေဆိုင်ရာ ကုသမှုများ ပေးစွမ်းနိုင်မည့် ဥပဒေဆိုင်ရာ မူဘောင်တခုကို ဖေါ်ထုတ်ရန်"

[40] E/C.12/2011/1, စာပိုဒ် ၅ နှင့် ၆။ E/C.12/GC/24, စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ ကော်မတီ - အထွေထွေ ထင်မြင်ချက် အမှတ် ၂၄ (၂၀၁၇)- စီးပွားရေး လုပ်ငန်းများ အခြေအနေတွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာ နိုင်ငံတကာ စာချုပ်အောက်၌ အစိုးရ၏ တာဝန်ရှိမှုများ (၁၀ ဩဂုတ်လ ၂၀၁၇)

[41] E/C.12/GC/24 စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ ကော်မတီ - အထွေထွေ ထင်မြင်ချက် အမှတ် ၂၄ (၂၀၁၇)- စီးပွားရေး လုပ်ငန်းများ အခြေအနေတွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာ နိုင်ငံတကာ စာချုပ်အောက်၌ အစိုးရ၏ တာဝန်ရှိမှုများ (၁၀ ဩဂုတ်လ ၂၀၁၇) စာပိုဒ် ၂၆။

နယ်နိမိတ်ပြင်ပတွင်လည်း စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးများအား ထိရောက်စွာ ခံစားနိုင်မှုကို ထောက်ကူပြုသည်။[42]

ထိုအကြောင်းအချက်များကြောင့် ပြည်ပနိုင်ငံအစိုးရများအနေဖြင့် ၎င်းတို့နိုင်ငံ နယ်မြေအတွင်း သို့မဟုတ် စီရင်ပိုင်ခွင့်အောက်တွင် အခြေစိုက် လုပ်ကိုင်နေကြသော စီးပွားရေး လုပ်ငန်းများ၏ လှုပ်ရှားမှုများက မြန်မာပြည်ရှိ လူများ၏ လူ့အခွင့်အရေး အခြေအနေကို ထိခိုက်မည်ဆိုပါလျှင် ဤလမ်းညွှန် အခြေခံမှုများက ၎င်းပြည်ပအစိုးရ နိုင်ငံများအပေါ်တွင်လည်း အလားတူ သက်ရောက်ပေသည်။ မြန်မာပြည် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေး အရာရှိက မြန်မာပြည်တွင် ရင်းနှီးမြှုပ်နှံသည့် နှင့်/သို့မဟုတ် လုပ်ဆောင်နေသည့် ပြည်ပ ကုမ္ပဏီများ၏ မူလမိခင်နိုင်ငံများ အနေဖြင့် ၎င်းတို့သည် လမ်းညွှန်အခြေခံမှုများနှင့်အညီ လုပ်ဆောင်မှု ရှိစေရန် တိုက်တွန်းခဲ့သည်။ အထူးစုံစမ်းစစ်ဆေးရေး အရာရှိက "နိုင်ငံတကာ ငွေကြေးရံပုံငွေ အဖွဲ့အစည်းများ၊ အစိုးရနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စီမံကိန်းများကို အကောင်အထည် မဖော်မီ ဤ စံသတ်မှတ်ချက်များနှင့် အဆင့်တိုင်းတွင် လိုက်လျောညီထွေ ဖြစ်စေရန် စဉ်းစားသင့်သည်။" ဟု မှတ်ချက်ပြုခဲ့ပါသည်။ [43]

### (ဂ) နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ

၂၉ ။ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ က လက်နက်ကိုင် ပဋိပက္ခများအား စည်းကမ်းလိုက်နာစေသည်။[44] မြန်မာအနေဖြင့် အဖွဲ့ဝင်ဖြစ်သော ဂျီနီဗာ သဘောတူစာချုပ် ၄ ခု၏ ဘုံစည်းမျဉ်း ၁ က နိုင်ငံများ အနေဖြင့် အခြေအနေများ အားလုံးအောက်တွင် သဘောတူစာချုပ်ပါ ကာကွယ်မှုများကို "လေးစားမှု သေချာစေရန်" အမြဲတမ်း တာဝန်ရှိစေပါသည်။ ဤကိစ္စသည် လက်နက်များလွှဲပြောင်းမှုနှင့် ပတ်သက်သော မစ်ရှင်၏ စုံစမ်းစစ်ဆေးမှုအတွက် ဆက်စပ်သက်ဆိုင်ပါသည်။ နိုင်ငံတကာ ကြက်ခြေနီအသင်း မှ ယေဘုယျ အပိုဒ် ၁ အပေါ် ၎င်း၏ အာဏာသက်ရောက်မှု ရှိသော ထင်မြင်သုံးသပ်ချက်ကို ရှင်းပြရာတွင် ၎င်း အပိုဒ် ၁ တာဝန်ရှိမှုသည် အခြားလိုအပ်ချက်များ အပြင် နိုင်ငံများအနေဖြင့် "အတိတ်ကာလ ဖြစ်ပွားပုံ အချက်အလက်များ သို့မဟုတ် ဗဟုသုတ ကို အခြေခံ၍ လက်နက်များကို သဘောတူစာချုပ်များအား ချိုးဖောက်ရန် သုံးစွဲလိမ့်မည် ထင်မြင်ရလျှင် ထိုလက်နက်များ လွှဲပြောင်းခြင်းမှ ရှောင်ကြဉ်ရန်" လိုအပ်ပါသည်။[45]

---

[42] E/C.12/GC/24, စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ ကော်မတီ - အထွေထွေ ထင်မြင်ချက် အမှတ် ၂၄ (၂၀၁၇)- စီးပွားရေး လုပ်ငန်းများ အခြေအနေတွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာ နိုင်ငံတကာ စာချုပ်အောက်ရှိ အစိုးရ၏ တာဝန်ရှိမှုများ (၁၀ ဩဂုတ်လ ၂၀၁၇) စာပိုဒ် ၂၈။

[43] မြန်မာပြည်လူ့အခွင့်အရေးအခြေအနေများ အပေါ် အထူးစုံစမ်းစစ်ဆေးရေး အရာရှိ၏ အစီရင်ခံစာ A/HRC/40/68, ၅ မတ်လ ၂၀၁၉ ခုနှစ်၊ စာပိုဒ် ၁၆။ မြန်မာပြည်လူ့အခွင့်အရေးအခြေအနေများ အပေါ် အထူးစုံစမ်းစစ်ဆေးရေး အရာရှိ၏ အစီရင်ခံစာ A/73/332, ၂၀ ဩဂုတ် ၂၀၁၈ ခုနှစ်၊ စာပိုဒ် ၂၆။

[44] မြန်မာပြည်တွက် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ သက်ရောက်မှုအကြောင်း ပိုမိုသိလိုပါလျှင် A/HRC/39/CRP.2 စာပိုဒ် ၆၀ မှ ၆၂ ကို ကြည့်ပါ။

[45] Jean-Marie Henckaerts, eds., ပထမအကြိမ် ဂျီနီဗာ သဘောတူစာချုပ် အပေါ်တွင် ထင်မြင်သုံးသပ်ချက်။ စစ်မြေပြင်တွင် ဒါဏ်ရာရရှိသူများ၏ အခြေအနေ ပိုမိုကောင်းမွန်ရန် လုပ်ဆောင်ချက်အတွက် ဘုံစည်းမျဉ်း (၁)၊ ၁၅ ဒီဇင်ဘာ ၂၀၁၆ ခုနှစ်၊ စာပိုဒ် ၁၆၂။ လက်နက်ကူးသန်းရောင်းဝယ်မှု စာချုပ်က "နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ ကို အထူးသဖြင့် ၁၉၄၉ ဂျီနီဗာ သဘောတူစာချုပ်နှင့် အညီ လေးစားရန် နှင့် လေးစားမှုသေချာစေရန်" ဆိုသည့် ၎င်း၏ အခြေခံမှုကို စာရင်းဖော်ပြရာ၌ ဤ တာဝန်ရှိမှုကို ရည်ညွှန်းထားပါသည်။ လက်နက်ကူးသန်းရောင်းဝယ်မှုစာချုပ်ကို ဤတွင်ကြည့်ပါ။

နိုင်ငံတခုအနေဖြင့် လက်နက်လက်ခံသည့် အခြားနိုင်ငံသည် ထိုလက်နက်အချို့ကို အသုံးပြုပြီး လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများအပေါ် ချိုးဖောက်ခြင်းအား သိလျက်နှင့် ဆက်လက်၍ အကူအညီပေးနေခြင်းသည် နောက်ထပ် ချိုးဖောက်မှုများကို လိုလိုလားလားရှိသော အမြင်ဖြင့် အကျိုးဆောင်နေခြင်း ဖြစ်သည်ဟု ခိုင်လုံစွာ ငြင်းချက်ထုတ်ထားပြီး ဖြစ်ပါသည်။[46] နိုင်ငံတကာ လူသားချင်းစာနာမှု ဆိုင်ရာ ဥပဒေ၏ စည်းမျဉ်းများသည် ယေဘုယျအားဖြင့် လက်နက်ကိုင် ပဋိပက္ခ အခြေအနေများအပေါ် သာ သက်ရောက်သော်လည်း ထို ဘုံစည်းမျဉ်း ၁ က မူ ထိုသို့ ကန့်သတ်ချက် မရှိပါ။ နိုင်ငံတကာ ကြက်ခြေနီအသင်းက ၎င်း၏ ထင်မြင်ယူဆချက်တွင် ရှင်းပြချက်အရ "သဘောတူစာချုပ်များအပေါ် လေးစားရန်နှင့် လေးစားမှုကို သေချာစေရန် တာဝန်ရှိမှုသည် လက်နက်ကိုင် ပဋိပက္ခ အတွက်သာ ကန့်သတ်ထားသည် မဟုတ်ဘဲ ငြိမ်းချမ်းသော အချိန်များ အတွက်ပါ တူညီစွာ သက်ရောက်ပါသည်။" ဤသည်မှာ ဤအစီရင်ခံစာထဲတွင် စာရင်းဖေါ်ပြထားသည့် လက်နက် ထောက်ပံ့ကူညီသူများအားလုံးအပေါ် စာချုပ်စာတမ်း ဥပဒေနှင့် ထုံးတမ်းစဉ်လာ နိုင်ငံတကာဥပဒေ တို့၏ အကြောင်းအရာ တရပ် အနေဖြင့် သက်ရောက်နေသော တာဝန်ရှိမှုတရပ် ဖြစ်ပါသည်။[47]

**(ဃ) လက်နက်ကူးသန်းရောင်းဝယ်မှု စာချုပ် (Arms Trade Treaty - ATT)**

၃၀။ လက်နက်ကူးသန်းရောင်းဝယ်မှု စာချုပ်သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာမှ အသက်ဝင်လာခဲ့ခြင်း ဖြစ်ပြီး မစ်ရှင်၏ ရှာဖွေချက်များ အတွက် ဆက်စပ်သက်ဆိုင်သော အရေးကြီးသည့် စည်းမျဉ်းများကို ထောက်ကူပေးခဲ့ပါသည်။ သမာရိုးကျ လက်နက်များအား နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေး အပေါ် စည်းမျဉ်းများ သတ်မှတ်ရန်အတွက် ထိုစာချုပ်ကို အထွေထွေညီလာခံမှ အတည်ပြုလိုက်ခြင်း ဖြစ်ပါသည်။ စာချုပ်၏ ဦးတည်ချက်နှင့် ရည်မှန်းချက်က လူသားများ ခံစားရမှု လျှော့ချရန် ရည်ရွယ်ချက်ဖြင့် သမာရိုးကျ လက်နက်များ ကူးသန်းရောင်းဝယ်မှု၏ စည်းမျဉ်းများအား ချမှတ်ရန်နှင့် အားကောင်းလာစေရန် အတွက် အမြင့်မားဆုံး ဖြစ်နိုင်သော နိုင်ငံတကာ ဘုံ စံသတ်မှတ်ချက်များ တည်ထောင်ရန် ဟူ၍ ရှင်းလင်းစွာ ပါဝင်ပါသည်။[48] ၎င်း၏ လမ်းညွှန် အခြေခံမှုများထဲမှ တစ်ခုမှာ လူ့အခွင့်အရေး နှင့် နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေကို လေးစားရန်နှင့် လေးစားမှုကို သေချာစေရန် ဖြစ်ပါသည်။[49]

၃၁။ သမာရိုးကျ လက်နက်များ လွှဲပြောင်းမှုကို ခွင့်ပြုရသော အဖွဲ့ဝင် အစိုးရ တရပ်အနေဖြင့် ခွင့်ပြုမှု လုပ်ရသော အချိန်တွင် ထိုလက်နက်များ သို့မဟုတ် ပစ္စည်းများအား လူမျိုးတုန်းသတ်ဖြတ်မှုများ၊

---

(https://thearmstradetreaty.org/treaty-status.html?templateId=209883#https://thearmstradetreaty.org/treaty-status.html?templateId=209883#) အခြေခံမှုများ။

[46] Marco Sassoli၏ "နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကို ချိုးဖောက်ခြင်း အတွက် အစိုးရ၏ တာဝန်ရှိမှု" International Review of the Red Cross, June 2002 Vol. 84 No 846, စာမျက်နှာ ၄၁၃။

[47] J.M. Henckaerts and L. Doswald-Beck ၏ "ထုံးတမ်းစဉ်လာ နိုင်ငံတကာ လူသားချင်းစာနာမှု ဆိုင်ရာ ဥပဒေ Volume I: စည်းမျဉ်းများ" (Cambridge, ICRC/Cambridge University Press, 2005) စည်းမျဉ်း ၁၃၉

[48] လက်နက် ကူးသန်းရောင်းဝယ်မှု စာချုပ် (https://thearmstradetreaty.org/treaty-status.html?templateId=209883#), အပိုဒ် ၁။

[49] လက်နက် ကူးသန်းရောင်းဝယ်မှု စာချုပ် (https://thearmstradetreaty.org/treaty-status.html?templateId=209883#https://thearmstradetreaty.org/treaty-status.html?templateId=209883#) အခြေခံမှုများ

လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၊ ၁၉၄၉ ဂျီနီဗာ သဘောတူစာချုပ်များအား ကြီးမားစွာ ဖောက်ဖျက်ခြင်းများ၊ အရပ်သား ပစ်မှတ်များ သို့မဟုတ် ကာကွယ်ခံ အရပ်သားကဲ့သို့ ပစ်မှတ်များ သို့မဟုတ် အဖွဲ့ဝင် အနေဖြင့် ပါဝင်ထားသော နိုင်ငံတကာ သဘောတူညီချက်များမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် စစ်ရာဇဝတ်မှုများအား ကျူးလွန်ရာတွင် အသုံးပြုမည်ဆိုလျှင် အပိုဒ် ၆ မှ တားမြစ်ထားပါသည်။ ATT အနေဖြင့် အောက်ပါ သမာရိုးကျ လက်နက်များအပေါ် လွှမ်းခြုံမှု ရှိပါသည်။ စစ်မြေပြင်သုံး တင့်ကားများ၊ တိုက်ခိုက်ရေး ကျည်ကာယာဉ်များ၊ ပြောင်းဝကျယ်သည့် အမြောက်စနစ်များ၊ တိုက်ခိုက်ရေး လေယာဉ်များ၊ တိုက်ခိုက်ရေး ရဟတ်ယာဉ်များ၊ စစ်သင်္ဘောများ၊ ဒုံးပျံများ နှင့် ဒုံးပျံပစ်စင်များ၊ လက်နက်ငယ်များနှင့် အပေါ့စား လက်နက်များ တို့ ဖြစ်ပါသည်။ အပိုဒ် ၆ အနေဖြင့် ATT စာရင်းထဲတွင်ပါသော လက်နက်များ၏ ကျည်ခဲယမ်းများ/ပစ်ခတ်ပြီး၊ လွှင့်တင်ပြီး သို့မဟုတ် ပေးအပ်ပြီး ကျည်များ၊[50] ထို့အတူ ATT စာရင်းထဲတွင် ပါသည့် သမာရိုးကျ လက်နက်များကို ဖွဲ့စည်း ပြုလုပ်ရန် စွမ်းဆောင်မှုကို ပေးနိုင်သည့် ပုံစံတွင် ရှိသည့် အစိတ်အပိုင်းများ တို့ အပေါ်ပါ သက်ရောက်မှု ရှိပါသည်။[51]

၃၂။ အပိုဒ် ၆ အရ တားမြစ်ထားခြင်း မရှိသော နေရာများ၌ ATT အပိုဒ် ၇ မှ တင်ပို့သော နိုင်ငံများကို ကြိုတင်ပြင်ဆင် အားထုတ်မှု လုပ်ရန် တာဝန် ပေးထားပြီး ၎င်းအတွက် အခြားလုပ်ဆောင်စရာများထဲမှ လက်နက်များ သို့မဟုတ် အခြား ပစ္စည်းများသည် ငြိမ်းချမ်းရေး နှင့် လုံခြုံရေးအပေါ် ထိခိုက်စေရန် အထောက်အကူပြုသည့်၊ သို့မဟုတ် နိုင်ငံတကာ လူသားချင်းစာနာသည့် ဥပဒေနှင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ တို့အား ပြင်းထန်သော ချိုးဖောက်မှု ကို ပြုလုပ်သည့် သို့မဟုတ် အကျိုးဆောင်သည့် နေရာတွင် သုံးဆောင်မည့် ဖြစ်နိုင်ခြေ အလားအလာအပေါ် ဆန်းစစ်မှု ပြုလုပ်ရန် ဖြစ်ပါသည်။ တင်ပို့သော စာချုပ်အဖွဲ့ဝင် နိုင်ငံ အနေဖြင့် အထက်ပါ အနုတ်သဘောဆောင်သော နောက်ဆက်တွဲများ ဖြစ်ပွားရန် လွှမ်းမိုးနိုင်သည့် အန္တရာယ်တခုရှိလျှင် ထို အန္တရာယ်များကို လျော့ပါးသွားစေရန် လုပ်ဆောင်နိုင်မည့် နည်းလမ်းများ ရှိမရှိနှင့် ထို တင်ပို့မှုကို ခွင့်မပြုရန် အစရှိသည်တို့ကို စဉ်းစားပေးရန် လိုပါသည်။ ထိုပစ္စည်းများအား လိင်စိတ်ဝိသေသ လက္ခဏာကွဲပြားမှု အခြေခံ အကြမ်းဖက်မှု အပေါ် ပြင်းထန်သော ပြုလုပ်ချက်များ သို့မဟုတ် အမျိုးသမီးများနှင့် ကလေးသူငယ်များ အပေါ် ပြင်းထန်သော ပြုလုပ်ချက်များကို ဖြစ်စေရန် သို့မဟုတ် အကျိုးဆောင်ရန် အသုံးပြုနိုင်သည့် အန္တရာယ်ကိုလည်း တင်ပို့သော နိုင်ငံများ၏ ဆန်းစစ်သုံးသပ်မှုထဲတွင် ထည့်သွင်း စဉ်းစားသင့်ပါသည်။

၃၃။ လက်ရှိတွင် ATT ၏ အဖွဲ့ဝင် နိုင်ငံ ၁၀၄ နိုင်ငံ ရှိပါသည်။[52] တပ်မတော်သို့ လက်နက်များ သို့မဟုတ် ဆက်စပ်သော ပစ္စည်းများ လွှဲပြောင်းနေသည်ဟု မစ်ရှင်မှ သတ်မှတ် ဖေါ်ထုတ်ထားသော နိုင်ငံများထဲမှ တခုမျှ ATT အဖွဲ့ဝင်မဟုတ်ကြပါ။ ၎င်းတို့ထဲမှ တချို့ - ယူကရိန်း၊ ဖိလစ်ပိုင်နှင့်

[50] လက်နက် ကူးသန်းရောင်းဝယ်မှု စာချုပ် (https://thearmstradetreaty.org/treaty-status.html?templateId=209883#), အပုဒ် ၃။
[51] လက်နက် ကူးသန်းရောင်းဝယ်မှု စာချုပ် (https://thearmstradetreaty.org/treaty-status.html?templateId=209883#), အပုဒ် ၄။
[52] လက်နက် ကူးသန်းရောင်းဝယ်မှု စာချုပ် (https://thearmstradetreaty.org/treaty-status.html?templateId=209883#)

အစ္စရေး တို့သည် စာချုပ်ကို လက်မှတ်ထိုးထားပါသည်။ [53] ၎င်း၏ လုပ်ဆောင်ချက်များအတွက် ထပ်မံစုံစမ်းစစ်ဆေး ကြည့်ရန် လိုအပ်သော စကားပူ နိုင်ငံသည် လက်မှတ်ထိုးထားသော နိုင်ငံဖြစ်ပါသည်။ လက်မှတ် ထိုးထားသူများအနေဖြင့် စာချုပ်၏ အဖွဲ့ဝင်အဖြစ် ဖြစ်လာရန် ရည်ရွယ်မှု မရှိပါဟု ရှင်းရှင်းလင်းလင်း မပြောထားသ၍ ထိုလက်မှတ်ထိုးထားသော နိုင်ငံတခုချင်းစီသည် လက်နက် ကူးသန်း ရောင်းဝယ်မှု စာချုပ်၏ "ဦးတည်ချက် နှင့် ရည်မှန်းချက်ကို ကျဆုံးစေမည့် ပြုမူမှုများမှ ရှောင်ကြဉ်ရန်" တာဝန် တရပ်ရှိပါသည်။[54] လူသားများ ခံစားရမှု လျှော့ချရန် ရည်ရွယ်ချက်ဖြင့် သမာရိုးကျ လက်နက်များ ကူးသန်းရောင်းဝယ်မှု၏ စည်းမျဉ်းများအား ချမှတ်ရန် နှင့် အားကောင်းလာစေရန် အတွက် အမြင့်မားဆုံး ဖြစ်နိုင်သော ဘုံ နိုင်ငံတကာ စံသတ်မှတ်ချက်များ တည်ထောင်ရန် ဟု ဖော်ပြထားသည့် စာချုပ်၏ ဦးတည်ချက်နှင့် ရည်မှန်းချက်ကို ကြည့်ပါက အပိုဒ် ၆ နှင့် ၇ အား ဆန့်ကျင်သည့် ပြုမူမှုများကို စာချုပ်၏ ဦးတည်ချက်နှင့် ရည်မှန်းချက်ကို ကျဆုံးခြင်းဟု မှတ်ယူသလို လက်မှတ်ထိုးထားသော အစိုးရအနေဖြင့် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ခြင်းဟုလည်း ယူဆရမည် ဖြစ်သည်။[55]

### (c) အခြား ပို့ကုန် ထိန်းချုပ်ရေး စံသတ်မှတ်ချက်များ

၃၄။ မစ်ရှင်၏ ဥပဒေပိုင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုကို စစ်ရေးဆိုင်ရာ နည်းပညာများနှင့် ပစ္စည်းကိရိယာများ တင်ပို့မှုအပေါ် ထိန်းချုပ်ခြင်းဆိုင်ရာ ဥရောပသမဂ္ဂ၏ ဘုံရပ်တည်ချက်မှလည်း သတင်းအချက်အလက် ပေးခဲ့ပါသည်။ [56] ထိုရပ်တည်ချက်က လက်ရှိ ပိတ်ဆို့မှုများနှင့် လက်နက် တားဆီးမှုများ အပေါ် ဥရောပ သမဂ္ဂ အဖွဲ့ဝင်များ အနေဖြင့် ကျင့်သုံးရန် တိကျသော တာဝန်ရှိမှုများကို သတ်မှတ်ထားသည်။ အလားတူ တင်ပို့သော စစ်ရေးဆိုင်ရာ နည်းပညာများနှင့်

---

[53] လက်နက် ကူးသန်းရောင်းဝယ်မှု စာချုပ် "ATT လက်မှတ်ထိုးသူများသည် စာချုပ်အား တိုင်းပြည်အတွင်း ဥပဒေအဖြစ် ပြဋ္ဌာန်းခြင်း၊ လက်ခံခြင်း သို့မဟုတ် အတည်ပြုခြင်းများ မရှိသေးပါ။" (https://thearmstradetreaty.org/hyper-images/file/List%20of%20ATT%20Signatory%20States%20(10%20May%202019)/List%20of%20ATT%20Signatory%20States%20(10%20May%202019).pdf).

[54] စာချုပ်များ၏ ဥပဒေနှင့်ပတ်သက်သော ဗီယင်နာ သဘောတူညီချက်၊ အပိုဒ် ၁၈၊ မြန်မာနိုင်ငံမှ စာချုပ်များ၏ ဥပဒေနှင့်ပတ်သက်သော ဗီယင်နာ သဘောတူညီချက်ကို ၁၉၉၈ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် လက်ခံခဲ့သည်။ https://treaties.un.org/Pages/ViewDetailsIII.aspx?src=TREATY&mtdsg_no=XXIII-1&chapter=23&Temp=mtdsg3&clang=_en.

[55] ATT ၏ အပိုဒ် ၁ က ၎င်း၏ ဦးတည်ချက်နှင့် ရည်မှန်းချက်တို့ကို ချမှတ် ဖော်ထုတ်ခဲ့သည်။ ၎င်း ၏ ဦးတည်ချက်မှာ "သမာရိုးကျ လက်နက်များ ကူးသန်းရောင်းဝယ်မှု၏ စည်းမျဉ်းများအား ချမှတ်ရန် နှင့် အားကောင်းလာစေရန် အတွက် အမြင့်မားဆုံး ဖြစ်နိုင်သော ဘုံ နိုင်ငံတကာ စံသတ်မှတ်ချက်များ တည်ထောင်ရန်" နှင့် "သမာရိုးကျ လက်နက်များအား တရားမဝင် ကူးသန်းရောင်းဝယ်မှုများကို ပိတ်ပင်ရန်နှင့် ပပျောက်ကင်းစင်စေရန် နှင့် ၎င်းတို့၏ အာရုံလွှဲပြောင်းမှုကို တားဆီးရန်" ဟူ၍ ဖြစ်သည်။ "လူသားများ ခံစားရမှုကို လျှော့ချရန်" သည် ATT ၏ အခြေခံကျသော ရည်မှန်းချက်ထဲမှ တစ်ခု ဖြစ်ပါသည်။ အခြားရည်မှန်းချက်တို့မှာ နိုင်ငံတကာ နှင့် ဒေသတွင်း ငြိမ်းချမ်းမှု၊ လုံခြုံရေး နှင့် တည်ငြိမ်ရေး ကို အထောက်အကူပြုရန်၊ နှင့် "သမာရိုးကျ လက်နက်များ နိုင်ငံတကာ ကူးသန်းရောင်းဝယ်မှုတွင် အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာမှု နှင့် တာဝန်ရှိသော တုန့်ပြန်မှုကို မြှင့်တင်ရန်၊ ထို့မှတဆင့် အဖွဲ့ဝင်နိုင်ငံများအကြား ယုံကြည်မှုကို မြှင့်တင်ရန်" ဖြစ်ပါသည်။ စာချုပ်၏ လက်နက်လွှဲပြောင်းမှု အတွက် ဆုံးဖြတ်ရန်မှုများအား အကောင်အထည်ဖော်ခြင်းကို အပိုဒ် ၆ နှင့် ၇ တွင် ထုတ်ဖော်ထားပြီး၊ ထိုအတွက်ကြောင့် ATT ၏ ဦးတည်ချက်နှင့် ရည်မှန်းချက်အတွက် အဓိက အားဖြင့် ဆက်စပ် သက်ဆိုင်ပါသည်။ လက်နက်ကူးသန်းရောင်းဝယ်မှုစာချုပ်ကို လူသားချင်းစာနာမှုဆိုင်ရာ အမြင်ဘက်မှ ကြည့်ရှုခြင်း၊ နိုင်ငံတကာ ကြက်ခြေနီအသင်း၊ ၂၀၁၆ တွင်ကြည့်ပါ။

[56] ဥရောပ သမဂ္ဂ ကောင်စီ၏ ဘုံ ရပ်တည်ချက်၊ 2008/944/CFSP (၈ ရက်နေ့ ဒီဇင်ဘာ ၂၀၀၈ ခုနှစ်) စစ်ဖက်ဆိုင်ရာ နည်းပညာနှင့် ပစ္စည်းကရိယာများ တင်ပို့မှု ထိန်းချုပ်ခြင်းအား စီမံမည့် ဘုံစည်းမျဉ်းအား သတ်မှတ် ဖော်ထုတ်ခြင်း၊

ပစ္စည်းကရိယာများကို ပြည်တွင်းဖိနှိပ်မှုများ၊ အဓိပ္ပါယ်ဖွင့်မှု အရ အခြားကိစ္စများ အပါအဝင် အထူးသဖြင့် ညှဉ်းပန်းနှိပ်စက်မှု နှင့် အခြားသော ရက်စက်ကြမ်းကြုတ်၊ လူမဆန်သည့်၊ လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော ပြုမူဆက်ဆံပုံ သို့မဟုတ် ပြစ်ဒဏ်ပေးမှုများ၊ အကျဉ်းရုံး သို့မဟုတ် လက်လွတ်စပယ် သတ်ဖြတ်ခြင်းများ၊ ပျောက်ဆုံးခြင်းများ၊ တရားလက်လွတ် ထိန်းသိမ်းခြင်း အပါအဝင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ စာချုပ် အပါအဝင် သက်ဆိုင်သော နိုင်ငံတကာ လူ့အခွင့်အရေး ကိရိယာများတွင် ဖေါ်ပြထားသော လူ့အခွင့်အရေးများ နှင့် အခြေခံလွတ်လပ်ခွင့်များအပေါ် အခြား အဓိကကျသည့် ချိုးဖောက်မှုများ အတွက် အသုံးပြုလိမ့်မည်ဟု ရှင်းလင်းသော အန္တရာယ်တခု ရှိနေလျှင် ပို့ကုန်လိုင်စင် ထုတ်ပေးရန် ငြင်းဆိုခြင်းလည်း ပါဝင်ပါသည်။ [57] ထို့အပြင် လက်ခံသော နိုင်ငံများတွင် နှစ်မျိုးအသုံးပြုနိုင်သော ပစ္စည်းများနှင့် နည်းပညာများကို လက်ခံသူသည် လက်နက်ကိုင် တပ်ဖွဲ့များ သို့မဟုတ် ပြည်တွင်း လုံခြုံရေးတပ်ဖွဲ့များ သို့မဟုတ် အလားတူအုပ်စုများ ဖြစ်သည်ဟု ယုံကြည်ဖွယ်ရာ လေးနက်သော အခြေအနေများရှိပါက ပို့ကုန်ထိန်းချုပ်ရေး ရည်ရွယ်ချက်များအတွက် ထိုသို့သော ပစ္စည်းမျိုးကို စစ်ဖက်ဆိုင်ရာ နည်းပညာ သို့မဟုတ် ပစ္စည်းကိရိယာ အနေဖြင့် စဉ်းစားကြောင်း ဥရောပသမဂ္ဂ၏ ဘုံရပ်တည်ချက်က ရှင်းလင်းစွာ ဖေါ်ပြထားပါသည်။[58]

၃၅။ တပ်မတော်အား နည်းပညာများနှင့်ပစ္စည်းကိရိယာများ တင်ပို့သော နိုင်ငံသည် ဥရောပ သမဂ္ဂ အဖွဲ့ဝင် နိုင်ငံမဟုတ်ပါက သမာရိုးကျလက်နက်များနှင့် နှစ်မျိုးအသုံးပြုနိုင်သော ပစ္စည်းများ နှင့် နည်းပညာများအပေါ် တင်ပို့မှုကို ထိန်းချုပ်သည့် စည်းနှောင်မှု မရှိသည့် ဝက်စင်းနား စီစဉ်မှု (Wassenaar Arrangement) ရှိနေသည်ဟု မစ်ရှင်မှ သိရှိထားပါသည်။ ဤ စီစဉ်မှုတွင် ၄၂ နိုင်ငံ ပါဝင်မှုရှိပြီး ဒေသတွင်းနှင့် နိုင်ငံတကာ လုံခြုံရေး အတွက် ခြိမ်းခြောက်မှုများကို လျှော့ချနိုင်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။ ထို ဝက်စင်းနား စီစဉ်မှုက "သမာရိုးကျ လက်နက်များနှင့် နှစ်မျိုးသုံး ပစ္စည်းများ နှင့် နည်းပညာများ လွှဲပြောင်းရာတွင် ပွင့်လင်းမြင်သာမှု နှင့် ကြီးမားသော တာဝန်ရှိမှု" ကို မြှင့်တင်ရန် နှင့် အဆုံးသတ်တွင် နိုင်ငံများက ပို့ကုန် ထိန်းချုပ်မှုကို ပြုလုပ်နိုင်ရန် မျှော်လင့်သော နှစ်မျိုးသုံး ပစ္စည်းများနှင့် အတတ်ပညာများအပေါ် စာရင်းတခု ပြုစုထိန်းသိမ်းရန် ဖြစ်သည်။[59]

### (စ) အစိုးရ တာဝန်ရှိမှု၏ အထွေထွေ စည်းမျဉ်းများ

၃၆။ အစိုးရ တာဝန်ရှိမှု၏ အထွေထွေ စည်းမျဉ်းများ နှင့် နိုင်ငံတကာ ဥပဒေ၏ ထုံးတမ်းစဉ်လာ စည်းမျဉ်းများအောက်တွင် အောက်ပါ အခြေအနေ ၃ ခုနှင့် ပြည့်စုံသော အပြည်ပြည်ဆိုင်ရာ မှားယွင်းဆောင်ရွက်မှု တခုခုအား ကျူးလွန်သည့် အခြား အစိုးရတစ်ရပ်အား ပံ့ပိုးခြင်း သို့မဟုတ် ကူညီပေးခြင်းမှ တားမြစ်ထားပါသည်။ ကူညီပေးခြင်း ခံရသော နိုင်ငံ၏ ပြုမူမှုသည်

[57] ဆုံးဖြတ်ရန်မူ ၁။ ဥရောပ သမဂ္ဂ ကောင်စီ၏ ဘုံ ရပ်တည်ချက်၊ 2008/944/CFSP (၈ ရက်နေ့ ဒီဇင်ဘာ ၂၀၀၈ ခုနှစ်) စစ်ဖက်ဆိုင်ရာ နည်းပညာနှင့် ပစ္စည်းကရိယာများ တင်ပို့မှု ထိန်းချုပ်ခြင်းအား စီမံမည့် ဘုံစည်းမျဉ်းအား သတ်မှတ် ဖေါ်ထုတ်ခြင်း၊

[58] အပိုဒ် ၆။ ဥရောပ သမဂ္ဂ ကောင်စီ၏ ဘုံ ရပ်တည်ချက်၊ 2008/944/CFSP (၈ ရက်နေ့ ဒီဇင်ဘာ ၂၀၀၈ ခုနှစ်) စစ်ဖက်ဆိုင်ရာ နည်းပညာနှင့် ပစ္စည်းကရိယာများ တင်ပို့မှု ထိန်းချုပ်ခြင်းအား စီမံမည့် ဘုံစည်းမျဉ်းအား သတ်မှတ် ဖေါ်ထုတ်ခြင်း၊

[59] ဝက်စင်းနား စီစဉ်မှု၊ "နှစ်မျိုးသုံး ပစ္စည်းများနှင့် အတတ်ပညာများအပေါ် စာရင်း နှင့် ကျည်စာရင်း" ဒီဇင်ဘာ ၂၀၁၈ ခုနှစ်။

အပြည်ပြည်ဆိုင်ရာ မှားယွင်းမှုကို ဖြစ်စေသော အခြေအနေ အနေအထား ရှိနေသည်ကို အကူအညီ သို့မဟုတ် အထောက်အပံ့ကို ပေးနေသော အစိုးရ အစိတ်အပိုင်း သို့မဟုတ် ဌာန အနေဖြင့် သတိပြုမိနေသည့် အခါ၊ ထိုသို့သော ပြုမူချက်ကို ဆောင်ရွက်ခြင်းကို အကျိုးဆောင်ပေးသည် ဟူသော အမြင်ဖြင့်၊ အမှန်တကယ်တွင်လည်း ထိုသို့ ဖြစ်ခဲ့သည် ဆိုသည့် အနေအထားဖြင့် ပံ့ပိုးမှု သို့မဟုတ် ကူညီမှုကို ပေးအပ်သောအခါ၊ ဤသို့သော လုပ်ရပ်သည် မှားယွင်းလိမ့်မည်ဆိုသည်ကို သိလျက်နှင့် ထိုကဲ့သို့ ပြီးမြောက်အောင် ပြုလုပ်လိုက်မှုမျိုး ကို ကူညီပေးသောအစိုးရ ကိုယ်တိုင်ကလည်း ကျူးလွန်ခဲ့ဘူးသောအခါ၊ အစရှိသည့် အခြေအနေ ၃ မျိုး ဖြစ်ပါသည်။[60] ကူညီပေးသော နိုင်ငံအနေဖြင့် ၎င်း၏ကူညီမှုကို ဥပဒေနှင့် မညီသော ရည်ရွယ်ချက်များ အတွက် အသုံးပြုမည်ကို သိရှိထားခြင်း ဟုတ်မဟုတ် သို့မဟုတ် သေချာလုနီးပါး သိရှိခဲ့ခြင်းဟုတ် မဟုတ် အပေါ် ဆန်းစစ်ခြင်းဖြင့်သာ ထိုပံ့ပိုးကူညီမှု ပေးသင့်မပေးသင့် ဆုံးဖြတ်နိုင်မည် ဖြစ်သည်ဟု ဤစည်းမျဉ်းကို အသေးစိတ် လေ့လာချက် တရပ်က တွေ့ရှိထားသည်။[61] ပံ့ပိုးမှုနှင့် ကူညီမှုသည် ကျယ်ပြန့်သော ဆောင်ရွက်ချက်များကို လွှမ်းခြုံသည် ဟု ယေဘုယျ အားဖြင့် လက်ခံထားကြပါသည်။ [62] ဤအထဲတွင် စစ်လက်နက်ပစ္စည်း အပါအဝင် ရုပ်ဝတ္ထုဆိုင်ရာ ပံ့ပိုးပေးခြင်းသာ မကဘဲ ပို့ဆောင်ထောက်ပံ့ရေးနှင့် အတတ်ပညာဆိုင်ရာ ကူညီမှု၊ ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှု ဥပမာ အားဖြင့် ပို့ကုန် အကြွေးယူစနစ်ကို အာမခံပေးခြင်း အစရှိသည်တို့ပါ ပါဝင်လေသည်။[63] ထို့အပြင် အစိုးရ တရပ်သည် အထွေထွေ နိုင်ငံတကာ ဥပဒေ၏ လိုက်နာရန် တာဝန်ရှိသော စံသတ်မှတ်ချက်များကို ကြမ်းတမ်းစွာ နှင့်/သို့မဟုတ် စနစ်တကျ ဖောက်ဖျက်ခြင်း ပြုလုပ်နေလျှင် အခြားနိုင်ငံများမှ အခြေအနေကို *ထိန်းသိမ်းနိုင်ရေး အတွက်* (ဖောက်ဖျက်မှုများ ရပ်ဆိုင်းသွားသည့်တိုင်) ပံ့ပိုးမှု သို့မဟုတ် ကူညီမှုများကို မပေးအပ်သင့်ဘဲ ထိုသို့သော "ပြင်းထန်သည့် ချိုးဖောက်မှုများ" အဆုံးသတ်သွားရန် ဥပဒေနည်းလမ်းများမှ တဆင့်

---

60 အပြည်ပြည်ဆိုင်ရာ မှားယွင်းသော လုပ်ဆောင်မှုများ၏ တာဝန်ရှိမှုအပေါ် ထင်မြင်ယူဆချက်များပါ ပါဝင်သော ပုဒ်မ မူကြမ်းများ ၏ အပိုဒ် ၁၆ အား ထင်မြင်ယူဆချက် (၂၀၀၁) တွင် ကြည့်ပါ။ နိုင်ငံတကာ တရားရုံးက အပိုဒ် (ပုဒ်မ) ၁၆ ကို ထုံးတမ်းစဉ်လာ နိုင်ငံတကာ ဥပဒေ အဆင့်ဖြင့် သတ်မှတ် အတည်ပြုခဲ့ပါသည်။ လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ရာဇဝတ်များ အပေါ် ကာကွယ်ခြင်းနှင့် အပြစ်ပေးအရေးယူခြင်းဆိုင်ရာ စာချုပ်၏ အသုံးပြုမှု ကို ကြည့်ပါ။ (ဘော့စနီးယား၊ ဟာဇီဂိုဗီးနား တရားပြိုင် ဆာဗီးယား၊ မွန်တီနီဂရို) (တရားဆုံးဖြတ်ချက်) (၂၀၀၇) ICJ Rep 43, စာပိုဒ် ၄၁၇ (ဤမှ စ၍ ဘောစနီးယား လူမျိုးတုန်း သတ်ဖြတ်မှုဟု သုံးမည်။) ပုဒ်မ ၁၆ ၏ ထုံးတမ်းစဉ်လာ ဥပဒေအဆင့်အပေါ် အသေးစိပ် ခွဲခြမ်းစိပ်ဖြာသုံးသပ်မှုအား ဤတွင် ကြည့်ပါ။ Aust (2011), ကြံရာပါခြင်းနှင့် အစိုးရတာဝန်ရှိမှုဆိုင်ရာ ဥပဒေ၊ စာမျက်နှာ ၉၇ မှ ၁၉၁ အထိ။

61 Harriet Moynihan, ပံ့ပိုးခြင်းနှင့် ကူညီခြင်း။ လက်နက်ကိုင် ပဋိပက္ခနှင့် အကြမ်းဖက်မှု တန်ပြန်ခြင်းတို့ရှိ စိမ်ခေါ်မှုများ၊ နိုဝင်ဘာ ၂၀၁၆ ခုနှစ်၊ စာပိုဒ် ၇၆ (https://www.chathamhouse.org/sites/default/files/publications/research/2016-11-11-aiding-assisting-challenges-armed-conflict-moynihan.pdf),

62 Miles Jackson ၏ နိုင်ငံတကာ ဥပဒေ ရှိ ကြံရာပါမှု (Oxford University Press, 2015), စာမျက်နှာ ၁၅၃၊ James Crawford ၏ အစိုးရ တာဝန်ရှိမှု၊ အထွေထွေ အပိုင်း (Cambridge University Press, 2013), p. 402; Helmut Philipp Aust, ကြံရာပါခြင်းနှင့် အစိုးရတာဝန်ရှိမှုဆိုင်ရာ ဥပဒေ၊ (Cambridge University Press, 2011) စာမျက်နှာ ၂၃၉ ။ Vaughan Lowe, 'အခြား အစိုးရများ၏ ပြုကျင့်မှုအပေါ် တာဝန်ရှိမှု၊" Japanese Journal of International Law, 2002, စာမျက်နှာ ၅ နှင့် ၆။

63 Vladyslav Lanovoy ၏ André Nollkaemper and Ilias Plakokefalos (eds.) တွင် 'အပြည်ပြည်ဆိုင်ရာ မှားယွင်းပြုမူမှု တခုတွင် ကြံရာပါဖြစ်မှု" ကြည့်ပါ။ နိုင်ငံတကာဥပဒေတွင် မျှဝေယူသော တာဝန်ရှိမှု၏ အခြေခံမှုများ၊ အဆုံးစွန်အံ့မခန်း အခြေအနေ အပေါ် အကဲဖြတ်ချက် (Cambridge: Cambridge University Press, 2014) စာမျက်နှာ ၉ တွင်ကြည့်ပါ။

ပူးပေါင်းဆောင်ရွက်ရမည်။ [64] လိုက်နာရန် တာဝန်ရှိသောအထွေထွေ နိုင်ငံတကာ ဥပဒေ၏ စံသတ်မှတ်ချက်များမှာ လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများ၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမျိုးတုန်း သတ်ဖြတ်ခြင်း၊ လူမျိုးရေး ခွဲခြားဆက်ဆံခြင်းနှင့် ကျွန်ပြုမှုများ ဖြစ်ပါသည်။[65]

**၂။ တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာ မူဝါဒများနှင့် လက်တွေ့ကျင့်သုံးမှုများ**

၃၇။ လူ့အခွင့်အရေးကို လေးစားမှုကိုပြသသော စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၏ တာဝန်ရှိမှုကိုစွတရပ်အနေဖြင့် စစ်တပ်နှင့်ဆက်ဆံသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများသည် ဆက်စပ်သက်ဆိုင်သော နိုင်ငံတကာ လူ့အခွင့်အရေး အခြေခံမှုများနှင့် ကာကွယ်မှုများကို အသုံးပြုသင့်သည်။ လမ်းညွှန်အခြေခံမှုများ၏ အုတ်မြစ်ဖြစ်သော အခြေခံမှု ဆိုသည်မှာ စီးပွားရေးလုပ်ငန်းစုများသည် ဆိုးရွားသော လူ့အခွင့်အရေး သက်ရောက်မှုများကို ဖြစ်စေခြင်း သို့မဟုတ် ထောက်ကူပံ့ပိုးမိခြင်းများကို ရှောင်ရှားခြင်း၊ ထိုကိစ္စများ ဖြစ်လျှင် ထိုသက်ရောက်မှုများကို ထုတ်ဖော်ပြောဆိုခြင်း၊ ၎င်းတို့အနေဖြင့် ထိုသက်ရောက်မှုများကို ထောက်ကူပံ့ပိုးမိခြင်း မပြုမိလျှင်တောင်မှ ၎င်းတို့ စီးပွားရေး ဆက်ဆံမှုများနှင့် ချိတ်ဆက်နေသော ထိုသက်ရောက်မှုများကို တားဆီးခြင်း သို့မဟုတ် လျော့ပါးစေခြင်းအားဖြင့် လူ့အခွင့်အရေးကို လေးစားသင့်သည် ဟူ၍ဖြစ်ပါသည်။ [66] လမ်းညွှန်အခြေခံမှုများက စီးပွားရေးလုပ်ငန်းများကို မူဝါဒ ကတိကဝတ်များ၊ အချိန်ကိုက် ကြိုးစား အားထုတ်မှု ထားရှိမှု နှင့် ၎င်းတို့က ဖြစ်စေသော သို့မဟုတ် ပံ့ပိုးမိလိုက်သော ဆိုးရွားသည့် လူ့အခွင့်အရေး သက်ရောက်မှုများအတွက် ကုစားပေးခြင်း တို့မှတဆင့် ဤတာဝန်ရှိမှုကို ပြည့်စုံစေရန် ညွှန်ကြားပါသည်။[67]

၃၈။ လမ်းညွှန် အခြေခံမှုများကို အကောင်အထည် ဖော်ရန်အတွက် စက်မှုလုပ်ငန်းဆိုင်ရာ သီးသန့် လမ်းညွှန်မှုကိုလည်း ဖော်ထုတ်လာခဲ့ပါသည်။ သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေး အတတ်ပညာ ကဏ္ဍ အတွက် လမ်းညွှန်အခြေခံမှုများကို အကောင်အထည်ဖော်ရန် ဥရောပ သမဂ္ဂ၏ လမ်းညွှန်ချက်က လူ့အခွင့်အရေးဆိုင်ရာ ကြိုတင်ပြင်ဆင်အားထုတ်မှု ၏ အရေးကြီးမှုကို အထူးသဖြင့် သက်ဝင် တက်ကြွနေသော သို့မဟုတ် မီးခဲပြာဖုံး ဖြစ်နေသော ပဋိပက္ခ၊ ဥပဒေ အရဖြစ်စေ သို့မဟုတ် လက်တွေ့ကျင့်သုံးမှု အရဖြစ်စေ လူ့အခွင့်အရေးအား စနစ်တကျ ပစ်ပယ်နေမှု နှင့် နေရာအနှံ့ သက်ရောက်နေသော အကျင့်ပျက်ခြစားမှု တို့ဖြင့် လက္ခဏာ သတ်မှတ်မှု ဖြစ်နေသည့် အန္တရာယ် မြင့်မားသော ဆက်စပ် အခြေအနေများတွင် လိုအပ်ကြောင်း

---

[64] အပြည်ပြည်ဆိုင်ရာ မှားယွင်းသော လုပ်ဆောင်မှုများ၏ တာဝန်ရှိမှုအပေါ် ထင်မြင်ယူဆချက်များပါ ပါဝင်သော ပုဒ်မ မူကြမ်းများ ၏ ပုဒ်မ ၄၆ အား ထင်မြင်ယူဆချက် (၂၀၀၁) တွင် ကြည့်ပါ။ ထို ပုဒ်မ မူကြမ်းများကို နိုင်ငံတကာ တရားရုံးအပါအဝင် နိုင်ငံတကာ ဥပဒေ၏ အာဏာသက်ရောက်မှုရှိသော ဖွင့်ဆိုချက်ဟု ယေဘူယျသတ်မှတ်သလို ထုံးတမ်းစဉ်လာ နိုင်ငံတကာဥပဒေ ကိုလည်း ယေဘူယျ အားဖြင့် ရောင်ပြန်ဟပ်သည်ဟု ဆိုသည်။ See, generally, Đorđeska, Marija ၏ နိုင်ငံတကာ ဥပဒေ-ပြုလုပ်ခြင်း ဖြစ်စဉ်။ နိုင်ငံတကာ တရားရုံးနှင့် နိုင်ငံတကာ ဥပဒေ ကော်မရှင် အကြား ဆက်နွယ်မှု၊ နိုင်ငံတာကာဆိုင်ရာ ဥပဒေ နှိုင်းယှဉ်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း။ ၂၀၁၅ ခုနှစ် vol. 15, no. 1, စာမျက်နှာ ၇ မှ ၅၇။

[65] အပြည်ပြည်ဆိုင်ရာ မှားယွင်းသော လုပ်ဆောင်မှုများ၏ တာဝန်ရှိမှုအပေါ် ထင်မြင်ယူဆချက်များပါ ပါဝင်သော ပုဒ်မ မူကြမ်းများ ၏ ပုဒ်မ ၂၆ အား ထင်မြင်ယူဆချက် စာပိုဒ် ၅ (၂၀၀၁) တွင် ကြည့်ပါ။ နှင့် အပြည်ပြည်ဆိုင်ရာ မှားယွင်းသော လုပ်ဆောင်မှုများ၏ တာဝန်ရှိမှုအပေါ် ထင်မြင်ယူဆချက်များပါ ပါဝင်သော ပုဒ်မ မူကြမ်းများ ၏ ပုဒ်မ ၄၀ အား ထင်မြင်ယူဆချက် စာပိုဒ် ၄ (၂၀၀၁) တွင် ကြည့်ပါ။

[66] အခြေခံမှု ၁၁ နှင့် ၁၃။ စီးပွားရေး နှင့် လူ့အခွင့်အရေး ဆိုင်ရာ လမ်းညွှန် အခြေခံမှုများ

[67] အခြေခံမှု ၁၁ နှင့် ၁၅။ စီးပွားရေး နှင့် လူ့အခွင့်အရေး ဆိုင်ရာ လမ်းညွှန် အခြေခံမှုများ

မီးမောင်းထိုးပြပါသည်။ [68] လမ်းညွှန်ချက်က အထူးသဖြင့် တယ်လီဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှုများ၊ ဝက်ဘ်ဆိုဒ် သို့မဟုတ် လေလှိုင်း အခြေခံ စကြာန်များ (cloud-based platforms)၊ လက်ကိုင် ကိရိယာများ၊ အစိတ်အပိုင်းများ နှင့် အပျော့ထည် (software) တို့ကို ထုတ်လုပ်နေသော ကုမ္ပဏီများကို ရည်ညွှန်းပါသည်။ ဤသည်က "အန္တရာယ်ရှိ အဆင့်" ရောက်နေသည့် နိုင်ငံများအား ကုမ္ပဏီများမှ ရောင်းချမှုကို ငြင်းပယ်စေသည့် အဖြစ်သို့ ကြိုတင်ပြင်ဆင်အားထုတ်မှု က မည်သို့ ဦးတည်သွားစေကြောင်း ပြသည့် ဥပမာများကို ပေးပါသည်။[69]

၃၉ ။ "နိုင်ငံစုံ နယ်နမိတ်ကျော်လွှား ကော်ပိုရေးရှင်းများနှင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းစုများ အပါအဝင် စီးပွားရေးလုပ်ငန်းစုများအားလုံး စီးပွားရေးနှင့် လူ့အခွင့်အရေး အပေါ် လမ်းညွှန် အခြေခံမူများနှင့် အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာရန်" ဆုံးဖြတ်ချက် 40/L.19 (2019) ဖြင့် မြန်မာပြည်အနေဖြင့် လမ်းညွှန်အခြေခံမူများ အသုံးပြုရန် အရေးကြီးမှုကို လူ့အခွင့်အရေး ကောင်စီက အတည်ပြု တိုက်တွန်းပါသည်။

၄၀။ စီပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ (Organiation for Economic Cooperaion and Development – OECD) က မြန်မာနိုင်ငံအပါအဝင် နိုင်ငံများ၌ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အခြား အန္တရာယ်များအား ပံ့ပိုးမှု မဖြစ်ရေး သေချာစေရန်အတွက် စီးပွားရေး လုပ်ငန်းများ အနေဖြင့် မူဝါဒများနှင့် လုပ်နည်းများ ချမှတ်ရန် အရေးကြီးမှုကို အလားတူ အလေးထား ပြောဆိုပါသည်။ [70] ဤကိစ္စသည် မြန်မာပြည်၏ သယံဇာတ ထုတ်ဖေါ်နေသော စက်မှုလုပ်ငန်းများအတွက် အထူးသဖြင့် ကျောက်စိမ်းနှင့် ပတ္တမြား မိုင်းလုပ်ငန်းများ အတွက် ဆက်စပ် သက်ဆိုင်ပါသည်။ ပဋိပက္ခ ဖြစ်ပွားနေသော၊ အန္တရာယ်များနေသော ဒေသများမှ တာဝန်ရှိမှု ဖေါ်ပြသော အဆင့်ဆင့် ထုတ်လုပ်မှု လမ်းကြောင်းများ အတွက် OECD ၏ ချိန်ကိုက် အားထုတ်မှု လမ်းညွှန်က အချက် ၅ ချက်ပါသော ကြိုတင်ပြင်ဆင် အားထုတ်မှု မူဘောင်ကို ထုတ်ပေးပါသည်။ ထိုမူဘောင်က ကုမ္ပဏီများကို တိုက်တွန်းသည်မှာ ကြိုတင်ပြင်ဆင် အားထုတ်မှု မူဝါဒများနှင့် နည်းလမ်းများကို အကောင်အထည်ဖေါ်၊ ဆက်သွယ်နိုင်မည့် အားကောင်းသော ကုမ္ပဏီ စီမံခန့်ခွဲရေး စနစ်ကို ထူထောင်ရန်၊ အဆင့်ဆင့် ထုတ်လုပ်ရေး လမ်းကြောင်းများရှိ အန္တရာယ်ကို ဖေါ်ထုတ်ရန်နှင့် ဆန်းစစ်သုံးသပ်ရန်၊ ဖေါ်ထုတ်သတ်မှတ် ရရှိထားသော အန္တရာယ်များကို တုန့်ပြန်နိုင်မည့် ဗျူဟာတစ်ရပ်ကို ပုံဖေါ်ရန်နှင့် အကောင်အထည်ဖေါ်ရန်၊ အဆင့်ဆင့် ထုတ်လုပ်ရေး လမ်းကြောင်းရှိ ဖေါ်ထုတ်သတ်မှတ်ထားသော ပွိုင့်မှတ်များတွင်

[68] European Commission ၏ *စီးပွားရေးနှင့် လူ့အခွင့်အရေး အပေါ် ကုလသမဂ္ဂ လမ်းညွှန် အခြေခံမူများ အကောင်အထည် ဖေါ်ရေးအတွက် ICT ကဏ္ဍ လမ်းညွှန်* (Luxembourg, 2013) စာမျက်နှာ ၃၀-၃၁

[69] European Commission ၏ *စီးပွားရေးနှင့် လူ့အခွင့်အရေး အပေါ် ကုလသမဂ္ဂ လမ်းညွှန် အခြေခံမူများ အကောင်အထည် ဖေါ်ရေးအတွက် ICT ကဏ္ဍ လမ်းညွှန်* (Luxembourg, 2013) စာမျက်နှာ ၃၀-၃၁

[70] OECD (2016), "ပဋိပက္ခ ဖြစ်ပွားနေသော၊ အန္တရာယ်များနေသော ဒေသများမှ သတ္တုများ၏ တာဝန်ရှိမှုဖေါ်ပြသော ထောက်ပို့ချိတ်ဆက် လမ်းကြောင်းများ အတွက် OECD ၏ ချိန်ကိုက် အားထုတ်မှု လမ်းညွှန်၊ တတိယအကြိမ်မြောက်ထုတ်ဝေခြင်း" OECD Publishing, Paris (http://dx.doi.org/10.1787/9789264252479-en); See also OECD, "OECD Due Diligence Guidance for Responsible Business Conductတာဝန်ရှိမှုဖေါ်ပြသော စီးပွားရေး ပြုကျင့်မှု အတွက် OECD ၏ ချိန်ကိုက် အားထုတ်မှု လမ်းညွှန်", 2018 (http://mneguidelines.oecd.org/OECD-Due-Diligence-Guidance-for-Responsible-Business-Conduct.pdf)

လွတ်လပ်သော တတိယ အုပ်စုဖြင့် အဆင့်ဆင့် ထုတ်လုပ်ရေးလမ်းကြောင်း ကြိုတင်ပြင်ဆင်အားထုတ်မှုကို လုပ်ငန်းစစ်ဝင်ရန်၊ အဆင့်ဆင့် ထုတ်လုပ်ရေးလမ်းကြောင်း ကြိုတင်ပြင်ဆင်အားထုတ်မှုကို လူသိရှင်ကြား အစီရင်ခံပြရန် တို့ဖြစ်ပါသည်။[71] ကြိုတင်ပြင်ဆင် အားထုတ်မှု လမ်းညွှန်ချက်က တိတိကျကျ အကြံပြုသည်မှာ စီးပွားရေးလုပ်ငန်းများ အားလုံးအနေဖြင့် ညှဥ်းပန်းမှု သို့မဟုတ် ရက်စက်၍ လူမဆန်သော၊ သိက္ခာကျဆင်းစေသော ပြုမူဆက်ဆံပုံများကို သတ္တုတူးဖေါ် ထုတ်ယူရန်အတွက် လုပ်ဆောင်ခြင်း ရှိမရှိ၊ အတင်းအကြပ် သို့မဟုတ် မလုပ်မနေရ လုပ်အားခိုင်းစေမှု ပုံစံ တခုခု ရှိမရှိ၊ ခလေးလုပ်အား သုံးမသုံး၊ မိုင်းလုပ်ငန်းခွင်များ သို့မဟုတ် သတ္တုတူးဖော်ရာ ဖြစ်စဥ်တလျှောက် ကျယ်ပြန့်စွာဖြစ်ပွားသော လိင်အကြမ်းဖက်မှုများ အစရှိသည့် ကြမ်းတမ်းသော အခြား လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုများ ဖြစ်မဖြစ်၊ စစ်ရာဇဝတ်မှုများနှင့် အခြား ပြင်းထန်သော နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ အပေါ် ချိုးဖောက်မှုများ ရှိမရှိ၊ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သော ချိုးဖောက်မှုများ သို့မဟုတ် လူမျိုးတုန်းသတ်ဖြတ်မှုများ ရှိမရှိ တို့ကို သုံးသပ်ရန် ဖြစ်ပါသည်။[72]မတူကွဲပြားသော နောက်ခံအခြေအနေတခု၌ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီက ၎င်းမှ အတည်ပြုသော အကြံပြုချက်များ ပုံစံဆွဲရာတွင် OECD ၏ ကြိုတင်ပြင်ဆင် အားထုတ်မှု လမ်းညွှန်များနှင့် တသမတ်တည်း ဖြစ်စေခြင်းဖြင့် ကြိုတင်ပြင်ဆင် အားထုတ်မှု၏ အရေးကြီးမှုကို ထပ်ဆင့် အတည်ပြုခဲ့ပါသည်။[73]

၄၁။ ထိုသို့သော နိုင်ငံများတွင် သို့မဟုတ် နိုင်ငံများမှ ဆောင်ရွက်နေကြသော နိုင်ငံပေါင်းစုံ စီးပွားရေး လုပ်ငန်းစုများအတွက် OECD အဖွဲ့ဝင်နိုင်ငံများ၏ အကြံပြုချက်တစ်စုံ ပါဝင်သော OECD ၏ လမ်းညွှန်ချက်များတွင် နိုင်ငံတကာ စံသတ်မှတ်ချက်များကို ရှင်းလင်းစွာ ထုတ်ဖေါ် ပြောဆိုထားပါသည်။[74] ထိုအကြံပြုချက်များသည် တိကျစွာဖြင့် "နိုင်ငံပေါင်းစုံ စီးပွားရေးလုပ်ငန်းစုထဲတွင် ရှိသော အုပ်စုများ အားလုံး (မိခင် ကုမ္ပဏီများ နှင့်/သို့မဟုတ် ဒေသခံ အုပ်စုများ)" ကို လိပ်မူထားခြင်းဖြစ်ပြီး [75] ၎င်းတို့၏ ထင်မြင်ချက်များအရ လုပ်ငန်းစုတခုလုံးကို

---

[71] OECD (2016), "ပဋိပက္ခ ဖြစ်ပွားနေသော၊ အန္တရာယ်များနေသော ဒေသများမှ သတ္တုများ၏ တာဝန်ရှိမှုဖေါ်ပြသော ထောက်ပံ့ချိတ်ဆက် လမ်းကြောင်းများ အတွက် OECD ၏ ချိန်ကိုက် အားထုတ်မှု လမ်းညွှန်၊ တတိယအကြိမ်မြောက်ထုတ်ဝေခြင်း" OECD Publishing, Paris (http://dx.doi.org/10.1787/9789264252479-en), Annex I: သတ္တု ထောက်ပံ့ ချိတ်ဆက်လမ်းကြောင်းရှိ အန္တရာယ်အခြေခံ ချိန်ကိုက် အားထုတ်မှု အတွက် အဆင့် ၅ ဆင့် ပါသော မူဘောင်။

[72] OECD (2016), "ပဋိပက္ခ ဖြစ်ပွားနေသော၊ အန္တရာယ်များနေသော ဒေသများမှ သတ္တုများ၏ တာဝန်ရှိမှုဖေါ်ပြသော ထောက်ပံ့ချိတ်ဆက် လမ်းကြောင်းများ အတွက် OECD ၏ ချိန်ကိုက် အားထုတ်မှု လမ်းညွှန်၊ တတိယအကြိမ်မြောက်ထုတ်ဝေခြင်း" OECD Publishing, Paris. (http://dx.doi.org/10.1787/9789264252479-en), Appendix I: ကုမ္ပဏီ အန္တရာယ် ရေဆန်ဆန်းစစ်သုံးသပ်ချက် အတွက် လမ်းညွှန် မှတ်ချက်။

[73] "ကွန်ဂိုဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံအပေါ် ကုလသမဂ္ဂ ကျွမ်းကျင်သူအုပ်စု၏ နောက်ဆုံးအစီရင်ခံစာတွင် ချိန်ကိုက် အားထုတ်မှု အကြံပြုချက်များ ထည့်သွင်းသွားရန်၊ ပုံစံဆွဲရာတွင် OECD ၏ ချိန်ကိုက် အားထုတ်မှု လမ်းညွှန်များနှင့် တသမတ်တည်း ဖြစ်စေရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ် 1952 (2010) [S/RES/1952(2010)] ဖြင့် ထောက်ခံခဲ့ကြောင်း" ချိန်ကိုက်အားထုတ်မှု လမ်းညွှန်ချက် က ရှင်းပြပါသည်။ OECD (2016), "ပဋိပက္ခ ဖြစ်ပွားနေသော၊ အန္တရာယ်များနေသော ဒေသများမှ သတ္တုများ၏ တာဝန်ရှိမှုဖေါ်ပြသော ထောက်ပံ့ချိတ်ဆက် လမ်းကြောင်းများ အတွက် OECD ၏ ချိန်ကိုက် အားထုတ်မှု လမ်းညွှန်၊ တတိယအကြိမ်မြောက်ထုတ်ဝေခြင်း"OECD Publishing, Paris. (http://dx.doi.org/10.1787/9789264252479-en) စာမျက်နှာ ၃။

[74] နိုင်ငံပေါင်းစုံ စီးပွားရေးလုပ်ငန်းစုများအတွက် OECD ၏ လမ်းညွှန်ချက်များ၊ 2011 edition အမှာစာ

[75] နိုင်ငံပေါင်းစုံ စီးပွားရေးလုပ်ငန်းစုများအတွက် OECD ၏ လမ်းညွှန်ချက်များ-အတွေးအခေါ် နှင့် အခြေခံမူများ၊2011 edition, စာပိုဒ် ၄

ရည်ညွှန်းခြင်းဖြစ်ပြီး မည်သည့် ပူးပေါင်းဆောင်ရွက်မှု ဖွဲ့စည်းမှု မဆို တာဝန်ယူမှု တာဝန်ခံမှု၏ ရှင်းလင်းသော အဆင့်များကို ဖွဲ့စည်းမှု တလျှောက်လုံး ကျင့်သုံးရန် ဖြစ်ပါသည်။[76] တပ်မတော်၏ ဦးပိုင် ကုမ္ပဏီများနှင့် လက်အောက်ခံ ကုမ္ပဏီများဖြင့် ပူးတွဲ ရင်းနှီးမြှုပ်နှံမှုများ သို့မဟုတ် အခြားစီးပွားရေး ဆက်ဆံမှုများကို တိုက်ရိုက် သို့မဟုတ် မြန်မာပြည်တွင် အခြေစိုက်သော လက်အောက်ခံ ကုမ္ပဏီများမှတဆင့် ပြုလုပ်သော နိုင်ငံခြား ကုမ္ပဏီများ အားလုံးအတွက် ထို စံသတ်မှတ်ချက်များသည် ဆက်စပ် သက်ဆိုင် နေပေသည်။

၄၂။ ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက် (United Nations Global Compact) သုံးစွဲသည့် အခြေခံမှုများအရ မိခင်ကုမ္ပဏီ တခု၏ လက်အောက်ခံ ကုမ္ပဏီခွဲများသည် ၎င်း၏ တာဝန်ဖြစ်သည်ဟု ယူဆပါသည်။ [77] ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်သည် လမ်းညွှန်အခြေခံမှုများကဲ့သို့ပင် လူ့အခွင့်အရေးကို လေးစားလိုက်နာရန်နှင့် လူ့အခွင့်အရေး အလွဲသုံးစားပြုမှုများတွင် ကြံရာပါဖြစ်ခြင်းကို ရှောင်ရှားရန် အပါအဝင် အခြေခံမှု ၁၀ ချက် မှတဆင့် မျှဝေခံယူထားသော တန်ဘိုးများ၏ မူဘောင်တရပ်ဖြင့် ကမ္ဘာအနှံ့ စီးပွားရေးလုပ်ငန်းများကို ဖြည့်ဆည်းပေးပါသည်။ ၎င်း၏ ပထမဆုံး အခြေခံမှုမှာ စီးပွားရေးလုပ်ငန်းများသည် "နိုင်ငံတကာအားလုံးက လူသိရှင်ကြား ကြေညာထားသည့် လူ့အခွင့်အရေးများကို ထောက်ခံ လေးစားလိုက်နာသင့်သည်။" ဟူသော အချက်ဖြစ်သည်။ ဒုတိယမြောက် အခြေခံမှုမှာ "လူ့အခွင့်အရေး အလွဲသုံးစားမှုများတွင် ၎င်းတို့အနေဖြင့် ကြံရာပါ မဖြစ်ရေး သေချာစေရန်" ဖြစ်သည်။ ကြံရာပါ အထမြောက်မှုသည် စီးပွားရေးလုပ်ငန်းတခုက အခြားစီးပွားရေးလုပ်ငန်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ လူ့အခွင့်အရေး အလွဲသုံးစားပြုမှု တစ်ခုအား မိမိ၏ပါဝင်ပြုမူခြင်း သို့မဟုတ် ထိမ်ချန်ထားခြင်းသည် ကူညီရာ ရောက်သည်ဟု သိလျက်နှင့် ကူညီခြင်းဖြစ်၍ အပြစ်အရာမြောက်သည်။[78] ဤ "ကူညီမှု" တွင် ကုမ္ပဏီ၏ (သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ်များ) ပြုလုပ်ဆောင်ရွက်ချက်များ သို့မဟုတ် ထိမ်ချန်မှုများ အပါအဝင် အထောက်အပံ့ပေးခြင်း၊ အကျိုးဆောင်ခြင်း၊ တရားဝင်ဖြစ်စေခြင်း သို့မဟုတ် အားပေးတိုက်တွန်းခြင်း ပါဝင်နိုင်ပါသည်။[79]

---

76 နိုင်ငံပေါင်းစုံ စီးပွားရေးလုပ်ငန်းစုများအတွက် OECD ၏ လမ်းညွှန်ချက်များ၊ ထင်မြင်ချက်

77 UN Global Compact, Official website www.unglobalcompact.org/about/faq: "ကုလသမဂ္ဂ၏ ကမ္ဘာလုံး ဆိုင်ရာ သဘောတူညီချက်က ခေါင်းဆောင်မှု အခြေခံမှုကို သက်ရောက်စေသည်။ ကုမ္ပဏီ တခု၏ ကမ္ဘာလုံးအဆင့် မိဘဖြစ်သူက (ဦးပိုင်၊ အုပ်စု အစရှိသဖြင့်) ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ထံ စာတစ်စောင်ပို့ခြင်းဖြင့် ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်၏ အခြေခံမှု ၁၀ ချက်ကို လက်ခံပါက ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်က ၎င်း၏ စာရင်းတွင် မိဘကုမ္ပဏီ၏ အမည်ကိုသာ ဖော်ပြမည်ဖြစ်ပြီး ထိုကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီ ခွဲများ အားလုံး ပါဝင်ပြီးသားဟု ယူဆထားမည်ဖြစ်သည်။ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဆီသို့ တိုက်ရိုက်စာပို့လိုသော ကုမ္ပဏီခွဲသည် မိဘကုမ္ပဏီနှင့် အတူပါဝင်မည် သို့မဟုတ် တစ်ဦးချင်း သီးသန့်ဖြစ်သည် ဟု ခွဲခြား၍ ၎င်း၏ ကတိကဝတ်ကို ထင်ရှားဖော်ပြပေးရန် လိုပြီး ပါဝင်သူများ အနေဖြင့် စာရင်းသွင်းခံရကာ မိမိတို့၏ ကမ္ဘာလုံးဆိုင်ရာ အဆင့်နှင့် ဒေသတွင်း အဆင့် လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်နိုင်ရန်အတွက် ဖိတ်ကြားခံရမည်၊ ထိုအထဲတွင် ၎င်းတို့၏ အိမ်ရှင်နိုင်ငံတွင် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်၏ ဒေသခံကွန်ရက်တွင် တက်ကြွပါဝင်လာခြင်း မျိုးလည်း ပါဝင်ပါသည်။"

78 အခြေခံမှု ၂ - ကုလသမဂ္ဂ၏ ကမ္ဘာလုံး ဆိုင်ရာ သဘောတူညီချက် https://www.unglobalcompact.org/what-is-gc/mission/principles/principle2

79 အခြေခံမှု ၂ - ကုလသမဂ္ဂ၏ ကမ္ဘာလုံး ဆိုင်ရာ သဘောတူညီချက် https://www.unglobalcompact.org/what-is-gc/mission/principles/principle2

## ၃။ စီးပွားရေး အရာရှိများ နှင့် ရာဇဝတ်ကြောင်းဆိုင်ရာ တာဝန်ရှိမှု

၄၃။ နိုင်ငံတကာ ဥပဒေက ကုမ္ပဏီ အရာရှိများ၏ တိုက်ရိုက် လုပ်ဆောင်မှု သို့မဟုတ် ထိမ်ချန်မှု နှင့် နိုင်ငံတကာ ဥပဒေအောက်မှ ရာဇဝတ်မှုများကို အခြားသူများနှင့် ပါဝင်ပတ်သက်မှု၊ အကယ်၍ လူမျိုးတုန်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများတွင် ၎င်းတို့က ထောက်ပံ့လျှင်၊ အားပေးလျှင် သို့မဟုတ် ကူညီလျှင်၊ အစိုးရများ အနေဖြင့် ၎င်းတို့အား ရာဇဝတ်ကြောင်းအရ တာဝန်ရှိမှုကို စီရင်ရန် ခွင့်ပြုပေးထားပါသည်။[80] ဤအရာသည် မြန်မာပြည်ရှိ အခြေအနေများနှင့် အထူးသဖြင့် ဆက်စပ်သက်ဆိုင်နေပြီး စီးပွားရေး အရာရှိများအနေဖြင့် ရာဇဝတ်မှုတရပ် ကျူးလွန်ခြင်းကို ကူညီသော၊ အားပေးသော၊ စိတ်ဓါတ်ရေးရာအရ ထောက်ခံမှုပြုသော လုပ်ဆောင်မှုများ သို့မဟုတ် ထိမ်ချန်မှုများ ကို ပြုလုပ်လျှင် ဤသို့သော ရာဇဝတ်ကြောင်းအရ တာဝန်ရှိသော လမ်းကြောင်းများ ပေါ်ထွက်လာစေပါသည်။[81] ဤအထဲတွင် ဘဏ်လုပ်ငန်းနှင့် ဆက်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုများ အပါအဝင် ဘဏ္ဍာငွေ အထောက်အပံ့၊ ပစ္စည်းများ၊ သတင်းနှင့် ဝန်ဆောင်မှုများ ပေးအပ်ခြင်းတို့ ပါဝင်ပါသည်။ [82] ဤသို့သော ဝန်ဆောင်မှုများသည် နိုင်ငံတကာ ဥပဒေအောက်မှ ရာဇဝတ်မှု ရလဒ်ကို ဖြစ်စေမည် သိလျက်နှင့် စီးပွားရေးလုပ်ငန်းများသည် အစိုးရ၏ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများ အပေါ်တွင် မှီခိုနေရလျှင် သို့မဟုတ် အစိုးရကို ဝန်ဆောင်မှုများ၊ အရင်းအမြစ်များဖြင့် ဖြည့်ဆည်းပေးရန် တိုက်တွန်းခဲ့လျှင် သက်ဆိုင်သော စီးပွားရေး အရာရှိများသည် ရာဇဝတ်ကြောင်းဆိုင်ရာ တာဝန်ရှိမှု အန္တရာယ် ရှိပြီ ဖြစ်သည်။[83]

၄၄။ ထောက်ပံ့ခြင်းနှင့် အားပေးခြင်း၏ စည်းမျဉ်းများအောက်တွင် စီယာလီယွန်းနိုင်ငံ အတွက် ဖွဲ့စည်းထားသော အထူးခုံရုံးက တွေ့ရှိသည်မှာ ကျူးလွန်သူသည် ရာဇဝတ်မှု တစ်ခု ဆောင်ရွက်မှု အတွက် အခြေခံကျသော အကူအညီကို ဖြည့်ဆည်းပေးခဲ့ပြီးသား ဖြစ်သည်၊ ပံ့ပိုးပေးမှုသည် ရာဇဝတ်မှု ဆောင်ရွက်ခြင်းကို ကူညီပေးမိမည် ဖြစ်ကြောင်း သိရှိနေခဲ့ပြီးသား ဖြစ်ရခဲ့လိမ့်မည်၊ သို့မဟုတ် အနည်းဆုံးအားဖြင့် ပံ့ပိုးမှုသည် ကူညီမှုကို ဖြစ်စေလိမ့်မည် ဟု အခြေခံကျသည့် သိမြင်မှု ရှိထားခဲ့ပြီး ဖြစ်ကာ အဓိက ကျူးလွန်သူ၏ စိတ်အခြေအနေ အပါအဝင် ရာဇဝတ်မှု၏

---

80 ရောမစာချုပ်၏ Article 25(39(c) က ရာဇဝတ်မှု သို့မဟုတ် ရာဇဝတ်မှုကို ကြံစည်အားထုတ်မှုတွင် ထောက်ပံ့ခြင်း၊ အားပေးခြင်း သို့မဟုတ် ကူညီခြင်းဖြင့် ရာဇဝတ်မှု တရပ် လုပ်ဆောင်မှုကို အကျိုးဆောင်သော သူ တစ်ဦးဦးအား ရာဇဝတ်ကြောင်းဆိုင်ရာ တာဝန်ရှိမှု ဖြစ်သည်ဟု ပြဋ္ဌာန်းထားသည်။

81 ICTY, Prosecutor v. Momčilo Perišic´, Case No. IT-04-81-A, တရားစီရင်ချက် (အယူခံမှု တရားရုံး) ၊ ၂၈ ဇန္နဝါရီ ၂၀၁၃ ခုနှစ်၊ စာပိုဒ် ၂၉။

82 International Commission of Jurists ၏ ပူးပေါင်းဆောင်ရွက်သောစီးပွားရေးလုပ်ငန်းများ၏ ကြံရာပါဖြစ်မှုနှင့် ဥပဒေအရ တာဝန်ယူမှု၊ တာဝန်ခံမှု။ International Commission of Jurists ၏ အစီရင်ခံစာ-နိုင်ငံတကာ ရာဇဝတ်မှုများ တွင် ကော်ပိုရိတ်များ၏ ကြံရာပါဖြစ်မှုအပေါ် ကျွမ်းကျင်ပညာရှင်များ၏ ဥပဒေ ခုံအဖွဲ့ Volume 2: ရာဇဝတ်မှု ဥပဒေ နှင့် နိုင်ငံတကာ ရာဇဝတ်မှုများ ၂၀၀၈ ခုနှစ် စာမျက်နှာ ၃၇ မှ ၄၀။ Joanna Kyriakakis ၏ "နိုင်ငံတကာ ရာဇဝတ်မှု ဥပဒေတွင် ဖြစ်ထွန်းတိုးတက်မှုများနှင့် နိုင်ငံတကာ ရာဇဝတ်မှုများတွင် စီးပွားရေး၏ ပါဝင် ပတ်သက်မှု ပြစ်မှုဖြစ်ရပ် တခု။" International Review of the Red Cross, Volume 94 Number 887 Autumn 2012.

83 International Commission of Jurists ၏ ပူးပေါင်းဆောင်ရွက်သောစီးပွားရေးလုပ်ငန်းများ၏ ကြံရာပါဖြစ်မှုနှင့် ဥပဒေအရ တာဝန်ယူမှု၊ တာဝန်ခံမှု။ International Commission of Jurists ၏ အစီရင်ခံစာ-နိုင်ငံတကာ ရာဇဝတ်မှုများ တွင် ကော်ပိုရိတ်များ၏ ကြံရာပါဖြစ်မှုအပေါ် ကျွမ်းကျင်ပညာရှင်များ၏ ဥပဒေ ခုံအဖွဲ့ Volume 2: ရာဇဝတ်မှု ဥပဒေ နှင့် နိုင်ငံတကာ ရာဇဝတ်မှုများ ၂၀၀၈ ခုနှစ် စာမျက်နှာ ၄၀ မှ ၄၁။

“အဓိကကျသော အစိတ်အပိုင်းများ” ကို သိမြင်ထားခဲ့ပြီး ဖြစ်သည်ဆိုလျှင် ရာဇဝတ်မှု ကျူးလွန်ခြင်းကို ထောက်ပံ့အားပေးရာ ရောက်သည်။ [84] ယခင် ယူဂိုဆလားဗီးယားအတွက် ဖွဲ့ထားသော နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (ICTY) က ဆုံးဖြတ်သည်မှာ အကူအညီသည် ရာဇဝတ်မှုကို တိတိကျကျ ဦးတည်ခြင်း ဖြစ်ရမည်၊ [85] သို့သော် စွပ်စွဲခံရသူသည် ရည်ရွယ်ထားသော၊ ကျူးလွန်ခဲ့သည့် တကယ့်ရာဇဝတ်မှုကို သိရှိစရာ မလိုဟု ဆိုသည်။ ထောက်ပံ့အားပေးသည်ဟု စွပ်စွဲခံထားရသူသည် ရည်ရွယ်ထားခဲ့သော၊ ကျူးလွန်ခဲ့သော အတိအကျ ရာဇဝတ်မှုကို သိရှိရန် မလိုအပ်သော်လည်း ထိုသူအနေဖြင့် အဓိက ကျူးလွန်သူ၏ စိတ်အခြေအနေ အပါအဝင် ထိုသူမှ ကျူးလွန်သော ရာဇဝတ်မှု၏ အဓိက အစိတ်အပိုင်းများကိုဖြင့် သိရှိနေရမည် ဖြစ်သည်။ [86] မည်သို့ပင်ဖြစ်စေ အားပေးသူ၊ ကူညီသူတို့သည် အဓိက ကျူးလွန်သူ၏ ရည်ရွယ်ချက်ကို သဘောတူစရာ မလိုအပ်သကဲ့သို့ [87] ရာဇဝတ်မှုကို မည်သူကျူးလွန်သနည်း ဆိုသည်ကိုပင် သိရှိရန်မလိုပေ။ [88] ခုံရုံးက ဆုံးဖြတ်သည်မှာ ကူညီသည်ဟု စွပ်စွဲခံရသူသည် “ရာဇဝတ်မှုများထဲမှ တခုခု ကျူးလွန်ကောင်း ကျူးလွန်လိမ့်မည်ကို သိရှိထားသည်၊ အမှန်တကယ်တွင်လည်း ထိုရာဇဝတ်မှုများထဲမှ တခုကို ကျူးလွန်ခဲ့သည်၊ ထိုသို့သိရှိထားလျက်နှင့် ထိုရာဇဝတ်မှု ဆောင်ရွက်ချက်ကို အကျိုးဆောင်ရန် ရည်ရွယ်ခဲ့လျှင် ကူညီအားပေးသူ အဖြစ် အပြစ်ရှိသည်။” ဟုဖြစ်သည်။[89] နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး တော်တော်များများက တွေ့ရှိခဲ့သည့် ရာဇဝတ်မှုကို အခြေခံကျသော ပံ့ပိုးမှုကို သက်ရောက်စေသော ဆောင်ရွက်ချက်များမှာ ထိန်းချုပ်ထားသော၊ တာဝန်ယူထားသော အရင်းအမြစ်များကို ရာဇဝတ်မှု အဓိကကျူးလွန်သူအား အသုံးပြုစေခြင်း

---

84 SCSL, Prosecutor v. Charles Ghankay Taylor, Case No. SCSL-03-01-T, Judgement (Trial Chamber II), 18 May 2012.

85 ICTY, Prosecutor v. Momčilo Perišic´, Case No. IT-04-81-A, Judgement (Appeal Chamber), 28 January 2013, paragraph 29.

86 Judgment, *Nahimana, Barayagwiza and Ngeze ('Media')* (ICTR-99-52-A), Appeals Chamber, 28 November 2007, § 482; Judgment, *Periši←* (IT-04-81-T), Trial Chamber, 6 September 2011, § 130; Judgment, *Karemera et al.* (ICTR-98-44-T), Trial Chamber, 2 February 2012, § 1430; Judgment, *Brima, Kamara and Kanu ('AFRC')* (SCSL-2004-16-A), Appeals Chamber, 22 February 2008, § 242-243; Judgment, *Fofana and Kondewa ('CDF')* (SCSL-04-14-A), Appeals Chamber, 28 May 2008, § 367; Special Tribunal for Lebanon, Interlocutory Decision on the Applicable Law: Terrorism, Conspiracy, Homicide, Perpetration, Cumulative charging, STL-II-OI/I/AC/RI76bis, Appeals Chamber, 16 February 2011, § 227; Judgment, *Haradinaj at al.* (IT-04-84*bis*-T), Trial Chamber, 29 November 2012, § 627; Judgment, *Tolimir* (IT-05-88/2-T), Trial Chamber, 12 December 2012, § 911; Judgment, *Staniši← and Župljanin* (IT-08-91-T), Trial Chamber, 27 March 2013, § 108; Judgment, *Staniši← and Simatovi←*(IT-03-69-T), Trial Chamber, 30 May 2013, § 1264; *Šainovi← et al.* (IT-05-87-A), Appeals Chamber, 23 January 2014, § 1773; Judgment, *Popovi← et al.* (IT-05-88-A), Appeals Chamber, 30 January 2015, §§ 1751, 1754 and 1794; Judgment, *Karadži←* (IT-95-5/18-T), Trial Chamber, March 24, 2016, § 577; Judgment, *Mladi←*(IT-09-92-T), Trial Chamber, November 22, 2017, § 3567.

87 Judgment, *Seromba* (ICTR-2001-66-I), Trial Chamber, 13 December 2006, § 309; Judgment, *Popovi← et al.* (IT-05-88-A), Appeals Chamber, 30 January 2015, § 1794; Judgment, *Šešelj* (IT-03-67-T) March 31, 2016, Trial Chamber, § 353; Judgment, *Mladi←*(IT-09-92-T), Trial Chamber, November 22, 2017, § 3567.

88 Judgment, *Brđanin* (IT-99-36-A), Appeals Chamber, 3 April 2007, §§ 108 and 355; Judgment, *Ngirabatware* (MICT-12-29-A), December 18, 2014, Appeals Chamber, § 149

89 ICTY, Prosecutor v. Tihomir Blaški← Case No.: IT-95-14-A, Judgement (Appeals Chamber), 29 July 2004, para. 50.

ဖြစ်သည်။ စီယာ လီယွန်း အတွက် ဖွဲ့စည်းထားသော အထူးခုံရုံး၏ အယူခံ တရားရုံးက အခြေခံကျသော ပံ့ပိုးမှုတွင် “ရာဇဝတ်မှုများ ကျူးလွန်နေသော အဖွဲ့အစည်းတစ်ခုကို ဘဏ္ဍာရေး ထောက်ပံ့ခြင်း” ပါဝင်သည်ဟု ထောက်ပြသည်။[90]

၄၅။ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှု အဖြစ် သက်ရောက်သော ပြုမူမှုများကို အစိုးရများအနေဖြင့် စုံစမ်းရန်၊ သက်သေ အထောက်အထား အလုံအလောက်ရှိလျှင် တရားစွဲရန် တာဝန်ရှိပါသည်။[91] ထိုရာဇဝတ်မှုများ လုပ်ဆောင်ခြင်းကို ထောက်ပံ့ခြင်း၊ အားပေးခြင်း သို့မဟုတ် ကူညီခြင်းများ ပြုသော စီးပွားရေးလုပ်ငန်း အရာရှိများ၏ ပြုမူချက် သို့မဟုတ် ထိမ်ချန်ချက် အပေါ် ထိုတာဝန်ရှိမှုက ဆက်လက် သက်ရောက်ပါသည်။ ဤအခြေခံအရ ပြည်တွင်း ဥပဒေစနစ် တော်တော်များများ အနေဖြင့် ပြည်တွင်း ရာဇဝတ်မှုနှင့် ရာဇသတ် ဥပဒေများအောက်တွင် စီးပွားရေးလုပ်ဆောင်သူများအား အပြစ်ပေးရန် ကြိုးစားခဲ့သည်ဟု ဤအဆုံးသတ်တွင် မစ်ရှင်မှ ဂရုပြုမိပါသည်။[92]

## ၃။ တပ်မတော်၏ စီးပွားရေး ဖွဲ့စည်းပုံနှင့် အကျိုးစီးပွားများကို ပုံဖော်ခြင်း

၄၆။ တပ်မတော် စီးပွားရေး လုပ်ငန်းအုပ်စုကြီးနှင့်၊ နိုင်ငံတော်ပိုင် လုပ်ငန်းများတွင် ယင်း၏ အကျိုးစီးပွားများနှင့် ပုဂ္ဂလိက ကုမ္ပဏီများနှင့် ယင်း၏ ဆက်စပ်မှုများအပေါ် မစ်ရှင်၏ ပုံဖေါ်မှုကို စစ်တပ်အပေါ် ဒီမိုကရက်တစ် အရပ်သား ထိန်းချုပ်မှုမှ ရှောင်ရှားရန် ခွင့်ပြုပေးနေသည့်၊ တပ်မတော်ကို နိုင်ငံတကာ ဥပဒေအောက်တွင် ကြီးမားသော ရာဇဝတ်မှုများကို တာဝန်ခံမှုမှ အကာအကွယ်ပေးရန် ထမ်းရွက်ပေးနေသော တပ်မတော်၏ ဘတ်ဂျက်ပြင်ပ ဝင်ငွေ အရင်းအမြစ်များအပေါ် မစ်ရှင်၏ စိတ်ဝင်စားမှုက လမ်းညွှန်ခဲ့ပါသည်။[93]

---

[90] အခြားဥပမာများအတွက် Judgment, *Taylor* (SCSL-04-01-T) တွင်ကြည့်ပါ။ Appeals Chamber, 26 September 2013, § 369. *See, e.g.*, *Flick* Case; *Bagaragaza* Sentencing Judgment, para. 25 (Bagaragaza က *Interahamwe* တို့ သတ်ဖြတ်မှုများ ဆက်လုပ်ရေး လှုံ့ဆော်ပေးရန်အတွက် အရက်များဝယ်ယူရန် ရည်ရွယ်ချက်ဖြင့် ထင်ရှားသည့် ငွေများကို ဖြည့်ဆည်းပေးခဲ့သည်။)

[91] ထပ်မံ၍ သက်ရောက်နိုင်သော စာချုပ် တရပ် သို့မဟုတ် အခြား နိုင်ငံတကာ ဥပဒေအကြောင်းအရာ တာဝန်ရှိမှုများ က ဖြည့်ဆည်းပေးနိုင်သော အခြေအနေများတွင် အစိုးရအနေဖြင့် ကျူးလွန်သူများကို အခြားနိုင်ငံများနှင့် သင့်တော်သော နိုင်ငံတကာ တရားစီရင်ရေး အဖွဲ့များထံ လွှဲပြောင်းပေးအပ်ခြင်း သို့မဟုတ် အညှံ့ခံခိုင်းခြင်းများကို အကျိုးဆောင်ပေးရမည်။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများကို ကြမ်းတမ်းစွာ ချိုးဖောက်မှုများနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေအား ပြင်းထန်စွာ ချိုးဖောက်ခြင်းများကြောင့် နစ်နာခံစားရသူများအတွက် ကုသမှုနှင့် ပြန်လည် ပေးလျော်ကုစားပေးမှု တရပ်ကို ရပိုင်ခွင့် အပေါ် အခြေခံ မူများနှင့် လမ်းညွှန်များ- အခြေခံ လမ်းညွှန်ချက်နှင့် မူ ၄ နှင့် ၅။

[92] ပြစ်မှုဖြစ်ရပ် လေ့လာချက် ၁၅ အား Jennifer Zerk ၏ “ရက်စက်ကြမ်းတမ်းသော လူ့အခွင့်အရေး အလွဲသုံးစားပြုမှုများအတွက် စီးပွားရေးလုပ်ငန်းစုများ၏ တာဝန်ရှိမှု-ပြည်တွင်း ဥပဒေ ကုစားမှုများ၏ ပိုမို တရားမျှတ ထိရောက်သော စနစ်ဆီသို့၊ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံးအတွက် ပြင်ဆင်ပေးရသော အစီရင်ခံစာ” OHCHR, 2012 တွင် ဖေါ်ပြထားသည်။ အသေးစိပ်များထပ်မံသိရှိလိုပါက ဤတွင် ကြည့်ပါ။ Chiquita lawsuits (re Colombia), Business and Human Rights Resource Centre (https://www.business-humanrights.org/en/chiquita-lawsuits-re-colombia).

[93] မစ်ရှင်သည် ၂၀၁၆-၂၀၁၇၊ ၂၀၁၇-၂၀၁၈၊နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်များအတွက် ကာကွယ်ရေး ဝန်ကြီးဌာန၏ ပုံမှန်နှင့် ဖြည့်စွက်ဘတ်ဂျက်များအပေါ် ယုံကြည်ရလောက်သော သုံးသပ်ချက်ကို ရရှိခဲ့သည်။ ရရှိထားသော သုံးသပ်ချက်က ကာကွယ်ရေးဝန်ကြီးဌာနသည် အခြား တပ်မတော်ပိုင် စီးပွားရေး လုပ်ငန်းများမှ ဝင်ငွေများကို ကြေညာသော်လည်း MEC မှ ဝင်ငွေများ (တပ်မတော် စစ်ထောက်ချုပ်က ထိန်းချုပ်ထားသည်) ကိုမူ ကာကွယ်ရေး ဝန်ကြီးဌာန၏ ဘတ်ဂျက်တွင် ကြေညာခြင်း မရှိပေ။

၄၇။ တပ်မတော်၏ စီးပွားရေး တည်ဆောက်မှုပုံစံများနှင့် အောက်တွင်ဖော်ပြထားသော အကျိုးစီးပွားများအပေါ် အချက်အလက်များအပြင် တပ်မတော်က တိုက်ရိုက်ပိုင်ဆိုင်ထားသည်ဟု မြင်ရသော အခြား စီးပွားရေး လုပ်ငန်း ၃၄ ခုနှင့် ပတ်သက်သည့် အချက်အလက်များကို မစ်ရှင်က ရရှိခဲ့သည်။ မစ်ရှင်သည် ဤအချက်အလက်များကို အတည်ပြုနိုင်ခြင်းမရှိခဲ့သောကြောင့် ဤအစီအရင်ခံစာတွင် ထည့်သွင်းခြင်း မပြုခဲ့ပါ။ သို့ရာတွင် မစ်ရှင်သည် ယင်းကို အနာဂတ် စုံစမ်းစစ်ဆေးရေးများတွင် အထောက်အကူဖြစ်စေရန် ထိန်းသိမ်းထားသည်။[94]

### က။ တပ်မတော်၏ ဦးပိုင် ကုမ္ပဏီများ မြန်မာ့စီးပွားရေး ဦးပိုင် လီမိတက် (MEHL) နှင့် မြန်မာ့ စီးပွားရေး ကော်ပိုရေးရှင်း (MEC)

၄၈။ တပ်မတော်သည် အဓိက ဦးပိုင် ကုမ္ပဏီကြီး နှစ်ခုကို ပိုင်ဆိုင်လည်ပတ်သည်။ မြန်မာ စီးပွားရေး ဦးပိုင် လီမိတက် (MEHL) နှင့် မြန်မာ စီးပွားရေး ကော်ပိုရေးရှင်း (MEC) တို့ ဖြစ်သည်။ MEHL နှင့် MEC နှင့် ယင်းတို့၏ လုပ်ငန်းခွဲများ သည် မြန်မာနိုင်ငံတွင်[95] အခြား မည်သည့် အရပ်သားပိုင် ကုမ္ပဏီ[96]ကို မဆို သေးငယ်သွားစေလောက်အောင် ဝင်ငွေများ ရရှိနေကြောင်း မစ်ရှင်တွင် အထောက်အထားများ ရရှိထားသည်။ သိသာထင်ရှားစွာပင် ဦးပိုင် ကုမ္ပဏီ တစ်ခုစီသည် ရောမဘာဏ်ကြီး တစ်ခုစီကို ပိုင်ဆိုင်ကြသည်။[97]

၄၉။ စုံစမ်းစစ်ဆေးမှုများမှတဆင့် မစ်ရှင်သည် MEHL နှင့် MEC တို့က ပိုင်ဆိုင်သည်ဟု ကျိုးကြောင်းဆီလျော်သော အခြေခံများပေါ်တွင် ကောက်ချက်ချနိုင်သည့် စီးပွားရေး လုပ်ငန်း ၁၂၀ နှင့် MEHL နှင့် MEC တို့နှင့် စီးပွားရေး တည်ဆောက်ပုံများမှတဆင့် အနီးကပ် ဆက်စပ်လျက်ရှိသည်ဟု ကျိုးကြောင်းဆီလျော်သော အခြေခံများပေါ်တွင် ကောက်ချက်ချနိုင်သည့် နောက်ထပ် စီးပွားရေး လုပ်ငန်း ၂၇ ခုကို ဖော်ထုတ်နိုင်ခဲ့သည်။[98]

### ၁။ နောက်ခံ သမိုင်းကြောင်း

၅၀။ ယခင်က ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင် လီမိတက် (UMEHL) ဟု သိခဲ့သော မြန်မာ့ စီးပွားရေး ဦးပိုင် လီမိတက် (MEHL) သည် ၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းမှုနောက် အစောပိုင်းတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ (SLORC) နှင့် နောက်ပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (SPDC) တို့အဖြစ် သိကြသော စစ်အစိုးရ အုပ်ချုပ်စဉ်ကာလအတွင်း ပထမဆုံး တည်ထောင်သည့် ပုဂ္ဂလိက ကုမ္ပဏီဖြစ်သည်။ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တွင် ထုတ်ဖော်ကြေညာထားသော ဦးတည်ချက် အနည်းဆုံး လေးခု ရှိသည်။ တပ်မတော်သားများနှင့် သူတို့အပေါ် မှီခိုသူများ၏ သက်သာချောင်ချိရေး၊

[94] ဒစ်ဂျစ်တယ် မှတ်တမ်း ၂၁၆၃။ ရန်ကုန်ရှိ ကာကွယ်ရေး ဝန်ကြီးဌာနပိုင် "ရွှေမြို့တော်" အိမ်ယာ ဖွံ့ဖြိုးရေး စီမံကိန်းနှင့် တပ်ထောက်ချုပ်ရုံး ပိုင် မြေယာများကို ဆူးလေ ရှန်ဂရီလာ ဟော်တယ်နှင့် ဆူးလေ ရင်ပြင် စီးပွားရေး စီမံကိန်းတို့သို့ ငှားရမ်းသည့် အချက်အလက်များအတွက် စာပိုဒ် ၆၇ တွင်ကြည့်ပါ။

[95] ဒစ်ဂျစ်တယ် မှတ်တမ်းများ ၁၉၉၉၊ ၂၀၀၀၊ ၂၀၀၁။

[96] ဒစ်ဂျစ်တယ် မှတ်တမ်းများ ၁၉၉၉၊ ၂၀၀၀၊ ၂၀၀၁။

[97] စာပိုဒ် ၆၅-၆၆ တွင်ကြည့်။

[98] နောက်ဆက်တွဲ ၂။ မြန်မာ စီးပွားရေး ဦးပိုင် လီမိတက် (MEHL) နှင့် မြန်မာ စီးပွားရေး ကော်ပိုရေးရှင်း (MEC)

ရဲဘော်ဟောင်းများနှင့် သူတို့အပေါ် မှီခိုသူများ၏ သက်သာချောင်ချိရေး၊ [99] အထွေထွေ ပြည်သူလူထု၏ သက်သာချောင်ချိရေးနှင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးရေးတို့ ဖြစ်သည်။[100] ယင်းကို တည်ထောင်ခဲ့သည်မှစ၍ MEHL သည် တပ်မတော်နှင့် ယင်း၏ အဆင့်မြင့် ဦးဆောင်မှုအပိုင်းအတွက် လုံခြုံသော ထိန်းချုပ်မှုနှင့် အကျိုးအမြတ်ကို ထုတ်ဖော်ရန်လည်း ထမ်းဆောင်ခဲ့သည်။ [101] ယနေ့တွင် MEHL သည် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း၊ ဘဏ်လုပ်ငန်း၊ ခရီးသွား လုပ်ငန်း နှင့် သယ်ယူပို့ဆောင်ရေး အပါအဝင် အမျိုးမျိုးသော လုပ်ငန်း ကဏ္ဍများတွင် စီးပွားရေးလုပ်ငန်းများရှိသော ဦးပိုင် ကုမ္ပဏီဖြစ်သည်။ [102] မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်က မြဝတီဘဏ်ကို ပိုင်ဆိုင်သည်။[103]

၅၁။ မြန်မာ စီးပွားရေး ကော်ပိုရေးရှင်း (MEC) ကို ၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ထုတ်ဖော်ကြေညာထားသော ဦးတည်ချက် များမှာ မြန်မာနိုင်ငံ၏ စီးပွးရေးကို ပံ့ပိုးခြင်း၊ တပ်မတော်၏ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်း၊ ကာကွယ်ရေး အသုံးစားရိတ် လျော့ချခြင်း၊ နှင့် တပ်မတော်သားများ၏ သက်သာချောင်ချိရေးကို အာမခံခြင်းတို့ ဖြစ်သည်။ [104] ယနေ့တွင် MEC သည် ဦးပိုင် ကုမ္ပဏီတစ်ခု ဖြစ်နေပြီး သတ္တုတူးဖော်ခြင်း၊ ကုန်ပစ္စည်း ထုတ်လုပ်ခြင်း နှင့် တယ်လီဖုန်း ဆက်သွယ်ရေး ကဏ္ဍများတွင် စီးပွားရေး လုပ်ငန်းများရှိရုံ သာမက တပ်မတော်အား

---

[99] ပြန်ကြားရေး ဝန်ကြီးဌာန၊ ၂၀၁၅ ဩဂုတ် ၂၄ ရက်၊ "ဆက်လက်ပြီး (ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က) တပ်မတော်၏ စီးပွားရေးလုပ်ငန်းများဖြစ်သည့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင် (MEC) တို့နှင့်ပတ်သက်၍ အခြားနိုင်ငံများတွင်လည်း တပ်မတော် ၏ကျော ထောက်နောက်ခံ စီးပွားရေးလုပ်ငန်းများ ရှိကြကြောင်း၊ လည်ပတ်မှု မတူညီ သော်လည်း တပ်မတော်အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးကြကြောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အနေဖြင့် တပ်မတော်သား မိသားစုဝင်များ၏ သက်သာချောင်ချိရေး၊ စစ်မှုထမ်းဟောင်းများ၏ သက်သာချောင်ချိရေး၊ ပြည်သူလူထု၏ သက်သာချောင်ချိရေးများ ဆောင်ရွက်ပေးနိုင်ရန်နှင့် နိုင်ငံတော် စီးပွားရေးအား အထောက်အကူပြုရန် ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်နေခြင်း ဖြစ်ကြောင်း" (https://www.moi.gov.mm/?q=news/24/08/2015/id-8254)

[100] မောင်အောင်မျိုး၊ *တပ်မတော်အား တည်ဆောက်ခြင်း၊ ၁၉၄၈ ခုနစ်မှစ၍ မြန်မာ့လက်နက်ကိုင် တပ်ဖွဲ့များ* (အရှေ့တောင်အာရှ လေ့လာမှုများ သိပ္ပံ၊ စင်ကာပူ၊ ၂၀၀၉ ခုနှစ်)

[101] ဒစ်ဂျစ်တယ် မှတ်တမ်းများ၊ ၁၉၉၉၊ ၂၀၀၀၊ ၂၀၀၁။

[102] နောက်ဆက်တွဲ ၂။ မြန်မာ စီးပွားရေး ဦးပိုင် လီမိတက် (MEHL) နှင့် မြန်မာ စီးပွားရေး ကော်ပိုရေးရှင်း (MEC)

[103] နောက်ဆက်တွဲ ၂။ မြန်မာ စီးပွားရေး ဦးပိုင် လီမိတက် (MEHL) နှင့် မြန်မာ စီးပွားရေး ကော်ပိုရေးရှင်း (MEC)

[104] ပြန်ကြားရေး ဝန်ကြီးဌာန၊ ၂၀၁၅ ဩဂုတ် ၂၄ ရက်။ ဆက်လက်ပြီး (ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က) တပ်မတော်၏ စီးပွားရေးလုပ်ငန်းများဖြစ်သည့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင် (MEC) တို့နှင့်ပတ်သက်၍ အခြားနိုင်ငံများတွင်လည်း တပ်မတော် ၏ကျော ထောက်နောက်ခံ စီးပွားရေးလုပ်ငန်းများ ရှိကြကြောင်း၊ လည်ပတ်မှု မတူညီ သော်လည်း တပ်မတော်အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးကြကြောင်း၊ ... MEC လုပ်ငန်းများသည် တပ်မတော်၏ ဘတ်ဂျက်ကို လုံခြုံမှု ဖြစ်စေရန်၊ တပ်မတော်ကို အထောက်အပံ့ ဖြစ်စေရန်အတွက် ပစ္စည်းထုတ်လုပ်မှုများကို ဆောင်ရွက် နေခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများသည် နိုင်ငံတော်သို့ အခွန်အခများ အပြည့်အဝ ပေးသွင်း လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ရရှိလာသည့်အမြတ်ငွေမှ တိုက်ပွဲတွင် ထိခိုက်ကျဆုံး ဒဏ်ရာရရှိသူများအား ထောက်ပံ့ခြင်း၊ စစ်မှုထမ်းဟောင်းအိမ်ရာ များလုပ်ဆောင်ခြင်း စသည့်လုပ်ငန်းများတွင် သုံးစွဲရန် တပ်မတော်သက် သာချောင်ချိရေးရန်ပုံငွေသို့ ထည့်သွင်း ရပါကြောင်း၊ MEC အနေဖြင့် နိုင်ငံတော် အစုရှယ်ယာအားလုံးနီးပါး ပြန်လည်ပေးသွင်းပြီး ဖြစ်ကြောင်း၊ ဦးပိုင်တွင်လည်း တဖြည်းဖြည်းလျော့ချလာပြီး နောင်တွင်အများပိုင်အဖြစ် တပ်မတော်သားမိသားစုများ၏ အစုရှယ်ယာ၊ စစ်မှုထမ်းဟောင်းများ၏အစုရှယ်ယာ၊ တပ်များ၏အစုရှယ်ယာနှင့် ထည့်ဝင်နိုင်သည့်သူများ၏ အစုရှယ်ယာများနှင့်သာ လုပ်ဆောင်သွား မည်ဖြစ် ကြောင်း၊" (https://www.moi.gov.mm/?q=news/24/08/2015/id-8254).

သဘာဝ သယံဇာတအရင်းအမြစ်များ ပေးသွင်းသော ကုမ္ပဏီများလည်း ပါဝင်ပြီး [105] တပ်မတော်က အသုံးပြုရန်အတွက် ကုန်ပစ္စည်းများကိုထုတ်လုပ်သည့် စက်ရုံများကို လည်ပတ်သည်။[106] MEC က အင်းဝ ဘဏ်ကို ပိုင်ဆိုင်သည်။[107]

## ၂။ အုပ်ချုပ်မှု

၅၂။ နိုင်ငံတကာ ဥပဒေအောက်တွင် အကြီးမားဆုံးသော ရာဇဝတ်မှုများမှ အချို့အတွက် စွပ်စွဲခံထားရသူများအပါအဝင် တပ်မတော်၏ လက်ရှိနှင့် ယခင် အဆင့်မြင့်အရာရှိများသည် ဦးပိုင် ကုမ္ပဏီနှစ်ခုအပေါ်တွင် သိသာထင်ရှားစွာ ထိန်းချုပ်မှုနှင့် ဩဇာအာဏာရှိနေပြီး သူတို့၏ လုပ်ငန်းခွဲများအပေါ်တွင်လည်း ထိန်းချုပ်မှုနှင့် ဩဇာရှိသည်။[108] MEHL နှင့် MEC နှစ်ခု စလုံး၏ စီးပွားရေး တည်ဆောက်ပုံမှာ အလွန်ပင် ဝေဝေဝါးဝါးရှိသော်လည်း မစ်ရှင်သည် MEHL၏ နာယက အုပ်စု၏ ပါဝင်မှုကို ဖော်ထုတ်နိုင်ခဲ့သည်။ MEHL ၏ နာယက အုပ်စုကို ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့က ဦးဆောင်သည်။[109] မစ်ရှင်က အဆိုပါ နှစ်ဦးစလုံးကို နိုင်ငံတကာ ဥပဒေအောက်တွင် ရာဇဝတ်မှုများအတွက် တာဝန်ရှိသူများအဖြစ် အမည်ဖော်ထုတ်ခဲ့ပြီး [110] အမေရိကန် ပြည်ထောင်စုက ထိုသူ နှစ်ဦးစလုံးကို ကြီးမားကျယ်ပြန့်သော လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ပါဝင်မှုကြောင့် ပိတ်ဆို့အရေးယူထားသည်။[111] ဥရောပ သမဂ္ဂ၊ အမေရိကန် ပြည်ထောင်စု၊ ယူနိုက်တစ် ကင်းဒမ်း၊ နှင့် ဩစတေးလျား နိုင်ငံတို့က ပိတ်ဆို့အရေးယူထားခြင်း ခံရသော အမှတ် ၁၅ ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်ချုပ်ကြီး ခင်မောင်စိုးက MEC ၏ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူသည်။[112]

၅၃။ MEHL နှင့် MEC တို့သည် မြန်မာ့ စီးပွားရေး လုပ်ငန်း ဥပဒေ အောက်တွင် နိုင်ငံပိုင် လုပ်ငန်းများ မဟုတ်ကြပဲ [113] MEHL ၏ ရှယ်ယာအားလုံးကို လက်ရှိ သို့မဟုတ် ယခင် စစ်တပ်

---

105 "မြန်မာနိုင်ငံတွင် စီးပွားရေး လုပ်ခြင်း" စတုတ္ထအကြိမ် ထုတ်ဝေမှု။ PricewaterhouseCoopers၊ ၂၀၁၆ မေလ၊ စာမျက်နှာ-၁၅။ (https://www.pwc.de/de/internationale-maerkte/assets/doing-business-in-myanmar-2016.pdf)

106 နောက်ဆက်တွဲ ၂။ မြန်မာ စီးပွားရေး ဦးပိုင် လီမိတက် (MEHL) နှင့် မြန်မာ စီးပွားရေး ကော်ပိုရေးရှင်း (MEC)

107 နောက်ဆက်တွဲ ၂။ မြန်မာ စီးပွားရေး ဦးပိုင် လီမိတက် (MEHL) နှင့် မြန်မာ စီးပွားရေး ကော်ပိုရေးရှင်း (MEC)

108 ပုံ ၁။ MEHL နှင့် MEC တို့၏ အုပ်ချုပ်မှု ဖွဲ့စည်းတည်ဆောက်ပုံ ကိုကြည့်။

109 ဒစ်ဂျစ်တယ် မှတ်တမ်းများ ၂၀၀၅ နှင့် ၂၀၀၈။ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင် လီမိတက် (ကာကွယ်ရေး ဝန်ကြီးဌာန) ၊ အများပိုင် ကုမ္ပဏီ အဖြစ် ပြောင်းလဲကြောင်း ကြေညာချက်။ ၂၀၁၆ မတ် ၃၀ ရက်၊ "ရှယ်ယာ ပိုင်ရှင်များသို့ ကြေညာချက်။"

110 A/HRC/39/CRP.2၊ စာပိုဒ်များ ၁၅၅၄ နှင့် ၁၅၅၅။

111 အမေရိကန် ပြည်ထောင်စု နိုင်ငံခြားရေး ဌာန၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန "လူသိရှင်ကြား ရွေးချယ်သတ်မှတ်ခြင်း၊ မြန်မာ စစ်ဘက် အရာရှိများ၏ ကျယ်ပြန့်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့်" Michael R. Pompeo ၏ သတင်း ထုတ်ပြန်ချက်၊ ၂၀၁၉ ဇူလိုင် ၁၆ ရက်။ (https://www.state.gov/public-designation-due-to-gross-violations-of-human-rights-of-burmese-military-officials/)

112 နောက်ဆက်တွဲ ၂။ မြန်မာ စီးပွားရေး ဦးပိုင် လီမိတက် (MEHL) နှင့် မြန်မာ စီးပွားရေး ကော်ပိုရေးရှင်း (MEC)

113 Andrew Bauer၊ Arkar Hein၊ Khin Saw Htay၊ Matthew Hamilton နှင့် Paul Shortell၊ "မြန်မာနိုင်ငံ နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ ပြုပြင်ပြောင်းလဲရေး။ သဘာဝ သယံဇာတ လုပ်ငန်းများ၏ ဖြစ်ရပ်များ" ၊ သဘာဝ သယံဇာတ အုပ်ချုပ်ရေး သိပ္ပံ၊ ၂၀၁၈ ဇန္နဝါရီလ။

အရာရှိများက ကိုင်တွယ် စီမံခန့်ခွဲသည်။[114] MEHL သည် ပြည်သူ အများနှင့်ဆိုင်သော လီမိတက် ကုမ္ပဏီဖြစ်ပြီး MEC သည် အများပြည်သူ ဦးပိုင် ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော ပုဂ္ဂလိက လီမိတက် ကုမ္ပဏီဖြစ်သည်။ ယင်းကြောင့် MEHL သည် MEC နှင့် နှိုင်းယှဉ်လျှင် အနည်းငယ် တာဝန်ခံမှု ပိုရှိသည်။ MEC မှာ လျှို့ဝှက်စွာ လည်ပတ်ပြီး တပ်မတော်၏ အမြင့်ဆုံး အဆင့်ကိုသာ တာဝန်ခံသည်။ မြန်မာ့ ကုမ္ပဏီများ ဥပဒေ အသစ်ရှိပြီးနောက် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် သက်ဝင်ပြီး ကုမ္ပဏီများအားလုံး မှတ်ပုံတင်ရန် လိုအပ်ကာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီစီမံခန့်ခွဲမှု ဦးစီးဌာန (DICA) [115] မှ တဆင့် စီးပွားရေးဆိုင်ရာ အစီရင်ခံမှုများကို တင်သွင်းရမည်ဖြစ်သော်လည်း လုပ်ငန်း နှစ်ခုစလုံးသည် လူသိရှင်ကြား ကြည့်ရှုနိုင်သည့် ဘဏ္ဍာရေး ဆိုင်ရာ သို့မဟုတ် နှစ်ပတ်လည် အစီရင်ခံစာများ ထုတ်ပြန်ခြင်း မပြုပေ။

၅၄။ MEHL ၏ စီးပွားရေးဆိုင်ရာ အုပ်ချုပ်မှုနှင့် ပတ်သက်၍ အနည်းငယ်မျှသာ သိရှိသော်လည်း ကုမ္ပဏီ၏ နာယက အုပ်စုတွင် တပ်မတော်၏ အဆင့်အမြင့်ဆုံး အဖွဲ့ဝင် ခုနစ်ဦး ပါဝင်သည်။ ကာကွယ်ရေး ဦးစီးချုပ်သည် ဥက္ကဋ္ဌ ဖြစ်ပြီး ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် (တပ်မတော်-ကြည်း၏ ဦးစီးချုပ်လည်း ဖြစ်သည်) သည် ဒုတိယ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူသည်။ တပ်ရေးချုပ်သည် ကော်မတီ၏ အတွင်းရေးမှူး ဖြစ်သည်။ ယင်း၏ အဖွဲ့ဝင်များတွင် ပူးတွဲ ဦးစီးချုပ် နှင့် တပ်မတော်ဦးစီးချုပ် (ရေ) နှင့် တပ်မတော်ဦးစီးချုပ် (လေ) တို့သာမက တပ်ထောက်ချုပ်လည်း ပါဝင်သည်။[116] ထို့အပြင် MEHL တွင် ဒါရိုက်တာ ဘုတ်အဖွဲ့ဝင် ၁၁ ဦး ရှိပြီး ယင်းတို့အနက်မှ ၇ ဦးမှာ စစ်တပ်အရာရှိများဖြစ်ပြီး ၄ ဦးမှာ တပ်မှူးဟောင်းများဖြစ်သည်။ ဒါရိုက်တာ ဘုတ်အဖွဲ့ကို တပ်ရေးချုပ် က ဥက္ကဋ္ဌ အဖြစ် လုပ်ဆောင်ပြီး တပ်မတော်ပစ္စည်းဝယ်ယူရေး ညွှန်ကြားရေးမှူးက စီမံခန့်ခွဲသည်။ ဘုတ်အဖွဲ့တွင် တပ်မတော်-ရေ နှင့် လေတို့၏ ဦးစီးချုပ်များ သာမက တပ်မတော်

[114] Clare Hammond၊ "စစ်တပ်ပိုင် MEHL က အများပိုင် ကုမ္ပဏီအဖြစ် လျှောက်ထား"၊ Myanmar Times၊ ၂၀၁၆ ဧပြီ ၁ ရက်။ (https://www.mmtimes.com/business/19799-military-owned-mehl-applies-to-become-public-company.html)၊ ယခင်က ကာကွယ်ရေး ဝန်ကြီးဌာနနှင့် တပ်မတော်စစ်ပစ္စည်း ဝယ်ယူရေး ညွှန်ကြားရေးမှူးရုံး၊ တို့က ကိုင်ထားသော "က အမျိုးအစား" ရှယ်ယာများအားလုံးကို တပ်မတော်သား စစ်သားများ၊ ရဲဘော်ဟောင်းများ၊ တပ်ရင်း တပ်ဖွဲ့များ၊နှင့် ရဲဘော်ဟောင်းများအသင်းတို့က ကိုင်ထားသည် "ခ အမျိုးအစား" ရှယ်ယာများအဖြစ် ပြောင်းလဲလိုက်ကြောင်း ကြေညာချက်ကို MEHL ဘုတ်အဖွဲ့ဝင်များက လက်မှတ်ရေးထိုးထားပြီး တပ်မတော်ပိုင် မြဝတီ သတင်းစာပါ ကြေညာချက် ၉၀/၂၀၁၆ ကို ကိုးကားထားသည်။ လက်ရှိတာဝန်ထမ်းဆောင်ဆဲ စစ်တပ် တပ်ဖွဲ့ဝင်များ အတွက်သာ ဖြစ်သော MEC ရှယ်ယာပိုင်ရှင်များနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များအတွက် အောင်မင်းနှင့် တိုရီဟီရိ ကူဒို၊ "မြန်မာနိုင်ငံစီးပွားရေး ပြုပြင်ပြောင်းလဲ ရေးများတွင် စီးပွားရေး လုပ်ငန်းအုပ်စုကြီးများ" စာမျက်နှာ ၁၅၄ တွင်ကြည့်။

[115] သီဟ၊ "ကုမ္ပဏီများသည် ၂၀၁၉ ဖေဖော်ဝါရီမှ စတင်၍ DICA သို့ နှစ်ပတ်လည် အစီရင်ခံစာများ တင်ပြရမည်" Consult-Myanmar၊ ၂၀၁၈ စက်တင်ဘာ ၁၇ ရက်၊ (https://consult-myanmar.com/2018/09/17/companies-must-submit-annual-reports-to-dica-starting-february-2019/) ။ နန်းလွင်၊ "ပြည်တွင်းစစ်၊ ရခိုင်ပြဿနာ အရိပ်အောက်တွင် ကုမ္ပဏီများ ဥပဒေကို အသက်ဝင်စေမည်"၊ The Irrawaddy၊ ၂၀၁၉ ဇွန် ၂၈ ရက်၊ (https://www.irrawaddy.com/business/lauded-companies-law-to-take-effect-in-shadow-of-rakhine-crisis.html)။ ကုမ္ပဏီ ဒါရိုက်တာများ လမ်းညွှန်၊ ၂၀၁၇ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအတွက် လမ်းညွှန်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ စီမံခန့်ခွဲရေး ညွှန်ကြားရေးမှူးရုံး၊ "နှစ်စဉ် နှစ်ပတ်လည် ပြန်အမ်းငွေ တင်ပြရန်" နှင့် "ပုံစံများနှင့် စာရွက်စာတမ်းများ တင်ပြမှု" ကြည့်။

[116] ဒစ်ဂျစ်တယ် မှတ်တမ်းများ ၂၀၀၈။

စစ်ဆေးရေးအရာရှိချုပ်နှင့် တပ်မတော် စစ်ဥပဒေချုပ်၊ တို့လည်း ပါဝင်သည်။ မြန်မာ တပ်မှူးဟောင်းများ အသင်း၏ ကိုယ်စားလှယ် ၄ ဦးသည်လည်း ဘုတ်အဖွဲ့တွင် ပါဝင်သည်။[117]

၅၅။ MEC သည် ကာကွယ်ရေး ဝန်ကြီးဌာနက အပြည့်အဝ ပိုင်ဆိုင် ထိန်းချုပ်ထားကြောင်း သိရပြီး စစ်တပ်အတွက် တိုက်ရိုက် ဝင်ငွေ ရှာဖွေပေးသည့် အရင်းအမြစ်ဖြစ်သည်။ [118] အစီရင်ခံချက်များအရ MEC ကို တပ်မတော် စစ်ထောက်ချုပ်ရုံးက ထိန်းချုပ်ထားသည်။ MEC မှ တစ်ခုလုံးကို ပိုင်ဆိုင်သော ပုဂ္ဂလိက လုပ်ငန်းခွဲဖြစ်သည့် မြန်မာ စီးပွားရေး ကော်ပိုရေးရှင်း လီမိတက် (MEC Ltd) လည်း ရှိသည်။ MEC လီမိတက်၏ ဘုတ်အဖွဲ့တွင် တပ်မတော် ကြည်း၊ ရေ၊ လေ တို့၏ ဦးစီးချုပ်များ၊ ကာကွယ်ရေး အမြဲတမ်း အတွင်းဝန် နှင့် ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်နှင့် အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးများမှ ညွှန်ကြားရေးမှူးများ ပါဝင်ကြောင်း သိရသည်။[119] MEC ကို စာရင်းစစ်ဆေးခြင်း မရှိသော်လည်း MEC လီမိတက် ကို စာရင်း စစ်ဆေးကြောင်း သိရသည်။[120] MEC သို့မဟုတ် MEC လီမိတက် တို့တွင် မည်သည်ကမျှ ဘဏ္ဍာရေး အစီရင်ခံစာ ထုတ်ပြန်ကြောင်း ရည်ညွှန်းပြသချက် မရှိပဲ မည်သည်ကမျှ DICA မှတဆင့် အများပြည်သူသိရှိနိုင်ရန် မည်သည့် ဘဏ္ဍာရေး သို့မဟုတ် နှစ်ပတ်လည် အစီရင်ခံစာကိုမျှ လုပ်ဆောင်ထားခြင်း မရှိပေ။[121] ထို့ကြောင့် MEC နှင့် ယင်း၏ လက်ဝေခံများ အကြား ဘဏ္ဍာငွေ စီးဆင်းမှုကို သာမက MEC ၏ ဝင်ငွေ အရင်းအမြစ်များနှင့် ယင်းဝင်ငွေများကို မည်သို့ သုံးစွဲသည်ကိုပင် စောင့်ကြည့်လေ့လာရန် ခက်ခဲစေသည်။

### ၃။ အခွန်ဘဏ္ဍာ

၅၆။ MEHL နှင့် MEC တို့၏ ဘဏ္ဍာငွေဆိုင်ရာ အချက်အလက်များမှာ ရှားပါးလှသည်။ ဦးပိုင် ကုမ္ပဏီနှစ်ခုစလုံးသည် ၁၉၉၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန်များ ကင်းလွတ်ခဲ့သည်။ ယနေ့ထက်တိုင် ယင်းတို့သည် သူတို့၏ ဘဏ္ဍာရေး အစီရင်ခံစာများကို အများပြည်သူ သိရှိနိုင်စေရန် မည်သည့်အခါမျှ လုပ်ဆောင်ခြင်းမရှိပေ။[122] MEC နှင့် MEHL တို့မှ

---

[117] ဒစ်ဂျစ်တယ် မှတ်တမ်းများ ၂၀၀၈။ နောက်ဆက်တွဲ ၂။ မြန်မာ စီးပွားရေး ဦးပိုင် လီမိတက် (MEHL) နှင့် မြန်မာ စီးပွားရေး ကော်ပိုရေးရှင်း (MEC) ကြည့်။

[118] Michael Peel၊ "မြန်မာနိုင်ငံ၊ စစ်တပ် စီးပွားရေး အဆောက်အဦ"၊ Financial Times၊ ၂၀၁၇ ဖေဖော်ဝါရီ ၂ ရက်။ (https://www.ft.com/content/c6fe7dce-d26a-11e6-b06b-680c49b4b4c0)

[119] ဒစ်ဂျစ်တယ် မှတ်တမ်းများ ၂၀၀၈။

[120] ဒစ်ဂျစ်တယ် မှတ်တမ်းများ ၂၀၀၈။

[121] သီဟ၊ "ကုမ္ပဏီများသည် ၂၀၁၉ ဖေဖော်ဝါရီမှ စတင်၍ DICA သို့ နှစ်ပတ်လည် အစီရင်ခံစာများ တင်ပြရမည်" Consult-Myanmar၊ ၂၀၁၈ စက်တင်ဘာ ၁၇ ရက်၊ (https://consult-myanmar.com/2018/09/17/companies-must-submit-annual-reports-to-dica-startinq-february-2019/)။ နန်းလှင်၊ "ပြည်တွင်းစစ်၊ ရခိုင်ပြဿနာ အရိပ်အောက်တွင် ကုမ္ပဏီများ ဥပဒေကို အသက်ဝင်စေမည်"၊ The Irrawaddy၊ ၂၀၁၉ ဇွန် ၂၈ ရက်၊ (https://www.irrawaddy.com/business/lauded-companies-law-to-take-effect-in-shadow-of-rakhine-crisis.html)။ ကုမ္ပဏီ ဒါရိုက်တာများ လမ်းညွှန်၊ ၂၀၁၇ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအတွက် လမ်းညွှန်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ စီမံခန့်ခွဲရေး ညွှန်ကြားရေးမှူးရုံး၊ "နှစ်စဉ် နှစ်ပတ်လည် ပြန်အမ်းငွေ တင်ပြရန်" နှင့် "ပုံစံများနှင့် စာရွက်စာတမ်းများ တင်ပြမှု" ကြည့်။

[122] အစီရင်ခံစာ ထုတ်ဝေသည် ရက်စွဲတိုင်အောင် MEHL နှင့် MEC ဘဏ္ဍာရေး အစီရင်ခံစာများမှာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ စီမံခန့်ခွဲရေး ညွှန်ကြားရေးမှူးရုံး (DICA) မှတဆင့် အများပြည်သူ ရရှိနိုင်ခြင်း မရှိသေးပါ။ ယင်းမှာ MEHL သည် ၂၀၁၆ ခုနှစ်တွင် အများပိုင် ကုမ္ပဏီ အဖြစ်ကူးပြောင်းခဲ့ပြီး မြန်မာနိုင်ငံ၏ ကုမ္ပဏီ ဥပဒေသစ်များ ရှိနေသည် အကြားမဖြစ်သည်။ ယင်းဥပဒေအရ ကုမ္ပဏီ အားလုံး မှတ်ပုံတင်ရန်လိုအပ်ပြီး စီးပွားရေးဆိုင်ရာ အစီရင်ခံစာများကို DICA သို့ပေးပို့ရန် လိုအပ်သည်။ ဤအစီရင်ခံစာ စာပိုဒ် ၅၂ ကို ကြည့်။

တဆင့် ရရှိသော ရံပုံငွေ အများစုမှာ အစိုးရ တရားဝင် လမ်းကြောင်းများကို ကျော်ဖြတ်သွားပြီး ရေနံနှင့် သဘာဝ ဓါတ်ငွေ့၊ ကြေးနီ၊ ကျောက်စိမ်း၊ ပတ္တမြား၊ ပယင်း နှင့် သစ်တောကဏ္ဍများမှ အစိုးရဝင်ငွေ အမေရိကန် ဒေါ်လာ ဘီလီယံများစွာမှာ မည်သို့ ရောက်ရှိ သုံးစွဲကြောင်း မသိရပေ။ [123] MEHL နှင့် MEC တို့က အဓိက လုပ်ဆောင်သူများအဖြစ် ရှိနေသော ကျောက်စိမ်းကဏ္ဍတွင် စုံစမ်းစစ်ဆေးမှုများနှင့် သုံးသပ်ချက်များက အမေရိကန်ဒေါ်လာ ဘီလီယံ ဆယ်နှင့်ချီသော တန်ဘိုးရှိသည့် ကျောက်စိမ်းများ နှစ်စဉ် တရုတ်နိုင်ငံသို့ ခိုးထွက်နေပြီး ကျောက်စိမ်း၏ သေးငယ်သော အစိတ်အပိုင်းမျှကိုသာ အစိုးရက လုပ်ဆောင်လျက်ရှိသော မြန်မာ သယံဇာတ ပြပွဲ မှ တဆင့်ရောင်းချပြီး အခွန်ရရှိသည်။[124]

၅၇။ တပ်မတော်ပိုင် အရင်းအမြစ် ကုမ္ပဏီများ နှင့် အစိုးရ အခွန်ဘဏ္ဍာ ကောက်ခံရေး အဖွဲ့အစည်းများသည် MEHL နှင့် MEC တို့နှင့် သူတို့၏ လက်ခွဲလုပ်ငန်းများမှ ပေးသော အခွန်ငွေ ပမာဏပေါ်တွင် လူသိရှင်ကြား သဘောထားကွဲလွဲလျက်ရှိသည်။[125] MEC အတွက်မူ ကုမ္ပဏီက ပေးသည်ဟု ပြောကြားချက်နှင့် အစိုးရက ရရှိသည်ဆိုသော ပမာဏတို့ အကြား ကွဲပြားခြားနားချက်မှာ (အကြမ်းဖျဉ်းအားဖြင့် အမေရိကန် ဒေါ်လာ ၆.၄ သန်း) မြန်မာကျပ်ငွေ ၉.၈ ဘီလီယံ ရှိပြီး ယင်းမှာ တစ်နိုင်ငံလုံး တစ်နှစ်လျှင်ရရှိသော တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းအားလုံးမှ ကောက်ယူရရှိသည့် ဝင်ငွေအားလုံး၏ နှစ်ရာခိုင်နှုန်းနှင့် ညီမျှသည်။[126]

၅၈။ ကာကွယ်ရေး ဝန်ကြီးဌာန ဒု-ဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ်၏ အဆိုအရ MEHL စီးပွားရေး လုပ်ငန်းအုပ်စုကြီးသည် ၂၀၁၇ ခုနှစ်တွင် ကျပ်ငွေ ၁၆၁ ဘီလီယံ (အမေရိကန် ဒေါ်လာ ၁၁၉.၄ သန်း) တန်ဖိုးရှိသည်။ [127] ပွင့်လင်းမြင်သာမှုနည်းပါးခြင်းနှင့် အခြားသော အကြောင်းရင်းများကြောင့် ယင်း ခန့်မှန်းချက်ကို အတည်ပြုနိုင်ရန် ခက်ခဲသော်လည်း MEC၊ MEHL နှင့် သူတို့၏ လက်ခွဲများသည် အတိုင်းအတာ တစ်စုံတစ်ရာသော အခွန်ငွေများ ပေးဆောင်လျက်ရှိသည်။ MEC သည် ၂၀၁၇-၂၀၁၈ နှစ်တွင် နံပါတ် ဆယ့်တစ်မြောက် အများဆုံး

---

[123] တူးဖော်ထုတ်ယူမှု လုပ်ငန်းများ ပွင့်လင်းမြင်သာမှု အစပျိုးဆောင်ရွက်မှု အစီရင်ခံစာများတွင် မီးမောင်းထိုးပြထားသော တပြေးညီမဖြစ်မှုများ (https://eiti.org/document/myanmar-20152016-eiti-report)၊ ၂၀၁၈ နိုဝင်ဘာထုတ်၊ USIP တွင် Kevin M. Woods ၏ "ပဋိပက္ခ အရင်းအမြစ် စီးပွားရေးနှင့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး လမ်းကြောင်း" ကို ကိုးကားထားသည်။

[124] Global Witness၊ "ကျောက်စိမ်း၊ မြန်မာနိုင်ငံ၏ ကြီးမားသော နိုင်ငံတော် လျှို့ဝှက်ချက်"၊ ၂၀၁၅ အောက်တိုဘာ ၂၃ ရက်။

[125] ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် ထိုသို့သော ကွာခြားမှုများ၏ နမူနာများကို မြန်မာနိုင်ငံ သယံဇာတ ထုတ်လုပ်ရေး လုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှု ရှိစေရေး ကြိုးပမ်းမှု (MEITI) ၏ ၂၀၁၆ ဧပြီ ၁ ရက်မှ ၂၀၁၇ မတ် ၃၁ ရက်ကာလအတွက် မြန်မာ EITI ၏ စတုတ္ထ အစီရင်ခံစာ (FY ၂၀၁၆-၂၀၁၇) ၊ ရေနံနှင့် သဘာဝ ဓါတ်ငွေ့၊ ကျောက်မျက်များနှင့် ကျောက်စိမ်း၊ အခြား ဓါတ်သတ္တုများနှင့် ပုလဲ၊ ၂၀၁၉ မတ် ၃၀ ရက်။ (https://myanmareiti.org/sites/myanmareiti.org/files/publication_docs/4th_meiti_report_30_march_2019_1.pdf)၊ စာမျက်နှာ- ၁၆၄-၁၆၅၊ ၁၆၉။

[126] မြန်မာနိုင်ငံ သယံဇာတ ထုတ်လုပ်ရေး လုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှု ရှိစေရေး ကြိုးပမ်းမှု (MEITI)၏ ၂၀၁၆ ဧပြီ ၁ ရက်မှ ၂၀၁၇ မတ် ၃၁ ရက်ကာလအတွက် မြန်မာ EITI ၏ စတုတ္ထ အစီရင်ခံစာ (FY ၂၀၁၆-၂၀၁၇)၊ ရေနံနှင့် သဘာဝ ဓါတ်ငွေ့၊ ကျောက်မျက်များနှင့် ကျောက်စိမ်း၊ အခြား ဓါတ်သတ္တုများနှင့် ပုလဲ၊ ၂၀၁၉ မတ် ၃၀ ရက်။ (https://myanmareiti.org/sites/myanmareiti.org/files/publication_docs/4th_meiti_report_30_march_2019_1.pdf).

[127] ထက်နိုင်ဇော်၊ "ကာကွယ်ရေး ဒု-ဝန်ကြီး။ စစ်တပ် စီးပွားရေး လုပ်ငန်းများအတွက် ပေါင်းထည့်ခြင်း" The Irrawaddy၊ ၂၀၁၇ မေ ၃ ရက် (https//www.irrawaddy.com/news/burma/deputy-defense-minister-perks-military-businesses.html)

အခွန်ပေးဆောင်သူ ဖြစ်ပြီး MEHL သည် တတိယ အများဆုံး နှင့် MEHL ၏ လက်ခွဲဖြစ်သော မြဝတီဘဏ်သည် ဒုတိယ အများဆုံး ဖြစ်သည်။[128] သို့တိုင်အောင်ပင် မြန်မာနိုင်ငံ၏ အခွန်အခြေခံသို့ သူတို့၏ ထည့်ဝင်မှုမှာ လိုအပ်သည်ထက်နည်းနေပြီး သူတို့၏ တပ်မတော်သို့ ထည့်ဝင်ငွေမှာ ပိုမို များပြားနေကြောင်း သုတေသနများက ညွှန်ပြနေသည်။[129] ဆိုလိုသည်မှာ မြန်မာနိုင်ငံတွင် စစ်တပ် စီးပွားရေး လုပ်ငန်းများမှ ထုတ်လုပ်သော ဝင်ငွေ အများစုကို နိုင်ငံတော်က ရရှိခြင်းမရှိပဲ နောက်ဆက်တွဲ အနေဖြင့် စစ်တပ် စစ်ဆင်ရေးများအတွက် ဖြည့်စွက်ပေးနေရသည်။ မစ်ရှင်က မှတ်တမ်းတင်ထားသော ထိုစစ်တပ်စစ်ဆင်ရေး အများအပြားတွင် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်မှုများနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေကို ပြင်းပြင်းထန်ထန် ချိုးဖောက်မှုများ ရှိခဲ့သည်။[130]

## ၄။ တပ်မတော်အတွက် ပံ့ပိုးကူညီမှု

၅၉။ စီးပွားရေး ဝင်ငွေများကို မည်သည့်အတိုင်းအတာဖြင့် တပ်မတော် အဖွဲ့အစည်းများ၊ စစ်တပ် စစ်ဆင်ရေးများကို ထောက်ပံ့သည် သို့မဟုတ် ယင်း၏ ခေါင်းဆောင်မှုကို ချမ်းသာကြွယ်ဝစေသည်ကို ဖော်ပြထားခြင်းမရှိပေ။ သို့ရာတွင် ယုံကြည်စိတ်ချရသော သုံးသပ်ချက်များက တပ်မတော်နှင့် ယင်း၏ အရာရှိများသည် လက်နက်ကိုင် ပဋိပက္ခနှင့် အကြမ်းဖက်မှုများမှ အကျိုးအမြတ် ရရှိနေပြီး ယင်းသည်ပင် ပဋိပက္ခ အခြေပြု သယံဇာတ စီးပွားရေး အပေါ် သူတို့၏ ရင်းနှီးမြှုပ်နှံမှု စွမ်းရည်ကို ထိန်းသိမ်းထားသည့် နည်းလမ်းတစ်ခု ဖြစ်သည်။[131] အမေရိကန် ပြည်ထောင်စု သံတမန်ကေဘယ်၏ အဆိုအရ MEHL နှင့် MEC တို့သည် "အာဏာကို ထိန်းသိမ်းထားနိုင်ရန် (တပ်မတော်က) အသုံးပြုသော ရှုတ်ထွေးသည့် စနစ်၏ အဓိကကျသော အစိတ်အပိုင်းများ" ဖြစ်သည်။[132]

၆၀။ တရားဝင် စစ်တပ် ဘတ်ဂျက်ပြင်ပတွင် အခြားသော ဝင်ငွေ အရင်းအမြစ်များဖြင့် တပ်မတော်၏ ဘတ်ဂျက်ကို ဖြည့်စည်းရန်ဖြစ်သော တပ်မတော်၏ စွမ်းရည်သည် အရပ်သား ကြီးကြပ်မှုကို ရှောင်ရှားရန် ရှင်းလင်းသော မောင်းနှင်အားပင်ဖြစ်သည်။ လွှတ်တော်က အတည်ပြုရန် လိုအပ်သော တပ်မတော်သားများ၏ လစာငွေနှင့် တပ်မတော်ပစ္စည်းများ

---

128 ဒစ်ဂျစ်တယ် မှတ်တမ်းများ ၂၀၀၅။

129 ဒစ်ဂျစ်တယ် မှတ်တမ်းများ ၂၀၀၅။

130 မြန်မာ့စီးပွားရေးအတွက် ယင်းတို့၏ အရွယ်ကြီးမားသော အရေးပါမှု ရှိသော်လည်း မြန်မာ့ ပြည်တွင်း အခွန်ဦးစီးဌာနအစီရင်ခံချက်အရ ပြည်တွင်း အခွန်ဆောင်သူ ထိပ်ဆုံး ၁,၀၁၇ ဦးအနက် MEC သည် ကုန်သွယ်ခွန်အတွက် နံပတ် ၂၂ နှင့် ဝင်ငွေခွန်အတွက် နံပတ် ၁၃ ဖြစ်ပြီး MEHL သည် အနည်းငယ် မြင့်သော အဆင့်တွင် ကုန်သွယ်ခွန်အတွက် နံပါတ် ၁၃ နှင့် ဝင်ငွေခွန်အတွက် နံပတ် ၅ တွင် ရှိသည်။ Gerard McCarthy ၏ ကိုးကားချက်တွင် "မြန်မာနိုင်ငံ စစ်တပ် အရင်းရှင်ဝါဒ။ "ကာကီ အရင်းအနှီး" ၏ မူရင်း၊ ဆက်လက်သွားမှုမျုးနှင့် တဖြည်းဖြည်း ဖြစ်ပေါ်တိုးတက်မှုများကို စမ်းစစ်ခြင်း၊ Yusof Ishak Institute of Southeast Asian Studies (ISEAS) Trends Series၊ ၂၀၁၉။

131 Kevin M. Woods၊ "ပဋိပက္ခ အရင်းအမြစ် စီးပွားရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးသို့ သွားရာလမ်း" USIP၊ ၂၀၁၈ နိုဝင်ဘာ။

132 "မြန်မာ့ စီးပွားရေး ဦးပိုင်များ၏ နောက်ဆုံး လှုပ်ရှားမှုများ"၊ အမေရိကန် နိုင်ငံခြားရေးဌာန အမေရိကန် ရန်ကုန် သံရုံး၊ ၂၀၀၉ ဖေဖော်ဝါရီ ၆ ရက်၊ "မြန်မာ။ စစ်တပ် စီးပွားရေး အဆောက်အဦ"၊ Financial Times၊ ၂၀၁၇ ဖေဖော်ဝါရီလ (https://www.ft.com/content/c6fe7dce-d26a-11e6-b06b-680c49b4b4c0)

ဝယ်ယူမှု [133] အတွက် အသုံးပြုနိုင်သော တပ်မတော်၏ တရားဝင်ဘတ်ဂျက်သည် ၂၀၁၅ ခုနှစ်မှစတင်၍ တဖြည်းဖြည်း လျော့နည်းလာလျက်ရှိသည်။[134] တပ်မတော်က ယင်း၏ စီးပွားရေး လုပ်ဆောင်မှုများမှ ရရှိသော ဝင်ငွေပမာဏမှာ ရှင်းလင်းမှု မရှိပဲ ရှိနေသော်လည်း ဦးပိုင် ကုမ္ပဏီများနှင့် ယင်းတို့၏ လက်ခွဲများ နှင့် တပ်မတော်၏ နိုင်ငံပိုင် လုပ်ငန်းများနှင့် ပုဂ္ဂလိကပိုင် စီးပွားရေး လုပ်ငန်းများနှင့် ဆက်စပ်ဆက်နွယ်မှုများသည် တပ်မတော် ခေါင်းဆောင်မှုနှင့် စစ်ဆင်ရေးလုပ်ငန်းများ ကို ရံပုံငွေ ထည့်ဝင်လျက်ရှိနေသည်မှာ အငြင်းပွားစရာ မရှိပေ။ ဤအစီရင်ခံစာတွင် စစ်ဆေးထားသော တပ်မတော် စစ်ဆင်ရေးများအတွက် ကုမ္ပဏီ လှူဒါန်းငွေများကဲ့သို့သော နမူနာများက တရားဝင် ဘတ်ဂျက်ပြင်ပတွင် တပ်မတော်အနေဖြင့် ရံပုံငွေများ ရှာဖွေရန် စွမ်းရည်ရှိသည်ကို ပြသနေပြီး ယင်းသို့ဖြင့် လွှတ်တော်၏ အတည်ပြုချက်နှင့် ထိန်းချုပ်မှုကို ရှောင်ရှားနိုင်ပေသည်။[135]

**ပုံ ၁။ MEHL နှင့် MEC ၏ စီမံခန့်ခွဲမှု တည်ဆောက်ပုံ**

133 Gerard McCarthy၊ "မြန်မာနိုင်ငံ စစ်တပ် အရင်းရှင်ဝါဒ။ "ကာကီ အရင်းအနှီး" ၏ မူရင်း၊ ဆက်လက်သွားမှုမျးနှင့် တဖြည်းဖြည်း ဖြစ်ပေါ်တိုးတက်မှုများကို စမ်းစစ်ခြင်း၊ Yusof Ishak Institute of Southeast Asian Studies (ISEAS) Trends Series၊ ၂၀၁၉။ စာ- ၂၃

134 SIPRI ၏ GDP အပေါ် တွင် နိုင်ငံအလိုက် စစ်တပ် အသုံးစားရိတ် ရာခိုင်နှုန်း၊ ၁၉၈၈-၂၀၁၈။ ၂၀၁၅ ခုတွင် မြန်မာနိုင်ငံ၏ စစ် အသုံးစားရိတ်မှာ GDP ၏ ၄.၁%၊ ၂၀၁၆ တွင် GDP၏ ၃.၇%၊ ၂၀၁၇ တွင် GDP၏ ၃.၂% နှင့် ၂၀၁၈ တွင် GDP ၏ ၂.၉%။

135 စာပိုဒ် ၁၁၅-၁၂၇ ကိုကြည့်။

## TATMADAW LEADERS IN POSITIONS AT MEHL, LTD.

### Known hierarchy of the Tatmadaw




### Other parts of government or Tatmadaw hierarchy






ခ။ MEHL နှင့် MEC လက်အောက်ခံကုမ္ပဏီများ

၆၁။ စုံစမ်းစစ်ဆေးမှုများမှ တဆင့် မစ်ရှင်သည် MEHL နှင့် MEC တို့က အပြည့်အဝ ပိုင်ဆိုင်သည်ဟု ကျိုးကြောင်း ဆီလျော်စွာ ကောက်ချက်ချနိုင်သည့် စစ်တပ် စီးပွားရေး လုပ်ငန်း ၁၂၀ ကို ဖော်ထုတ်နိုင်ခဲ့သည်။ ယင်းတို့အထဲတွင် MEHL ၏ လက်ခွဲလုပ်ငန်း ၅၉ ခုနှင့် MEC ၏ လက်ခွဲလုပ်ငန်း ၆၁ ခုပါဝင်သည်။ စီးပွားရေး လုပ်ငန်း ၂၇ ခုကို မစ်ရှင်အနေဖြင့် သူတို့၏ စီးပွားရေး တည်ဆောက်ပုံမှ တဆင့် MEHL နှင့် MEC တို့နှင့် ဆက်နွယ်နေကြောင်း

ကျိုးကြောင်းဆီလျော်သော အခြေခံများအပေါ် ကောက်ချက်ချ ဖော်ထုတ်နိုင်သည်။ မစ်ရှင်အနေဖြင့် MEHL နှင့် MEC လုပ်ငန်းခွဲများအားလုံးကို အောင်မြင်စွာ ဖော်ထုတ်နိုင်ခြင်းမရှိသည်မှာ သေချာသည်။

၆၂။ ဖော်ထုတ်သိရှိထားသော MEHL လက်အောက်ခံ လုပ်ငန်းများမှာ ပတ္တမြားနှင့် ကျောက်စိမ်း တူးဖော်ရေး၊ ဘိလပ်မြေထုတ်လုပ်ရေး၊ ဆောက်လုပ်ရေး၊ ခရီးသွားလုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့် အာမခံ လုပ်ငန်းများအပါအဝင် လုပ်ငန်းအမျိုးအစား ကျယ်ကျယ်ပြန့်ပြန့် ကွဲပြားသည်။ MEHL စီးပွားရေး လုပ်ငန်းများကို ဝန်ဆောင်မှု၊ ကုန်သွယ်ရေးနှင့် ထုတ်လုပ်ရေး ဌာနသုံးခုအောက်တွင် တည်ဆောက်ထားသည်။ MEHL ၏ ဝန်ဆောင်မှု ဌာနကို တပ်မတော်အငြိမ်းစားအရာရှိ ဗိုလ်ချုပ် အောင်ရဲဝင်းက စီမံခန့်ခွဲမှု ဒါရိုက်တာ အဖြစ် ဦးဆောင်သည်။[136] ကုန်သွယ်ရေး ဌာနကို ဒေါက်တာ ထွန်းဇံအောင်က ဒါရိုက်တာအဖြစ် ဦးဆောင်သည်။ ထုတ်လုပ်ရေး ဌာနကို အငြိမ်းစား တပ်မတော် အရာရှိ ဗိုလ်မှူးကြီး ဝင်းကြည်က ဦးဆောင်ပြီး လက်ထောက် စီမံခန့်ခွဲမှု ဒါရိုက်တာအဖြစ်လည်း ထမ်းဆောင်သည်။[137]

၆၃။ ထုတ်လုပ်ရေး ဌာနအောက်တွင် MEHL တွင် စားအုန်းဆီ၊ သကြား၊ ဆပ်ပြာနှင့် ဘိလပ်မြေထုတ်လုပ်ရေး စက်ရုံများ အပါအဝင် စက်ရုံ ၄၁ ရုံရှိသည်။ ပေါင်းစပ်ထားသော ထုတ်ကုန် စီးပွားရေး လုပ်ငန်း၏ အစိတ်အပိုင်းအဖြစ်ဤစက်ရုံများမှ အချို့သည် အခြားစက်ရုံများကို ကုန်ပေးသွင်းသည်။ ဥပမာ - တနင်္သာရီတိုင်းရှိ MEHL ကန်ပေါက် စားအုန်းဆီစိုက်ခင်းနှင့် စားအုန်းဆီစက်ရုံ စီမံကိန်းသည် MEHL ၏ မွန်ပြည်နယ်ရှိ ပဒုမ္မာ ဆပ်ပြာစက်ရုံအတွက် ဆီကုန်ကြမ်းများ ထုတ်လုပ်ပေးသည်။ [138] မစ်ရှင်သည် MEHL လက်အောက်ခံလုပ်ငန်းများကို ယင်း၏ ဝန်ဆောင်မှုနှင့် ကုန်သွယ်ရေး ဌာနများအောက်တွင်လည်း ဖော်ထုတ်ခဲ့သည်။ MEHL လက်အောက်ခံ လုပ်ငန်းများတွင် အဖျော်ယမကာနှင့် ရေသန့် ကုမ္ပဏီသုံးခု၊ ဆောက်လုပ်ရေး ပစ္စည်း ထုတ်လုပ်သော ကုမ္ပဏီလေးခု၊ ဆောက်လုပ်ရေး လုပ်ငန်း သုံးခု၊ ငွေကြေးနှင့် အာမခံလုပ်ငန်း ငါး ခု၊  အစားအစာ၊ စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်း ကဏ္ဍများတွင် ကုမ္ပဏီလေးခု၊ ခရီးသွားလုပ်ငန်း ကဏ္ဍတွင် ကုမ္ပဏီနှစ်ခု၊ နှင့် ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်း ငါးခုတို့ ပါဝင်သည်။ သတ္တုနှင့် သယံဇာတ တူးဖော်ရေး ကဏ္ဍတွင် MEHL တွင် ကျောက်စိမ်းနှင့် ပတ္တမြား ထုတ်လုပ်ရေးတွင် အထူးပြုထားသော လုပ်ငန်းခွဲများအပါအဝင် ကုမ္ပဏီ ၃၁ ခု ရှိသည်။[139]

136 ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင် လီမိတက် (ကာကွယ်ရေး ဝန်ကြီးဌာန) ၊ အများပိုင် ကုမ္ပဏီ အဖြစ် ပြောင်းလဲကြောင်း ကြေညာချက်။ ၂၀၁၆ မတ် ၃၀ ရက်၊ “ရှယ်ယာ ပိုင်ရှင်များသို့ ကြေညာချက်။” နှင့် ၂၀၁၉ မေ ၆ ရက်၊ အုပ်ချုပ်ရေး ဖွဲ့စည်းတည်ဆောက်မှု အကျဉ်းချုပ်။

137 ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင် လီမိတက် (ကာကွယ်ရေး ဝန်ကြီးဌာန) ၊ အများပိုင် ကုမ္ပဏီ အဖြစ် ပြောင်းလဲကြောင်း ကြေညာချက်။ ၂၀၁၆ မတ် ၃၀ ရက်၊ “ရှယ်ယာ ပိုင်ရှင်များသို့ ကြေညာချက်။” နှင့် ၂၀၁၉ မေ ၆ ရက်၊ အုပ်ချုပ်ရေး ဖွဲ့စည်းတည်ဆောက်မှု အကျဉ်းချုပ်။

138 Lundsgaard-Hansen LM၊ Tun NN၊ ၂၀၁၈။ မြန်မာနိုင်ငံ တောင်ပိုင်းမှ မြေယာများ၏ အသံများ။ ကန်ဘောက် စားအုန်းဆီ စိုက်ခင်းနှင့် မြန်မာ့ စီးပွားရေး ဦးပိုင်လီမိတက်၏ စားအုန်းဆီ စက်ရုံ စီမံကိန်း။ မြန်မာနိုင်ငံ တောင်ပိုင်းမှ မြေယာများ၏ အသံများ။ အလုပ်အဖွဲ့ စာတမ်း အမှတ် ၃၊ Bern, Switzerland။ Centre for Development and Environment (CDE), University of Bern.

139 အသေးစိတ်အချက်များအတွက် နောက်ဆက်တွဲ ၃။ ကချင်နှင့် ရှမ်းပြည်နယ်များရှိ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများကိုကြည့်။

၆၄။ MEC ၏ လုပ်ငန်းခွဲများသည်လည်း အလားတူပင် အမျိုးအစား ကွဲပြားသော်လည်း ကျောက်မီးသွေးနှင့် သဘာဝ ဓါတ်ငွေ့နှင့် ကုန်ပစ္စည်းထုတ်လုပ်ရေး အပါအဝင် ကုန်ကြမ်းပစ္စည်း ထုတ်လုပ်ရေးအပေါ်တွင် ပိုမို အားစိုက်ထားသည်။ လုပ်ငန်းခွဲများအတွင်းတွင် ငွေကြေးနှင့် အာမခံ ကဏ္ဍတွင် ကုမ္ပဏီငါးခု၊ အစားအစာ ထုတ်လုပ်မှု ကုမ္ပဏီ ရှစ်ခု၊ ကုန်ကြမ်းပစ္စည်းထုတ်လုပ်ရေး ကုမ္ပဏီ ၇ ခုနှင့် တယ်လီဖုန်းနှင့် ဆက်သွယ်ရေး ကဏ္ဍတွင် ကုမ္ပဏီ ခြောက်ခုတို့ကို မစ်ရှင်က အတည်ပြုဖော်ထုတ်နိုင်သည်။ ဤကဏ္ဍများသည် MEC ၏ သွင်ပြင်လက္ခဏာကို စီးပွားရေး လုပ်ငန်းအုပ်စုကြီး တစ်ခု အနေဖြင့် တပ်မတော်အတွက် သဘာဝ သယံဇာတများ ပေးသွင်းပြီး တပ်မတော်က အသုံးပြုသည့် ကုန်ပစ္စည်းများကို ထုတ်လုပ်သည့် စက်ရုံများကို လည်ပတ်သည်ဆိုသော မစ်ရှင်က ရရှိထားသော အချက်လက်များနှင့် ကိုက်ညီသည်။[140]

၆၅။ သူတို့၏ လုပ်ငန်းခွဲများအကြားတွင် MEHL နှင့် MEC တို့သည် မြန်မာနိုင်ငံ၏ အကြီးဆုံး ပုဂ္ဂလိက ဘဏ်များအနက်မှ နှစ်ခုကိုလည်း လည်ပတ်သည်။ [141] ၁၉၉၃ ခုနှစ်တွင် တည်ထောက်သော မြဝတီဘဏ်ကို MEHL က ပိုင်သည်။ ၂၀၁၆ ခုနှစ် မတ်လတွင် ကမ္ဘာ့ဘဏ်၏ နိုင်ငံတကာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း၏တွေ့ရှိချက်အရ မြဝတီဘဏ်တွင် မရွှေ့ပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်မှု ကျပ်ငွေ တန်ဖိုး ၁.၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၈၅၅ သန်း) ရှိပြီး မြန်မာနိုင်ငံတွင် စတုတ္ထမြောက် အကြီးဆုံး ပုဂ္ဂလိက ဘဏ်ဖြစ်သည်။[142] ယင်း၏ ရှယ်ယာများမှာ လက်ရှိတာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစား တပ်မတော် တပ်ဖွဲ့ဝင်များနှင့် ရဲဘော်ဟောင်းများအဖွဲ့ ကဲ့သို့သော သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ လက်ဝယ်ရှိသည်။ [143] ဂျာမန် ဖွံ့ဖြိုးရေး အေဂျင်စီ Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH ၏ ၂၀၁၈ ခုနှစ် မေလ အချက်အလက် စနစ်အရ အိန္ဒိယ နိုင်ငံပေါင်းစုံ ကော်ပိုရေးရှင်း တစ်ခုသည် မြဝတီဘဏ်နှင့် ပေါင်းဖက်လျက် ယင်း၏ ဒစ်ဂျစ်တယ် ဘဏ်စနစ် ဆော့ဖ်ဝဲကို ပေးအပ်ခဲ့သည်။ [144] သီးခြားအနေဖြင့် MEC က ၁၉၉၇ ခုနှစ်တွင် တည်ထောင်သော အင်းဝဘဏ်ကို ပိုင်ဆိုင်သည်။[145] အင်းဝဘဏ်လီမိတက်ကို တပ်မတော်၏ အငြိမ်းစားနှင့် လက်ရှိတာဝန်ထမ်းဆောင်ဆဲ

---

[140] နောက်ဆက်တွဲ ၂။ မြန်မာ စီးပွားရေး ဦးပိုင် လီမိတက် (MEHL) နှင့် မြန်မာ စီးပွားရေး ကော်ပိုရေးရှင်း (MEC) ။ နှင့် နောက်ဆက်တွဲ ၃။ ကချင်နှင့် ရှမ်းပြည်နယ်များရှိ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများကိုကြည့်။

[141] John Schellhase နှင့် Lena Sun၊ "မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်း ကဏ္ဍ။ လတ်တလော တိုးတက်မှုများကို စမ်းစစ်ခြင်း" Milken Institute၊ ၂၀၁၇ ဩဂုတ်လ။ (https://assets1c.milkeninstitute.org/assets/Publication/Viewpoint/PDF/083117-MyanmarBanking.pdf)

[142] Elisa Minischetti, Margarete Biallas, Vanessa Vizcarra "IFC MOBILE MONEY SCOPING COUNTRY REPORT: MYANMAR," နိုင်ငံတကာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း၊ ကမ္ဘာ့ဘဏ် အုပ်စု၊ ၂၀၁၇ အောက်တိုဘာလ။ (https://www.ifc.org/wps/wcm/connect/6f852818-47db-4f08-9b88-b57209b791c9/Myanmar+Market+Scoping+Report.pdf?MOD=AJPERES)

[143] Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH၊ "မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး ကဏ္ဍ၊ ဘဏ်များအတွက် စိမ်ခေါ်မှု တစ်ရပ်" တတိယအကြိမ် ထုတ်ဝေမှု၊ ၂၀၁၆ ခုနှစ်။ (https://www.giz.de/en/downloads/giz2016-en-Banking_Report.pdf)

[144] Infosys Limited၊ "မြဝတီဘဏ်၊ မြန်မာနိုင်ငံက ယင်း၏ ဒစ်ဂျစ်တယ် ပြောင်းလဲရေးအတွက် Infosys Finacle to Power ကို ရွေးချယ်လိုက်သည်။" ၂၀၁၈ မေ ၃ ရက်။ (https://www.prnewswire.com/in/news-releases/myawaddy-bank-myanmar-selects-infosys-finacle-to-power-its-digital-transformation-681600911.html)၊ နောက်ဆက်တွဲ ၅။ MEHL နှင့် MEC တို့နှင့် စီးပွား လက်တွဲဖက် နိုင်ငံခြားကုမ္ပဏီ များ။

[145] Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH၊ "မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး ကဏ္ဍ၊ ဘဏ်များအတွက် စိမ်ခေါ်မှု တစ်ရပ်" တတိယအကြိမ် ထုတ်ဝေမှု၊ ၂၀၁၆ ခုနှစ်။ (https://www.giz.de/en/downloads/giz2016-en-Banking_Report.pdf)

စစ်အရာရှိများက စီမံခန့်ခွဲပြီး MEC ၏ ဆက်စပ်နှင့် လက်အောက်ခံ လုပ်ငန်းများအတွက် မောင်းနှင်အားအဖြစ် လုပ်ဆောင်ကြောင်း GIZ က တွေ့ရှိခဲ့သည်။[146]

၆၆။ မြဝတီနှင့် အင်းဝဘဏ်တို့က တပ်မတော်အတွက် အကျိုးအမြတ် မည်မျှ ထုတ်လုပ်ပေးနေသည်မှာ ရှင်းလင်းမှု မရှိသော်လည်း ယင်းတို့သည် MEHL နှင့် MEC နှင့် လုပ်ငန်းခွဲများအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး သူတို့၏ မိခင် ကုမ္ပဏီများဖြစ်သော MEHL နှင့် MEC တို့အပေါ် အမေရိကန်က ပိတ်ဆို့အရေးယူထားသည့် အချိန်တွင်ပင် သူတို့၏ ပိုင်ရှင်များအား နိုင်ငံတကာ ဘဏ်စနစ်ကို အသုံးပြုနိုင်စေသည်။[147] လူထု ဘဏ်ဝန်ဆောင်မှုကို ပေးခြင်းအားဖြင့် တပ်မတော်၏ စစ်ဆင်ရေးများကို ငွေကြေး ထောက်ပံ့နိုင်ရန် စစ်သားများ၊ ရဲဘော်ဟောင်းများနှင့် အခြား မြန်မာနိုင်ငံသားများထံမှ တစ်ခါတစ်ရံ မထည့်မနေရဖြင့် တပ်မတော်အနေဖြင့် ရံပုံငွေများကို ဆွဲယူနိုင်သော ယန္တယားကိုလည်း ပေးထားသည်။

၆၇။ MEHL နှင့် MEC လုပ်ငန်းခွဲများသည် မြန်မာနိုင်ငံတလျောက်လုံးတွင် အမျိုးမျိုးသော လုပ်ငန်းများတလျောက်တွင် ကျယ်ပြန့်သော အတိုင်းအတာ စီးပွားရေး လုပ်ငန်းဆောင်ရွက်မှုများရှိနေသည်။ အများအပြားမှာ မြန်မာပြည်တွင် စီးပွားရေး လုပ်ငန်းများနှင့် ဖက်စပ်လုပ်ဆောင်မှုမှ အကျိုးအမြတ်ရသည်။ ဤအစီရင်ခံစာ နောက်ပိုင်းတွင်ဆွေးနွေးထားသည့်အတိုင်း MEHL နှင့် MEC လက်ခွဲများသည် ကချင်နှင့် ရှမ်းပြည်နယ်များရှိ ကျောက်စိမ်းနှင့် ပတ္တမြား တူးဖော်မှုများတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နေကြသည်။[148] သို့ရာတွင် ထို လက်အောက်ခံ လုပ်ငန်းထဲမှ အချို့သည် နိုင်ငံ၏ အခြားသော အစိတ်အပိုင်းများရှိ အခြားသော တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများတွင် လုပ်ဆောင်ကြသည်။ ဥပမာ MEHL တစ်ခုလုံး ပိုင် လုပ်ငန်းခွဲ ဖြစ်သည့် မြန်မာ့ ပတ္တမြား လုပ်ငန်းသည် ပုဂ္ဂလိက ကုမ္ပဏီတစ်ခု ဖြစ်သော Geo-70 လီမိတက် နှင့် တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်ရှိ ဆင်ဖြူတိုင်တွင် "စက်မှုကုန်ကြမ်းပစ္စည်းများ" တူးဖော်ထုတ်လုပ်ရေး အတွက် ဖက်စပ်လုပ်ငန်း ထူထောင်ထားသည်။[149]

---

146 Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH၊ "မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး ကဏ္ဍ၊ ဘဏ်များအတွက် စိမ်ခေါ်မှု တစ်ရပ်" တတိယအကြိမ် ထုတ်ဝေမှု၊ ၂၀၁၆ ခုနှစ်။ (https://www.giz.de/en/downloads/giz2016-en-Banking_Report.pdf)

147 Sean Gleeson၊ "US က ဘဏ်များအပေါ် ပိတ်ဆို့မှု လျော့ချ၊ တိုင်ကွန်းများအတွက် အနည်းငယ် ပျော်စရာ ဖြစ်" Frontier Myanmar၊ ၂၀၁၆ မေ ၁၇ ရက်၊ (https://frontiermyanmar.net/en/news/us-eases-sanctions-banks-little-joy-tycoons)၊ အမေရိကန် ပြည်ထောင်စု ဘဏ္ဍာရေး ဌာန၊ "မြန်မာနှင့် သက်ဆိုင်သော အရေးယူပိတ်ဆို့မှု အစီအစဉ်ကို အဆုံးသတ်သည့် စီမံခန့်ခွဲမှု အမိန့် ထုတ်ပြန်ခြင်း၊ မြန်မာနှင့် သက်ဆိုင်သော သတ်မှတ်ချက်များ ဖယ်ရှားခြင်းများ"၊ ၂၀၁၆ အောက်တိုဘာ ၇ ရက်။ (https://www.treasury.gov/resource-center/sanctions/OFAC-Enforcement/Pages/20161007.aspx).

148 အသေးစိတ် သိလိုပါက နောက်ဆက်တွဲ ၃၊ ကချင်နှင့် ရှမ်းပြည်နယ်များရှိ သယံဇာတ တူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ တွင်ကြည့်။

149 ကိုးကားချက်အမှတ် 5/3/အခ၈/ပိုင် ( ၂၁ ၂၄/ ၂၀၁၈ ) ၊ "EITI လုပ်ငန်းစဉ်အတွက် MEDL ၏ အချက်အလက် ကိန်းဂဏန်းများ တင်ပြခြင်း"၊ ၂၀၁၈ ဇွန် ၂၈ ရက်။ (https://myanmareiti.org/files/uploads/mehl_information_data_for_eiti.pdf)

၆၈။ MEHL နှင့် MEC လက်ခွဲများ သာကမက တပ်မတော်က တိုက်ရိုက်လည်း မြန်မာနိုင်ငံ တလျောက် ကြီးမားသော မြေယာ ပမာဏ အတိုင်းအတာတစ်ခုကို ပိုင်ဆိုင်ထားပြီး ယင်းတို့မှ အများစုမှ တန်ဖိုးကြီး အိမ်ယာများ ဖြစ်သောကြောင့် အဓိက ဝင်ငွေ လမ်းကြောင်းကို ဖြစ်စေသည်။ ယင်းတို့တွင် MEHL ပိုင် ရန်ကုန်ရှိ ပျင်းမပင် စက်မှုဇုံ၊ ရန်ကုန်ရှိ ကာကွယ်ရေး ဝန်ကြီးဌာနပိုင် "ရွှေမြို့တော်" အိမ်ယာ ဖွံ့ဖြိုးရေး စီမံကိန်း၊ နှင့် တပ်ထောက်ချုပ်ပိုင် မြေကို ငှားရမ်းထားသော ဆူးလေ-ရှန်ဂရီလာ ဟိုတယ်နှင့် ဆူးလေရင်ပြင် စီးပွားရေး စီမံကိန်းတို့ပါဝင်ကြောင်း မစ်ရှင်က ယုံကြည်ရလောက်သော အချက်အလက်များ ရရှိထားသည်။ [150] မြန်မာဈေးကွက်ကို ဝင်ရောက်လာသော အချို့ နိုင်ငံခြား ကုမ္ပဏီများသည် သူတို့၏ ရုံးနှင့် လုပ်ငန်း နေရာများအတွက် MEHL၊ MEC နှင့် တပ်မတော်ပိုင် သို့မဟုတ် ငှားရမ်းထားသော စီးပွားဖြစ် အိမ်ယာများကို ငှားရမ်းကြသည်။ ဥပမာ တစ်ခုမှာ နော်ဝေ တယ်လီဖုန်း ဆက်သွယ်ရေး ကုမ္ပဏီနှင့် မြန်မာနိုင်ငံတွင် 4G ကွန်ရက် အကြီးမားဆုံး ဖြန့်ဝေပေးနေသည့် ကုမ္ပဏီဖြစ်သော တယ်လီနောသည် ရန်ကုန်ရှိ ဆူးလေရင်ပြင်တွင် ရုံးခန်းများ အများအပြား ငှားရမ်းထားသည်။[151] MEHL နှင့် MEC လက်ခွဲလုပ်ငန်းများသည် ခရီးသွား လုပ်ငန်းတွင်လည်း ပါဝင်သည်။ ဥပမာ- မြဝတီ ခရီးသွားလုပ်ငန်း ကုမ္ပဏီ လီမိတက် နှင့် နဝဒေး ဟော်တယ်နှင့် ခရီးသွားလုပ်ငန်း လီမိတက်၊ တို့ကို MEHL က လည်ပတ်ပြီး MEC ကလည်း ဥက္ကလာပ ဂေါက်ကွင်းကို လည်ပတ်သည်။[152]

၆၉။ MEHL နှင့် MEC လုပ်ငန်းခွဲများသည် တပ်မတော်ခေါင်းဆောင်များ၏ မိသားစုဝင်များမှ တဆင့်လည်း ဆက်နွယ်နေသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ သားဖြစ်သူ ဦးအောင်ပြည့်စုံသည် MEC တယ်လီဖုန်း ဆက်သွယ်ရေး ဖက်စပ်လုပ်ငန်း နှင့် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် အကြီးဆုံး တယ်လီဖုန်း ဆက်သွယ်ရေး ကွန်ရက် ဝန်ဆောင်မှု ပေးသည့် လုပ်ငန်း ဖြစ်သည့် MyTel တွင် အဓိက ရင်းနှီးမြှုပ်နှံသူ ဖြစ်သည်။[153] သူသည် MEC ၏ လက်ခွဲ ဖြစ်ပြီး တပ်တော်သားများအားလုံး အာမခံ ဝယ်ယူရန် လိုအပ်သော အောင်မြင့်မိုရ်မင်း အာမခံ လုပ်ငန်းတွင် အရေးပါသော ရှယ်ယာပမာဏကို ပိုင်ဆိုင်သည်ဟု စွပ်စွဲချက်များ ရှိသည်။[154](ထပ်တိုးသတင်းရှိ)

၇၀။ ဤလက်ခွဲ လုပ်ငန်းများသည် MEHL နှင့် MEC အတွက် သူတို့ ထုတ်လုပ်ပေးသော ဝင်ငွေများနှင့် အောက်ပါ အပိုင်းတွင် ဖော်ပြထားသော တပ်မတော် စစ်ဆင်ရေးများနှင့်

---

150 ဒစ်ဂျစ်တယ် မှတ်တမ်းများ ၂၀၀၅။

151 "မြန်မာနိုင်ငံတွင် ယခုအခါ တယ်လီနောသည် အကြီးမားဆုံး 4G ကွန်ရက်"၊ The Myanmar Times (https://www.mmtimes.com/news/telenor-now-largest-4g-network-myanmar.html); "နော်ဝေး နိုင်ငံတကာ ဖွံ့ဖြိုးရေး ဝန်ကြီး တယ်လီနော မြန်မာသို့ သွားရောက်" တယ်လီနော၊ ၂၀၁၉ မတ် ၂၇၊ (https://www.telenor.com.mm/en/article/norwegian-minister-international-development-visited-telenor-myanmar).

152 နောက်ဆက်တွဲ ၂။ မြန်မာစီးပွားရေး ဦးပိုင်လီမိတက် (MEHL) နှင့် မြန်မာ့ စီးပွားရေး ကော်ပိုရေးရှင်း (MEC)

153 နောက်ဆက်တွဲ ၄။ ၂၀၁၇ စက်တင်ဘာတွင် တပ်မတော်က တောင်းခံခဲ့သော အလှူရှင်နှင့် အသေးစိတ် အလှူငွေ စာရင်း။ စောရည်နန္ဒာ၊ "MyTel က အသုံးပြုသူ နှစ်ဆတိုးရန် ရည်မှန်း"၊ Myanmar Times, ၂၀၁၉ ဖေဖော်ဝါရီ ၁၄ ရက်။ (https://www.mmtimes.com/news/mytel-aims-double-subscribers.html).

154 ဒစ်ဂျစ်တယ် မှတ်တမ်းများ ၂၀၀၅။

ကြွယ်ဝမှုကို ဖြည့်စည်းပေးမှုနှင့် ပတ်သက်သည့် ပိုမိုတိုက်ရိုက်ဖြစ်သော အခြားသော နည်းလမ်းများ နှစ်ခုစလုံးအားဖြင့် တပ်မတော်ကို အကျိုးအမြတ် ရရှိစေသည်။

## ဂ။ နိုင်ငံတော်ပိုင် စီးပွားရေးအဆောက်အအုံများရှိ တပ်မတော်၏ အခန်းကဏ္ဍနှင့် အကျိုးစီးပွားများ

၇၁။ တပ်မတော်သည် MEHL နှင့် MEC တို့ နှင့် နိုင်ငံပိုင် လုပ်ငန်းများ (SOE များ) အကြား တူးဖော်ထုတ်လုပ်ကဏ္ဍ၏ အတွင်း နှင့် အပြင် နှစ်ခုစလုံးတွင် ရှိထားသော ဆက်ဆံမှုများမှလည်း အကျိုးကျေးဇူးများရရှိသည်။ နိုင်ငံပိုင် လုပ်ငန်းများသည် အစိုးရ၏ ဝင်ငွေ ထက်ဝက်ကို ထုတ်လုပ်ခြင်း၊ အစိုးရ၏ ဘတ်ဂျက် ထက်ဝက်ကို အသုံးပြုခြင်း နှင့် တရားဝင် စီးပွားရေး အများစုကို လည်ပတ်စေခြင်းတို့ဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးတွင် လွှမ်းမိုးအရေးပါသည့် ကဏ္ဍတွင် ပါရှိသည်။ သဘာဝ သယံဇာတ နိုင်ငံပိုင် လုပ်ငန်းများ - အမည်အားဖြင့် မြန်မာ့ ရေနံနှင့် သဘာဝ ဓါတ်ငွေ့ လုပ်ငန်း (MOGE)၊ မြန်မာ့ သတ္တုတွင်း လုပ်ငန်း သုံး ခု (ME1၊ ME2 နှင့် ME3)၊ မြန်မာ့ ကျောက်မျက် လုပ်ငန်း (MGE) နှင့် မြန်မာ့ သစ်လုပ်ငန်း (MTE) — တို့သည် ယင်း လုပ်ငန်း ကဏ္ဍများတွင် အကြီးဆုံးနှင့် သြဇာအာဏာ အရှိဆုံး လုပ်ငန်း အချို့ဖြစ်ကြသည်။ [155] သို့ရာတွင် သူတို့၏ ဘဏ္ဍာရေး ဆိုင်ရာ ကိစ္စများမှာ အတော်ပင် ပွင့်လင်းမြင်သာမှု မရှိပဲ ရှိနေသည်။

၇၂။ မြန်မာနိုင်ငံ၏ နိုင်ငံပိုင်လုပ်ငန်းများသည် MEHL နှင့် MEC တို့နှင့် တိုက်ရိုက် စီးပွားရေးအရ ဆက်ဆံရေး ရှိကြသည်။ အချက်အလက်အရ ဥပမာ တစ်ခုမှာ ကျောက်မီးသွေး တူးဖော်ရေး လုပ်ငန်းဖြစ်သည်။ မြန်မာ EITI အဆိုအရ စစ်ကိုင်းတိုင်း ဒေသကြီး ကလေးဝ၊ ကျောက်အုန်းချောင်းရှိ ကျောက်မီးသွေးတွင်းကို ထူးဟန်သစ် ကုမ္ပဏီလီမိတက်၏ တွင်းမှထွက်သော ထုတ်ကုန်ပစ္စည်းများ၏ ၃၁.၅ ရာနှုန်းမှာ နိုင်ငံပိုင်း သတ္တုတွင်းလုပ်ငန်း အမှတ် ၁ (ME1) ၊ ၆၇.၅ ရာနှုန်းမှာ ထူးဟန်သစ် ကုမ္ပဏီလီမိတက်နှင့် တစ် ရာနှုန်းမှာ MEHL သို့ ခွဲ သွားသည်။[156]

၇၃။ နိုင်ငံပိုင် လုပ်ငန်းများသည် အခြားသော တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများတွင် MEHL နှင့် MEC တို့၏ လက်ဝေခံ လုပ်ငန်းများ နှင့် ဆက်ဆံရေးများလည်း ရှိသည်။ MEHL ၏ မှတ်တမ်းများအရ ကယားပြည်နယ်တွင် ကယားပြည်နယ် ဓါတ်သတ္တု ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်တွင် ရဲထွဋ်ကျော် တူးဖော် ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်နှင့် အားကောင်းသော စီးပွားရေး ဆက်ဆံမှု ရှိပြီး MEHL ၏ လက်အောက်ခံ ကယားပြည်နယ်

---

[155] Andrew Bauer။ အာကာဟိန်း၊ ခင်စောဌေး၊ Matthew Hamilton နှင့် Paul Shortell၊ "မြန်မာနိုင်ငံ နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ ပြုပြင်ပြောင်းလဲရေး၊ သဘာဝ သယံဇာတ လုပ်ငန်းများ၏ ဖြစ်ရပ်"၊ သဘာဝ သယံဇာတ စီမံခန့်ခွဲရေး အင်စတီကျု၊ စာ-၈။ မြန်မာနိုင်ငံ၏ သဘာဝ သယံဇာတ နိုင်ငံပိုင် လုပ်ငန်းများသည် အမျိုးမျိုးသော လုပ်ငန်းများတွင် သူတို့အား လက်ဝါးကြီး အုပ်ပိုင်ခွင့် ပြုထားသော ၁၉၈၉ နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ ဥပဒေ အရ ကြီးမားသော အခွင့်အာဏာများရှိသည်။

[156] မြန်မာ သဘာဝ သယံဇာတများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအဖွဲ့ (MEITI) ၊ ၂၀၁၆ ဧပြီ ၁ ရက်မှ ၂၀၁၇ မတ် ၃၁ ရက် ကာလအတွက် မြန်မာ EITI စတုတ္ထ အစီရင်ခံစာ (FY 2016-2017) ၊ ရေနံနှင့် သဘာဝ ဓါတ်ငွေ့၊ ကျောက်မျက်ရတနာနှင့် ကျောက်စိမ်း၊ အခြား ဓါတ်သတ္တုများနှင့် ပုလဲ၊ ၂၀၁၉ မတ် ၃၀ ရက် (https://myanmareiti.org/sites/myanmareiti.org/files/publication_docs/4th_meiti_report_30_march_2019_1.pdf)၊ စာ- ၇၂။

ဓါတ်သတ္တု ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်က သွပ်၊ တန်စတင်နှင့် ရှီးလိုက် သတ္တုများအပါအဝင် ဓါတ်သတ္တု ထုတ်လုပ်မှု ရှယ်ယာ၏ ၁၃ ရာနှုန်း ရရှိပြီး ရဲထွန်းကျော် သတ္တု ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်က ရှယ်ယာ ၅၄ ရာနှုန်းနှင့် ကျန်ရှိသော ၃၃ ရာနှုန်းကို နိုင်ငံပိုင်လုပ်ငန်း ME2 က ရရှိသည်။[157]

၇၄။ MEHL နှင့် MEC တို့၏ လက်အောက်ခံ လုပ်ငန်းများနှင့် တွဲဖက် မှုမှတဆင့် ထုတ်လုပ်ရရှိသော ဝင်ငွေ အပြင် နိုင်ငံပိုင် လုပ်ငန်းများသည်လည်း တပ်မတော်ကို ပိုမို၍တိုက်ရိုက် အကျိုးကျေးဇူးရှိစေနိုင်သည်။ ၁၉၉၀ ခုနှစ်များနှင့် ၂၀၁၂ ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့သော ပြုပြင်ပြောင်းလဲရေးများ၏ အကျိုးဆက်အဖြစ် အစိုးရက နိုင်ငံပိုင်လုပ်ငန်းများကို ဘဏ္ဍာရေး လုပ်ပိုင်ခွင့်များကို ပိုမို ပေးအပ်ခဲ့ရာ နိုင်ငံပိုင် လုပ်ငန်းများသည် လွတ်လပ်သော အကောင့်များတွင် ကြီးမားသော အရံငွေများကို တစ်နှစ်မှ နောက်တစ်နှစ်သို့ သယ်ဆောင်သည့် အလေ့အထကို လက်ခံ ကျင့်သုံးလာခဲ့ကြသည်။ ရလာဒ်အားဖြင့် ရေနံနှင့် သဘာဝ ဓါတ်ငွေ့၊ ကျောက်မျက် နှင့် သစ်လုပ်ငန်း ကဏ္ဍများရှိ ထုတ်လုပ်ရေး လုပ်ငန်းများမှ သိသာထင်ရှားသော ဝင်ငွေ အစိတ်အပိုင်းများသည် "အခြား အကောင့်များ" ဟု သိကြသော ဘတ်ဂျက်လိုင်းအောက်တွင် နိုင်ငံပိုင်လုပ်ငန်းများက ထိန်းသိမ်းထားကြသည်။ "အခြား အကောင့်များ" ကို နိုင်ငံပိုင်လုပ်ငန်းများ၏ ရံပုံငွေအဖြစ် စဉ်းစားပြီး ယင်းတို့၏ သီးခြား လုပ်ငန်းများနှင့် ငွေအရင်းအနှီး ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ချက်အတွက် ထိန်းသိမ်းထားခြင်း ဖြစ်သည်။ [158] နိုင်ငံပိုင်လုပ်ငန်းများ၏ "အခြားအကောင့်များ" သည် အကျိုးခံစားခွင့်များကို အစိုးရအား ထောက်ခံသော ပုဂ္ဂလိက နိုင်ငံရေး ခေါင်းဆောင်များ၏ ကွန်ရက်များအား ဖြန့်ဝေပေးရန် အသုံးပြုကြောင်း ယုံကြည်ရလောက်သော အစီရင်ခံချက်များကို မစ်ရှင်က သုံးသပ်ထားသည်။ [159] ဤဖြစ်စဉ်၏ ရှင်းလင်းသော နမူနာမှာ ယခင် စစ်တပ် အရာရှိများ၏ ဦးဆောင်မှုများ လွှမ်းမိုးနေသည့် နိုင်ငံပိုင် မြန်မာ့ကျောက်မျက် လုပ်ငန်းသည် ကျောက်စိမ်းကဏ္ဍတွင် တပ်မတော်နှင့် တပ်မတော်နှင့် ဆက်စပ်သော စီးပွားရေး လုပ်ငန်းများ၏ အကျိုးစီးပွားကို ကာကွယ်ရန် အတွက် တာဝန်ရှိကြောင်း မီဒီယာများက အစီရင်ခံခဲ့သည်။ [160] သို့ရာတွင် သတ္တုတူးဖော်ရေး လုပ်ငန်းရှိ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ၏ "အခြားအကောင့်များ"ကို ဖျက်သိမ်းပစ်ပြီး သူတို့၏ ဝင်ငွေများအားလုံး ကို ပြည်ထောင်စု အစိုးရထံ

[157] ကီးကားချက်အမှတ် 5/3/အခရ/ပိင် ( ၊၁ ၊၄/ ၊၀၁၈)၊ "EITI လပ်ငန်းစဉ်အတက် MEDL ၏ အချက်အလက် ကိန်းဂဏန်းများ တင်ပြခြင်း"၊ ၊၀၁၈ ဇွန် ၊၈ ရက်။ (https://myanmareiti.org/files/uploads/mehl_information_data_for_eiti.pdf).

[158] သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု ကြိုးပမ်းချက်၊ "မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့ ဝင်ငွေများ မည်သူရပါသလဲ။ MOGE ၏ 'အခြားအကောင့်များ' ကိုနားလည်ခြင်း"၊ ၂၀၁၆ မတ်လ (https://resourcegovernance.org/sites/default/files/documents/infobooklet-moge-other-accounts-english.pdf)

[159] Patrick R.P. Heller နှင့် Lorenzo Delesgues, "ရွှေဂိတ်စောင့်များ။မြန်မာနိုင်ငံ၏ နိုင်ငံတော်ပိုင် ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတူးဖော်ရေး လုပ်ငန်း" သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု ကြိုးပမ်းချက်၊ စာ-၂။ (https://resourcegovernance.org/sites/default/files/documents/nrgi_myanmar-state-owned-enterprises_full-report.pdf)

[160] Daniel Pye၊ "မြန်မာ့ ကျောက်စိမ်း ကုန်သွယ်မှု၏ အမှောင်ရိပ်" ၂၀၁၆ စက်တင်ဘာ ၂၆ ရက်၊ Financial Times (https://www.ft.com/content/cf46e086-6909-11e6-a0b1-d87a9fea034f)

လွှဲပြောင်းသွားလိမ့်မည်ဖြစ်ကြောင်း မကြာသေးမီက အစိုးရက ကြေညာခဲ့သည်ကို မစ်ရှင်က မှတ်သားထားသည်။[161]

### ဃ။ တပ်မတော်နှင့် ဆက်စပ်မှုရှိသော ပုဂ္ဂလိကပိုင် ကုမ္ပဏီများနှင့် စီးပွားရေး လုပ်ငန်းအုပ်စုကြီးများ။

၇၅။ ၁၉၉၈ ခုနှစ်တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (SLORC) သည် အစိုးရ လည်ပတ်မှုများကို သိမ်းပိုက်ထိန်းချုပ်လိုက်ပြီး တပ်မတော် အုပ်ချုပ်ရေး ကာလသစ်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေး တပိုင်းတစ လွတ်လပ်မှုကာလကို စတင်ခဲ့သည်။ [162] ယင်းမှာ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆန့်ကျင်သော ကျယ်ပြန့်သော အစိုးရ ဆန့်ကျင်ရေး ဆန္ဒပြမှုများ၊ ဗိုလ်ချုပ်ကြီးနေဝင်း၏ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ မြင့်မားနေသော ခြစားမှုနှင့် ညံ့ဖျင်းသော စီးပွားရေးစီမံခန့်ခွဲမှုများအပေါ် တုန့်ပြန်ချက်အနေဖြင့် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဤစီးပွားရေး တစ်ပိုင်းတစ်စ လွတ်လပ်မှု ကာလအတွင်း နဝတ (SLORC) သည် ထုတ်လုပ်နိုင်စွမ်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို ဦးစားပေးမည့်အစား နိုင်ငံရေး ခေါင်းဆောင်မှုနှင့် ဆက်စပ်နေသော နိုင်ငံရေးနှင့် စီးပွားရေးစနစ်ကို မြှင့်တင်ခဲ့ပြီး ပုဂ္ဂလိက လုပ်ငန်းများကို အောင်မြင်မှု ရစေခဲ့သည်။ ယင်းသည် အပြန်အလှန်အနေဖြင့် ခြစားမှုများနှင့် အများပိုင် သယံဇာတများအပေါ် မညီမျှသော ခွဲဝေမှုများ ဖြစ်စေခဲ့ပြီး သူတို့အား နိုင်ငံရေးအရ သစ္စာရှိမှုအတွက် အပြန်အလှန်အားဖြင့် ပေးသည့်အနေဖြင့် အုပ်ချုပ်နေသော စစ်အစိုးရက ဦးစားပေးဆက်ဆံခြင်းမှ အကျိုးအမြတ်ရလာသည့် ပုဂ္ဂလိက ကုမ္ပဏီများနှင့် စီးပွားရေး လုပ်ငန်းအုပ်စုကြီးများ အများအပြား၏ ကြီးထွားမှုကို မြှင့်တင်ခြင်းဖြင့် “ခရိုနီကုမ္ပဏီများ” ဟု လူသိများလာကြသည်။[163]

၇၆။ ယနေ့အခါ မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် စီးပွားရေး ပြောင်းလဲမှုများ ရှိသော်လည်း တပ်မတော်၊ ယင်း၏ စီးပွားရေး လုပ်ငန်းအုပ်စုကြီးများဖြစ်သည့် MEHL နှင့် MEC နှင့် ခရိုနီ ကုမ္ပဏီများကိန်းဂဏန်း အများအပြားသည် စီးပွားရေး ဆိုင်ရာ၊ ကုန်သွယ်မှု ဆိုင်ရာ၊ မိသားစုဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ နှင့် လုပ်ငန်းလည်ပတ်မှု ဆက်ဆံရေးတို့မှ တဆင့် နီးကပ်စွာ ဆက်လက် ချိတ်ဆက်နေပြီး ယင်းသည် တပ်မတော်နှင့် ယင်း၏ ခေါင်းဆောင်မှုကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သော နည်းဖြင့် အကျိုး ဖြစ်ထွန်းနေစေသည်။ အောက်ဖော်ပြပါ စီးပွားရေး လုပ်ငန်းအုပ်စုကြီးများသည် မြန်မာနိုင်ငံရှိ အကြီးမားဆုံးသော ခရိုနီ ကုမ္ပဏီများထဲတွင် ပါဝင်ကြောင်း မစ်ရှင်က သတ်မှတ်သည်။ ယင်းတို့မှာ Asia World Group (အေးရှားဝေါလ်

[161] ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၊ သမ္မတရုံး၊ “ဘဏ္ဍာရေး ကော်မရှင် အစည်းအဝေး ၃/၂၀၁၉ တွင် သမ္မတ ဦးဝင်းမြင့် မိန့်ခွန်းပြော” ၂၀၁၉ ဇွန် ၁၈ ရက်။ (http://www.president-office.gov.mm/en/?q=briefing-room/news/2019/06/18/id-9397)

[162] အသေးစိတ် အချက်များကို A/HRC/39/CRP.2၊ စာပိုဒ် ၇၃-၇၅ ကြည့်။ D. Steinberg၊ *မြန်မာ။ နိုင်ငံရေးနှင့် စီးပွားရေး စံလွှဲမှုများ၊* The Asia Foundation Working Paper Series - Working Paper #5 (၁၉၉၇)

[163] အသေးစိတ်အချက်များကို အောင်မင်းနှင့် Toshihiro Kudo၊ “မြန်မာနိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှု ဝန်းကျင်ရှိ စီးပွားရေး လုပ်ငန်း အုပ်စုကြီးများ။” Michael Peel၊ “မြန်မာနိုင်ငံ၊ စစ်တပ် စီးပွားရေး အဆောက်အဦ။” Financial Times၊ ၂၀၁၇ ဖေဖော်ဝါရီ ၂ ရက်။ (https://www.ft.com/content/c6fe7dce-d26a-11e6-b06b-680c49b4b4c0)

အုပ်စု)၊ Eden Group (အေဒင်အုပ်စု)၊ First Myanmar Group of Companies (ပထမမြန်မာ ကုမ္ပဏီများ အုပ်စု)၊ ထူး အုပ်စု၊ IBTC၊ IGE အုပ်စု၊ Kanbawza Group (ကမ္ဘောဇ အုပ်စု- KBZ အုပ်စု)၊ လွယ်ဟိန်း၊ မက်စ်မြန်မာ၊ ရွှေတောင်၊ နှင့် ရွှေသံလွင် အုပ်စုများ ဖြစ်သည်။ [164] အကုန်မဟုတ်သော်လည်း ဤခရိုနီကုမ္ပဏီအများအပြားသည် တပ်မတော်၏ အဆင့်မြင့် ခေါင်းဆောင်များ၏ တောင်းဆိုမှုဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ရိုဟင်ဂျာများအပေါ် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" စတင်လုပ်ဆောင်ပြီး နောက်ပိုင်း အလှူငွေများ ပုံစံဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ စစ်ဆင်ရေးများကို ပံ့ပိုးရန် တပ်မတော်ကို ဘဏ္ဍာရေး ထောက်ပံ့မှုများ ပေးခဲ့ကြသည်။[165]

၇၇။ သတ္တု တူးဖော်ရေး လုပ်ဆောင်မှုများက MEHL နှင့် MEC နှင့် ယင်းတို့၏ လုပ်ငန်းခွဲများ၏ ခရိုနီကုမ္ပဏီများတွင် အားကောင်းသော စီးပွားရေး အကျိုးခံစားခွင့်များ ရှိနေကြောင်း ရှင်းလင်းသည့် ဖော်ပြမှုကို ပေးနေသည်။ ဥပမာ- မြန်မာ EITI နှင့် စီးပွားရေး မှတ်တမ်းများအရ ကမ္ဘောဇ အုပ်စုကို လိုင်စင် ချထားပေးသော စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးရှိ ဂိုမ်းဖောအောင် ကျောက်စိမ်း တူးဖော်ရေး ၏ ထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်းကို ချထားပေးသော စီစဉ်မှုကို MEHL က ရရှိခဲ့သည်။[166]

၇၈။ ပြည်တွင်း ကုမ္ပဏီများနှင့် MEHL၊ MEC နှင့် ယင်းတို့၏ လက်အောက်ခံ လုပ်ငန်းများသည် မိသားစုဆိုင်ရာများဖြင့်လည်း ချိတ်ဆက်နေကြောင်း အစီရင်ခံချက်များ ရှိသည်။ IGE အုပ်စု တည်ထောင်သူနှင့် ဥက္ကဋ္ဌ ဖြစ်သူ ဦးနေအောင်သည် မြန်မာ့တပ်မတော်-ရေ ဦးစီးချုပ် နှင့် MEHL၊ MEC လီမိတက်နှင့် ယင်းတို့၏ လက်ခွဲ ကုမ္ပဏီအချို့၏ ညွှန်ကြားရေးမှူး ဖြစ်သော ရေတပ်ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ညီအစ်ကိုတော်စပ်သည်။ IGE အုပ်စုသည် သစ်တော၊ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးနှင့် စွမ်းအင် အပါအဝင် အမျိုးမျိုးသော ကဏ္ဍများ တလျောက် လုပ်ငန်းလုပ်ဆောင်သော အဓိက စီးပွားရေး လုပ်ငန်းအုပ်စုကြီး တစ်ခု ဖြစ်သည်။ IDE အုပ်စုသည် MEC တယ်လီဖုန်း ဆက်သွယ်ရေး ဖက်စပ်လုပ်ငန်းနှင့် မြန်မာနိုင်ငံ၏ စတုတ္ထအကြီးဆုံး

---

[164] အသေးစိတ်အချက်များကို အောင်မင်းနှင့် Toshihiro Kudo၊ "မြန်မာနိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှု ဝန်းကျင်ရှိ စီးပွားရေး လုပ်ငန်း အုပ်စုကြီးများ။" Michael Peel၊ "မြန်မာနိုင်ငံ၊ စစ်တပ် စီးပွားရေး အဆောက်အဦ။" Financial Times၊ ၂၀၁၇ ဖေဖော်ဝါရီ ၂ ရက်။ (https://www.ft.com/content/c6fe7dce-d26a-11e6-b06b-680c49b4b4c0); "တိုင်ကွန်းများကို ခြေရာခံခြင်း" The Irrawaddy၊ ၂၀၀၈ စက်တင်ဘာ။ (https://www2.irrawaddy.com/article.php?art_id=14151&page=1).

[165] နောက်ဆက်တွဲ ၄။ ၂၀၁၇ စက်တင်ဘာတွင် တပ်မတော်၏ တောင်းခံမှုအပေါ် အလှူရှင်စာရင်းနှင့် အသေးစိတ် လှူဒါန်းမှုများ တွင် ကြည့်။

[166] မြန်မာ သဘာဝ သယံဇာတ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (MEITI) ။ ၂၀၁၆ ဧပြီ ၁ ရက်မှ ၂၀၁၇ မတ် ၃၁ ရက်ကြား ကာလ အတွက် မြန်မာ EITI ၏ စတုတ္ထ အစီရင်ခံစာ။ (FY 2016-2017) ၊ ရေနံနှင့် သဘာဝ ဓါတ်ငွေ့၊ ကျောက်မျက်နှင့် ကျောက်စိမ်း၊ အခြား ဓါတ်သတ္တုများ နှင့် ပုလဲ၊ ၂၀၁၉ မတ် ၃၀ ရက်။ စာ- ၇၂။ (https://myanmareiti.org/sites/myanmareiti.org/files/publication_docs/4th_meiti_report_30_march_2019_1.pdf)။ မစ်ရင်သည် ကမ္ဘောဇ အုပ်စု ပိုင်ရှင် ဦးအောင်ကိုဝင်း က အာရရှိအဖြစ်ဆောင်ရွက်သည် ကုမ္ပဏီပေါင်း ၄၇ ခုနှင့် သူ၏ ဇနီးဖြစ်သူ ဒေါ် နန်းသန်းထွေး အရာရှိအဖြစ် ဆောင်ရွက်သည့် ကုမ္ပဏီ၂၃ ခုတို့ကို ဖော်ထုတ်နိုင်ခဲ့သည်။ စီးပွားရေးမှတ်တမ်းများမှာ မစ်ရှင်တွင် ဖိုင်တွဲများဖြင့် သိမ်းထားသည်။

တယ်လီဖုန်းဆက်သွယ်ရေး ကွန်ရက် ဝန်ဆောင်မှု ပေးသူ ဖြစ်သော Mytel တွင်လည်း ပါဝင်ပတ်သက်သည်။[167]

၇၉။ ခရိုနီ ကုမ္ပဏီများသည် တပ်မတော်နှင့် ယင်း၏ ခေါင်းဆောင်မှု၏ ကြွယ်ဝ ချမ်းသာမှုများကို ဖုံးကွယ်ပေးထားမှုအပေါ် ပြင်းထန်သော စွပ်စွဲချက်များလည်း ရှိသည်။ ယင်း စွပ်စွဲချက်များသည် နောက်ထပ် စုံစမ်းစစ်ဆေးမှုများ လိုအပ်သည်။ သို့ရာတွင် အေးရှားဝေါလ် အုပ်စု စီမံခန့်ခွဲမှု ဒါရိုက်တာ စတီဗင်လော (ထွန်းမြင့်နိုင်ဟုလည်း သိကြသည်) မှာ တပ်မတော်အတွက် ငွေကြေး ခဝါချရာတွင် ပါဝင်သည်ဟု အမေရိကန် အစိုးရက စွပ်စွဲထားသည်ကိုလည်း မစ်ရှင်က မှတ်သားထားသည်။ [168] အေးရှားဝေါလ်သည် စင်္ကာပူတွင် စတီဗင်လော [169] နှင့် သူ၏ အိမ်ထောင်ဖက် စင်္ကာပူ နိုင်ငံသူ ဆီစီလီယာငယ် တို့ လည်ပတ်သော "နိုင်ငံခြားကုမ္ပဏီအခွဲများ" သုံးခုရှိသည်။ မြန်မာနိုင်ငံတွင် စင်္ကာပူ၏ ရင်းနှီးမြှုပ်နှံမှု ထက်ဝက်ကျော်သည် အေးရှားဝေါလ် အုပ်စုမှ တဆင့် သွားကြောင်း အစီရင်ခံမှုများရှိပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁.၃ ဘီလီယံ ကျော်ရှိသည်။[170]

## ၄။ တပ်မတော်နှင့် တွင်းထွက် သယံဇာတ တူးဖော်ရေးလုပ်ငန်း

၈၀။ အချို့သော ကဏ္ဍများတွင် တပ်မတော်၏ စီးပွားရေး လှုပ်ရှားမှုများသည် စစ်ရေး မဟာဗျူဟာ နှင့် ဆက်နွယ်နေသည်။ ယင်းမှာ ကချင်နှင့် ရှမ်းပြည်နယ်များရှိ ကျောက်စိမ်းနှင့် ပတ္တမြား မော်များတွင် တပ်မတော်၏ ပတ်သက်မှုက အထူးသဖြင့် အထောက်အထား ဖြစ်စေသည်။ ထိုနေရာများတွင် စီးပွားရေး အကျိုးအမြတ်များမှာ ယင်း၏ စစ်ရေး ရည်မှန်းချက်များနှင့် ထပ်လျက်ရှိနေသည်။ ၁၉၆၀ ခုနှစ်များကတည်းက ကျင့်သုံးခဲ့သော တပ်မတော်၏ "ဖြတ်လေးဖြတ်" သောင်းကျန်းသူ ဆန့်ကျင်ရေး မူဝါဒ သည် အစိုးရမဟုတ်သော လက်နက်ကိုင် အုပ်စုများကို ဒေသခံအရပ်သား ပြည်သူများထံမှ အစားအစာ၊ ငွေကြေး၊ သတင်းအချက်အလက် နှင့် တပ်သားသစ်စုဆောင်းမှု မရရှိစေရန် ဖြတ်တောက်ရန် ရည်ရွယ်သည်။ [171] ဤမူဝါဒသည်

---

[167] နောက်ဆက်တွဲ ၄။ ၂၀၁၇ စက်တင်ဘာလတွင် တပ်မတော်ကတောင်းဆိုခဲ့မှုအပေါ် အလှူငွေထည့်ဝင်ခဲ့သည့် အလှူရှင်စာရင်းနှင့် အလှူငွေ စာရင်း အသေးစိတ်။

[168] Earthrights International 2011 " မြန်မာ- တရုတ် ပိုက်လိုင်း- လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ သက်ဆိုင်ရာ ဥပဒေနှင့် ဝင်ငွေ လျို့ဝှက်ချက်" မတ်လ၊ စာ-၄။ နှင့် အမေရိကန် ဘဏ္ဍာရေးဌာန၊ အထူး သတမှတ်ထားသော နိုင်ငံသားများနှင့် ပိတ်ဆို့ထားသည့် လူပုဂ္ဂိုလ်များ၊ ၂၀၁၁ ဖေဖော်ဝါရီ ၂၅၊ (http://www.treasury.gov/ofac/ downloads/t11sdn.pdf

[169] အောင်မင်း နှင့် Toshihiro Kudo၊ "မြန်မာနိုင်ငံ စီးပွားရေး ပြုပြင်ပြောင်းလဲမှု ဝန်းကျင်ရှိ စီးပွားရေး လုပ်ငန်းအုပ်စုကြီးများ။" စာ- ၁၄၇။ စတီဗင်လောသည် လော်ဆစ်ဟန်၏ သားဖြစ်သည်။ သူနှင့် သူ့အဖေသည် အမေရိကန်က ပိတ်ဆို့အရေးယူသူ စာရင်းတွင် ပါဝင်ခဲ့သူများဖြစ်သည်။ သူသည် အငြင်းပွားနေသော မြစ်ဆုံရေကာတာ၏ ၅ ရာနှုန်းကို ပိုင်ဆိုင်မည့် အေးရှားဝေါလ် အုပ်စု၏ ညွှန်ကြားရေးမှူးဖြစ်သည်။ မြစ်ဆုံ၏ ၈၀ ရာနှုန်းကို ယူနန်ပြည်နယ် နိုင်ငံတော် စွမ်းအင် ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း (SPIC) က ပိုင်ဆိုင်ပြီး မြန်မာ လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန(MOEE) က ၁၅ ရာနှုန်း ပိုင်ဆိုင်သည်။

[170] အောင်မင်း နှင့် Toshihiro Kudo၊ "မြန်မာနိုင်ငံ စီးပွားရေး ပြုပြင်ပြောင်းလဲမှု ဝန်းကျင်ရှိ စီးပွားရေး လုပ်ငန်းအုပ်စုကြီးများ။" စာ- ၁၄၇။ သီဟကိုကို၊ "နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စာရင်းတွင် စင်္ကာပူ ထိပ်ရောက်။" The Myanmar Times၊ ၂၀၁၉ မတ် ၂၈ ရက်။ (https://www.mmtimes.com/news/singapore-tops-list-foreign-direct-investors.html)

[171] ပိုမိုသိရှိလိုပါက A/HRC/39/CRP.2၊ စာပိုဒ် ၁၃၆၇၊ကြည့်။ XM-009, XM-010။ မောင်အောင်မျိုး၊ တပ်မတော်တည်ဆောက်ခြင်း၊ *၁၉၄၈ မှစ၍ မြန်မာ့ လက်နက်ကိုင်တပ်ဖွဲ့များ* (Institute of Southeast Asian Studies၊ စင်္ကာပူ၊ ၂၀၀၉ )။ Andrew Selth၊ မြန်မာလက်နက်ကိုင် တပ်ဖွဲ့များ၊ ဂုဏ်ယူစရာမရှိသည့် အာဏာ၊ (EastBridge, 2002).

အရပ်သား ကိန်းဂဏန်း အများအပြား သတ်ဖြတ်ခံရပြီး ရွာလုံးကျွတ်များ ဖျက်ဆီးခံရခြင်းဖြင့် အစုအပြုံလိုက် ရွှေ့ပြောင်းမှုများကို ဖြစ်စေသော မြေလုန် စီမံကိန်းများ ပါဝင်သည့် တပ်မတော်၏ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" နှင့် တသားတည်း ဖြစ်သည်။[172] သဘာဝ သယံဇာတ ပေါကြွယ်ဝသော ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်များတွင် အရင်းအမြစ်များနှင့် ဝင်ငွေများကို လက်နက်ကိုင် အဖွဲ့အစည်းများထံမရောက်ရန် ဖြတ်တောက်လျက်၊ ယင်းတို့ကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်လျက် "ဖြတ်လေးဖြတ်" မဟာဗျူဟာနှင့် တစ်သားတည်းဖြစ်သော မူဝါဒများ ကို တပ်မတော်အတွက် ဝင်ငွေ ဖော်ထုတ်ပေးသော တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများတွင် စီးပွားရေး လုပ်ဆောင်မှုများမှ တဆင့်လည်း အကောင်အထည်ဖော်ဆောင်ခဲ့ခြင်းများ ရှိခဲ့သည်။

၈၁။ မစ်ရှင်က ယခင်က အစီရင်ခံခဲ့သည့်အတိုင်းပင် တပ်မတော် အပါအဝင် ပဋိပက္ခတွင် ပါဝင်သော လက်နက်ကိုင် အဖွဲ့အစည်းများသည် သဘာဝ သယံဇာတများ အမြတ်ထုတ်မှု သို့မဟုတ် ဖွံ့ဖြိုးရေး စီမံကိန်းများ၏ အခြေအနေများ အတွင်းတွင် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေများကို ချိုးဖောက်မှု အများအပြား ကျူးလွန်ခဲ့ကြသည်။[173] အချို့သော တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူများက သူတို့အနေဖြင့် တရားမဝင် သစ်ထုတ်လုပ်မှုကို မျက်မြင်တွေ့ရှိခဲ့ခြင်းကြောင့် တပ်တော်က သူတို့ကို ပစ်မှတ်ထားခဲ့ကြောင်း[174] သို့မဟုတ် ကချင် လွတ်လပ်ရေး တပ်မတော် (KIA) ထိန်းချုပ်ထားသည့် နယ်မြေများတွင် တည်ရှိသော မော်များကို သွားရောက်နိုင်မည့် အချက်အလက်များကို တပ်မတော်က ရရှိလိုသောကြောင့် သူတို့အား နှိပ်စက်ညှင်းပမ်းခဲ့သည် ဟု ပြောပြကြသည်။[175] ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အတွင်း ကချင်ပြည်နယ် တနိုင်းမြို့နယ်ရှိ ရန်လိုတိုက်ခိုက်မှု ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများက တပ်မတော် စစ်ဆင်ရေး၏ တစ်စုံလုံး ရည်မှန်းချက်မှာ KIA ထိန်းချုပ်မှုအောက်တွင် ရှိသော ပယင်းနှင့် သယံဇာတ အရင်းအမြစ်များကို သိမ်းယူခြင်းဖြင့် KIA ၏ စီးပွားရေးကို ဖျက်စီးပစ်ရန် ဖြစ်သည်ဟု ပြောခဲ့ကြသည်။[176] မစ်ရှင်သည် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်မှုခင်းတစ်ခုကို စုံစမ်းစစ်ဆေးခဲ့ရာတွင် ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ်အတွင်းရှိ ရွှေတွင်းတစ်ခုသို့ ချဉ်းကပ်လာသော ရွာသား အုပ်စု တစ်ခုကို တပ်မတော်က ပစ်ခတ်ခဲ့သည်။ ရလာဒ်အားဖြင့် လူတစ်ဦး ကျည်ဆံထိမှန်ပြီး သေဆုံးခဲ့သည်။ ထိုအုပ်စုမှာ ဖြစ်နိုင်ချေရှိသော ရေအရင်းအမြစ် ညစ်ညမ်းမှု အပါအဝင် ရွှေတွင်း၏ သဘာဝ ပတ်ဝန်းကျင် ဘေးအန္တရာယ်များအကြောင်း သူတို့၏ စိုးရိမ်မှုများကို ကုမ္ပဏီ စီမံခန့်ခွဲမှုနှင့် ဆွေးနွေးရန် အစီအစဉ်ဖြင့် ရွှေတွင်းသို့ လမ်းလျှောက်လာခဲ့ခြင်း ဖြစ်သည်။[177]

---

[172] XM-010, XM-009, XM-012၊ Harvard ဥပဒေ ကျောင်းရှိ နိုင်ငံတကာ လူ့အခွင့်အရေး ဆေးခန်း၊ ဥပဒေဆိုင်ရာ သဘောတူစာချုပ်၊ မြန်မာနိုင်ငံ အရှေ့ပိုင်းတွင် *စစ်ရာဇဝတ်မှုများ နှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ* (၂၀၁၄) Harvard ဥပဒေ ကျောင်းရှိ နိုင်ငံတကာ လူ့အခွင့်အရေး ဆေးခန်း၊ "ဦးတည်ချက် အတိအကျမရှိသော တိုက်ခိုက်မှုများနှင့် အရပ်သားများအား မြန်မာစစ်တပ်က ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်းများ" (၂၀၁၄)။

[173] A/HRC/39/CRP.2၊ စာပိုဒ် ၁၁၁။ PI-013, PI-022, PI-026, PI-032, PI-039, PI-048, PI-054, PI-061, PI-077, PI-103, QI-080

[174] ဥပမာ- PI-039, PI-048

[175] ဥပမာ- PI-054၊ ကချင်လွတ်လပ်ရေး တပ်မတော် (KIA) အပေါ် အသေးစိတ် သိလိုပါက A/HRC/39/CRP.2၊ စာပိုဒ် ၅၂၊ ၅၃ ကြည့်။

[176] ဥပမာ- PI-043, PI-049, PI-054.

[177] GI-050, GI-001, GI-002

၈၂။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များ၏ အပြင်ဘက်တွင်ဖြစ်သော်လည်း နောက်ထပ် ဥပမာ တစ်ခု အဖြစ် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကယားပြည်နယ်ရှိ စစ်ဆေးရေး ဂိတ်တစ်ခုတွင် တပ်မတော် စစ်သားများသည် ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP)/ကရင်နီ တပ်မတော် တပ်ဖွဲ့ဝင်များနှင့် အရပ်သား တစ်ဦးကို သတ်ပစ်ခဲ့ကြောင်း မစ်ရှင်က အတည်ပြုနိုင်ခဲ့သည်။ [178] တပ်မတော်စစ်သားများသည် ထိုလူများကို စစ်ဆေးရေးဂိတ်တွင် ထိန်းသိမ်းထားပြီး ထိုနေရာတွင်ပင် သတ်ပစ်ခဲ့ခြင်း ဖြစ်သည်။ KNPP အဖွဲ့ဝင် တစ်ဦးမှာထွက်ပြေးလွတ်မြောက်ခဲ့ပြီး ယခုအခါတွင် ပုန်းအောင်းနေရသည်။ ကျူးလွန်ခံရသူများမှာ တရားမဝင် ခုတ်ယူခဲ့သော သစ်များ တပ်မတော်ကသယ်ယူပို့ဆောင်သည်ကို တွေ့မြင်ခဲ့သောကြောင့် ဥပဒေနှင့် မညီပဲ သတ်ဖြတ်ခံခဲ့ရခြင်း ဖြစ်ကြောင်း ကျိုးကြောင်းစီလျော်သော အခြေခံများအပေါ်တွင် မစ်ရှင်က သုံးသပ်သည်။[179]

## က။ ကချင်နှင့် ရှမ်းပြည်နယ်များရှိ ကျောက်စိမ်းနှင့် ပတ္တမြားမိုင်းများတွင် တပ်မတော်၊ MEHL နှင့် MEC တို့၏ ပါဝင်ပတ်သက်မှုများ

၈၃။ ယေဘူယျအားဖြင့် တပ်မတော်၏ စီးပွားရေး လုပ်ဆောင်မှုများ၏ သဘာဝနှင့် နောက်ဆက်တွဲ အကျိုးဆက်များကို နားလည်နိုင်ရန် မစ်ရှင်သည် ကချင်နှင့် ရှမ်းပြည်နယ်များရှိ ကျောက်စိမ်းနှင့် ပတ္တမြား မှော်နယ်မြေများတွင် တပ်မတော်နှင့် ယင်း၏ ဦးပိုင် ကုမ္ပဏီများ၏ ပါဝင်မှုကို ပိုမို၍ အနီးကပ် စုံစမ်းစစ်ဆေးခဲ့သည်။ လူသားတန်ဖိုး အများအပြားကို ဆုံးရှုံးခံရပြီး မြန်မာနိုင်ငံမြောက်ဘက်ရှိ ပဋိပက္ခသက်ရောက်သော နယ်မြေများတွင် တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများမှ တပ်မတော်သည် အကျိုးအမြတ်များ ရရှိပြီး ထောက်ခံ ပံ့ပိုးမှုများ ပေးသည်။ ဤလုပ်ငန်းများတွင် သဘာဝ သယံဇာတများ၊ အထူးသဖြင့် ရေနံနှင့် သဘာဝ ဓါတ်ငွေ့၊ ဓါတ်သတ္တုများနှင့် ကျောက်မျက်များ ပါဝင်သည်။ မစ်ရှင်က ရရှိထားသော နောက်ဆုံး အဖြစ်ဆုံးသော ကိန်းဂဏန်းများအရ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တူးဖော်ထုတ်လုပ်ရေး ကဏ္ဍက မြန်မာနိုင်ငံ၏ ဂျီဒီပီ၏ ၆ ရာခိုင်နှုန်း၊ နိုင်ငံ့ဝင်ငွေ၏ ၂၀ ရာခိုင်နှုန်းနှင့် ပြည်ပပို့ကုန် ၏ ၄၇.၆ ရာခိုင်နှုန်း ရှိသည်။ [180] တူးဖော်ထုတ်လုပ်ရေး ကဏ္ဍသည် မြန်မာနိုင်ငံတွင် ဒုတိယ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအကြီးမားဆုံးသော အရင်းအမြစ်ဖြစ်ပြီး သဘာဝ ဓါတ်ငွေ့နှင့် ကျောက်မျက်ရတနာများသည် ဝင်ငွေ ဖော်ထုတ်ပေးနေသော အဓိက ကုန်ပစ္စည်း နှစ်မျိုး ဖြစ်သည်။[181]

---

178 K-135, PI-039, PI-048

179 A/HRC/39/CRP.2၊ စာပိုဒ် ၁၁၃။

180 "သယံဇာတ တူးဖော်ရေး လုပ်ငန်းများ၏ ထည့်ဝင်မှု" မြန်မာ သဘာဝ သယံဇာတ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအဖွဲ့ (https://eiti.org/myanmar#extractive-industries-contribution)

181 "၂၀၁၄ ဧပြီမှ ၂၀၁၅ မတ် ကာလအတွက် EITI အစီရင်ခံစာ၊ ရေနံ၊ သဘောဝဓါတ်ငွေ့နှင့် ဓါတ်သတ္တု ကဏ္ဍများ၊" မြန်မာ သဘောဝ သယံဇာတ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး အဖွဲ့ (MEITI) ၊၂၀၁၈ မတ် (http://themimu.info/sites/themimu.info/files/documents/Report_Myanmar_Extractive_Industries_Transparency_Initiative_Report_2014-2015.pdf)

၈၄။ နီးစပ်ပြီး အပြန်အလှန် အကျိုးအမြတ်ရှိသော ဆက်ဆံရေးများထဲမှ တစ်ခုမှာ တပ်မတော်နှင့် ကချင်နှင့် ရှမ်းပြည်နယ် များရှိ သတ္တု တူးဖော်ရေး လုပ်ငန်းများဖြစ်ကြောင်း မစ်ရှင်က မှတ်တမ်းများ ရရှိခဲ့သည်။ ထိုနယ်မြေများသည် ဆက်လက်ဖြစ်ပွားနေသည့် နိုင်ငံတကာ မဟုတ်သည့် လက်နက်ကိုင် ပဋိပက္ခတွင် ရန်လိုတိုက်ခိုက်မှုများ၏ သက်ရောက်မှု ခံရသော နေရာများ ဖြစ်သည်။[182] သယံဇာတ တူးဖော်ရေး တွင် လက်ရှိတွင် MEHL နှင့် MEC တို့၏ ပါဝင်မှု အများအပြားမှာ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်သည်။ ကျောက်စိမ်းနှင့် ပတ္တမြား တူးဖော်ထုတ်လုပ်ရေး တွင် ပါဝင်သော MEHL လက်အောက်ခံ လုပ်ငန်း ၂၆ ခုကို မစ်ရှင်က ဖော်ထုတ်ခဲ့သည်။[183]

၈၅။ တပ်မတော်၏ စီးပွားရေး အမှတ်တံဆိပ်မှာ MEHL၊ MEC နှင့် သူတို့၏ လက်အောက်ခံလုပ်ငန်းများ သာမကပဲ ပိုမိုကျယ်ပြန့်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ မြောက်ပိုင်းတွင် တပ်မတော်သည် အခြားသော ထူးခြားသည့် ကုမ္ပဏီများကို လည်ပတ်သည်။ ဥပမာ- ကချင်ပြည်နယ် ဖားကန့်တွင် ကျောက်စိမ်းတူးဖော်ရေး တွင် ပါဝင်သော မြန်မာ့ ဓူဝံကြယ် ကုမ္ပဏီ (Myanmar Northern Star Company) မှာ တပ်မတော်၏ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်က တပ်မတော်၏ ဝင်ငွေကို ဖြည့်စွက်ရန် နည်းလမ်းတစ်ခု အဖြစ် တည်ထောင်ထားခြင်းဖြစ်ကြောင်း မစ်ရှင်က ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များမှ အချက်အလက်များ ရရှိသည်။ [184] MEHL နှင့် MEC တို့နှင့် အလားတူပင် ဤအခြား ကုမ္ပဏီများသည် ဒေသဆိုင်ရာ တပ်မတော် လှုပ်ရှားမှုများနှင့် စစ်ဆင်ရေးများ ကို ထောက်ပံ့ကူညီသည်၊ သယံဇာတတူးဖော်ရေး နယ်မြေများတွင် ပဋိပက္ခကို မီးထိုးပေးသည်၊ ထို့နောက် တပ်မတော်ကို အရပ်သား ထိန်းချုပ်မှုမဖြစ်စေရန် အတားအဆီးအဖြစ် ရပ်တည်သည်။[185] ယင်းသည် ၂၀၀၀ ခုနှစ်များ အစောပိုင်းကတည်းက တပ်မတော် အဆင့်မြင့် အရာရှိများသည် ကချင်နှင့် ရှမ်းပြည်နယ်များတွင် ပုဂ္ဂလိက ဝင်ငွေ ရရှိနိုင်ရန် နှင့် နိုင်ငံရေးနှင့် စီးပွားရေး သြဇာအာဏာ အခြေခံကို ဖော်ထုတ်နိုင်ရန် နည်းလမ်းတစ်ခုအဖြစ် မြေယာများနှင့် အရင်းအမြစ် လုပ်ပိုင်ခွင့်များကို ချပေးခဲ့ကြောင်း သုတေသနတွေ့ရှိချက်များနှင့် တသားတည်ဖြစ်သည်။[186]

### ၁။ ကချင်ပြည်နယ် ကျောက်စိမ်းမှော်နယ်မြေများတွင် တပ်မတော်၏ ပါဝင်ပတ်သက်မှုများ

#### (က) ဖားကန့်မြို့နယ်

၈၆။ ကျောက်စိမ်းမှော်နယ်မြေများနှင့် ကချင်ပြည်နယ်မှ တရုတ်နိုင်ငံသို့ ကျောက်စိမ်း တင်ပို့သည့် လမ်းကြောင်းများတွင် စစ်တပ် လွှမ်းမိုးမှု ကြီးမားလာသည်၊ အထူးသဖြင့် ၂၀၁၁ ခုနှစ် ဇွန်လတွင်

---

182 A/HRC/39/CRP.2၊ စာပိုဒ် ၁၅၁၃။

183 နောက်ဆက်တွဲ ၃။ ကချင်နှင့် ရှမ်းပြည်နယ်များရှိ သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ၊ ကြည့်။

184 ဒစ်ဂျစ်တယ် မှတ်တမ်း၊ ၂၀၀၅။

185 ဒစ်ဂျစ်တယ် မှတ်တမ်း၊ ၂၀၀၅။ Global Witness၊ "ဖားကန့်၏ လုံးခင်းနယ်မြေတွင် တူးဖော်ခွင့် နေရာ ချထားခြင်းများ" ၊ "ကျောက်စိမ်း၊ မြန်မာနိုင်ငံ၏ ကြီးမားသော နိုင်ငံတော် လျှို့ဝှက်ချက်" ၂၀၁၅ အောက်တိုဘာ ၂၃ ရက်၊ စာ ၃၁။

186 Kevin Woods၊ "ပဋိပက္ခ အရင်းအမြစ် စီးပွားရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးသို့ သွားရာလမ်း၊" အမေရိကန် ပြည်ထောင်စု ငြိမ်းချမ်းရေး သိပ္ပံ၊ ၂၀၁၈ နိုဝင်ဘာလ။

တပ်မတော်က KIA အပေါ် ရန်လိုတိုက်ခိုက်မှုများ ပြန်လည် လုပ်ဆောင်ခြင်းဖြင့် ၁၇ နှစ်တာ အထူးသဖြင့် အပစ်အခတ်ရပ်စဲရေး ပျက်ပြားချိန်မှ စတင်သည်။ မကြာသေးမီက အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေး အင်စတီကျူ၏ အစီရင်ခံစာတွင် တွေ့ရှိသည်မှာ "ဖားကန့်ရှိ ကျောက်စိမ်းတွင်းများအတွက် စစ်မြေပြင် ဆိုသည်မှာ အဓိပ္ပါယ် ၂ မျိုးရှိသော စကားလုံး တစ်လုံး ဖြစ်လာရသည်။" ခြယ်လှယ် အမြတ်ထုတ်သော အခွင့်အလမ်း ရရှိသူဖြစ်ရန်နှင့် ကျောက်စိမ်း ထုတ်လုပ်သော (နှင့် အခွန်ကောက်သော) နယ်မြေများမှ ကချင်လွတ်လပ်ရေး တပ်မတော် (KIA) ကို ဖယ်ထုတ်ရန် စစ်ပွဲ တို့ဖြစ်သည်။[187]

၈၇။ တပ်မတော်၏ ဖားကန့် မြို့နယ် ကျောက်စိမ်းတူးဖော်ရေး နယ်မြေများ ပတ်ဝန်းကျင်တွင် ကြီးကြီးမားမား တည်ရှိမှုသည် နှစ်ဖက်ရန်လိုတိုက်ခိုက်မှု စစ်မြေပြင်ကို ဖြစ်စေသည့်အပြင် လူ့အခွင့်အရေး နောက်ဆက်တွဲအကျိုးဆက်များ ဖြစ်ပေါ် စေကြောင်း ထွက်ဆိုချက်များကို မစ်ရှင်က ရရှိသည်။ ကျူးလွန်ခံရသူများက ဖားကန့်တွင် တပ်မတော် စစ်သားများ၏ လက်တွင် လက်လွတ်စပယ် ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ခံကြရကြောင်း ထွက်ဆိုချက်များကို တသမတ်တည်း မစ်ရှင်အား ပြောပြကြသည်။ [188] ဥပမာအားဖြင့် ၂၀၁၆ ခုနှစ်တွင် ဖားကန့် ကျောက်စိမ်းမှော်တွင် အလုပ်လုပ်နေသော "ရေမဆေးသမား" တစ်ဦးက စစ်ဆေးရေး ဂိတ်တစ်ခုကို ဖြတ်သွားစဉ်တွင် တပ်မတော်စစ်သားများက သူ့ကို ထိန်းသိမ်းခဲ့ကြောင်း ပြောပြသည်။ စစ်သားများက ကျောက်စိမ်းအရိုင်းများ ရှာဖွေရန် သူ့ကို ရှာဖွေခဲ့ကြသည်။ ထိုလူက စစ်သားများကို သူ့တွင် ကျောက်စိမ်းမရှိကြောင်း ပြောသောအခါ သူ အရိုက်ခံရသည်၊ သူ့ခြေထောက်များကို ချည်နှောင်ထားပြီး ဂိတ် အနီးတွင် ပြုလုပ်ထားသော ယာယီတဲလေး အတွင်းတွင် တစ်ညတာ ထိန်းသိမ်းခံခဲ့ရသည်။ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ အစိတ်အပိုင်းဖြစ်သည်ဟု ဖော်ထုတ်ထားသော တပ်မတော်စစ်သားများ စစ်ဆေးရေးဂိတ်တွင် ရှိနေခဲ့သည်။ [189] ဖားကန့်တွင် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီတစ်ခုတွင် ကျင်းသမားအဖြစ် အလုပ်လုပ်ခဲ့သော နောက်ထပ် တွေ့ဆုံမေးမြန်းမှု ဖြေကြားသူ တစ်ဦးမှာ ၂၀၁၃ ခုနှစ်တွင် တပ်မတော်၏ အလားတူ ရှာဖွေမှုကို ခံခဲ့ရသည်။[190] ဖားကန့်မြို့နယ်တွင် တပ်ဆွဲထားသော ခြေမြန် တပ်မ ၃၃ မှ စစ်သားများက ၂၀၁၃ ခုနှစ်တွင် အရပ်သားများ၏ ကျွဲနွားများကို လုယူခဲ့ကြောင်း စွပ်စွဲချက်များကိုလည်း မစ်ရှင်က ရရှိသည်။[191] ခြေမြန်တပ်မ ၃၃ သည် ၂၀၁၇ ခု ဩဂုတ်လ မှ ဒီဇင်ဘာလအတွင်း ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်မှု အောက်ရှိ

---

[187] Kevin Woods၊ "ပဋိပက္ခအရင်းအမြစ် စီးပါးရေးနှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးသို့ သွားရာလမ်း"။ အမေရိကန် ငြိမ်းချမ်းရေး အင်စတီကျူ၊ ၂၀၁၈ နိုဝင်ဘာ၊ စာမျက်နှာ ၁၅။

[188] PI-004.

[189] DI-064; "ရေမဆေး" ကျောက်စိမ်းရှာဖွေသူများအပေါ် တပ်မတော်၏ ချိုးဖောက်မှုများကို မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေအပေါ် အထူး ကိုယ်စားလှယ်ကလည်း မှတ်တမ်းတင်ထားခဲ့ပြီး သူက "၂၀၁၈ နိုဝင်ဘာလတွင် ရေမဆေးရှာသူ သုံးဦးကို တပ်မတော်စစ်သားများက သတ်ပစ်ခဲ့ကြောင်း အစီရင်ခံချက်များ ရှိသည်" ဟု အစီရင်ခံခဲ့သည်။ A/HRC/40/68၊ စာပိုဒ် ၆ တွင်ကြည့်ပါ။

[190] QI-083.

[191] DI-067; GI-028 က ခြေမြန်တပ်မ ၃၃ သည် အနည်းဆုံး ၂၀၁၈ ဇူလိုင်လထိ ကချင်ပြည်နယ် ဖားကန့်တွင် စခန်းချထားခဲ့ကြောင်း အတည်ပြုသည်။

ရာဇဝတ်မှုများအတွက် တာဝန်အရှိဆုံး တပ်မများထဲမှ တစ်ခု ဖြစ်ကြောင်း မစ်ရှင်က အတည်ပြုသည်။[192]

၈၈။ တပ်မတော်၏ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေများကို ချိုးဖောက်မှုများ နှင့် မှော်နယ်မြေများပတ်ဝန်းကျင်တွင် ရန်လိုတိုက်ခိုက်မှုများ၏ အန္တရာယ်တို့အပြင် စုံစမ်းထောက်လှမ်းသော သတင်းထောက်များက ဖားကန့်မြို့နယ်ရှိ ကျောက်စိမ်းမှော်များတွင် အလုပ်လုပ်ရသော အခြေအနေများသည် အလွန် ဘေးအန္တရာယ် ကြုံတွေ့နိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။[193] သဘာဝ သယံဇာတများနှင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ အဆိုအရ မြန်မာနိုင်ငံမြောက်ပိုင်း တွင် ကျောက်မျက် မှော်များတွင် လူပေါင်း ၄၀၀,၀၀၀ ကျော်သည် "ရေမဆေးကောက်သူများ" အဖြစ် အလုပ်လုပ်လျက်ရှိသည်။[194] ရေမဆေးကောက်သူများမှာ သမိုင်းကြောင်းအရ မိန်းမများနှင့် ကလေးများသာ ဖြစ်သော်လည်း အလုပ်ပိုမိုရှားပါးလာသည့် အခြေအနေက ထိုကဏ္ဍာများအတွင်းသို့ ယောက်ျားအများအပြားကိုလည်း တွန်းပို့လျက်ရှိသည်။[195] ၂၀၁၈ ဇူလိုင်လအတွင်းက ဖားကန့်မြို့နယ်တွင် မြေပြိုမှုကြောင့် လူပေါင်း ၁၈ ဦးသေဆုံးပြီး လူ ၁၀၀ ခန့်ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ထိုကျောက်စိမ်းတွင်းကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး နှင့် ယခင် သတ္တုတူးဖော်ရေး ဝန်ကြီးဌာနမှ ဝန်ကြီးဟောင်းဖြစ်သူ ဦးအုန်းမြင့် နှင့် သက်ဆိုင်သော ကုမ္ပဏီက ပိုင်သော ကျောက်စိမ်းတွင်းတွင် မြေပြိုမှုဖြစ်ပွားရာ ကျင်းသမား ၁၈ ဦးသေဆုံးပြီး နောက်ထပ် လူ ၁၀၀ ကျော် ဒဏ်ရာ ရရှိခဲ့ကြသည်။[196] ဦးအုန်းမြင့်၏ ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီဖြစ်သော မြန်မာဝင်းဂိတ် ကုမ္ပဏီသည် MEHL နှင့် လက်တွဲဖက် ဖြစ်သည်။[197]

## (ခ) တနိုင်း မြို့နယ်

၈၉။ တပ်မတော်၏ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ အောက်ခြေတပ်သားမှသည် တိုင်မှူးအဆင့်အထိ ကချင်ပြည်နယ် တနိုင်း မြို့တယ် တွင် ယင်း၏ ထိန်းချုပ်နယ်မြေများမှ

---

192 A/HRC/39/CRP.2၊ စာပိုဒ်များ ၁၅၄၄၊ ၁၅၅၅။

193 Hannah Beech၊ "သွေးကျောက်စိမ်းအတွက် တိုက်ပွဲဝင်ခြင်း" TIME Magazine၊ ၂၀၁၇ မတ် ၉ ရက်။ (https://time.com/battling-for-blood-jade/)

194 နိုင်ငံတကာ ကြီးထွားမှု စင်တာ၊ မြန်မာနိုင်ငံတွင် လက်တူး ကျောက်စိမ်း တူးဖော်ခြင်း၊ ၂၀၁၇ ခု။ (https://www.theigc.org/project/artisanal-jade-mining-myanmar)

195 Mia Newman၊ "အလွှာလွှာ အထပ်ထပ်။ မြန်မာနိုင်ငံ၏ ပတ္တမြားလုပ်ငန်းတွင် အုပ်ချုပ်မှုနှင့် ပဋိပက္ခဘေးအန္တရာယ်"၊ သဘာဝ သယံဇာတ အုပ်ချုပ်မှု အင်စတီကျု၊ ၂၀၁၈ မတ်လ။ (https://resourcegovernance.org/sites/default/files/documents/multifaceted-goverance-and-conflict-risks-in-myanmar-ruby-industry.pdf)

196 "ကျောက်မျက်၊ ကျောက်စိမ်း စုစုပေါင်း $2.8b"၊ ၂၀၁၁ ဧပြီ ၄ ရက်၊ The Myanmar Times (https://www.mmtimes.com/business/3118-gems-jade-net-2-8b.html) Hannah Beech နှင့် Saw Nang၊ "မြန်မာနိုင်ငံတွင် ကျောက်စိမ်းရှာဖွေစဉ် မြေပြိုမှုကြောင့် ဒါဇင်နှင့် ချီသော လူများပါသွား" The New York Times၊ ၂၀၁၈ ဇူလိုင် ၁၇၊ (https://www.nytimes.com/2018/07/17/world/asia/myanmar-landslide-jade-mine.html)။ ၂၀၀၅ မှ ၂၀၁၀ အထိ- ဦးအုန်းမြင့်သည် မြောက်ပိုင်းတိုင် စစ်ဌာနချုပ် တိုင်းမှူးအဖြစ် တာဝန်ယူခဲ့သည်။ "ကျောက်မျက်၊ ကျောက်စိမ်း စုစုပေါင်း $2.8b"၊ ၂၀၁၁ ဧပြီ ၄ ရက်၊ The Myanmar Times (https://www.mmtimes.com/business/3118-gems-jade-net-2-8b.html) ကြည့်။

197 Global Witness၊ "ကျောက်စိမ်း၊ မြန်မာ၏ ကြီးမားသော နိုင်ငံတော် လျှို့ဝှက်ချက်၊" ၂၀၁၅ အောက်တိုဘာ ၂၃ ရက်၊ စာ- ၄၄၊ က ဖားကန့်မြို့နယ်တွင် လုပ်ငန်းခွဲများရှိသော မြန်မာဝင်းဂိတ်ဟုခေါ်သော အကြီးစား ကျောက်စိမ်း တူးဖော်ရေးကုမ္ပဏီကို ဦးအုန်းမြင့်က ပိုင်ဆိုင်ပြီး ထို မြန်မာ ဝင်းဂိတ်သည် MEHL နှင့် လက်တွဲလုပ်ဆောင်ကြောင်း အစီရင်ခံထားသည်။

ကျောက်စိမ်း လုပ်ငန်းများမှ အကျိုးအမြတ်များ ရရှိကြသည်။ [198] ကျောက်စိမ်းနယ်မြေများတွင် စစ်တပ်များ တိုးမြှင့် ချထားခြင်းကို တပ်မတော် စစ်ဆေးရေး ဂိတ်ကွန်ရက်များ မှ တဆင့် လုပ်ဆောင်ပြီး ယင်းနေရာများသည် ကျောက်စိမ်း ကျင်းသမားများအပေါ် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေ ချိုးဖောက်မှုများကို ပြုလုပ်သည့် နေရာများဖြစ်သည်။

၉၀။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ စ၍ တနိုင်းမြို့၏ တောင်ဖက် နွယ်ဂျီဘွမ် တောင် အနီး ပယင်းနှင့် ရွှေတွင်းများ ပတ်ဝန်းကျင်တွင် တပ်မတော်နှင့် KIA တို့သည် လက်နက်ကိုင် ပဋိပက္ခထိတွေ့မှုများ ဖြစ်ခဲ့ခြင်းကြောင့် အရပ်သား ထိခိုက်သေဆုံးမှုများ ရှိခဲ့သည်။ [199] ထို့အပြင် ၂၀၁၆ တွင် တပ်မတော်က တနိုင်းတွင် အရပ်သားများကို အဓမ္မ အလုပ်စေခိုင်းခြင်းအတွက် ဖမ်းဆီးမှုများ လုပ်ခဲ့ကြောင်း မစ်ရှင်က မှတ်တမ်းတင်ထားခဲ့သည်။[200]

၉၁။ ၂၀၁၆ ခုနှစ် ပယင်းမော်နယ်မြေတွင် အသက်မပြည့်သော အမျိုးသမီးငယ်ကို မုဒိန်းပြုကျင့်ခြင်း အပါအဝင် ကချင်ပြည်နယ်၊ တနိုင်းတွင် တပ်မတော်က နိုင်ငံတကာ လူ့အခွင့်အရေးနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေများကို ချိုးဖောက်သည့် ထွက်ဆိုချက်အများအပြားကို မစ်ရှင်က မှတ်တမ်းတင်ခဲ့သည်။ [201] ဤနယ်မြေများတွင် တပ်မတော်၏ ကြီးကြီးမားမားရှိနေမှုနှင့် အသေးစား အကျင့်ပျက်ချစားမှုများအပါအဝင် ဒေသခံ ပြည်သူများအပေါ် စော်ကား နှောက်ယှက်မှုများ ပေါင်းစပ်လျက်ရှိသည်။ တနိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က နယ်မြေအတွင်း လုပ်ဆောင်နေသော တွင်းသမားများနှင့် တူးဖော်ရေးကုမ္ပဏီများ နှစ်ခုစလုံးထံမှ လာဘ်ငွေများ နှိုက်ထုတ်ယူသည်။ ရွှေတူးသူ တစ်ဦးက နွယ်ဂျယ်ဘွမ် တောင် အနီး တိုင်ကောက်ကျေးရွာရှိ "ဖာ့ကာ"တွင် ပယင်းနှင့် ရွှေများ တူးဖော်ရန် ခွင့်ပြုချက်ရရှိရန်အတွက် ဒေသခံ တပ်မတော်စစ်သားများကို သူနှင့် အခြား တွင်းတူး သမားများက ပိုက်ဆံ ပေးရကြောင်း မစ်ရှင်ကို ပြောပြသည်။ [202] နောက်တဦးက တနိုင်းတွင် ရာသီကြယ်

[198] PI-086, PI-061

[199] DI-061.

[200] PI-061၊ မော်များအတွင်းနှင့် ပတ်ဝန်းကျင်တွင် တပ်မတော်က အဓမ္မလုပ်အားအသုံးပြုသည့် ပုံစံအပေါ် အသေးစိတ်အချက်အလက်များရလိုပါက- နိုင်ငံတကာ အလုပ်သမား ညီလာခံ၊ စံချိန်စံညွှန်းများအသုံးပြုရေး ကော်မတီ၊ C.App./PV.4/ Myanmar/C29၊ မြန်မာအဓမ္မလုပ်အား သဘောတူစာချုပ်၊ ၁၉၃၀ (နံပတ် ၂၉) ၂၀၁၉ ဇွန် ၁၃၊ စာ-၁၆၊ တွင် မှတ်ချက်ပြုထားသည်မှာ "အဓမ္မလုပ်အားသည် ပုဂ္ဂလိက ကဏ္ဍတွင်လည်း ရှိနေသည်။ ၂၀၁၆ ခုနှစ်တွင် ILO သည် ကလေး အလုပ်သမားနှင့် စိုက်ပျိုးရေးနှင့် အထူးသဖြင့် ကုန်းတွင်း ငါးလုပ်ငန်း၊ ကြံနှင့် ပဲများအပေါ် အသေးစိတ် စစ်တမ်းကောက်ယူခဲ့သည်။ ထိုစစ်တမ်း၏ တွေ့ရှိချက်များက ယင်း ကဏ္ဍခွဲ သုံးခု စလုံးတွင် ကလေးများသည် အဓမ္မလုပ်အားစေခိုင်းမှု အခြေအနေတွင် ရှိနေကြောင်း တွေ့ရှိခဲ့သည်။" ယုံကြည်ရလောက်သော အစီရင်ခံချက်များအရ ယောကျာ်းများ၊ မိန်းမများနှင့် ကလေးများသည် စိုက်ပျိုးရေး၊ ငါးဖမ်းခြင်း နှင့် ကျောက်စိမ်းနှင့် အခြား အဖိုးတန်ကျောက်မျက်ရတနာများ ရှာဖွေခြင်း တို့တွင် အဓမ္မလုပ်အား အခြေအနေများတွင် တွေ့နေရသည်။ မကြာသေးမီနှစ်များက ကျောက်စိမ်းလုပ်ငန်းတွင် အဓမ္မလုပ်အား အသုံးပြုမှုသည် သိသာထင်ရှားသော နိုင်ငံတကာ အာရုံစိုက်မှုကို ရရှိခဲ့သည်။ တပ်မတော်က မိုင်းများကို ကာကွယ်ထားပြီး သူတို့ရှိနေခြင်း နှင့် လက်နက်ကိုင် တိုင်းရင်းသား အုပ်စုများ ရှိနေခြင်းသည် မိုင်းနေရာများ အနီးဝန်းကျင်တွင် မုဒိန်းမှု၊ နှင့် အဓမ္မလုပ်အား စေခိုင်းမငများ ကဲ့သို့သော ချိုးဖောက်မှုများကို တိုးမြှင့်စေသည်။ ဒေါ်လာ ဘီလီယံပေါင်းများစွာ တန်ဖိုးရှိသော ကျောက်စိမ်းကဏ္ဍတွင် အသက်စွန့်၍ လုပ်ကိုင်ရသူများသည် သူတို့ လုပ်အားအတွက် ငွေကြေးအနည်းငယ်သာ ရရှိပြီး အများစု အကျိုးအမြတ်များမှာ စစ်တပ်နှင့် ကုန်သည်များထံ ရောက်ရှိသွားသည်။"

[201] PI-146; See also PI-069, PI-054, PI-145

[202] PI-086.

(Seasun Star) ဟုခေါ်သော ကုမ္ပဏီတွင် အလုပ်လုပ်ရပုံနှင့် ထိုကုမ္ပဏီက တူးဖော်ခွင့် လိုင်စင်တည်မြဲစေရေးအတွက် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တပ်မှူးတစ်ဦးကို လာဘ်ထိုးရပုံတို့ကို ပြောပြသည်။[203] ရာသီကြယ်သည် တနိုင်းတွင် လည်ပတ်နေသော အဓိက တူးဖော်ရေး ကုမ္ပဏီများအနက်မှ တစ်ခုဖြစ်သည်။[204]

၉၂။ တနိုင်း မြို့နယ်အနီးရှိ နမ့်ယန် မော်နယ်မြေတွင် တပ်မတော်၏ ပယင်းတူးဖော်မှုတွင် တိုက်ရိုက် ပါဝင်ပတ်သက်ခဲ့မှုကိုလည်း မစ်ရှင်က မှတ်တမ်းတင်ထားသည်။ တပ်မတော်စစ်သားများသည် အရပ်သားများကို ဖမ်းဆီးခေါ်ဆောင်၍ ပယင်းမော်တွင် အလုပ်စေခိုင်းပြီး သူတို့အား ရုပ်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာ ကွဲပြားမှုပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ခံကြရသည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် တပ်မတော်က လူငါးဦးကို အဓမ္မခေါ်ဆောင်ပြီး နမ့်ယန် မော်ဧရိယာတွင် တပ်မတော်အတွက် အလုပ်လုပ်စေခဲ့ပုံကို မျက်မြင်သက်သေတစ်ဦးက ပြောပြသည်။[205] အဓမ္မ လုပ်အားအတွက် ဖမ်းဆီးခေါ်ဆောင်ခံရသော အမျိုးသမီးတစ်ဦးနှင့် သူ၏ သားတို့သည် မော်နယ်မြေအတွင်းရှိ သစ်တောအတွင်းသို့ စစ်သားနှစ်ဦး၏ ခေါ်သွားခြင်း ခံရသည်။ သူက မစ်ရှင်ကို ပြောပြသည်မှာ "သူတို့ ကျမကို တော်တော်ဆိုးတာ လုပ်တယ်။ သူတို့ကျမကို ပါးရိုက်တယ်။ သူတို့ပြီးသွားတဲ့ အခါ ကျမသားကို ကျမဆီကို ပြန်ပစ်ပေးတယ်။" သူ့ကို တပ်မတော်စစ်သားတစ်ယောက်က မုဒိန်းပြုကျင့်ပြီးသည့်အခါ အခြားတစ်ယောက်က သူ့အလှည့်ဟု ပြောသည်။ "ကျမထင်တာ ကျမသားက ငိုနေလို့ ကျမကို ပြီးအောင် မလုပ်ခဲ့တာ၊ မော်နယ်မြေထဲမှာ တခြားတဲတွေလည်း ရှိတယ်... အသံတွေကြောင့် ကျမကို သူ မုဒိန်းမကျင့်တာ ဖြစ်မယ်" ဟု သူမက မစ်ရှင်ကို ပြောပြသည်။[206]

### ၂။ ကချင်နှင့် ရှမ်းပြည်နယ်များရှိ ကျောက်စိမ်းနှင့် ပတ္တမြား မော်များတွင် MEHL နှင့် MEC တို့၏ ပါဝင်ပတ်သက်မှုများ

၉၃။ ကမ္ဘာ့ဈေးကွက်ရှိ ကျောက်စိမ်းနှင့် ပတ္တမြားတို့၏ အများစုမှာ မြန်မာနိုင်ငံက အစပြုသည်။ တပ်မတော်၏ တိုက်ရိုက် ပါဝင်ပတ်သက်မှုအပြင် ကျောက်စိမ်းနှင့် ပတ္တမြား လုပ်ငန်းများတွင် တပ်မတော် ကုမ္ပဏီများ သိသာထင်ရှားစွာ ပါဝင်ခြင်းသည် ကျောက်စိမ်းနှင့် ပတ္တမြား ရောင်းချမှုမှ တပ်မတော်က အကျိုးအမြတ်များရရှိနေနိုင်သည့် ဘေးအန္တရာယ်ဖြစ်နိုင်ချေကို မြင့်မားသည်။ မည်သည့် နှစ်တွင် မဆို ကမ္ဘာတွင် ဝယ်နေ ရောင်းနေသော ကျောက်စိမ်းအားလုံး၏ ကိုးဆယ်ရာနှုန်းမှာ မြန်မာနိုင်ငံက ထွက်သော ကျောက်စိမ်းများဖြစ်သည်။[207] မြန်မာနိုင်ငံ၏ ကျောက်စိမ်းကုန်သွယ်မှုတန်ဖိုးမှာ နိုင်ငံ၏ တရားဝင် ဂျီဒီပီ တန်ဖိုး အမေရိကန် ဒေါ်လာ ၆၉

---

203 PI-061.

204 သင်းသင်းအေး၊ ဇော်လင်းအောင်၊ ကေခိုင်ကျော်၊ နှင့် မာဂရက်ဝေါင်း၊ "လီဒိုလမ်း၏ သမိုင်းအရေးပါမှု" သမိုင်း ဌာန၊ ရန်ကုန် တက္ကသိုလ်၊ JARC-YU, Vol. 7, No. 1 & 2, 2018

205 PI-146.

206 PI-146.

207 Paul Shortell၊ "ပွင့်လင်းမြင်သာမှုသို့ ခြေဖျားထောက်ခြင်း။ မြန်မာနိုင်ငံတွင် ကျောက်စိမ်းနှင့် ကျောက်မျက် ကဏ္ဍ ဖွင့်လစ်မှုများ"၊ ၂၀၁၈ ဒီဇင်ဘာ။ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု အင်စတီကျု (https://resourcegovernance.org/analysis-tools/publications/tip-toeing-toward-transparency-jade-and-gemstone-myanmar)

ဘီလီယံ[208]၏ ထက်ဝက်ခန့်ဖြစ်သော ဒေါ်လာ ၃၁ ဘီလီယံ[209]ထိပင် မြင့်မားမည်ဟု ခန့်မှန်းသည်။ အလားတူပင် ၂၀၀၇ ခုနှစ်က ထုတ်ဝေခဲ့မှု တစ်ခုတွင် မည်သည့်အချိန်တွင်မဆို ကမ္ဘာ့စျေးကွက်များရှိ ပတ္တမြားများ၏ ၉၀ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံက ထွက်သော ပတ္တမြားများ ဖြစ်သည်ဟု ခန့်မှန်းသည်။ [210] အစီရင်ခံစာများအရ မြန်မာနိုင်ငံ၏ ကျောက်စိမ်း အများစုမှာ တရားဝင်နှင့် တရားမဝင်နည်း နှစ်မျိုးစလုံးဖြင့် တရုတ်နိုင်ငံသို့ တင်ပို့သည်။ [211] ရရှိနိုင်သော ယုံကြည်ရလောက်သည့် အချက်အလက်များက ဥရောပ သမဂ္ဂအတွင်းသို့ မြန်မာနိုင်ငံမှ ကျောက်စိမ်းတင်ပို့မှုသည် ၂၀၁၆ ခုနှစ်မှ စ၍ တဟုန်ထိုးမြင့်တက်ခဲ့သည်။ [212] နောက်ထပ် ရရှိနိုင်သော ယုံကြည်ရလောက်သည့် အချက်အလက်များအရ မြန်မာနိုင်ငံမှ ဥရောပ သမဂ္ဂအတွင်းသို့ ပတ္တမြားနှင့် အခြား အဖိုးတန် ကျောက်မျက်များ တင်သွင်းမှုသည် ၂၀၁၅ မှ ၂၀၁၇ အတွင်း ၂၀၁၇ ခုနှစ်တွင် ကုန်သွယ်မှုတန်ဖိုး စုစုပေါင်း အမေရိကန် ဒေါ်လာ ၅၆.၂ သန်းကျော်အထိ တဖြည်းဖြည်း မြင့်တက်လာခဲ့သည်။ [213] ယခင်က မှတ်ချက်ပြုခဲ့သည့်အတိုင်း မစ်ရှင်သည် ကျောက်စိမ်းနှင့် ပတ္တမြား တူးဖော်ရေး လုပ်ငန်းတွင် MEHL လက်အောက်ခံ လုပ်ငန်း ၂၆ ခုကို ဖော်ထုတ်ခဲ့သည်။[214]

၉၄။ တပ်မတော်၏ စီးပွားရေး လုပ်ငန်း အုပ်စုကြီးများ ဖြစ်သော MEHL နှင့် MEC တို့သည် ကချင်ပြည်နယ်နှင့် ကမ္ဘာတစ်ဝှမ်းလုံးတွင် အကြီးမားဆုံး ကျောက်စိမ်း ထုတ်လုပ်သူများထဲတွင် ပါဝင်သည်။ [215] MEHL က ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်တွင် တရားဝင် ရောင်းချမှုမှာ

---

[208] ကမ္ဘာ့ဘဏ်၊ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်၊ (https://data.worldbank.org/country/myanmar)

[209] Global Witness၊ "ကျောက်စိမ်း၊ မြန်မာနိုင်ငံ၏ ကြီးမားသော နိုင်ငံတော် လို့ဝှက်ချက်"၊ ၂၀၁၅ အောက်တိုဘာ ၂၃ ရက်။ စာ- ၂၆-၂၇။

[210] Russell Shor နှင့် Robert Weldon၊ "ပတ္တမြားနှင့် နီလာ ထုတ်လုပ်ခြင်းနှင့် ဖြန့်ချိခြင်း။ ပြောင်းလဲမှု၏ ရာစု တစ်စိပ်၊" ကျောက်မျက်ရတနာများနှင့် ကျောက်မျက်ဗေဒ ၄၅၊ အမှတ် ၄၊ (၂၀၀၉ ဆောင်းရာသီ) ၊ 239 (Robertson S. (2007) မြန်မာနိုင်ငံ၊ မီးခိုးရောင် အရိပ်များ- ကျောက်မျက်စျေးကွက် သတင်း၊ နိုဝင်ဘာ- ဒီဇင်ဘာ၊ စာမျက်နှာ ၁၊ ၄-၇၊ ၁၅။ ကို ကိုးကားသည်။)

[211] Paul Shortell၊ "စိတ်ကုန်ခြင်း။ မြန်မာ ကျောက်စိမ်းနှင့် ကျောက်မျက် လုပ်ငန်းတွင် အခွန် ရှောင်ခြင်း" သဘာဝ သယံဇာတ စီမံခန့်ခွဲရေး ဖော်ဆောင်မှု၊ ၂၀၁၉ ဖေဖော်ဝါရီ (https://resourcegovernance.org/sites/default/files/documents/losing-luster-addressing-myanmar-tax-evasion.pdf)။ Global Witness၊ "ကျောက်စိမ်း။ မြန်မာနိုင်ငံ၏ ကြီးမားသော နိုင်ငံတော် လျို့ဝှက်ချက်" ၂၀၁၅ အောက်တိုဘာ ၂၃၊ စာ- ၂၄။ ယင်းတွင် မှတ်ချက်ပြုထားသည်မှာ "ကျောက်စိမ်း၏ ၅၀%-၈၀% အထိ တရုတ်-မြန်မာ နယ်စပ်က တောက်လျှောက် ခိုးထုတ်ကြကြောင်း လုပ်ငန်း သတင်းအရင်းအမြစ်အများအပြားက Gloal Witness ကို ပြောသည်။ ထိုပြောဆိုချက်ကို တရုတ် အကောက်ခွန် ကိန်းဂဏန်းများက မြန်မာနိုင်ငံမှ ကျောက်စိမ်းအားလုံးနီးပါးက တရုတ်နိုင်ငံသို့ ထွက်သော်လည်း တရုတ်နိုင်ငံ မြန်မာ့ တရားဝင် ကျောက်စိမ်းထုတ်လုပ်မှု၏ သုံးပုံတစ်ပုံအောက်သာ တရုတ်နိုင်ငံအတွင်း တရားဝင် ဝင်ရောက်နေကြောင်း ပြနေသည်။"

[212] ဥရောပ သမဂ္ဂ သို့ မြန်မာမှ သွင်းကုန်များ၊ ကုန်ပစ္စည်း ကုဒ်များ အသုံးပြုထားသည်။ 710310, 710399, နှင့် 711620; JM-001

[213] UN ကုန်သွယ်မှု အချက်အလက်များ။ ကုန်ပစ္စည်း ကုဒ်ကို သုံးထားသည်။ 710391, https://comtrade.un.org/data

[214] နောက်ဆက်တွဲ ၃။ ကချင်နှင့် ရှမ်းပြည်နယ်များရှိ သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ၊ ကြည့်။

[215] Paul Shortell၊ "ပွင့်လင်းမြင်သာမှုသို့ ခြေဖျားထောက်ခြင်း။ မြန်မာနိုင်ငံတွင် ကျောက်စိမ်းနှင့် ကျောက်မျက် ကဏ္ဍ ဖွင့်လစ်မှုများ"၊ ၂၀၁၈ ဒီဇင်ဘာ။ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု အင်စတီကျု (https://resourcegovernance.org/analysis-tools/publications/tip-toeing-toward-transparency-jade-and-gemstone-myanmar)၊ မြန်မာဆိုင်ရာ အချက်အလက်များက မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်က ကျောက်စိမ်းပမာဏ အများဆုံးထုတ်လုပ်ပြီး ကမ္ဘာပေါ်တွင် ကျောက်စိမ်း ၉၀ % ကို မြန်မာနိုင်ငံက ထုတ်လုပ်ပြီး။

အမေရိကန်ဒေါ်လာ သန်း ၂၃၀ မှတ်တမ်း တင်ထားသည်။ ယင်းမှာ ထိုနှစ်နှစ်ကာလအတွင်း မြန်မာနိုင်ငံတွင် မည်သည့်ကုမ္ပဏီမဆို နှစ်နှစ်ပေါင်း ရောင်းရငွေတွင် ဒုတိယ အမြင့်ဆုံး[216] ဖြစ်ပြီး ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် ကျောက်ဆုံး တန်ဖိုး အများဆုံး ထုတ်လုပ်သော ထိပ်ဆုံး ကုမ္ပဏီဆယ်ခု စာရင်းတွင် ပါဝင်ခဲ့သည်။ [217] မြန်မာ တွင်းထွက် သယံဇာတ တူးဖော်ရေး၌ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI Myanmar) ၏ အဆိုအရ MEHL လက်အောက်ခံ ကျောက်စိမ်း လုပ်ငန်းများကို လိုင်စင် ၆၁၄ ခု ချပေးခဲ့သည်။[218].

၉၅။ မစ်ရှင်က တပ်မတော်၏ နိုင်ငံတကာ လူ့အခွင့်အရေးနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေများအပေါ် ချိုးဖောက်မှုများကို မှတ်တမ်းယူခဲ့သော ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ ကျောက်စိမ်း စီးပွားရေးတွင် တပ်မတော်၏ စီးပွားရေး လုပ်ငန်း အုပ်စုကြီးနှစ်ခုစလုံးသည် အရေးပါသော လှုပ်ရှားသူများ ဖြစ်ကြသည်။[219] MEC သည် ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် အများစုဖြစ်သော ကျောက်စိမ်း ပါမစ် ၂၂ ခု ရရှိသည်။ [220] ဖားကန့်တွင် MEC သည် ငွေဆင်ကျောက်မျက်နှင့် လက်ဝတ်ရတနာ ကုမ္ပဏီလီမိတက်နှင့် ကျောက်စိမ်းထုတ်လုပ်ရေးတွင် ဖက်စပ်လုပ်ငန်းရှိသည်၊[221] ငွေဆင် တစ်ခုတည်းကပင် မြန်မာနိုင်ငံတွင် ကျောက်စိမ်း ပမာဏ ပဥ္စမ အများဆုံး ထုတ်လုပ်သည်။ [222] MEHL သည်လည်း ဖားကန့် ကျောက်စိမ်းထုတ်လုပ်မှုတွင် တစ်ခုလုံးပိုင် လက်အောက်ခံ လုပ်ငန်းများဖြစ်သော မြန်မာအင်ပါယာ ကျောက်စိမ်း မှတဆင့် ပါဝင်သည်။ မြန်မာအင်ပါယာသည် ကချင်ပြည်နယ် ဖားကန့် မြို့နယ်ရှိ မြန်မာ အောင်နိုင်ရေး မုဒ်ဦး ကုမ္ပဏီနှင့် ဖက်စပ်လုပ်ကိုင်သည်။[223]

---

မြန်မာနိုင်ငံတွင် MEHL နှင့် MEC တို့က တရားဝင် ကျောက်စိမ်းအများဆုံးရောင်းချကြောင်း မှတ်တမ်း တင်ထားသည်။

216 Global Witness၊ "ကျောက်စိမ်း၊ မြန်မာနိုင်ငံ၏ ကြီးမားသော နိုင်ငံတော် လျှို့ဝှက်ချက်"၊ ၂၀၁၅ အောက်တိုဘာ ၂၃ ရက်။ စာ-၄၀။

217 Global Witness၊ "ကျောက်စိမ်း၊ မြန်မာနိုင်ငံ၏ ကြီးမားသော နိုင်ငံတော် လျှို့ဝှက်ချက်"၊ ၂၀၁၅ အောက်တိုဘာ ၂၃ ရက်။ စာ-၄၀။ မြန်မာ သဘာဝ သယံဇာတ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (MEITI) ။ ၂၀၁၆ ဧပြီ ၁ ရက်မှ ၂၀၁၇ မတ် ၃၁ ရက်ကြား ကာလ အတွက် မြန်မာ EITI ၏ စတုတ္ထ အစီရင်ခံစာ။ (FY 2016-2017) ၊ ရေနံနှင့် သဘာဝ ဓါတ်ငွေ့၊ ကျောက်မျက်နှင့် ကျောက်စိမ်း၊ အခြား ဓါတ်သတ္တုများ နှင့် ပုလဲ၊ ၂၀၁၉ မတ် ၃၀ ရက်။ (https://myanmareiti.org/sites/myanmareiti.org/files/publication_docs/4th_meiti_report_30_march_2019_1.pdf)

218 နောက်ဆက်တွဲ ၃။ ကချင်နှင့် ရှမ်းပြည်နယ်များရှိ သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ၊ ကြည့်။

219 GI-028, GI-023, PI-004, DI-064, PI-104

220 နောက်ဆက်တွဲ ၃။ ကချင်နှင့် ရှမ်းပြည်နယ်များရှိ သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ၊ ကြည့်။

221 ဈေးကွက်နှင့် သုတေသန ဌာန၊ မြန်မာ စီးပွားရေး ကော်ပိုရေးရှင်း၊ "ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း။"

222 မြန်မာ သဘာဝ သယံဇာတ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (MEITI) ။ ၂၀၁၆ ဧပြီ ၁ ရက်မှ ၂၀၁၇ မတ် ၃၁ ရက်ကြား ကာလ အတွက် မြန်မာ EITI ၏ စတုတ္ထ အစီရင်ခံစာ။ (FY 2016-2017) ၊ ရေနံနှင့် သဘာဝ ဓါတ်ငွေ့၊ ကျောက်မျက်နှင့် ကျောက်စိမ်း၊ အခြား ဓါတ်သတ္တုများ နှင့် ပုလဲ၊ ၂၀၁၉ မတ် ၃၀ ရက်။ စာ- ၇၃။ (https://myanmareiti.org/sites/myanmareiti.org/files/publication_docs/4th_meiti_report_30_march_2019_1.pdf), pg. 73.

223 "MEHL ၏ သတင်းအချက်အလက်နှင့် ကိန်းဂဏန်းများကို EITI လုပ်ငန်းစဉ်အတွက် တင်ပြခြင်း"၊ ၂၀၁၈ ဇွန် ၂၅ ရက်။ ၂။

၉၆။ MEHL သည် ရှမ်းပြည်နယ် ပတ္တမြားထုတ်လုပ်ရေးတွင်လည်း ကြီးကြီးမားမား ပါဝင်သည်။ ရှမ်းပြည်နယ် မိုင်းရှူးရှိ ပတ္တမြား မော်များမှာ စစ်တပ်၏ ထိန်းချုပ်မှုအောက်တွင် ရှိသည်။[224] "တပ်မတော်၏ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သော ကြီးကြပ်မှု" မရှိပဲ မည်သည့် အဖွဲ့အစည်းမှ တူးဖော်ခြင်း မပြုနိုင်ပေ။[225] MEHL က တစ်ခုလုံး ပိုင်သည့် လုပ်ငန်းခွဲ ဖြစ်သော မြန်မာ့ ပတ္တမြား လုပ်ငန်း တွင် ပတ္တမြားတူးဖော်နေသော လက်ခွဲလုပ်ငန်းပေါင်း အနည်းဆုံး ၁၆ ခုရှိသည်။[226] မြန်မာ သဘာဝ သယံဇာတ လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI Myanmar) ၏ အဆိုအရ MEHL ပတ္တမြား လုပ်ငန်းခွဲများကို ပတ္တမြား တူးဖော်ခွင့်လိုင်စင် ၄၇၆ ခု ချထားပေးသည်။ [227] မန္တလေးတိုင်းဒေသကြီး မိုးကုတ်နှင့် ရှမ်းပြည်နယ် မိုင်းရှူးတို့တွင် တပ်မတော်၏ အခြား စီးပွားရေး လုပ်ငန်း အုပ်စုကြီး ဖြစ်သည့် MEC က ကိုင်ထားသော ပတ္တမြား တူးဖော်ခွင့် ပါမစ် စုစုပေါင်း ကိန်းဂဏန်းအပေါ် အစီရင်ခံချက်များမှ ၃၁ ခုမှ ၉၅ ခုအကြား ကွာခြားမှု ရှိနေသည်။ [228] ဥပမာ တစ်ခုပြရလျှင် MEC သည် ရှမ်းပြည်နယ် ပတ္တမြား တူးဖော်ထုတ်လုပ်ရေးတွင် ဂရိတ်နိုင်း ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်နှင့် ပူးပေါင်း လုပ်ဆောင်သည်။[229]

---

[224] Mia Newman၊ "ဘက်စုံဒေါင့်စုံ။ မြန်မာ့ ပတ္တမြား လုပ်ငန်း၏ အုပ်ချုပ်ရေးနှင့် ပဋိပက္ခ ဘေးအန္တရာယ်" Natural Resource Governance Institute၊ ၂၀၁၈ မတ်လ ၊ စာ- ၈။ (https://resourcegovernance.org/sites/default/files/documents/multifaceted-goverance-and-conflict-risks-in-myanmar-ruby-industry.pdf)။ မိုင်းရှူးသည် ရှမ်းပြည်နယ်ရှိ နယ်မြေများ ဝန်းပတ်ထားပြီး တပ်မတော်၊ ရှမ်းပြည်တိုးတက်ရေး ပါတီ/ ရှမ်းပြည်တပ်မတော်-မြောက်ပိုင်း (SSPP/SSA-N) နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) ကဲ့သို့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ နှင့် အစိုးရ လိုလားသော နှင့် ဆန့်ကျင်သော ပြည်သူ့စစ် နစ်မျိုးလုံး က ကာလကြာရှည်ကတည်းကပင် ထိန်းချုပ်ထားသည်။ သို့ရာတွင် နှုတ်ပြောစကားများအရ မိုင်းရှူးကျောက်တွင်းများကို တပ်မတော်က အချိန်ကာလကြာကတည်းက အဓိက ထိန်းချုပ်ထားသည်။

[225] Mia Newman၊ "ဘက်စုံဒေါင့်စုံ။ မြန်မာ့ ပတ္တမြား လုပ်ငန်း၏ အုပ်ချုပ်ရေးနှင့် ပဋိပက္ခ ဘေးအန္တရာယ်" Natural Resource Governance Institute၊ ၂၀၁၈ မတ်လ ၊ စာ- ၈။ (https://resourcegovernance.org/sites/default/files/documents/multifaceted-goverance-and-conflict-risks-in-myanmar-ruby-industry.pdf)။ ရှမ်းပြည်နယ်ရှိ ပတ္တမြားတူးဖော်သူများအဆိုအရ "တပ်မတော်သည် ပတ္တမြား ကုန်သွယ်ရေးအများစုကို ထိန်းချုပ်ထားဆဲဖြစ်ပြီး မိုးကုတ်မှ ငွေအစုအပြုံလိုက်သည် သူတို့ဆီ တိုက်ရိုက်သွားသည်"၊ Suthep Kritsanavarin နှင့် Jittima Jantanamalaka၊ "ငြိမ်းချမ်းရေး ကို ကတိကဝတ် မရှိခြင်းသည် ရှမ်းပြည်နယ်ရှိ တန်ဖိုးရှိသော သဘာဝ သယံဇာတများကို အလဟသဖြစ်စေသည်။" Unearth Myanmar၊ Natural Governance Resource Institute (http://unearthmyanmar.com/en/story/no-commitment-peace-wastes-valuable).

[226] နောက်ဆက်တွဲ ၃။ ကချင်နှင့် ရှမ်းပြည်နယ်များရှိ သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ၊ ကြည့်။

[227] နောက်ဆက်တွဲ ၃။ ကချင်နှင့် ရှမ်းပြည်နယ်များရှိ သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ၊ ကြည့်။

[228] မြန်မာ သဘာဝ သယံဇာတ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (MEITI) ၊ ၂၀၁၆ ဧပြီ ၁ ရက်မှ ၂၀၁၇ မတ် ၃၁ ရက်ကြားကာလ မြန်မာ EITI၏ စတုတ္ထအစီရင်ခံစာ (FY 2016-2017) ၊ ရေနံနှင့် သဘာဝ ဓါတ်ငွေ့၊ ကျောက်မျက်နှင့် ကျောက်စိမ်း၊ အခြား ဓါတ်သတ္တုများနှင့် ပုလဲ၊ ၂၀၁၉ မတ် ၃၀ ရက် (https://myanmareiti.org/sites/myanmareiti.org/files/publication_docs/4th_meiti_report_30_march_2019_1.pdf), pg. 73; and further, Mia Newman၊ "ဘက်စုံဒေါင့်စုံ။ မြန်မာ့ ပတ္တမြား လုပ်ငန်း၏ အုပ်ချုပ်ရေးနှင့် ပဋိပက္ခ ဘေးအန္တရာယ်" Natural Resource Governance Institute၊ ၂၀၁၈ မတ်လ ၊ စာ- ၉ (https://resourcegovernance.org/sites/default/files/documents/multifaceted-goverance-and-conflict-risks-in-myanmar-ruby-industry.pdf).

[229] ဈေးကွက်နှင့် သုတေသန ဌာန၊ မြန်မာ စီးပွားရေး ကော်ပိုရေးရှင်း၊ "ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ။ မြန်မာ့ စီးပွားရေး ကော်ပိုရေးရှင်း"၊ စာ ၄၈။

၉၇။ ယင်းတို့၏ ကိုယ်ပိုင်လုပ်ငန်းများအတွက် လိုင်စင်များ ရယူသည့် အပြင် MEHL နှင့် MEC တို့သည် ပတ္တမြားတူးဖော်ရေး လုပ်ကွက်များနှင့် လိုင်စင်များကို ရရှိရန် ဖွေရှာနေသော ပုဂ္ဂလိက ကုမ္ပဏီများ အတွက် တရားမဝင် ဂိတ်ပေါက်စောင့်အဖြစ်လည်း လုပ်ဆောင်သည်။[230] တပ်မတော် စီးပွားရေး လုပ်ငန်း အုပ်စုကြီးများ က ကျောက်စိမ်း တူးဖော်ခွင့် လိုင်စင်များ အတွက် ကြိုးပမ်းသည့်နေရာတွင် အရေးကြီးသော အခန်းကဏ္ဍတွင် ရှိကြောင်း အစီရင်ခံမှုများ ရှိသည်။ အမေရိကန်ပြည်ထောင်စု သံတမာန်ကေဘယ်၏ အဆိုအရ ကချင်ကျောက်သမားများက MEHL နှင့် လက်တွဲ ဆောင်ရွက်ခြင်းသည် လိုင်စင် လျှောက်ထားမှု လုပ်ငန်းစဉ်အတွင်း အကောင်းဆုံး ရလာဒ်များကို အာမခံချက်ပေးသည်ဟု ပြောခဲ့သည်။ ယင်း လက်တွဲဆောင်ရွက်ခြင်းများမှတဆင့် နောက်ဆက်တွဲ တူးဖော်ရေး လုပ်ငန်း နှင့် ပစ္စည်း ရောင်းချရမှုများ၏ အကျိုးအမြတ်များမှာ သူတို့၏ ရှယ်ယာထက် ပိုမိုရရှိခြင်းဖြင့် တပ်မတော်၏ စီးပွားရေး လုပ်ငန်း အုပ်စုကြီးများအနေဖြင့် အကျိုးအမြတ်ရနေခြင်းဖြစ်ကြောင်းကိုလည်း သူတို့က ရှင်းပြခဲ့သည်။[231]

၉၈။ MEHL နှင့် MEC လုပ်ငန်းခွဲများသည် ရှမ်းပြည်နယ်ရှိ အခြားသော သယံဇာတထုတ်လုပ်ရေး လုပ်ငန်းများတွင်လည်း ပါဝင်ထိစပ်နေသည်။ ၎င်းတို့၏ ရှမ်းပြည်နယ်အတွင်း သယံဇာတ တူးဖော်မှုလုပ်ငန်းများနှင့် မိုင်းနယ်မြေများရှိ တပ်မတော်၏ စစ်ဆင်ရေးများ အကြားဆက်စပ်မှု၊ မှတ်တမ်းတင်ထားသော နိုင်ငံတကာ လူ့အခွင့်အရေးနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေတို့အပေါ် ချိုးဖောက်မှုများ နှင့် ၎င်းတို့၏ အကြားဆက်စပ်မှု အစရှိသည်တို့ကို ဆုံးဖြတ်နိုင်ရန်အတွက် နောက်ထပ် စုံစမ်းစစ်ဆေးမှုများ လိုအပ်သည်။ ကျောက်စိမ်းနှင့် ပတ္တမြား တူးဖော်ရေး အပြင် MEHL ၏ လုပ်ငန်းခွဲဖြစ်သော မြန်မာပတ္တမြားလုပ်ငန်း သစ္စာပန်း (ကျောက်မျက်) ကုမ္ပဏီလီမိတက်သည် ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်၊ မိုးဟတ်ခ် မှ ရွှေထုတ်လုပ်မှုတွင် ဂိမ်း ကျောက်မျက် ကုမ္ပဏီလီမိတက်နှင့် ပူးပေါင်း လုပ်ဆောင်သည်။[232] MEC ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးသည် ရွှေတူးဖော်ရေး ကုမ္ပဏီ ဖြစ်သော အေးမြပြည့်စုံ ရွှေနှင့် သတ္တု ထုတ်လုပ်ရေး ကုမ္ပဏီ လီမိတက်၏ ညွှန်ကြားရေးမှူးအဖြစ်လည်း တာဝန်ယူသည်။ [233] MEC သည် ကျောက်မီးသွေး တူးဖော်ရေး နှင့် လျှပ်စစ်ဓါတ်အား စက်ရုံ၊ ဂျစ်ပဆန် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်း ၂ ခုနှင့် ထုံးကျောက် ထုတ်လုပ်ရေး လုပ်ငန်း ၂ ခုတို့ ရှမ်းပြည်နယ်တွင် ရှိကြောင်းလည်း အစီရင်ခံထားသည်။[234]

---

[230] Mia Newman၊ "ဘက်စုံဒေါင့်စုံ။ မြန်မာ့ ပတ္တမြား လုပ်ငန်း၏ အုပ်ချုပ်ရေးနှင့် ပဋိပက္ခ ဘေးအန္တရာယ်" Natural Resource Governance Institute၊ ၂၀၁၈ မတ်လ ၊ စာ- ၉။ (https://resourcegovernance.org/sites/default/files/documents/multifaceted-goverance-and-conflict-risks-in-myanmar-ruby-industry.pdf)

[231] ကချင် ကျောက်စိမ်း တူးဖော်ရေး၊ သူဌေးဖြစ် ချေးဖြစ်လမ်း၊ ၂၀၀၁ ဒီဇင်ဘာ ၁၂၊ အမေရိကန် အစိုးရ၏ အဆင့်သတ်မှတ်ချက်မရှိသော ကေဘယ်ကြိုး သတင်းပေးပို့ချက်။

[232] ကိုးကားချက်အမှတ် 5/3/အခရ/ပိုင် ( ၊၁ ၊၄/ ၊၀၁၈) ၊ "EITI လုပ်ငန်းစဉ်အတွက် MEDL ၏ အချက်အလက် ကိန်းဂဏန်းများ တင်ပြခြင်း"၊ ၂၀၁၈ ဇွန် ၊၈ ရက်။ (https://myanmareiti.org/files/uploads/mehl_information_data_for_eiti.pdf)

[233] DICA မှတ်ပုံတင် အမှတ် ၃၆၄/၂၀၀၃-၂၀၀၄

[234] မိုင်ခေါတ်ရှိ ကျောက်မီးသွေးမိုင်းနှင် လျှပ်စစ်စက်ရုံများသည် MEC နှင် ဆာရဘာရီ ကျောက်မီးသွေး ကုမ္ပဏီလီမိတက် (ဟောင်ကောင်အခြေစိုက်ကုမ္ပဏီ) အကြား ဖက်စပ်လုပ်ငန်းဖြစ်သည်။ မြန်မာ သဘာဝ သယံဇာတ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (MEITI) ၊ ၂၀၁၆ ဧပြီ ၁ ရက်မှ ၂၀၁၇ မတ် ၃၁ ရက် အတွင်း ကာလအတွက် မြန်မာEITI ၏ စတုတ္ထ အစီရင်ခံစာ (FY 2016-2017)၊ ရေနံနှင့် သဘာဝ ဓါတ်ငွေ့၊ ကျောက်မျက်နှင့် ကျောက်စိမ်း၊ အခြား ဓါတ်သတ္တုများနှင့် ပုလဲ။ ၂၀၁၉ မတ် ၃၀ ရက်၊ စာ- ၇၃။ (

၉၉။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (EAO) များ၏ လုပ်ဆောင်မှုများသည် ဤအစီရင်ခံစာ ကျယ်ပြန့်မှု၏ ပြင်ပတွင် ရှိနေသော်လည်း ၁၉၉၀ ခုနှစ်များအစောပိုင်းမှ စ၍ တပ်မတော်သည် ရက်စက်ကြမ်းတမ်းသော သောင်းကျန်းသူ ဆန့်ကျင်ရေး လှုပ်ရှားမှုများကို တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များအပေါ်တွင် ပြုလုပ်သည်နှင့် တပြိုင်နက် ယှဉ်တွဲလျက် EAO များအား အပစ်အခတ်ရပ်စဲမှု လုပ်ရန်၊ အလဲအလှယ်အားဖြင့် သဘာဝ သယံဇာတ တူးဖော်ထုတ်လုပ်မှုမှ အကျိုးအမြတ်များကို ခွဲယူရန် ကမ်းလှမ်းခဲ့သည်။ [235] ဤကိစ္စသည် ရင်ဆိုင်ယှဉ်ပြိုင်နေကြသည့် နယ်မြေများရှိ တပ်မတော်နှင့် EAO များအနေဖြင့် တိုက်ရိုက် သဘာဝ သယံဇာတ ထုတ်ယူခြင်းမှ အကျိုးအမြတ် ရရှိသော ဆွဲဆောင်မှု မည်သို့ ဖြစ်လာစေကြောင်းကို မစ်ရှင်က မှတ်တမ်းတင်ထားသည်။ [236] သူတို့အနေဖြင့် စီးပွားရေး ဖက်စပ်လုပ်ငန်းများ၊ တရားဝင်နှင့် တရားမဝင် အခွန်ကောက်ခံခြင်း စီစဉ်မှုများ နှင့် ငွေကြေးခဝါချမှုများကို မည်သို့လုပ်ဆောင်ခဲ့ကြသည်ကိုလည်း မစ်ရှင်က သုံးသပ်ထားသည်။ [237] ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် EAO များ၏ အခွင့်အာဏာ နှင့် သို့မဟုတ် အခွင့်အာဏာ အပေါ်တွင် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ဤ စီစဉ်မှုများအတွင်း သဘာဝ သယံဇာတများအား ရယူခြင်း သို့မဟုတ် အမြတ်ထုတ်ခြင်း တွင် ငြိစွန်းပတ်သက်နေသည် ဟု မီဒီယာ နှင့် စုံစမ်းထောက်လှမ်းသော အဖွဲ့အစည်းများက ဆိုကြသည်။ [238] ယင်းစိုးရိမ် ပူပန်ရသော ဧရိယာများအားလုံးအပေါ် နောက်ထပ် စုံစမ်းစစ်ဆေးမှုများ လိုအပ်လျက် ရှိသည်။

### ၃။ ကချင်နှင့် ရှမ်းပြည်နယ်များရှိ ကျောက်စိမ်းနှင့် ပတ္တမြား တူးဖော်မှုများအပေါ် ဥပဒေကြောင်း ဆိုင်ရာ တွေ့ရှိချက်များ

၁၀၀။ ကျောက်စိမ်းနှင့် ပတ္တမြား တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများရှိ တပ်မတော်၏ စီးပွားရေး နှင့် စစ်တပ် အကျိုးစီးပွားများသည် ကချင်ပြည်နယ် ပဋိပက္ခသက်ရောက်မှု နယ်မြေများမှ အကျိုးခံစားခွင့် ရရှိနေပြီး ထိုနယ်မြေများရှိ နိုင်ငံတကာ လူ့အခွင့်အရေးချိုးဖောက်မှုများကို ပံ့ပိုးပေးနေကြောင်း ကျိုးကြောင်း ဆီလျော်သော အခြေခံများ အပေါ်တွင် မစ်ရှင်က ကောက်ချက်ချသည်။ ရှမ်းပြည်နယ်တွင်လည်း ရန်လိုတိုက်ခိုက်မှုများ ရှိနေသောကြောင့် ထိုပြည်နယ်အတွက်လည်း မစ်ရှင်မှ အလားတူ စိုးရိမ်မှု ရှိသည်။ တပ်မတော်သည် သယံဇာတ

https://myanmareiti.org/sites/myanmareiti.org/files/publication_docs/4th_meiti_report_30_march_2019_1.pdf)

[235] မင်းဇော်ဦး၊"မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်ကို နားလည်ခြင်း၊ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်များ"၊ Swisspeace၊ ၂၀၁၄၊ စာ- ၈-၉။ (https://www.swisspeace.ch/fileadmin/user_upload/Media/Publications/Catalyzing_Reflections_2_2014_online.pdf)

[236] QI-080; PI-061; SI-004

[237] Kevin Woods၊ "အပစ်အခတ်ရပ်စဲရေး အရင်းရှင်စနစ်။ စစ်တပ်-ပုဂ္ဂလိက တွဲဖက်မှုများ၊ သယံဇာတများ ချထားခြင်း နှင့် မြန်မာ-တရုတ် နယ်စပ်များတွင် စစ်တပ်-နိုင်ငံတော် တည်ဆောက်ရေး"၊ *Journal of Peasant Studies*၊ ၂၈၊ နံပတ် ၄၊ (၂၀၁၁)။ 747-70; Kevin M. Woods၊ "ပဋိပက္ခ အရင်းအမြစ် စီးပွားရေးနှင့် မြန်မာ့ ငြိမ်းချမ်းရေးသို့ သွားရာလမ်း" USIP၊ ၂၀၁၈ နိုဝင်ဘာ လ။

[238] Global Witness၊ "ကျောက်စိမ်း။ မြန်မာ့ ကြီးမားသော နိုင်ငံတော် လျှို့ဝှက်ချက်" ၂၀၁၅ အောက်တိုဘာ ၂၃။ "မြန်မာနိုင်ငံ၏ သံဖြူ တူးဖော်ရေး ဆုံချက်" Reuters။ Yimou Lee နှင့် Joel Schectman၊ "Apple နှင့် အခြားသူများအတွက်၊ သံဖြူ တင်ပို့မှုလမ်းကြောင်းသည် သူပုန်ထိန်းချုပ်ထားသော မြန်မာမိုင်းနှင့် ဆက်စပ်နေသည်" Reuters၊ ၂၀၁၆ နိုဝင်ဘာ ၂၈ ရက် (https://www.reuters.com/article/us-myanmar-tin-insight/for-apple-and-others-tin-supply-chain-has-ties-to-rebel-held-myanmar-mine-idUSKBN13N1VV)

တူးဖော်ထုတ်လုပ်ခြင်းမှ ဝင်ငွေ တိုးတက်စေရန် အဓမ္မ လုပ်အားစေခိုင်းခြင်းကို အသုံးပြုခဲ့ပြီး မော်နယ်မြေများကို လူဖမ်းခြင်းများ၊ အဓမ္မလုပ်အားစေခိုင်းခြင်း၊ လိင်အကြမ်းဖက်မှုနှင့် လူသတ်မှုများအတွက် အခြေခံ နယ်မြေများအဖြစ် အသုံးပြုခဲ့သည်။ ဤပြင်းထန်သော ချိုးဖောက်မှုများကို ကျူးလွန်ခြင်းသည် မော်နယ်မြေများတွင် နေထိုင် လုပ်ကိုင်သော အရပ်သားများ အထူးသဖြင့် အမျိုးသမီးများအတွက် တပ်မတော်၏ လိင်အကြမ်းဖက်ကျူးလွန်မှုကို တွေ့ကြုံနိုင်စေသည့် ဘေးအန္တရာယ်ကို မြင့်မားစေသည်။ မစ်ရှင်က မှတ်တမ်းတင်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများထဲမှ အများအပြားသည် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေကိုလည်း ချိုးဖောက်ပြီး အချို့မှာ ယင်းတို့၏ နိုင်ငံတကာ အဆင့်မဟုတ်သော လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်နွယ်နေသောကြောင့် စစ်ရာဇဝတ်မှု အဆင့်အထိ မြင့်မားသည်။

၁၀၁။ ကချင်ပြည်နယ် ဖားကန့်နှင့် တနိုင်း ပတ်ဝန်းကျင်ရှိ ရန်လိုတိုက်ခိုက်မှုများသည် ထိုနယ်မြေများရှိ သဘာဝ သယံဇာတ စီးပွားရေးနှင့် ခွဲခြား၍မရအောင် ချိတ်ဆက်နေသည်ဟုလည်း မစ်ရှင်က တွေ့ရှိသည်။ မော်နယ်မြေများတွင် သို့မဟုတ် အနီးပတ်ဝန်းကျင်တွင် သယံဇာတများကို ထိန်းချုပ်မှု ရယူရန် သို့မဟုတ် သူတို့၏ တဖက် ရန်သူ၏ စီးပွားရေးကို ဖျက်ဆီးရန် အစရှိသော မြင်သာသော ရည်မှန်းချက်ဖြင့် ပဋိပက္ခတွင် ပါဝင်သည့် အဖွဲ့များက တိုက်ပွဲများ ဖြစ်ပွားနေကြောင်း ထွက်ဆိုချက် အများအပြားကိုလည်း မစ်ရှင်က မှတ်တမ်းတင်ထားသည်။[239]

၁၀၂။ တပ်မတော်၊ သယံဇာတ တူးဖော်ရေး လုပ်ငန်းများနှင့် မော်နယ်မြေ အများအပြားရှိ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေတို့အပေါ် ချိုးဖောက်မှုများအကြား အပြန်အလှန် ဆက်နွယ် ပါတ်သက်နေမှုများသည် လမ်းညွှန်ဥပဒေသများ၏ သတ်မှတ်ချက်များကို မြန်မာနိုင်ငံအနေဖြင့် ထိရောက်စွာ အသုံးပြုရန် ပျက်ကွက်နေကြောင်း ကျိုးကြောင်းဆီလျော်သည့် အခြေခံများအပေါ်တွင် မစ်ရှင်ကို ကောက်ချက်ချစေခဲ့သည်။ တပ်မတော်၏ ဥပဒေနှင့် မညီသော အပြုအမူများ၊ သယံဇာတ တူးဖော်ရေး လုပ်ငန်းများအပေါ် ထိရောက်စွာ စည်းမျဉ်းများ မချမှတ်မှု နှင့် သူတို့၏ လုပ်ဆောင်မှုများက ပံ့ပိုးပေးနေသော လူသားများအသက်ကို ခြိမ်းခြောက်နေသည့် ဘေးအန္တရာယ်များကို ကာကွယ်ခြင်းနှင့် လျော့နည်းစေခြင်း မလုပ်ဆောင်နိုင်မှုတို့မှ တဆင့် အထူးသဖြင့် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေများကို လေးစားရန်နှင့် လေးစားမှုရှိစေရန် အာမခံချက်ပေးရန် တာဝန်ရှိမှုအပေါ် မြန်မာနိုင်ငံအနေဖြင့် ပျက်ကွက်ခဲ့သည်။

၁၀၃။ ကချင်နှင့် ရှမ်းပြည်နယ်များတွင် မည်သည့် သယံဇာတ ထုတ်လုပ်မှု စီးပွားရေး လုပ်လိုသော သို့မဟုတ် စီးပွားရေး လုပ်နေသော လုပ်ငန်းမဆို တပ်မတော်နှင့် သက်ဆိုင်သော စီးပွားရေးများ (သူတို့၏ လုပ်ငန်းခွဲများအပါအဝင်) နှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်လျက် - ဆိုလိုသည်မှာ သူတို့ထံမှ အရင်းအမြစ်ရယူခြင်း သို့မဟုတ် သူတို့၏ အဆင့်ဆင့် ထုတ်လုပ်မှု လမ်းကြောင်း တလျောက် တပ်မတော်နှင့် သက်ဆိုင်သော စီးပွားရေးများ ပါဝင်စေခြင်း၊ တပ်မတော်ကို သဘာဝ

239 SI-004, PI-043, PI-049, PI-054

သယဇာတ တူးဖော်ထုတ်ယူမှုတွင် ပါဝင်မှု ပေးခြင်းဖြင့် မှော်နယ်မြေများတွင် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေ များကို ချိုးဖောက်မှုအတွက် ထိုစီးပွားရေးလုပ်ငန်းများ၏ တာဝန်ရှိကြောင်း မစ်ရှင်က ကျိုးကြောင်းဆီလျော်သော အခြေခံများကို လည်း တွေ့ရှိခဲ့သည်။[240] ထိုသို့ လုပ်ခြင်းဖြင့် သူတို့သည် ရာဇဝတ်နှင့် တရားမ ဆိုင်ရာ တရားစွဲဆိုမှုများ ခံရစေနိုင်သည်။

၁၀၄။ ထို့အပြင် ဤဧရိယာများတွင် မည်သည့် စီးပွားရေး လုပ်ရန် ကြိုးပမ်းမှု သို့မဟုတ် စီးပွားရေး လုပ်ဆောင်မှု မဆို၊ ကြိုတင်ပြင်ဆင် အားထုတ်မှုကို မြင့်မားစွာ လိုက်နာခြင်းဖြင့် ဤနယ်မြေတွင် တပ်မတော်က ကျူးလွန်သော နိုင်ငံတကာ လူ့အခွင့်အရေးနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေချိုးဖောက်မှု အများအပြားကို ဖြစ်စေခြင်း၊ ပံ့ပိုးခြင်း သို့မဟုတ် တိုက်ရိုက် ချိတ်ဆက်ခြင်းများ မရှိစေရန် သေချာအောင် လုပ်ဆောင်ရမည်။ လမ်းညွှန်ဥပဒေသများအရ မည်သည့် တူးဖော်ထုတ်လုပ်မှု လုပ်ငန်း မဆိုသည် သူတို့ကြောင့် ပဋိပက္ခကို ပိုမိုတိုးပွားခြင်း မဖြစ်စေရန် အမြင့်ဆုံး ကြိုတင်ပြင်ဆင် အားထုတ်မှုများကို လိုက်နာ ဆောင်ရွက်ရပြီး စစ်ဆင်ရေးများ သည် စိမ်ခေါ်မှုရှိသော လည်ပတ်မှု ပတ်ဝန်းကျင်တွင်ပင် လူ့အခွင့်အရေးအပေါ် အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများ မရှိစေရန် မြင့်မားစွာ စောင့်ထိန်းကြရသည်။ တစ်ဖနီ ကုမ္ပဏီ သည် ဤတာဝန်ခံမှုအပေါ် သတိဖြင့်လုပ်ဆောင်မှုကို ဖော်ပြသော နမူနာဖြစ်သည်။ ၂၀၁၆ ခုနှစ် အမေရိကန် ပြည်ထောင်စုက အရေးယူပိတ်ဆို့မှုများကို ရုပ်သိမ်းပြီးသည့်နောက်ပိုင်းတွင်ပင်လျှင် ယင်းအနေဖြင့် "အစိုးရ လုပ်ထုံးလုပ်နည်းများ အပေါ်မှ ကျော်လွန်၍ သွားရန်" ဆုံးဖြတ်ချက်ကို လူသိရှင်ကြား ထုတ်ပြန်ခဲ့ပြီး၊ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ကြီးမားပြင်းထန်မှုကြောင့် ၂၀၀၃ ခုနှစ် အမေရိကန်ပြည်ထောင်စု မြန်မာ လွတ်မြောက်ရေးနှင့် ဒီမိုကရေစီ အက်ဥပဒေကို ချမှတ်စဉ်ကတည်းက မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာများ မဝယ်ယူရန် ဆုံးဖြတ်ချက်ကို လူသိရှင်ကြား ထုတ်ပြန်ခဲ့သည်။[241]

## ၅။ တပ်မတော်စစ်ဆင်ရေးများနှင့် ကြွယ်ဝချမ်းသာမှုအတွက် ထောက်ကူပံ့ပိုးမှုကို ဖြစ်စေသော အခြား အခြေခံကျသည့် နည်းလမ်းများ

### က.က။ မြန်မာ့တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များမှ ကျူးလွန်သော ချိုးဖောက်မှု ပုံမှန်နည်းလမ်းများ

### (က) အလှူရှင် ကုမ္ပဏီများ

### ၁။ ရခိုင်တွင် လူသားချင်စာနာမှု အထောက်အကူ၊ နေရာပြန်လည်ချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းများသို့ ကုမ္ပဏီများ၏ လှူဒါန်းမှုများ

၁၀၅။ ခရိုနီ ကုမ္ပဏီ အများအပြားသည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင် စတင်သော ရိုဟင်ဂျာများ အပေါ် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" အတွင်းနှင့် နောက်ပိုင်းတို့တွင်

---

240 တာဝန်ခံမှုရှိသော စီးပွားရေး မူဝါဒများနှင့် အလေ့အထ များနှင့် စီးပွားရေးဆိုင်ရာ အရာရှိများနှင် ရာဇဝတ်မှု ဆိုင်ရာ တရားစွဲဆိုခံရနိုင်မှုအပေါ် အထက်ပါ အခန်းများတွင် ကြည့်ပါ။

241 "မြန်မာ့ ကျောက်မျက်ရတနာများ"၊ Tiffany & Co ရေရှည်တည်တံ့ခိုင်မြဲနိုင်မှု အစီရင်ခံစာ၊ ၂၀၁၇ (https://media.tiffany.com/is/content/Tiffany/Tiffany_Sustainability_Full_Report)

ရခိုင်ပြည်နယ် မြောက်ပိုင်း တည်နေရာ အနေအထားကို အခြေခံအားဖြင့် ပြောင်းလဲသွားစေရန် မြန်မာအစိုးရက စီစဉ်လုပ်ဆောင်သော ကြီးပမ်းအားထုတ်မှုများတွင် ပါဝင်ပတ်သက်ကြောင်း ကျိုးကြောင်းဆီလျော်သော အခြေခံများအပေါ်တွင် မစ်ရှင်က ကောက်ချက်ချသည်။ ရခိုင်မြောက်ပိုင်း၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် အကြမ်းဖက်မှုများ၏ အရင်းအမြစ် အကြောင်းရင်းများအတွက် အဖြေဖြစ်သည်ဟူသော ရှင်းလင်းသည့် လမ်းကြောင်းကို အစိုးရက လက်ခံထားပြီး ယင်းတို့၏ အများစုကို "ဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့သည်။[242] မစ်ရှင်က မှတ်တမ်း ပြုစုထားသည့်အတိုင်း လူပေါင်း ၈၅၀,၀၀၀ ကျော် ရွှေ့ပြောင်းခဲ့ပြီး ထောင်နှင့် ချီ၍ သေဆုံးခဲ့သော ၂၀၁၇ ရိုဟင်ဂျာများအပေါ် အကြမ်းဖက်မှု၏ သက်ရောက်မှုသည် အရပ်သား အစိုးရနှင့် တပ်မတော်က ဦးဆောင်သော ထပ်မံလုပ်ဆောင်မှုများကြောင့် အစိုင်အခဲ ပိုမိုဖြစ်သွားစေပြီး ရိုဟင်ဂျာများ သူတို့၏ မူရင်း ကျေးရွာများသို့ ပြန်သွားပြီး သူတို့၏ ပိုင်ဆိုင်မှုများနှင့် အသိုင်းအဝိုင်းများကို ပြန်လည်ရရှိစေရန်အတွက် မဖြစ်နိုင်လောက်အောင် ဖြစ်စေသည်။ ယင်း လုပ်ဆောင်မှုများထဲမှ အချို့တွင် နယ်စပ် ခြံစည်းရိုးကာရံခြင်း၊ ပြန်လည်နေရာချထားရေးအတွက် လုံလောက်မှုမရှိသော မူဘောင်၊ ပြန်လာရန်အတွက် သင့်လျော်သည့် အခြေအနေများ အားနည်းခြင်း၊ နယ်စပ်တွင် မြေမြှုပ်မိုင်းများ အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း နှင့် အခြားသော မြေပြင် ရှင်းလင်းမှု ပုံစံများ၊ လုံခြုံရေး ဆိုင်ရာ တည်ဆောက်မှုများ၊ အခြားသော အခြေခံအဆောက်အဦများ တည်ဆောက်ခြင်း၊ နှင့် သက်သေအထောက်အထားများ ဖျက်ဆီးခြင်းတို့ပါဝင်သည်။[243]

၁၀၆။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် စတင်ခဲ့သော "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး" များအပေါ် နိုင်ငံတကာ၏ ကျယ်ပြန့်သော ပြစ်တင်ဝေဖန်မှုများကို တုန့်ပြန်ရန်အတွက် ဖွဲ့စည်းခဲ့သည့်၊ အများပိုင်-ပုဂ္ဂလိကပိုင် ပူးပေါင်းဆောင်ရွက်မှု တခု ဖြစ်သော အစိုးရ၏ ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD) က ရခိုင်ပြည်နယ်တွင် အစိုးရ မူဝါဒ အကောင်အထည်ဖော်ရေးအတွက် ဤအခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးကို အဓိက အားဖြင့် ကြီးကိုင် လုပ်ဆောင်ခဲ့သည်။ ယင်း၏ ထုတ်ပြန်ကြေညာထားသော ရည်ရွယ်ချက်ဖြစ်သည့် အကြမ်းဖက်မှု သက်ရောက်ခံရသော ပြည်သူများကို လူသားချင်းစာနာမှု အကူအညီပေးရေး နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ ရိုဟင်ဂျာ ဒုက္ခသည်များ ပြန်လာရေးကို ပံ့ပိုးကူညီပေးရေး တို့အပြင် UEHRD ကော်မတီသည် အဆောက်အဦးများ ပြန်လည် ပြင်ဆင်ရန်နှင့် ပုဂ္ဂလိက ကုမ္ပဏီများနှင့် ပူးပေါင်းလျက် ဆောက်လုပ်ရေး လုပ်ငန်း အသစ်များ လုပ်ဆောင်ရန် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အဦ တည်ဆောက်ရေး လုပ်ငန်းအဖွဲ့ (CITF) ကို ဖွဲ့စည်းခဲ့သည်။ အထက်တွင် ဖော်ပြထားသော နှင့် အောက်တွင် ဖော်ပြမည့်

[242] Simon Lewis၊ "ပြဿနာ ဖြစ်နေသော ရခိုင်တွင် ရင်းနှီးမြှုပ်နှံသူများကို မြန်မာနိုင်ငံမှ အောင်ဆန်းစုကြည်က အားပေး ဆွဲဆောင်၊ "အပြုသဘောမဆောင်သော" အာရုံစိုက်မှုများအား ဝေဖန်၊ Reuters၊ ၂၀၁၉ ဖေဖော်ဝါရီ ၂၂ ရက်။ (https://www.reuters.com/article/us-myanmar-rakhine-investment/myanmars-suu-kyi-woos-investors-to-crisis-hit-rakhine-decries-negative-focus-idUSKCN1QB0HO).

[243] A/HRC/39/CRP.2၊ စာပိုဒ် ၁၁၈၀-၁၂၄၄။

အကြောင်းပြချက်များအတွက် ဤစီမံကိန်းများသည် ရိုဟင်ဂျာ ပြည်သူများအတွက် အကျိုးခံစားမှုများ ရှိစေသည်ဟု မစ်ရှင်အနေဖြင့် ဆန်းစစ်တွေ့ရှိခြင်း မရှိပါ။

၁၀၇။ UEHRD ကော်မတီကို နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး လူမှု ဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ဒုဥက္ကဋ္ဌ ဖြစ်သည်။[244] ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့ နေပြည်တော်တွင် ကျင်းပခဲ့သည့် အခန်းအနားတစ်ခု အတွင်းတွင် ကုမ္ပဏီ အများအပြားပိုင်ရှင်များက ဤပြန်လည်တည်ဆောက်ရေးအတွက် UEHRD ကို အမေရိကန် ဒေါ်လာ ၁၃.၅ သန်း ကူညီရန် ကတိပြုခဲ့ကြသည်။ [245] UEHRD အစပျိုးလုပ်ဆောင်မှုကို ပံ့ပိုးသည့်အနေဖြင့် အေးရှားဝေါလ် အုပ်စု၊ အေဒင် အုပ်စု၊ ကမ္ဘောဇ အုပ်စု နှင့် မက်စ်မြန်မာ တို့က ၂၀၁၇ နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးအတွင်း ဖျက်ဆီးခံရသော ရွာများကို ဖြတ်သွားသည့် လမ်းများ ဖောက်လုပ်ခြင်း၊ [246] ယာယီ စခန်းများဟု ဖော်ပြထားခဲ့သည့် ရိုဟင်ဂျာများအား စီစစ်သည့် စခန်းများ တည်ဆောက်ခြင်း[247] နှင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နယ်စပ် ခြံစည်းရိုး တည်ဆောက်ခြင်း[248]တို့တွင် ပါဝင်ခဲ့ကြသည်။

---

[244] ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်း (UEHRD) ရုံး၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ http://rakhine.unionenterprise.org/index.php/about-uehrd The UEHRD ကို ၂၀၁၇ ခု အောက်တိုဘာ ၁၇ ရက် ရက်စွဲဖြင့် သမ္မတရုံး၏ အမိန့်အမှတ် ၈၆/၂၀၁၇ ဖြင့် တည်ထောင်သည်။

[245] လွတ်လပ်သော အာရှအသံ (RFA) ၊ "ပျက်စီးသွားသော ရခိုင်ပြည်နယ်ကို ပြန်လည်တည်ဆောက်ရန် မြန်မာ့ စီးပွားရေး သမားများက သန်းနှင့်ချီသော ငွေကြေးများ ကတိပြု" ၂၀၁၇ အောက်တိုဘာ ၂၀ ရက်။ (https://www.rfa.org/english/news/myanmar/myanmar-executives-pledge-millions-to-rebuild-tattered-rakhine-state-10202017162452.html)။ Ben Dunant၊ "ရခိုင် ပြန်လည်တည်ဆောက်ရေး မျက်နှာစာမှ တိုင်ကွန်းများ" အမေရိကန်အသံ၊ ၂၀၁၈ ဇန်နဝါရီ ၂၃။ (https://www.voanews.com/a/business-leaders-support-myanmar-reconstruction/4219898.html).

[246] အောက်တွင် မှတ်တမ်းတင်ထားသည့်အတိုင်း လမ်းကြောင်းသည် ရသေ့တောင်မြို့နယ်၊ ကိုးတန်ကောက်၊ နှင့် မောင်တော်မြို့နယ် အင်းဒင် အပါအဝင် ၂၀၁၇ အကြမ်းဖက်မှုအတွင်း တိုက်ခိုက်ခံရပြီး မီးရှို့ဖျက်ဆီးခံရသည့် ရွာအများအပြားကို ဖြတ်သွားသည်။ အေးရှားဝေါလ်အုပ်စု၏ လမ်းပိုင်းသည် ရသေ့တောင်မြို့နယ် ကျွန်းဆွယ်တောင်ဖက်ဖျား အငူမော် ကျေးရွာအုပ်စုမှ ရခိုင်မြောက်ပိုင်း မောင်တောမြို့နယ်သို့ သွားသည်။ အသေးစိတ်သိလိုပါက "အဆင့်မြင့်ထားသော အငူမော်-မောင်တော လမ်းတလျောက် ဒေသခံများ၏ လိုအပ်ချက်များကို အေးရှားဝေါလ် ဖောင်ဒေးရှင်းဖြည့်စည်း"၊ ၂၀၁၉ မတ် ၂၈ ရက်။ (http://asiaworldfoundation.org/english/2019/03/28/asia-world-foundation-fulfill-the-needs-of-local-communities-along-the-upgraded-angumaw-maungdaw-road/).

[247] ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရိုဟင်ဂျာများအတွက် ဆောက်လုပ်ထားသောတဆင့်ခံ သို့မဟုတ် ပြန်လည်နေရာချထားရေး စခန်းများတွင် ရိုဟင်ဂျာများ လွတ်လပ်ခွင့်များ နှင့် လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်များ ဖယ်ရှားခံရသည့်အပေါ် စိုးရိမ်မှုများကို ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ပြောဆိုချက်များအားဖြင့် အသိပေးပြီးဖြစ်သည်။ ၂၀၁၈ မေ ၅ ရက်တွင် ရိုဟင်ဂျာများ သူက "ဘင်္ဂါလီများ"ဟု ရည်ညွှန်းသူများ ပြန်လာရေးအတွက် ပြောဆိုမှုအပေါ် သူ့အား ကိုးကားထားသည်မှာ "သူတို့အတွက် သတ်မှတ်ထားတဲ့ နေရာတွေမှာ သူတို့ နေတယ်ဆိုရင် သူတို့လုံခြုံရေးအတွက် စိတ်ပူစရာ မရှိပါဘူး။" "သတ်မှတ်ဧရိယာတွင် ရိုဟင်ဂျာများလုံခြုံမှုရှိ၊ မြန်မာစစ်တပ်ခေါင်းဆောင်"၊ The Straights Times၊ ၂၀၁၈ မေ ၆ ရက်။ (https://www.straitstimes.com/asia/se-asia/rohingya-safe-in-designated-areas-myanmar-army-chief).

[248] ထက်နိုင်ဇော်၊ "ဘင်္ဂလားဒေ့ရှ်နှင့် နယ်စပ် ကျန်းရှိသော မိုင် ၄၀ ကို မြန်မာအစိုးရက ခြံစည်းရိုးကာမည်"၊ The Irrawaddy၊ ၂၀၁၇ စက်တင်ဘာ ၈ ရက်။ (https://www.irrawaddy.com/news/burma/myanmar-govt-to-fence-remaining-40-mile-border-with-bangladesh.html)

၁၀၈။ UEHRD ၏ ဆောက်လုပ်ရေးနှင့် အခြေခံ အဆောက်အဦး တည်ဆောက်ရေး လုပ်ငန်းအဖွဲ့၏ အစိတ်အပိုင်းအဖြစ် အေးရှားဝေါလ် အုပ်စုသည် ယင်း၏ ကုသိုလ်ဖြစ်လုပ်ငန်းများ လုပ်ဆောင်သည့် အဖွဲ့ခွဲဖြစ်သည့် အေးရှားဝေါလ်အုပ်စု ဖောင်ဒေးရှင်း မှ တင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ကီလိုမီတာ ၈၀ ရှည်သော လမ်းကို ဖောက်လုပ်ခဲ့သည်။[249] ဂြိုလ်တုဓါတ်ပုံများနှင့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှုများက ထိုလမ်းသည် ရသေ့တောင်မြို့နယ် တောင်ဖက်ထိပ်ရှိ ကျွန်းဆွယ်တွင်ရှိသော အငူမော် ကျေးရွာအုပ်စုနှင့် နယ်စပ်ဖြတ်ကူးသည့် တောင်ပြိုလက်ျာတို့ကို ဆက်သွယ်ထားသည်။[250] ထိုလမ်းကြောင်းသည် ကိုးတန်ကောက်[251] နှင့် အင်းဒင်[252] အပါအဝင် ၂၀၁၇ ခုနှစ် အကြမ်းဖက်မှုတွင် တိုက်ခိုက်ခံရပြီး မီးရှို့ဖျက်ဆီးခံခဲ့ရသော ကျေးရွာအများအပြားကို ဖြတ်သန်းသွားသည်။

၁၀၉။ အေဒင် အုပ်စု ဥက္ကဌ ဦးချစ်ခိုင်က သူ၏ ဆောက်လုပ်ရေး ကုမ္ပဏီသည် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်အနီးရှိ ငါးခူရတွင် ပြန်လာသော ရိုဟင်ဂျာ ဒုက္ခသည်များအတွက် စီစစ်ရေး နေရာနစ်ခု အနက်တစ်ခုကို ဆောက်လုပ်မည်ဟု ကြေညာခဲ့သည်။[253] ဒေသခံ လူမှုအဖွဲ့အစည်းများက ဤစီစစ်ရေး နေရာများသည် ၂၀၁၂ ရခိုင် အကြမ်းဖက်မှုနောက်ပိုင်း တည်ဆောက်ခဲ့ပြီး ခုနစ်နှစ်ကျော်ကြာလာသည်အထိပင် ရိုဟင်ဂျာရွှေ့ပြောင်းဒုက္ခသည် ပြည်သူ ၁.၂ သန်းခန့်နေထိုင်နေရဆဲဖြစ်သည့် ရွှေ့ပြောင်း ဒုက္ခသည် စခန်းနှင့် နေရာများနှင့် အလားတူနမူနာကို ပေးလျက် အကျဉ်းစခန်းများသဖွယ် ဖြစ်လာမည်ကို အလေးအနက် စိုးရိမ်ပူပန်ကြသည်။[254] မစ်ရှင်က ဤစခန်းများသည် လွတ်လပ်ခွင့်ကို ထိရောက်စွာ ဖယ်ရှားထားသည့် နေရာများ ဖြစ်လာမည်ကို တွေ့ရှိခဲ့ရသည်။[255]

၁၁၀။ အထက်တွင် ဖော်ပြထားသော စီမံကိန်းများ အပြင် အရပ်သားအစိုးရနှင့် တပ်မတော်တို့သည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား အတားအဆီး ခြံစည်းရိုးကို

---

[249] UEHRD ၏ တောင်းဆိုမှု အေးရှားဝေါလ် ဖောင်ဒေးရှင်းက တုန့်ပြန်ပြီး "ရခိုင်တွင် အကျိုးအမြတ်တွက်မဟုတ်သော လမ်းစီမံကိန်းကို ထည့်ဝင်" အေးရှားဝေါလ် ဖောင်ဒေးရှင်း၊ ၂၀၁၈ ဇန္နဝါရီ ၆ ရက်။ (http://asiaworldfoundation.org/english/2018/01/06/asia-world-foundation-responds-to-call-by-uehrd-and-contributes-not-for-profit-road-project-in-rakhine/).

[250] UNOSAT အစီရင်ခံစာ၊ ၂၀၁၉ ဖေဖော်ဝါရီလ။

[251] "အေးရှားဝေါလ် ဖောင်ဒေးရှင်းက ရခိုင်ပြည်နယ် အငူမော် မှ ကိုးတန်ကောက် လမ်းဖွံ့ဖြိုးရေး စီမံကိန်း အငူမော်-မောင်တော၏ ပထမ ၂၁ ကီလိုမီတာ ပြီးစီး၊" အေးရှားဝေါလ် ဖောင်ဒေးရှင်း၊ ၂၀၁၈ မေ ၁၇ ရက်။ (http://asiaworldfoundation.org/english/2018/05/17/asia-world-foundation-has-completed-the-first-21-km-of-the-angumaw/)

[252] မြတ်ကျော်သူ၊ "လုံခြုံရေး၊ ဒုက္ခသည်များ မောင်းထုတ်ပြီးနောက် ရခိုင်ပြည်နယ် မြောက်ပိုင်း အခြေခံအဆောက်အဦအတွက် ငွေကြေးအမြောက်အများ ရရှိ" Frontier Myanmar၊ ၂၀၁၇ အောက်တိုဘာ ၁၁ ရက်။ (https://frontiermyanmar.net/en/security-infrastructure-in-northern-rakhine-receives-massive-cash-boost-after-refugee-exodus)

[253] Ben Dunant၊ "ရခိုင် ပြန်လည်တည်ဆောက်ရေး မျက်နှာစာပေါ်မှ တိုင်ကွန်းများ" အမေရိကန်အသံ VoA၊ ၂၀၁၈ ဇန္နဝါရီ ၂၃ ရက်။ (https://www.voanews.com/a/business-leaders-support-myanmar-reconstruction/4219898.html)၊ မြန်မာနိုင်ငံ၏ အကြီးဆုံး ကျောက်မီးသွေး တူးဖော်မှုတွင် အေဒင် အုပ်စုက တရုတ် အကြီးစား စက်မှုလုပ်ငန်း ကော်ပိုရေးနှင့် တွဲဖက်လုပ်မည်။ ရှမ်းပြည်နယ်။ တီကျစ်မိုင်း။

[254] Laignee Barron၊ "ပြန့်ကျဲနေသည့် ရိုဟင်ဂျာများအတွက် မြန်မာ၏ စခန်းသစ်များ စီစဉ်သောကြောင့် အကျဉ်းစခန်းများ ပေါ်လာမည်ကို စိုးရိမ်၊" The New Humanitarian၊ ၂၀၁၇ စက်တင်ဘာ ၁၉ ။ (http://www.thenewhumanitarian.org/news/2017/09/19/internment-fears-myanmar-plans-new-camps-scattered-rohingya)

[255] A/HRC/39/CRP.2၊ စာပိုဒ် ၅၁၇။

အားဖြည့်ရန်အတွက် အလှူငွေများကို အလေးအနက် စတင်တောင်းခံခဲ့ကြသည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် နေပြည်တော်တွင် ကျင်းပခဲ့သည့် အဆင့်မြင့် အစည်းအဝေးတစ်ခုတွင် သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့သည် မြန်မာ-ဘင်္ဂလား နယ်စပ်တလျှောက် ခြံစည်းရိုးများ အရေးပေါ် ပြင်ဆင်ရန်နှင့် အတားအဆီးသစ်များ ဆောက်လုပ်ရန် လိုအပ်ချက်ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ [256] အတားအဆီး ခြံစည်းရိုးကို အစောပိုင်း အကြိမ်ရေ အတော်များများ လွှတ်တော်တွင် ဆွေးနွေးခဲ့ပြီးဖြစ်သော်လည်း [257] ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထဲရေး ဝန်ကြီးဌာနသို့ မည်သည့် ဘတ်ဂျက်မှ ချမှတ်ပေးခြင်းမရှိခဲ့သည့်အတွက် ယခုအချိန်တိုင်အောင် မြန်မာအစိုးရအတွက် ခြံစည်းရိုး ပြင်ဆင်အားဖြည့်ရေးနှင့် တည်ဆောက်ရေးတို့သည် ဦးစားပေး အဆင့်ရောက်နေပုံ မရသေးပေ။ [258] သို့ရာတွင် ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်သို့ အဓမ္မ မောင်းထုတ်ပြီးနောက်တွင် [259] အစိုးရအတွက် အတားအဆီးများ အားဖြည့်ရန်မှာ အရေးပေါ် ဦးစားပေးမှု တစ်ရပ်ဖြစ်လာသည်။ သမ္မတ ရုံး ပြောရေးဆိုခွင့်ရှိသူက "နည်းလမ်းအားလုံးနဲ့ ခြံစည်းရိုးကာသွားမယ်... ရံပုံငွေက ဘယ်က လာမယ်ဆိုတာတော့ ကျနော်တို့ မသိသေး ပေမယ့် ဘယ်လိုပဲ ဖြစ်ဖြစ် ကျနော်တို့ လုပ်သွားမယ်" ဟု ပြောခဲ့သည်။ [260] အရပ်သား အစိုးရက ခြံစည်းရိုးအတွက် ရံပုံငွေကို UEHRD မှတဆင့် ရှာဖွေခဲ့ကြောင်း မစ်ရှင်က တွေ့ရှိသည်။ ထိုအခြေအနေတွင် ခြံစည်းရိုး၏ ရည်ရွယ်ချက်သည် UEHRD စီမံကိန်းများ၏ ရည်ရွယ်ချက်များထဲမှ တစ်ခု ဖြစ်သော ရိုဟင်ဂျာများ သူတို့၏ အသိုင်းအဝိုင်းနှင့် အမိမြေကို ပြန်မလာနိုင်စေရန် အာမခံချက်ရှိရေး ဖြစ်ကြောင်း ပေါ်လွင်စေသည်။

၁၁၁။ တဆက်တည်းပင် တပ်မတော်က အတားအဆီး ခြံစည်းရိုး တည်ဆောက်ရန် ရံပုံငွေများတောင်းခံခဲ့သည်။ အောက်ပိုင်းရှိ တပ်မတော် ဘဏ္ဍာငွေ ရှာဖွေခြင်း အခန်းအနားများနှင့် ပတ်သက်သည့် အပိုင်းတွင် အသေးစိတ်ကို ဖော်ပြထားသည်။ အခမ်းအနား သုံးခုထဲမှ အနည်းဆုံး နှစ်ခုတွင် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ခြံစည်းရိုး အားဖြည့်ရန် အလှူငွေကို အထူး ရှာဖွေခဲ့သည်။

---

[256] ထက်နိုင်ဇော်၊ "ဘင်္ဂလားဒေ့ရှ်နှင့် နယ်စပ် ကျန်းရှိသော မိုင် ၄၀ ကို မြန်မာအစိုးရက ခြံစည်းရိုးကာမည်"၊ The Irrawaddy၊ ၂၀၁၇ စက်တင်ဘာ ၈ ရက်။ (https://www.irrawaddy.com/news/burma/myanmar-govt-to-fence-remaining-40-mile-border-with-bangladesh.html)

[257] ရခိုင်ပြည်နယ် အခြေအနေများ ပြည်သူ့ လွှတ်တော် ဆွေးနွေး၊ ၂၀၁၇ ဩဂုတ် ၂၄ ရက်၊ Myanmar News Agency (http://www.globalnewlightofmyanmar.com/pyithu-hluttaw-discusses-rakhines-state-of-affairs/)

[258] ထက်နိုင်ဇော်၊ "ဘင်္ဂလားဒေ့ရှ်နှင့် နယ်စပ် ကျန်းရှိသော မိုင် ၄၀ ကို မြန်မာအစိုးရက ခြံစည်းရိုးကာမည်"၊ The Irrawaddy၊ ၂၀၁၇ စက်တင်ဘာ ၈ ရက်။ (https://www.irrawaddy.com/news/burma/myanmar-govt-to-fence-remaining-40-mile-border-with-bangladesh.html)

[259] A/HRC/39/CRP.2၊ စာပိုဒ် ၅၁၇

[260] ထက်နိုင်ဇော်၊ "ဘင်္ဂလားဒေ့ရှ်နှင့် နယ်စပ် ကျန်းရှိသော မိုင် ၄၀ ကို မြန်မာအစိုးရက ခြံစည်းရိုးကာမည်"၊ The Irrawaddy၊ ၂၀၁၇ စက်တင်ဘာ ၈ ရက်။ (https://www.irrawaddy.com/news/burma/myanmar-govt-to-fence-remaining-40-mile-border-with-bangladesh.html)

၁၁၂။ ၂၀၁၇ ခုနှစ် စက်တင်ဘာ အစောပိုင်းက ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ထိုအချိန်က လူသိရှင်ကြား အတည်ပြုခဲ့သော ဆောက်လုပ်မှုကို အတည်ပြုချက်နှင့် အတူ အတားအဆီးကို အားဖြည့်မှုများ ပေါ်ထွက်လာခဲ့သည်။ [261] နယ်စပ်ဒေသတွင် နောက်ထပ် တပ်ဖွဲ့များနှင့် စစ်စခန်းများဖြင့် ပိုမိုအားဖြည့်ခဲ့ကြောင်း အစီရင်ခံချက်များ ရှိခဲ့သည်။[262] ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" စတင်ခဲ့ပြီးနောက်တွင် တပ်တော်စစ်သားများနှင့် မြန်မာ နယ်ခြားစောင့်တပ်ဖွဲ့များက ရခိုင်ပြည်နယ်ရှိ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်တွင် သံဆူးကြိုး များ စတင် ကာရံခဲ့ကြောင်း မျက်မြင်သက်သေများက ပြောသည်။ နိုင်ငံတကာ နယ်နမိတ်နှင့် မီတာ ၁၅၀ အတွင်း တစ်စုံတစ်ရာ ဆောက်လုပ်ခြင်း ပြုပါက ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များနှင့် ဆွေးနွေးရန် လိုအပ်ချက်ကို ရှောင်ရှားရန်အတွက် မြန်မာနယ်နမိတ်အတွင်း နယ်စပ်မှ မီတာ ၂၀၀ အကွာတွင် အတားအဆီးသစ်များကို ထူထောင်ခဲ့သည်။[263] အားဖြည့် ကွန်ကရစ်ဖြင့် တည်ဆောက်ထားသော ယင်းသို့သော အတားအဆီးတစ်ခုသည် ကိုနာပါရာရှိ မြန်မာနယ်နမိတ်အတွင်း ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ မီတာ ၂၀၀ ထက်လျော့နည်းသော ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည် ရိုဟင်ဂျာ ၄၀၀၀ ခန့်ကို ဝန်းရံလိုက်ခြင်းဖြင့် သူတို့ကို ကျန်သည့် မြန်မာနိုင်ငံနှင့် သီးခြား ပိုင်းခြားလိုက်သည်။ [264] ၂၀၁၈ ခုနှစ်ရောက်သော အခါ မြန်မာနိုင်ငံဖက်မှ ခြံစည်းရိုးတွင် တပ်ဆင်ထားသော အသံချဲ့စက်များမှ ထိုနေရာတွင် သူတို့ နေထိုင်ခြင်းမှာ တရားဝင်ခြင်းမရှိသဖြင့် ထိုနယ်မြေမှ ထွက်ခွာသွားရန် အသံသွင်းထားချက်ကို ဖွင့်ပြကြောင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်ကို ရိုဟင်ဂျာများက ပြောပြကြသည်။[265] ယင်းသည် ခြံစည်းရိုးကာရံခြင်းသည် ရိုဟင်ဂျာများကို သူတို့၏ နေအိမ်များနှင့် သူတို့၏ မြေယာများမှ ဝေးရာတွင် ထားရှိရန် ရည်ရွယ်ချက်ကို နောက်ထပ်ဖော်ညွှန်းပြပေးသည်။ မစ်ရှင်မှ ကျွမ်းကျင်သူများသည် ၂၀၁၉ ခုနှစ် မေလတွင် ထို အသိုင်းအဝိုင်းသို့ သွားရောက်ခဲ့ပြီး သူတို့၏ ခေါင်းဆောင်များနှင့် စကားပြောခဲ့သည်။[266] ၂၀၁၈ ဖေဖော်ဝါရီလတွင် ဤရည်ရွယ်ချက်အတွက် လွှတ်တော်က အမေရိကန်ဒေါ်လာ ၁၅ သန်း ဘတ်ဂျက် အတည်ပြုပြီးနောက်ပိုင်း ၂၀၁၈ ခုနှစ် မတ်လ ရောက်သောအခါ နယ်စပ်တလျှောက် ကီလိုမီတာ ၆၀ မှလွဲ၍ အားလုံး ခြံစည်းရိုး

---

[261] Global New Light of Myanmar၊ "ဗိုလ်ချုပ်မှူးကြီး ရခိုင်မြောက်ပိုင်း ဒေသခံများနှင့် တွေ့ဆုံ၊ နေပြည်တော်တွင် ဂျပန် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံ" (၂၀၁၇ စက်တင်ဘာ ၂၂ ရက်)

[262] J. Emont၊ "ရိုဟင်ဂျာများ ပြန်လာမည်ကို မြန်မာက ခြံစည်းရိုး၊ သံဆူးကြိုးနှင့် မြေမြုပ်မိုင်းများဖြင့် တားဆီးပိတ်ဆို့" (Wall Street Journal၊ ၂၀၁၈ မတ် ၂၀ ရက်)

[263] XM-005.

[264] Muktadir Rashid၊ "ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ "မည်သူမျှမပိုင်သော မြေ"မှ ရိုဟင်ဂျာများ ထွက်ခွာရန် မြန်မာတောင်းဆို၊"၊ The Irrawaddy၊ ၂၀၁၈ မေ ၂၁ ရက်။ (https://www.irrawaddy.com/news/burma/myanmar-urges-rohingya-leave-no-mans-land-bangladesh-border.html)

[265] ရိုဟင်ဂျာ လူထုများ၏ လူ့အခွင့်အရေး အခြေအနေအပေါ် လူ့အခွင့်အရေး မဟာမင်းကြီး၏ နှုတ်ဖြင့် ဖြည့်စွက်တင်ပြခြင်း၊ A/HRC/38.CRP.2, စာပိုဒ် ၁၄။ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေအပေါ် အထူးကိုယ်စားလှယ်၏ ခရီးစဉ်အဆုံး ပြောဆိုချက်၊ ဒါကာ၊ ၂၀၁၈ ဇူလိုင် ၈ ရက်။ https://www.ohchr.org/en/NewsEvents/Pages/DisplayNews.aspx?NewsID=23347&LangID=E. See also FI-051 and FM-006.

[266] "မြန်မာအပေါ် ကုလသမဂ္ဂ လွှတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်က မြန်မာစစ်တပ်ကို ဘဏ္ဍာရေးအရ အထီးကျန်ဖြစ်အောင် တောင်းဆိုသည်။" ၂၀၁၉ မေလ ၁၄ ရက် (https://www.ohchr.org/EN/HRBodies/HRC/Pages/NewsDetail.aspx?NewsID=24608&LangID=E

အသစ်ကာရံခြင်းပြီးစီးခဲ့သည်။ [267] ခြံစည်းရိုးကာရံသည့် အခြေအနေနှင့် အချိန်ကာလနှင့် ရည်ရွယ်ချက်တို့သည် မစ်ရှင်ယခင်က တွေ့ရှိထားပြီးဖြစ်သည့် နယ်စပ်ခြံစည်းရိုး တည်ဆောက်ခြင်းသည် ဘင်္ဂလားဒေ့ရှ်မှ ရိုဟင်ဂျာများကို သူတို့၏ နေရပ်နှင့် အသိုင်းအဝိုင်းများသို့ ပြန်လာခြင်းကို တားဆီးရန် တရားဝင် အစီအစဉ်နှင့် မူဝါဒကို အခိုင်အမာ အားဖြည့်လျက်ရှိပေသည်။[268]

၁၁၃။ ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်စပ်တလျောက် အတားအဆီး ခြံစည်းရိုး ကာရန် အစိုးရ၏ တည်ဆောက်မှုတွင် ကုမ္ပဏီများက အရေးပါသော ကဏ္ဍက ပါဝင်ခဲ့ကြောင်း မစ်ရှင်က တွေ့ရှိခဲ့သည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာ နှောင်းပိုင်း လူများ ဘင်္ဂလားဒေ့ရှ် ကော့ဇ်ဘဇားကို ထွက်ပြေးနေဆဲအချိန်တွင်[269] ကမ္ဘောဇ အုပ်စုသည် သူ၏ ကုသိုလ်ဖြစ် အဖွဲ့ခွဲဖြစ်သော အနာဂတ် အလင်းတန်း မြန်မာ ဖောင်ဒေးရှင်း မှ တဆင့် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်အကြား နယ်စပ် ခြံစည်းရိုး အပိုင်းကို ဆောက်လုပ်ရန် အမေရိကန် ဒေါ်လာ ၂.၂ သန်းကို UEHRC သို့ လှူဒါန်းခဲ့သည်။[270] ကမ္ဘောဇ အုပ်စု၏ အကြီးတန်း စီမံခန့်ခွဲမှု ညွှန်ကြားရေးမှူး ဦးညိုမြင့်က သူ၏ လှူဒါန်းမှုသည် တရားမဝင် ရွှေ့ပြောင်းမှုကို တားဆီးရန်ရည်ရွယ်ကြောင်း မီဒီယာများက သတင်းဖော်ပြခဲ့ကြသည်။[271] “တရားမဝင် ရွှေ့ပြောင်းမှု” ဟူသော စကားရပ် ကိုးကားချက်သည်

---

267 V-207၊ Global New Light of Myanmar၊ “ပြည်ထောင်စု လွှတ်တော်က အိမ်ယာ၊ အခြေခံ အဆောက်အဦ ချေးငွေများကိစ္စ ဆွေးနွေး” (၂၀၁၈ မေ ၂၃) ၊ အစည်းအဝေး အကျဉ်းချုပ်၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၊ ဒုတိယ အကြိမ် ပြည်ထောင်စု လွှတ်တော်၊ သတ္တမ ပုံမှန်အစည်းအဝေး နဝမ ရက်၊ (တရားဝင် အစည်းအဝေး မှတ်တမ်း၊ ၂၀၁၈ ဖေဖော်ဝါရီ ၂၂ ရက်။ https://pyidaungsu.hluttaw.mm/uploads/pdf/okyLLx_9%20Day%20Meeting(22-2-2018).pdf. ထို့အပြင် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာ အာဏာပိုင်များအကြား “အလံတင် အစည်းအဝေး” တစ်ခုနောက်ပိုင်း ၂၀၁၈ မတ်လ နှောက်ပိုင်းတွင် ခြံစည်းရိုးအားဖြည့်သည့် လှုပ်ရှားမှုများ ပိုမို အားကောင်းလာခဲ့သည်။ (BGB နှင့် အစည်းအဝေးတွင် မြန်မာဘက်မှ တပ်ချထားမှုများကို ကာကွယ်ပြောဆို၊ Dhaka Tribune၊၂၀၁၈ မတ် ၃ ရက်။ https://www.dhakatribune.com/bangladesh/2018/03/02/myanmar-sends-soldiers-tambru-border ၊ နယ်စပ်တွင် မြန်မာက ဘန်ကာများနှင့် ခြံစည်းရိုးများ ဆောက်လုပ်နေ Dhaka Tribune၊ ၂၀၁၈ မတ် ၉ ရက်။ https://www.dhakatribune.com/bangladesh/2018/03/08/myanmar-building-bunkers-barbed-wire-fences-border-area).

268 A/HRC/39/CRP.2၊ စာပိုဒ် ၁၂၁၅။

269 ကောက်စစ်ဘဇားအတွက် ကဏ္ဍများအကြား ပူးပေါင်း ဆောင်ရွက်မှု အုပ်စု၏ အခြေအနေ အစီရင်ခံစာတွင် ၂၀၁၇ ဩဂုတ်နှင့် အောက်တိုဘာ ကြား (၆၀၇,၀၀၀)၊ ၂၀၁၇ ဩဂုတ်နှင့် နိုဝင်ဘာကြား (၆၂၀,၀၀၀) နှင့် ၂၀၁၇ ဩဂုတ်နှင့် ဒီဇင်ဘာကြား (၆၄၆,၀၀၀)။ အခြေအနေ အစီရင်ခံစာ- ရိုဟင်ဂျာ ဒုက္ခသည် ပြဿနာ ကောက်စစ်ဘဇား၊ ၂၀၁၇ အောက်တိုဘာ ၂၉။ အခြေအနေ အစီရင်ခံစာ- ရိုဟင်ဂျာ ဒုက္ခသည် ပြဿနာ ကောက်စစ်ဘဇား၊ ၂၀၁၇ နိုဝင်ဘာ ၁၆။ ကောက်စစ်ဘဇားအတွက် အုပ်စု အခြေအနေ အစီရင်ခံစာများ၊ အခြေအနေ အစီရင်ခံစာ- ရိုဟင်ဂျာ ဒုက္ခသည် ပြဿနာ ကောက်စစ်ဘဇား၊ ၂၀၁၇ အောက်တိုဘာ ၂၉။ နှင့် အခြေအနေ အစီရင်ခံစာ- ရိုဟင်ဂျာ ဒုက္ခသည် ပြဿနာ ကောက်စစ်ဘဇား၊ ၂၀၁၇ ဒီဇင်ဘာ ၇။ မစ်ရှင်က ပြည်ထဲရေး ဝန်ကြီးဌာန Facebook စာမျက်နှာတွင် ၂၀၁၇ စက်တင်ဘာ ၁၁ ရက်နှင့် ၂၀၁၇ စက်တင်ဘာ ၁၃ ရက်၊ တို့တွင် “နယ်မြေရှင်းလင်းမှုစစ်ဆင်ရေး ဧရိယာ” နှင့် ၂၀၁၇ စက်တင်ဘာ ၁၀ နှင့် စက်တင်ဘာ ၁၂ နယ်စပ် ခြံစည်းရိုး အလှူရက်စွဲများ နှောက်ပိုင်း။ https://www.facebook.com/officemohamyanmar/posts/2017923114899959, 14 September 2017: https://www.facebook.com/officemohamyanmar/posts/2020568591302078.

270 Ben Dunant၊ “ရခိုင် ပြန်လည်တည်ဆောက်ရေး မျက်နှာစာမှ တိုင်ကွန်းများ”၊ အမေရိကန် အသံ၊ ၂၀၁၈ ဇန္နဝါရီ ၂၃ ရက်။ (https://www.voanews.com/a/business-leaders-support-myanmar-reconstruction/4219898.html)

271 Ben Dunant၊ “ရခိုင် ပြန်လည်တည်ဆောက်ရေး မျက်နှာစာမှ တိုင်ကွန်းများ”၊ အမေရိကန် အသံ၊ ၂၀၁၈ ဇန္နဝါရီ ၂၃ ရက်။ (https://www.voanews.com/a/business-leaders-support-myanmar-reconstruction/4219898.html)

အားလုံး လွှမ်းခြုံသော အမုန်းတရား ပတ်ဝန်းကျင်နှင့် ရိုဟင်ဂျာများ အပေါ် နစ်သက်မှု မရှိခြင်း နှင့် ရိုဟင်ဂျာများအပေါ် အမုန်းတရားများ မွေးမြူစေရန် မှားယွင်းသော ဖြစ်စဉ်ဇာတ်ကြောင်း ဝါဒဖြန့်ချက်၏ အညွှန်းဖြစ်သည်ဟု မစ်ရှင်က ဆုံးဖြတ်သည်။[272]

၁၁၄။ ၂၀၁၇ ခုနှစ် အောက်တိုဘာနှောင်းပိုင်းတွင်ပင် နိုင်ငံတော်၏ အကြံပေး ပုဂ္ဂိုလ်က နယ်စပ် ခြံစည်းရိုး တိုးတက်ရေး အကြောင်း ပြောသွားသည့် ၂၀၁၇ အောက်တိုဘာ ၂၀ ရက်နေ့က [273] ရံပုံငွေ ရှာဖွေရေး အခမ်းအနားအတွင်း မက်စ်မြန်မာ၏ ဧရာဝတီ ဖောင်ဒေးရှင်းက ဥက္ကဋ္ဌ ဦးဇော်ဇော်က UEHRD ကို ကျပ် ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၅၄,၀၀၀) လှူဒါန်းကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ [274] ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ဦးဇော်ဇော်သည် နိုင်ငံတော်၏ အကြံပေး ပုဂ္ဂိုလ် နှင့်အတူ ရခိုင်မြောက်ပိုင်း သို့ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ရခိုင်ပြည်နယ် မြောက်ပိုင်းသို့ လိုက်ပါ သွားရောက်ခဲ့သည်။[275]

## ၂။ ရံပုံငွေ ရှာဖွေရေး အခမ်းအနား နောက်ပိုင်း "နယ်မြေရှင်းလင်းမှုစစ်ဆင်ရေးများ" အတွက် တပ်မတော်သို့ စီးပွားရေးဆိုင်ရာ လှူဒါန်းငွေများ

၁၁၅။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် စတင်ခဲ့သော "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" နောက်ပိုင်း လအတွင်းတွင် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် အခြား အဆင့်မြင့် တပ်မတော် ခေါင်းဆောင်များသည် နေပြည်တော်၊ ရန်ကုန်နှင့် စစ်တွေတို့တွင် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ရိုဟင်ဂျာများအပေါ် တပ်မတော်၏ စစ်ရေးနှင့် အခြားသော လုပ်ဆောင်မှုများကို ပံ့ပိုးသည့်အနေဖြင့် အလှူငွေ တောင်းခဲ့သည့် အခမ်းအနား သုံးခု လုပ်ဆောင်ခဲ့သည်။ ဤသည်မှာ တပ်မတော်က အရပ်သား ကြီးကြပ်မှု မပါဝင်ပဲ ယင်း၏ လုပ်ရှားမှုများကို ပံပိုးရန် ဘဏ္ဍာရေး အရင်းအမြစ်များကို ရှာဖွေသည့် စွမ်းရည်၏ နောက်ထပ် နမူနာတစ်ခု ဖြစ်သည်။

၁၁၆။ ဤအစည်းအဝေးများအတွင်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် တပ်မတော်၏ လုပ်ဆောင်မှုများကို ဖော်ပြသည့် ပြောဆိုချက်များ၊ "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ"၏ မူဝါဒနှင့် စစ်ရေးရည်မှန်းချက်များကို အကြမ်းပြောပြပြီး ရိုဟင်ဂျာများ တည်ရှိမှုကို ငြင်းဆိုကာ တပ်မတော်၏ အပြုအမူများအတွက် မှန်ကန်ကြောင်း ပြောဆိုခဲ့သည်။ သူက အလှူငွေများအတွက် သူ၏ တောင်းဆိုမှုတွင် တပ်မတော်အနေဖြင့် ကျူးကျော်ဝင်ရောက်လာသော ရိုဟင်ဂျာ များထံမှ နိုင်ငံကို ကာကွယ်ရန် တာဝန်ရှိကြောင်း မမှန်မကန် ဖြစ်ရပ် ဇာတ်လမ်းကို ပုံဖော်လျက် သူတို့၏ သွင်ပြင်လက္ခဏာကို အသိအမှတ်ပြုရန်

[272] A/HRC/39/CRP.2 စာမျက်နှာများ ၁၅၀၁၊ ၁၃၁၅။

[273] ဧရာဝတီ ဖောင်ဒေးရှင်၊ "ရခိုင်ပြည်နယ်အတွက် ဧရာဝတီ ဖောင်ဒေးရှင်းမှ လှူဒါန်း" (http://www.ayeyarwadyfoundation.org/en_US/ayeyarwady-foundation-donated-for-rakhine-state/)

[274] ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၊ "UEHRC အတွက် အလှူငွေ ပေးအပ်ပွဲ အခန်းအနားမှ အသံများ" နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ရုံး၊ ၂၀၁၇ အောက်တိုဘာ ၂၁ ရက်။ (https://www.statecounsellor.gov.mm/en/node/1185)

[275] မင်းအောင်ခိုင်၊ "ကြိုတင်ပြင်ဆင်ထားမှု မရှိသည့် ခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်က ရခိုင်မြောက်ပိုင်းသို့ သွားရောက်" The Irrawaddy၊ ၂၀၁၇ နိုဝင်ဘာ ၂ ရက်။ (https://www.irrawaddy.com/news/burma/dassk-visits-northern-rakhine-unprecedented-trip.html)

ပြင်းဆန်လျက် ရိုဟင်ဂျာများကို ချိုးနှိမ်သည့် ပုံစံဖြင့် "ဘင်္ဂလီများ" ဟု ခေါ်ဆိုခဲ့သည်။ သူက "ဘင်္ဂလီ ပြဿနာဟာ ရေရှည်ဖြစ်လာတဲ့ ပြဿနာဖြစ်ပြီး မပြီးဆုံးသေးတဲ့ အလုပ်တစ်ခု ဖြစ်လာတယ်" ဟု ပြောခဲ့သည်။[276] ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်တွင် ဤအခမ်းအနားများကို မည်သူတွေ တက်ရောက်ပြီး တက်ရောက်သူများက မည်သို့ လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြသည်ကို ရှည်လျားသည့် ဖော်ပြချက်များကို ပေးထားသည်။

၁၁၇။ တပ်မတော် ခေါင်းဆောင်များက မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်အကြားနယ်စပ်ခြံစည်းရိုး တည်ဆောက်ရန်၊ လုံခြုံရေးနှင့် အခြား တပ်သားများ နှင့် အကြမ်းဖက်ခံရသော တိုင်းရင်းသား ရခိုင် ကျူးလွန်ခံရသူများအတွက် အလှူငွေများကို တောင်းခံခဲ့ကြသည်။[277] အလှူငွေများကို အခမ်းအနားများအတွင်းတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် စိုးဝင်း၊ နှင့် စစ်ဦးစီး အရာရှိချုပ် ရေ နှင့် လေတို့ အပါအဝင် အခြား တပ်မတော်ခေါင်းဆောင်များက ကောက်ခံခဲ့ကြသည်။ ကာကွယ်ရေး ဦးစီးချုပ်၏ တရားဝင် ဝက်ဘ်ဆိုဒ်ပေါ်တွင် အစီရင်ခံထားသော အချက်အလက်အပေါ် အခြေခံလျက် မစ်ရှင်သည် တပ်မတော် ခေါင်းဆောင်များက အလှူငွေတောင်းခံပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် စတင်ခဲ့သော ရိုဟင်ဂျာများအပေါ် ယင်း၏ "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" အတွက် ဘဏ္ဍာရေး အထောက်အပံ့ ရယူခဲ့သော စီးပွားရေး လုပ်ငန်းနှင့် အဖွဲ့အစည်း ၄၅ ခုကို ဖော်ထုတ်ခဲ့ပြီး ဖြစ်သည်။ အခမ်းအနား သုံးခုမှ တပ်မတော်အတွက် အမေရိကန် ဒေါ်လာ ၁၀.၂ သန်းကျော် ရရှိခဲ့သည်။[278] အလှူရှင် အများအပြားသည် တပ်မတော်နှင့် မိသားစု သို့မဟုတ် အခြားသော နီးကပ်သည့် ဆက်စပ်မှုများ ရှိကြသည်။ အလှူရှင်များတွင် တပ်မတော်နှင့် အခြား အစိုးရ အရာရှိများ၊ အဆင့်မြင့် တပ်မတော်ခေါင်းဆောင်များ၏ မိသားစုများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေး လုပ်ငန်း အုပ်စုကြီးများ၏ ဖောင်ဒေးရှင်းများ၊ MEHL၊ MEC တို့သာမက ယင်းတို့၏ လက်အောက်ခံများနှင့် ဖက်စပ် လုပ်ဖော်ကိုင်ဖက်များ ပါဝင်သည်။ အထူးသဖြင့် မှတ်သားထားသင့်သည်မှာ MEHL သို့မဟုတ် MEC နှင့် စီးပွားရေး လုပ်ဖက် နိုင်ငံခြား စီးပွားရေး လုပ်ငန်းများအကြားတွင် Kirin Holdings Pte လီမိတက် သည် ဤ ရံပုံငွေ ရှာဖွေရေး အခမ်းအနားများ၏ ပထမ အခန်းအနားတွင် တပ်မတော်အား ဘဏ္ဍာရေး ထောက်ပံ့မှု ပေးခဲ့သည်။[279] အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီး[280] က လူသိရှင်ကြား

[276] ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ "အစိုးရဌာနများနှင့် ပြည်သူတစ်ရပ်လုံး သည် နိုင်ငံတော်ကို ပြင်းထန်သော မျိုးချစ်စိတ်ဖြင့် ကာကွယ်ရမည်။" ၂၀၁၇ စက်တင်ဘာ ၂ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/345/entire-government-institutions-and-people-must-defend-the-country-with-strong-patriotism/).

[277] ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ "နိုင်ငံချစ်စိတ်နည်းပါးခြင်းသည် စည်းလုံးညီညွတ်မှုကို ပြိုကွဲနိုင်ပြီး နိုင်ငံသားတိုင်းတွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် မြန်မာ စိတ်ဓါတ် ရှိရမည်။" ၂၀၁၇ စက်တင်ဘာ ၁၁ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/486/lack-of-country-loving-spirits-may-lead-to-disunity-and-all-citizens-should-have-country-loving-spirits-patriotic-spirits-and-myanmar-spirits/).

[278] နောက်ဆက်တွဲ ၄။ ၂၀၁၇ စက်တင်ဘာတွင် တပ်မတော်မှ တောင်းခံပြီးနောက် အလှူရှင်စာရင်းနှင့် အလှူငွေ အသေးစိတ်တွင် ကြည့်ပါ။

[279] နောက်ဆက်တွဲ ၄။ ၂၀၁၇ စက်တင်ဘာတွင် တပ်မတော်မှ တောင်းခံပြီးနောက် အလှူရှင်စာရင်းနှင့် အလှူငွေ အသေးစိတ်တွင် ကြည့်ပါ။

ပြစ်တင်ဝေဖန်မှု လုပ်ပြီးနောက်ပိုင်းတွင် Kirin Holdings Pte လီမိတက်သည် သူတို့၏ ဖက်စပ်လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် MEHL ကို ဩဇာလွှမ်းမိုးမှု ရစေရန် ဆောင်ရွက်မှုများ ပြုလုပ်သောအားဖြင့် ပြင်ပ စုံစမ်းစစ်ဆေးမှုများအပေါ် ယင်း၏ သတိထားမှုကို ပြသော တုန့်ပြန်မှုဖြစ်သည့် အဆင့်ခြောက်ဆင့်ပါ လုပ်ငန်းစဉ်ကို ကြေညာခဲ့သည်။[281]

၁၁၈။ ပထမဆုံး ရံပုံငွေ ရှာဖွေသည့် အခမ်းအနားမှာ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" စတင် ခဲ့ပြီး တစ်ပတ်အကြာတွင် ဖြစ်သည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နေပြည်တော်ရှိ အခမ်းအနားကို ဦးဆောင်ဦးရွက်ပြုလျက် "အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်ရင်း မိမိတို့၏ အသက်များကို စွန့်လွှတ်စွန့်စားပေးဆပ်ခဲ့သော လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ပြည်နယ်ဝန်ထမ်းများနှင့် ARSA အစွန်းရောက် ဘင်္ဂလီ အကြမ်းဖက်သမားများ"၏ ရက်စက်သော တိုက်ခိုက်မှုများကြောင့် သူတို့၏ နေအိမ်များကို စွန့်ခွာ ထွက်ပြေးရသော တိုင်းရင်းသား ဒေသခံများ အတွက် ငွေကြေး အလှူများ" ကို တောင်းဆိုခဲ့သည်။ [282] အခမ်းအနားအတွင်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရိုဟင်ဂျာများအားလုံးကို သတ်ဖြတ်လိုသော ကျူးကျော်လိုသူများအဖြစ် မှားယွင်းသော ဖြစ်စဉ် ဇာတ်ကြောင်းမှ တဆင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် တပ်မတော်၏ လုပ်ဆောင်မှုများကို ဘောင်ဝင်အောင် ပြောဆိုရာတွင် "လုံးဝဥဿုံပင် မိမိတို့ နိုင်ငံတွင် ရိုဟင်ဂျာလူမျိုး မရှိ" ဟု ပြောဆိုခဲ့သည်။[283] သူက "ဘင်္ဂလီပြဿနာဟာ ရေရှည်ရှိလာတဲ့ ပြဿနာတစ်ခုဖြစ်ပြီး မပြီးဆုံးသေးတဲ့ အလုပ်တစ်ခု" ဟု

---

[280] Amnesty International၊ "ဂျပန်- ရိုဟင်ဂျာ လူမျိုးတုန်း ရှင်းလင်းသုတ်သင်မှု လုပ်ဆောင်နေစဉ်အတွင်း မြန်မာစစ်တပ်ကို ငွေပေးချေမှုအတွက် အဖျော်ယမကာ Kirin အား စုံစမ်းစစ်ဆေးပါ" ၂၀၁၈ ဇွန် ၁၄ ရက် (https://www.amnesty.org/en/press-releases/2018/06/japan-investigate-brewer-kirin-over-payments-to-myanmar-military-amid-ethnic-cleansing-of-rohingya/).

[281] Kirin၊ "Amnesty International မှ စာနှင့် ပတ်သက်၍ တိုးတက်မှု နောက်ဆုံး အခြေအနေများ" ၂၀၁၈ ဒီဇင်ဘာ ၁၄ ရက် (https://www.kirinholdings.co.jp/english/news/2018/1214_01.html)

[282] ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ "အစိုးရဌာနများနှင့် ပြည်သူတစ်ရပ်လုံး သည် နိုင်ငံတော်ကို ပြင်းထန်သော မျိုးချစ်စိတ်ဖြင့် ကာကွယ်ရမည်။" ၂၀၁၇ စက်တင်ဘာ ၂ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/345/entire-government-institutions-and-people-must-defend-the-country-with-strong-patriotism/) နယ်စပ်ခြံစည်းရိုကို ရံပုံငွေ ရှာဖွေသည့် အခန်းအနား သုံးခု အနက်မှ ၂၀၁၇ စက်တင်ဘာ ၁ ရက်နေ့တွင် ပြုလုပ်သော ပထမ အခန်းအနားတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဝက်ဘ်ဆိုဒ် အစီရင်ခံချက်တွင် သီးသန့်ဖော်ပြထားခြင်း မရှိသော်လည်း ဒုတိယ အခန်းအနားတွင် နောက်ခံစာတမ်းတွင် ဖော်ပြချက်အရ ခြံစည်းရိုးကို ပထမအကြိမ်အခန်းအနားတွင် ထည့်သွင်းဖော်ပြပြီး ဖြစ်သည်ဟု ကောက်ယူနိုင်သည်။ နောက်ခံ စာတမ်းတွင် "ရခိုင်ပြည်နယ်တွင် အမျိုးသား လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များကို အသက်ကို ပဓါန မထားပဲ ထမ်းဆောင်ခဲ့ကြသော လုံခြုံရေး တပ်ဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ နှင့် ARSA ဘင်္ဂါလီ အစွန်းရောက် အကြမ်းဖက်သမားများ ၏ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံ ပြည်သူများအား ထောက်ပံ့ပစ္စည်း ပေးအပ်ခြင်းနှင့် နယ်စပ်ခြံစည်းရိုး ကာရံရန် အတွက် ဒုတိယအကြိမ် အလှူငွေ ပေးအပ်ခြင်း အခန်းအနား" ဟု ဖော်ပြသည်။ (http://www.seniorgeneralminaunghlaing.com/2017/09/cash-donations-will-be-used-in-areas.html?view=mosaic).

[283] ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ "အစိုးရဌာနများနှင့် ပြည်သူတစ်ရပ်လုံး သည် နိုင်ငံတော်ကို ပြင်းထန်သော မျိုးချစ်စိတ်ဖြင့် ကာကွယ်ရမည်။" ၂၀၁၇ စက်တင်ဘာ ၂ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/345/entire-government-institutions-and-people-must-defend-the-country-with-strong-patriotism/).

ပြောခဲ့သည်။[284] ဒုတိယ ကာကွယ်ရေး ဦးစီးချုပ်နှင့် စစ်ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စု ဝန်ကြီးများ ဖြစ်သော ဒု-ဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် ဒုဗိုလ်ချုပ်ကြီး ရဲအောင်၊ (ကြည်း၊ ရေ၊ လေ) ပူးတွဲ ဦးစီးအရာရှိချုပ် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စစ်ဦးစီးချုပ် (ရေ) ရေတပ်ဗိုလ်ချုပ်ကြီး တင်အောင်ဆန်း၊ စစ်ဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ နှင့် အခြား အဆင့်မြင့် စစ်ဘက်ဆိုင်ရာ အရာရှိများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသား ရေးရာ ဝန်ကြီး ဦးဇော်အေးမောင် နှင့် ရခိုင် အမျိုးသား ပါတီ အဖွဲ့ဝင်များ ရှေ့မှောက်တွင် ကာကွယ်ရေး ဦးစီးချုပ်နှင့် အခြား တပ်မတော် အဆင့်မြင့်အရာရှိကြီးများက MEHL နှင့် သူ၏ လုပ်ဖော်ကိုင်ဖက် စီးပွားရေး လုပ်ငန်း များ အပါအဝင် စီးပွားရေး လုပ်ငန်းများ၊ စီးပွားရေး လုပ်ငန်းအုပ်စုများ၏ ဖောင်ဒေးရှင်းများ၊ နှင့် တပ်မတော် ခေါင်းဆောင်များ၏ မိသားစုများထံမှ အလှူငွေများကို လက်ခံယူခဲ့သည်။[285]

၁၁၉။ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၀ ရက်နေ့တွင် ဒုတိယ အလှူငွေ တောင်းခံခြင်း အခန်းအနားကို ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရန်ကုန်ရှိ စစ်ရုံးချုပ်တွင် ကျင်းပခဲ့သည်။ ထိုနေရာတွင်လည်း သူက နယ်စပ် ခြံစည်းရိုး ကာရံခြင်းအတွက် အလှူငွေများကိုလည်း ဖိတ်ခေါ်ခဲ့သည်။ [286] သူနှင့် အခြား တပ်မတော် အဆင့်မြင့် အရာရှိကြီးများက ထို့နောက်တွင် စီးပွားရေး လုပ်ငန်းအုပ်စုကြီးများ၏ ဖောင်ဒေးရှင်းများ အပါအဝင် စီးပွားရေး လုပ်ငန်းများ၊ တပ်မတော် ခေါင်းဆောင်များ၏ မိသားစုဝင်များ၊ MEHL နှင့် အများအပြားသော လုပ်ဖော်ကိုင်ဖက် စီးပွားရေး လုပ်ငန်းများသာမက MEC လက်အောက်ခံ လုပ်ငန်းများ နှင့် Mytel ကုမ္ပဏီ လီမိတက်၊ မြဝတီ ဘဏ်နှင့် MEHL-NORINCO ဖက်စပ်လုပ်ငန်း၊ မုံရွာ လက်ပံတောင်း ကြေးနီသတ္တုတွင်း တို့မှ အလှူငွေများကို လက်ခံခဲ့သည်။[287]

၁၂၀။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တတိယ အခမ်းအနားကို ရခိုင်ပြည်နယ် စစ်တွေ မြို့တွင် ယခင် အခမ်းအနား နှစ်ကြိမ်က

---

[284] ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ "အစိုးရဌာနများနှင့် ပြည်သူတစ်ရပ်လုံး သည် နိုင်ငံတော်ကို ပြင်းထန်သော မျိုးချစ်စိတ်ဖြင့် ကာကွယ်ရမည်။" ၂၀၁၇ စက်တင်ဘာ ၂ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/345/entire-government-institutions-and-people-must-defend-the-country-with-strong-patriotism/).

[285] ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ "အစိုးရဌာနများနှင့် ပြည်သူတစ်ရပ်လုံး သည် နိုင်ငံတော်ကို ပြင်းထန်သော မျိုးချစ်စိတ်ဖြင့် ကာကွယ်ရမည်။" ၂၀၁၇ စက်တင်ဘာ ၂ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/345/entire-government-institutions-and-people-must-defend-the-country-with-strong-patriotism/).

[286] ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ "နိုင်ငံချစ်စိတ်နည်းပါးခြင်းသည် စည်းလုံးညီညွတ်မှုကို ပြိုကွဲနိုင်ပြီး နိုင်ငံသားတိုင်တွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် မြန်မာ စိတ်ဓါတ် ရှိရမည်။" ၂၀၁၇ စက်တင်ဘာ ၁၁ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/486/lack-of-country-loving-spirits-may-lead-to-disunity-and-all-citizens-should-have-country-loving-spirits-patriotic-spirits-and-myanmar-spirits/).

[287] ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ "နိုင်ငံချစ်စိတ်နည်းပါးခြင်းသည် စည်းလုံးညီညွတ်မှုကို ပြိုကွဲနိုင်ပြီး နိုင်ငံသားတိုင်တွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် မြန်မာ စိတ်ဓါတ် ရှိရမည်။" ၂၀၁၇ စက်တင်ဘာ ၁၁ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/486/lack-of-country-loving-spirits-may-lead-to-disunity-and-all-citizens-should-have-country-loving-spirits-patriotic-spirits-and-myanmar-spirits/)။ နောက်ဆက်တွဲ ၂။ မြန်မာ့ စီးပွားရေး ဦးပိုင် လီမိတက် (MEHL) နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) တွင်လည်း ကြည့်။

ရည်ရွယ်ချက်များနှင့် အလားတူပင် ကျင်းပခဲ့သည်။ အခမ်းအနားအတွင်းတွင် သူက "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများမတိုင်မီကြိုတင်၍ နယ်မြေအတွင်း တပ်မတော် တပ်ဖွဲ့များကို ချထားခဲ့ကြောင်း"၊ "အစွန်းရောက် ဘင်္ဂါလီ အကြမ်းဖက်သမားများအပေါ် တပ်မတော်၏ လုပ်ဆောင်မှု" နှင့် "နယ်စပ် ခြံစည်းရိုးကာရံခြင်း" တို့ကို ပြောခဲ့သည်။ [288] သူနှင့် အခြား တပ်မတော် အဆင့်မြင့် အရာရှိကြီးများက ကုမ္ပဏီများ၊ စီးပွားရေး လုပ်ငန်းအုပ်စုကြီးများ၏ ဖောင်ဒေးရှင်းများ၊ တပ်မတော် ခေါင်းဆောင်များ၏ မိသားစုဝင်များ၊ နှင့် ယေဘူယျအားဖြင့် မဘသ ဟု သိသော အမျိုးဘာသာ ကာကွယ်ရေး ဗုဒ္ဓဓမ္မပရဟိတ ဖောင်ဒေးရှင်း တို့မှ အလှူငွေများကို လက်ခံယူခဲ့သည်။[289]

၁၂၁။ များသောအားဖြင့် သူတို့၏ ပိုင်ရှင်များ သို့မဟုတ် ဒါရိုက်တာများက ကိုယ်စားပြုပေးသော စုစုပေါင်း ကုမ္ပဏီ ၃၀ က တပ်မတော်ကို လှူဒါန်းခဲ့သည်။ သူတို့အထဲတွင် ယခင် သို့မဟုတ် အငြိမ်းစား တပ်မတော်အရာရှိများ သို့မဟုတ် တပ်မတော် ခေါင်းဆောင်များ၏ မိသားစုဝင်များ ပိုင်ဆိုင်သော ၆ ခုကို မစ်ရှင်က တွေ့ရှိသည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်နှင့် ၂၁ ရက်တို့တွင် စုစုပေါင်း ကျပ်သန်းပေါင်း ၆၀ (အမေရိကန်ဒေါ်လာ ၄၂,၈၅၇) လှူဒါန်းခဲ့သည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ချွေးမဖြစ်သူဦးဆောင်သော အောင်မြင်သူ ကုမ္ပဏီများ အုပ်စု၏ လက်အောက်ခံ တစ်ခုလည်း ပါဝင်သည်။[290] ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်နှင့် ၂၁ ရက်တို့တွင် ယခင် လေတပ် ဦးစီးချုပ် ဗိုလ်ချုပ် တင်ထွန်း ၏ မိသားစုကုမ္ပဏီဖြစ်သော Authentic ကုမ္ပဏီ အုပ်စုက စုစုပေါင်း ကျပ်သန်းပေါင်း ၆၀ (အမေရိကန်ဒေါ်လာ ၄၂,၈၅၇) လှူဒါန်းခဲ့သည်။[291]

၁၂၂။ တပ်မတော်၏ ရုံပုံငွေ ရှာဖွေရေး အခန်းအနားသုံးခုတွင် တစ်ဦးတည်း အများဆုံး ထည့်ဝင်သော အလှူရှင်မှာ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် ကျပ် ၆.၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄.၅ သန်းကျော်) လှူဒါန်းခဲ့သည့် နိုင်ငံတကာ ဂိတ်ဝေး ကုမ္ပဏီအုပ်စု လီမိတက် ဖြစ်သည်။[292] မစ်ရှင်သည် ထိုအုပ်စုအပေါ် အသေးစိတ် အချက်အလက် ရယူနိုင်ခဲ့ခြင်း မရှိပါ။ သို့ရာတွင် မီဒီယာများက ယင်း၏ ပိုင်ရှင်သည် ယခင်က တပ်မတော် ရုံပုံငွေ မြှင့်တင်ရေး ဖြစ်ရပ်များတွင် ပါဝင်ခဲ့ကြောင်း ဖော်ပြသည်။[293]

---

[288] ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ "လှူဒါန်းငွေများကို အလှူရှင်များ၏ ဆန္ဒနှင့် အညီ အမှန်တကယ် အကူအညီ လိုအပ်နေသော နေရာများတွင် အသုံးပြုသွားမည်" ၂၀၁၇ စက်တင်ဘာ ၂၂ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/1410/sep-22-cash-donations-will-be-used-in-the-areas-where-help-is-really-in-need-according-to-the-wish-of-the-donors/)

[289] UCA News၊ "မြန်မာနိုင်ငံတွင် အမျိုးသားရေး ဝါဒီ ဗုဒ္ဓဘာသာ အုပ်စုကို ထပ်မံ တားမြစ်ခြင်း" ၂၀၁၈ ဇူလိုင် ၂၃ ရက်။ (https://www.ucanews.com/news/nationalist-buddhist-group-banned-again-in-myanmar/82894)

[290] နောက်ဆက်တွဲ ၄။ ၂၀၁၇ စက်တင်ဘာတွင် တပ်မတော်မှ တောင်းခံပြီးနောက် အလှူရှင်စာရင်းနှင့် အလှူငွေ အသေးစိတ်တွင် ကြည့်။ ဒစ်ဂျစ်တယ် မှတ်တမ်းများ ၂၀၀၃။

[291] နောက်ဆက်တွဲ ၄။ ၂၀၁၇ စက်တင်ဘာတွင် တပ်မတော်မှ တောင်းခံပြီးနောက် အလှူရှင်စာရင်းနှင့် အလှူငွေ အသေးစိတ်တွင် ကြည့်။ ဒစ်ဂျစ်တယ် မှတ်တမ်းများ ၂၀၀၃။

[292] နိုင်ငံတကာ ဂိတ်ဝေး အုပ်စု ကုမ္ပဏီလီမိတက်ကို ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဝက်ဘ်ဆိုဒ်တွင် MEHL ၏ "လုပ်ဖော်ကိုင်ဖက်"ကုမ္ပဏီအဖြစ် ဖော်ပြထားပြီး ၂၀၁၈ မတ် ၂၇ ရက်နေ့တွင် တပ်မတော်နေ့အတွက် တပ်မတော်ကို ငွေလှူဒါန်းခြင်း ကိုလည်း ဖော်ပြထားကြောင်း မစ်ရှင်းက မှတ်သားထားသည်။ မစ်ရှင်တွင် ဖိုင်ဖြင့် သိမ်းထားသည်။

[293] The New Light of Myanmar၊ "အတွင်းရေးမှူး ၁က ရှေ့တန်းနယ်များတွင် သက်စွန့်ကျိုးပမ်း တာဝန်ထမ်းဆောင်ပြီး တာဝန်မှ နှုတ်ထွက်သည့် တပ်မတော်သားများအတွက် ငွေ၊ နှင့်

၁၂၃။ MEC နှင့် MEHL လုပ်ငန်းခွဲများသည်လည်း အခန်းအနားများအတွင်း သိသာထင်ရှားသော လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြသည်။ MEHL နှင့် ယင်း၏ လုပ်ဖော်ကိုင်ဖက်များ ဥပမာ မြဝတီ ကုန်သွယ်ရေးနှင့် မြဝတီ ဘဏ် တို့က ရခိုင်ပြည်နယ် မြောက်ပိုင်း ရိုဟင်ဂျာများအပေါ် ၂၀၁၇ ဩဂုတ် ၂၅ ရက်နေ့တွင် စတင်ခဲ့သည့် တပ်မတော်၏ "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ"ကို ပံ့ပိုးမှုအဖြစ် တပ်မတော်၏ ရံပုံငွေ ရှာဖွေခြင်း အခမ်းအနားများအတွင်း ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်နှင့် ၁၀ ရက်နေ့တို့တွင် စုစုပေါင်း ကျပ် ၂၆၅ သန်း (အမေရိကန်ဒေါ်လာ ၁၉၉,၀၀၀) ကို လှူဒါန်းခဲ့သည်။[294] ထိုရံပုံငွေ ရှာဖွေမှု တွန်းအား၏ အစိတ်အပိုင်းအနေဖြင့် MEC နှင့် သူ၏ လုပ်ဖော်ကိုင်ဖက်များက ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် ကျပ် ၁၈.၂ သန်း (အမေရိကန် ဒေါ်လာ ၁၃,၀၀၀) ကို တပ်မတော်သို့ လှူဒါန်းခဲ့သည်။[295] အခြား MEHL နှင့် MEC လုပ်ငန်းခွဲများ ဥပမာ Mytel နှင့် ငွေပင်လယ် မွေးမြူရေးနှင့် ငါးလုပ်ငန်း ကုမ္ပဏီက နောက်ထပ် ကျပ် ၁၇.၁ သန်း (အမေရိကန် ဒေါ်လာ ၁၂,၀၀၀)ကို တပ်မတော်သို့လှူဒါန်းခဲ့သည်။[296]

၁၂၄။ အဆင့်မြင့် တပ်မတော် အရာရှိများနှင့် မိသားစု ချိတ်ဆက်မှုရှိသော မြန်မာ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုဖြစ်သော IGE အုပ်စုကလည်း ရခိုင်မြောက်ပိုင်းတွင် ၂၀၁၇ ဩဂုတ်လ ၂၅ ရက်တွင် စတင်ခဲ့သည့် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" နှင့် ဆက်စပ်လျက် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ကျပ်ငွေ သန်း ၅၀ (အမေရိကန်ဒေါ်လာ ၃၅,၀၀၀) ကို လှူဒါန်းခဲ့သည်။[297]

၁၂၅။ လှူဒါန်းမှု ပြုလုပ်ခဲ့ကြသော ဖောင်ဒေးရှင်းအများအပြားမှာ တပ်မတော်စီးပွားရေး လုပ်ငန်းများနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ချိတ်ဆက်ထားသော စီးပွားရေး လုပ်ငန်းအုပ်စုကြီးများ နှင့် ဆက်စပ်နေသည်။[298] ဥပမာ- ကမ္ဘောဇ ကုမ္ပဏီအုပ်စု (KBZ အုပ်စု) ၏ အနာဂတ် အလင်းတန်း ဖောင်ဒေးရှင်းက ၂၀၁၇ စက်တင်ဘာ ၁ ရက်နေ့တွင် ကျပ်ငွေ သန်း ၃၀၀ နှင့် ကျပ် ၃.၁၇ ဘီလီယံ (အမေရိကန် ဒေါ်လာ ၂.၅ သန်း နီးပါး) လှူဒါန်းခဲ့သည်။ ကမ္ဘောဇအုပ်စုသည် ဆောက်လုပ်ရေး၊ အထည်ချုပ်၊ အာမခံ၊ ဘဏ်၊ ရေနံ၊ ဆက်သွယ်ရေး၊ ဘိလပ်မြေ၊ လေကြောင်းနှင့် သတ္တု တူးဖော်ရေး ကဲ့သို့ လုပ်ငန်း များ တလျောက် ဒါဇင်နှင့် ချီသော လုပ်ငန်းခွဲများ ရှိသော အဓိက စီးပွားရေး လုပ်ငန်းအုပ်စုကြီး ဖြစ်သည်။[299] မြန်မာ စစ်အစိုးရနှင့် အတိတ်က ချိတ်ဆက်မှုများ အပြင် UEHRD ကို လှူဒါန်း ထည့်ဝင်မှုများအပေါ် စုံစမ်းစစ်ဆေးမှု

လက်ဆောင်များ လက်ခံ၊ ၂၀၀၁ မတ် ၁၉ ရက်။ (http://www.burmalibrary.org/NLM/archives/2001-03/msg00017.html).

294 နောက်ဆက်တွဲ ၄။ ၂၀၁၇ စက်တင်ဘာတွင် တပ်မတော်မှ တောင်းခံပြီးနောက် အလှူရှင်စာရင်းနှင့် အလှူငွေ အသေးစိတ်တွင် ကြည့်။

295 နောက်ဆက်တွဲ ၄။ ၂၀၁၇ စက်တင်ဘာတွင် တပ်မတော်မှ တောင်းခံပြီးနောက် အလှူရှင်စာရင်းနှင့် အလှူငွေ အသေးစိတ်တွင် ကြည့်။

296 နောက်ဆက်တွဲ ၄။ ၂၀၁၇ စက်တင်ဘာတွင် တပ်မတော်မှ တောင်းခံပြီးနောက် အလှူရှင်စာရင်းနှင့် အလှူငွေ အသေးစိတ်တွင် ကြည့်။

297 နောက်ဆက်တွဲ ၄။ ၂၀၁၇ စက်တင်ဘာတွင် တပ်မတော်မှ တောင်းခံပြီးနောက် အလှူရှင်စာရင်းနှင့် အလှူငွေ အသေးစိတ်တွင် ကြည့်။

298 ဥပမာ- ကမ္ဘောဇ အုပ်စု၏ အနာဂတ် အလင်းတန်း ဖောင်ဒေးရှင်း၊ မက်စ်မြန်မာ၏ ရေဝတီ ဖောင်ဒေးရှင်း။

299 မစ်ရှင်၏ သုတေသနက ကမ္ဘောဇ အုပ်စု ပိုင်ရှင် ဦးအောင်ကိုဝင်း အရာရှိအဖြစ် တာဝန်ယူသော ကုမ္ပဏီ ၄၇ ခုနှင့် သူ၏ ဇနီး ဒေါ်နန်းသန်းထွေး အရာရှိအဖြစ် တာဝန်ယူသော နောက်ထပ် ကုမ္ပဏီ ၂၃ ခုတို့ကို ဖော်ထုတ်ထားသည်။ အချက်အလက်များကို မစ်ရှင်တွင် ဖိုင်ဖြင့် သိမ်းဆည်းထားသည်။

အဖွဲ့အစည်းတစ်ခုက KBZ အုပ်စုသည် ကချင်ပြည်နယ် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီဖြစ်သည့် ဂျင်းဖော်အောင် ကျောက်စိမ်းနှင့် ဖက်စပ်လုပ်ငန်းမှ တဆင့် MEC နှင့် လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများ ဖြစ်သည်။[300]

၁၂၆။ မက်စ်မြန်မာ၏ ဥက္ကဋ္ဌ ဦးဇော်ဇော်က ဘင်္ဂလားဒေ့ရှ် နယ်စပ်တလျောက် နစ်မိုင် အရှည်ရှိ ခြံစည်းရိုး ဆောက်လုပ်ရေးကို ပံ့ပိုးရန် တပ်မတော်သို့ ရုံပုံငွေ ရှာဖွေရေး အခမ်းအနားများအတွင် ၂၀၁၇ စက်တင်ဘာ ၁ ရက်နှင့် ၂၀၁၇ စက်တင်ဘာ ၂၁ ရက်တို့တွင် ကျပ် ၁.၃၇ ဘီလီယံ နီးပါး (စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၇၆,၈၅၇) ကို လှူဒါန်းခဲ့သည်။[301]

၁၂၇။ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့တွင် တပ်မတော်သို့ ကျပ် သန်း ၃၀ (အမေရိကန်ဒေါ်လာ ၂၁,၀၀၀) လှူဒါန်းသော အေဒင် အုပ်စုသည် ရှမ်းပြည်နယ်ရှိ မြန်မာနိုင်ငံတွင် အကြီးဆုံး တီကျစ် ကျောက်မီးသွေးတွင်း နှင့် တွင်းပေါက်ဝ လျှပ်စစ်ဓါတ်အား စက်ရုံတို့ကို လည်ပတ်သည်။ [302] အေဒင်အုပ်စု၏ လက်အောက်ခံ MAPCO သည်လည်း MEC က တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်သော မိုဘိုင်းကွန်ရက် MyTel ၏ အစိတ်အပိုင်း ဖြစ်သည်။[303] ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့က ကျပ် ၁၀ သန်း (အမေရိကန် ဒေါ်လာ ၇,၁၄၂) လှူဒါန်းခဲ့သည့် အေးရှားဝေါလ် အုပ်စု သည် MEC နှင့် ရန်ကုန်အနီး အလုံဆိပ်ကမ်း တည်ဆောက်-လည်ပတ်-လွှဲပြောင်း သဘောတူညီချက် လက်မှတ်ရေးထိုးထားသည်။ [304] အခြားသော အလှူရှင်များ ဥပမာ- ကျပ်သန်း ၂၀၀ (အမေရိကန်ဒေါ်လာ ၁၄၃,၀၀၀ ခန့်) [305] လှူတန်းသော မဘသဟုလူသိများသည့် အမျိုးဘာသာ ကာကွယ်စောင့်ရှောက်ရေး ဗုဒ္ဓ ဓမ္မ ပရဟိတ ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံရှိ မွတ်ဆလင် ဆန့်ကျင်ရေး အကြမ်းဖက်မှုများကို မီးထိုးပေးရာတွင် အဓိကကျသော အခန်းကဏ္ဍက ပါဝင်သည်။[306] မဘသ၏ ခေါင်းဆောင်မှုနှင့် တပ်မတော် သို့မဟုတ် တပ်မတော်နှင့် ပတ်သက်သည့် အစိုးရအဖွဲ့ဝင်အချို့အကြား တိုက်ရိုက်ဆက်နွယ်မှုကို ဖော်ပြနေသည့် ယုံကြည်စိတ်ချရလောက်သော အစီရင်ခံချက်များကို

---

[300] Global Witness၊ "ကျောက်စိမ်း- မြန်မာနိုင်ငံ၏ ကြီးမားသော လျှို့ဝှက်ချက်" ၂၀၁၅ အောက်တိုလာ ၂၃ ရက်။

[301] မြတ်ကျော်သူ၊ "ဒုက္ခသည် အစုအပြုံလိုက် ထွက်ပြေးလာပြီးနောက် ရခိုင်မြောက်ပိုင်းတွင် လုံခြုံရေး၊ အခြေခံအဆောက်အဉီ တို့သည် ကြီးမားသော ငွေကြေးမြင့်တက်မှုကို ရရှိသည်။" Frontier Myanmar၊၂၀၁၇ အောက်တိုဘာ ၁၁ ရက်။ (https://frontiermyanmar.net/en/security-infrastructure-in-northern-rakhine-receives-massive-cash-boost-after-refugee-exodus)

[302] ရဲမွန်၊ "တီကျစ် ကျောက်မီးသွေး စက်ရုံ ပြန်လည်စတင်ရန် အလားအလာများ ရှိနေ၍ အတိုက်အခံများ စုဝေးချီတက်" The Myanmar Times၊ ၂၀၁၇ ဇန္နဝါရီ ၂၃။ (https://www.mmtimes.com/national-news/24647-as-possible-restart-of-tigyit-coal-plant-looms-opposition-rallies.html)

[303] နောက်ဆက်တွဲ ၄။ ၂၀၁၇ စက်တင်ဘာတွင် တပ်မတော်မှ တောင်းခံပြီးနောက် အလှူရှင်စာရင်းနှင့် အလှူငွေ အသေးစိတ်တွင် ကြည့်။

[304] နောက်ဆက်တွဲ ၄။ ၂၀၁၇ စက်တင်ဘာတွင် တပ်မတော်မှ တောင်းခံပြီးနောက် အလှူရှင်စာရင်းနှင့် အလှူငွေ အသေးစိတ်တွင် ကြည့်။

[305] UCA News၊ "အမျိုးသားရေး ဝါဒီ ဗုဒ္ဓဘာသာ အုပ်စုကို မြန်မာနိုင်ငံတွင် နောက်တကြိမ် တားမြစ်ခြင်း" ၂၀၁၈ ဇူလိုင် ၂၃။ (https://www.ucanews.com/news/nationalist-buddhist-group-banned-again-in-myanmar/82894)။ နောက်ဆက်တွဲ ၄။ ၂၀၁၇ စက်တင်ဘာလတွင် တပ်မတော်က တောင်းခံခဲ့သည့် အလှူရှင်များ စာရင်းနှင့် အလှူငွေ အသေးစိတ်များ။.

[306] A/HRC/39/CRP.2၊ စာပိုဒ် ၇၃၈။

မစ်ရှင်က ရရှိထားရာ ဘဏ္ဍာရေး မျှော်လင့်ချက်များ အပါအဝင် ဆက်ဆံရေး ရှိနေကြောင်း ဖော်ပြနေပေသည်။[307]

## ၃။ ဥပဒေဆိုင်ရာ သုံးသပ်ချက်နှင့် တွေ့ရှိချက်များ

၁၂၈။ တပ်မတော်နှင့် UEHRD မှ အရပ်ဖက် အာဏာပိုင်များသည် ရခိုင်မြောက်ပိုင်း လူနေပြန့်နှံ့မှု ပုံစံကို ပြောင်းလဲရန် နှင့် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလာသော ရိုဟင်ဂျာများကို လူမဆန်သော ခံစားမှုများ ဖြစ်ပေါ်စေသည့် ပုံစံကို ထိန်းသိမ်းထားသည့် ရည်ရွယ်ချက် စသည်တို့ကို ရရှိရန် ခရိုနီ ကုမ္ပဏီများမှ ပံ့ပိုးမှုကို ရှာဖွေခဲ့ကြောင်း ကျိုးကြောင်း စီလျော်သော အခြေခံများ ရှိကြောင်း မစ်ရှင်က ကောက်ချက်ချသည်။ ခရိုနီကုမ္ပဏီ အများအပြားသည် ထိုပံ့ပိုးမှုကို သိလျက်နှင့် လိုလိုလားလား ပေးခဲ့ပြီး တပ်မတော်သည် ထိုပံ့ပိုးမှုကို ထိရောက်သော အရပ်သား ကြီးကြပ်မှု၏ ဩဇာလွှမ်းမိုးမှု အပြင်အပမှ ရရှိခဲ့ခြင်းဖြစ်ကြောင်းလည်း မစ်ရှင်က ကောက်ချက်ချရန် ကျိုးကြောင်းဆီလျော်သော အခြေခံများရှိသည်။ ဤတွေ့ရှိချက်များအရ အထက်တွင် မှတ်ချက်ပြုထားသော တပ်မတော်နှင့် UEHRD တို့၏ လှုပ်ရှားမှုများကို ဘဏ္ဍာရေး အထောက်အပံ့ပေးနေသော ကုမ္ပဏီများသည် လူ့အခွင့်အရေးကို လေးစားရန်ဆိုသည့် စီးပွားရေးလုပ်ငန်းများ၏ တာဝန်ရှိမှုကို ပျက်ကွက်နေပြီး တပ်မတော်နှင့် အရပ်သား အစိုးရတို့က ကျူးလွန်နေသော နယ်မြေတွင်းရှိ နိုင်ငံတကာ လူ့အခွင့်အရေးနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေ ချိုးဖောက်မှုများကို ဖြစ်ပေါ်စေသော၊ ပံ့ပိုးပေးနေသော သို့မဟုတ် တိုက်ရိုက်ချိတ်ဆက်နေမှုများကို မဖြစ်ပေါ်စေရန် အာမခံရန် လိုအပ်သော ထိရောက်သည့် လုပ်ဆောင်မှုကို လုပ်ဆောင်ရန် ပျက်ကွက်နေကြောင်းလည်း မစ်ရှင်က ကောက်ချက်ချသည်။

### (က) အတားအဆီး ခြံစည်းရိုး ဆောက်လုပ်မှုတွင် ထည့်ဝင်သည့်အတွက် ကုမ္ပဏီအရာရှိများ တရားစွဲဆို ခံရနိုင်မှု

၁၂၉။ ၂၀၁၈ အစီရင်ခံစာတွင် ရခိုင်ပြည်နယ်တွင် နိုင်ငံတကာ ဥပဒေအောက်တွင် ရာဇဝတ်မှုများကို အဓိက အားဖြင့် တပ်မတော်က ချိုးဖောက်ခဲ့ကြောင်း ကျိုးကြောင်းဆီလျော်သော အခြေခံပေါ်တွင် မစ်ရှင်က ကောက်ချက်ချခဲ့သည်။[308] ရာဇဝတ်မှုများထဲတွင် နိုင်ငံမှ မောင်းထုတ်ခြင်းနှင့် ခွဲခြား နှိပ်ကွပ်ညှဉ်းပန်းခြင်းတို့ ပါဝင်သည်။ အောက်တွင် ချမှတ်ထားသော အကြောင်းပြချက်များအတွက် KBZ အုပ်စုနှင့် မက်စ်မြန်မာမှ အရာရှိများသည် ရာဇဝတ်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ခံယူသင့်ပြီး သင့်လျော်ပါက "အခြားသော လူမဆန်သည့် အပြုအမူများ" ၏ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သော ရာဇဝတ်မှု နှင့် နှိပ်ကွပ်ညှဉ်းပန်း ပြုလုပ်မှုအပေါ် အခိုင်အမာနှင့် တိုက်ရိုက် ပံ့ပိုးပေးခြင်းအတွက် အထက်တွင် ဖော်ပြထားသကဲ့သို့ စီးပွားရေး အရာရှိများနှင့် ရာဇဝတ်မှု တာဝန်ရှိမှုအပေါ် အသုံးပြုနိုင်သော ဥပဒေမူဘောင်ထဲမှ တရားစွဲဆိုခံစေသင့်သည်။ ကုမ္ပဏီအရာရှိများသည် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ် အတားအဆီး ခြံစည်းရိုး တည်ဆောက်ခြင်းအတွက် ရံပုံငွေ ထည့်ဝင်ခြင်း နှင့်

[307] DI-011, K-106, DM-002 DI-011, K-101, K-106, DM-002 C4ADS၊ "တုတ်များနှင့် ကျောက်တုံးများ- မြန်မာနိုင်ငံရှိ အမုန်းစကား ဖြစ်စဉ်ဇာတ်လမ်းများနှင့် ပံ့ပိုးကူညီသူများ" ၂၀၁၆။ (http://www.burmapartnership.org/wp-content/uploads/2016/02/SticksandStones.pdf)

[308] A/HRC/39/CRP.2၊ စာပိုဒ် ၁၅၁၁။

ခြံစည်းရိုးသည် ရွှေ့ပြောင်းနေသော ရိုဟင်ဂျာ လူထုကို သူတို့၏ အိမ်ယာမြေများနှင့် အသိုင်းအဝိုင်းများသို့ ပြန်မလာနိုင်စေရန် တားဆီးခြင်းဖြင့် နာကျင်ခံစားမှု ကြီးမားစွာ ဖြစ်စေမည်ကို လုပ်ဆောင်ကြောင်း ဖြစ်နိုင်ခြေကို သိရှိနေခဲ့မှု အပေါ် အခြေခံပြီး ဤကောက်ချက်ကို ရောက်ရှိလာခြင်း ဖြစ်သည်။ ထိုမျှသာမက ရိုဟင်ဂျာ လူထုကို လူမျိုးဖြစ်မှုအပေါ် အခြေခံပြီး သီးခြား ခွဲခြား ဆက်ဆံခြင်းသည် ခွဲခြား နှိပ်ကွပ်ညှဉ်းပန်းမှု၏ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှု မြောက်သည်။[309]

၁၃၀။ "အခြား လူမဆန်မှု အပြုအမူများ" ဖြစ်သည့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုကို ကြာရှည်စွာ ထင်ကျန်နေစေသော ရာဇဝတ်မှု (Residual Crime)[310] ဟု မြင်ပြီး ပြင်းထန်သော နာကျင်မှုနှင့် ခံစားမှု ထက် ပြင်းထန်သော သို့မဟုတ် ကြီးမားသော ခံစားမှုဟု ခေါ်ဆိုရမည့် ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်း ခံစားချက်များဟု ထင်မြင်ရသည်။[311] ထိခိုက်နာကျင်စေမှု သို့မဟုတ် ဒဏ်ရာ၏ ပြင်းထန်မှုကို ဖြစ်ရပ် တစ်ခုချင်း အခြေခံပေါ်တွင် ဆန်းစစ်ရမည်ဖြစ်ပြီး အပြုအမူ သို့မဟုတ် လစ်လျူရှုမှု၏ သဘောသဘာဝ၊ ယင်းဖြစ်ပွားသည့် တစ်စုံလုံး အခြေအနေ၊ ဖြစ်ပွားမှုကာလ နှင့်/သို့ အကြိမ်ရေ နှင့် ယင်း၏ ကျူးလွန်ခံရသူအပေါ် ရုပ်ပိုင်းနှင့် စိတ်ပိုင်း သက်ရောက်မှုများ အပါအဝင် အမျိုးမျိုးသော အကြောင်းရင်းများကို ထည့်သွင်း စဉ်းစားရသည်။ ထိခိုက်နာကျင်စေမှု သည် အမြဲတမ်းနှင့် ပြုပြင်ကုသ၍ မရသည်အထိ ဖြစ်ရန် လိုချင်မှ

309 A/HRC/39/CRP.2, စာပိုဒ် ၁၄၉၉-၁၅၀၂။

310 Decision on the Confirmation of Charges, *Francis Kirimi Muthaura, Uhuru Muigai Kenyatta and Mohammed Hussein Ali* (CC-01/09-02/11), Pre-Trial Chamber II, 23 January 2012, § 269; Judgment, *Staniši← and Župljanin* (IT-08-91-T), Trial Chamber, 27 March 2013, § 58; Judgement, *Case 002/01* (Case File No. 002/19-09-2007/ECCC/TC), Trial Chamber, 7 August 2014, §§ 436-437; Judgment, *Case 002/01* (Case File No. 002/19-09-2007-ECCC/SC),

311 လူမဆန်သော ဆက်ဆံမှုအတွက် စစ်ရာဇဝတ်မှုသည် နိုင်ငံတကာ လက်နက်ကိုင် ပဋိပက္ခများနှင် သက်ဆိုင်သည်။ နိုင်ငံတကာ မဟုတ်သော လက်နက်ကိုင် ပဋိပက္ခများအတွက် တူညီမှုကို ရက်စက်ကြမ်းကြုတ်သော ဆက်ဆံမှုဟု ခေါ်သည်။ နှစ်ခုစလုံးကို ကြီးမားသော ခံစားမှု သို့မဟုတ် ပြင်းထန်သော ခန္ဓာကိုယ်နှင့် ကျန်းမာရေးကို ပြင်းထန်သော ဒဏ်ရာကို ရည်ရွယ်ချက်ရှိစွာ ဖြစ်ပေါ်စေခြင်း ကို ခေါ်သော နောက်ထပ် စစ်ရာဇဝတ်မှုကဲ့သို့ အလားတူ ကြီးလေးမှု ကို ထည့်သွင်းစဉ်းစားသည်။ Judgment, ***Jelisi←*** (IT-95-10-T), Trial Chamber, 14 December 1999, § 52; စီရင်ချက်၊ ***Naletili← & Martinovi←*** (IT-98-34-T)၊ ကြားနာမှု ရုံး၊ ၂၀၀၃ မတ် ၃၁ ရက်၊ § ၂၄၆။ စီရင်ချက်၊ *Gotovina et al.* (IT-06-90-T)၊ ကြားနာမှု ရုံး၊ ၂၀၁၁ ဧပြီ ၁၅ ရက်၊ § ၁၇၉၁။ Judgment *Nyiramasuhuko et al.* (ICTR-98-42-T), Trial Chamber, 24 June 2011, § 6127; Judgment, *Periši←* (IT-04-81-T), Trial Chamber, 6 September 2011, § 111; Judgment, *Taylor* (SCSL-03-01-T), Trial Chamber, 18 May 2012, § 418-421; Judgment, *Haradinaj et al.* (IT-04-84*bis*-T), Trial Chamber, 29 November 2012, § 422; Judgment, *Luki←* (IT-98-32/1-A), Appeals Chamber, 4 December 2012, § 631; Judgment, *Tolimir* (IT-05-88/2-T), Trial Chamber, 12 December 2012, § 853; Judgment, ***Prli← et al.* (IT-04-74), Trial Chamber, 29 May 2013, §§ 77 and 148; Judgment, *Karadži←* (IT-95-5/18-T), Trial Chamber, March 24, 2016, § 504;** Judgment, *Habré*, EAC, TC, May 30, 2016, §§ 1590-1593; Judgment, *Case 002/01* (Case File No. 002/19-09-2007-ECCC/SC), Supreme Court Chamber, November 23, 2016, §580; Judgment, *Mladi←* (IT-09-92-T), Trial Chamber, November 22, 2017, § 3233; ICC သဘောတူစာချုပ်အောက်တွင် အခြေအနေမှာ အနည်းငယ် ကွဲပြားသည်။ ယင်းတွင် လူမဆန်သော ဆက်ဆံမှုနှင့် ရက်စက်သော ဆက်ဆံမှု၏ စစ်ရာဇဝတ်မှုတွင် နှိပ်စက်ညှင်းပမ်းခြင်း နှင့် တူညီသော အဆင့်တွင် ရှိသည်။ အမည်အရ ပြင်းထန်ခြင်း၊ စစ်ရာဇဝတ်မှု (နိုင်ငံတကာ လက်နက်ကိုင် ပဋိပက္ခတွင်) ကြီးမားသော ခံစားမှု ကို ရည်ရွယ်ချက် ရှိရှိ ဖြစ်စေမှုတွင် ပိုမိုနိမ့်ကျသော ခံစားမှု ရှိသည်။ အမည်အားဖြင့် ကြီးမားသော။ ပုဒ်မ ၈(၂)(က)(၂)-၂၊ ၈(၂)(က)(၃) နှင့် ၈(၂)(ဂ)(၁)-၃ အောက်တွင် ရာဇဝတ်မှု စာရွက်စာတမ်းများ၏ ICC အစိတ်အပိုင်းများ။

လိုအပ်မည်ဖြစ်သော်လည်း ယင်းသည် ကျူးလွန်ခံရသူ အပေါ် အချိန်တိုကာလ သို့မဟုတ် ယာယီ သက်ရောက်မှုထက် ပိုမိုရှည်ကြာရန် လိုအပ်သည်။[312]

၁၃၁။ နိုင်ငံတကာ တရားရုံးများက အတင်းအကြပ်ရွှေ့ပြောင်းမှုများသည် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သော ရာဇဝတ်မှု ၏ "အခြား လူမဆန်သော အပြုအမူများ" အဖြစ် သက်ရောက်သည်ဟု တွေ့ရှိရလျှင် ၎င်းက ပြုလုပ်ပေးသော တပါတည်း ဆက်ခံယူလိုက်ရသည့် ခံစားမှုများအကြောင်းကို သူတို့က ရှင်းပြသည်။ [313] တရားခုံရုံးများက အစဉ်တစိုက်ပင် တွေ့ရှိသည်မှာ နိုင်ငံပြင်ပသို့ မောင်းထုတ်ခြင်း နှင့် အတင်းအဓမ္မလွှဲပြောင်းခြင်းတို့တွင် ချိုးဖောက်ခံရသော အခွင့်အရေးများမှာ "ကျူးလွန်ခံရသူအနေဖြင့် သူ၏ နေအိမ်နှင့် အသိုင်းအဝိုင်းတွင် နေထိုင်ပိုင်ခွင့်နှင့် အခြား တစ်နေရာသို့ အဓမ္မရွှေပြောင်းစေခြင်းဖြင့် သူ၏ ပိုင်ဆိုင်မှု ဥစ္စာပစ္စည်းများကို သူ့ထံမှ ဖယ်ရှားခြင်း မပြုနိုင်သော အခွင့်အရေး" တို့ဖြစ်သည်။ [314] ဥပဒေအရာရှိ နှင့် Krnojelac တို့ အမှုကိစ္စတွင် အယူခံ ရုံးတော်က အဓမ္မရွှေ့ပြောင်းမှု၏ အန္တရာယ်ဖြစ်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ရှင်းပြရာတွင် ဤသည်မှာ ၎င်းနစ်နာခံစားရသူများအား နောက်ဆုံး ဆန္ဒပန်းတိုင်ကို ဆန့်ကျင်နေသည့်အလား "ရွှေ့ပြောင်းခံရမှု၏ အတင်းအကြပ် အပြုခံရသည့် လက္ခဏာနှင့် နယ်မြေတခု၏ နေထိုင်သူများကို အဓမ္မ အမြစ်ဖြုတ်ခြင်း" တို့ကို ဆိုလိုနေခြင်းဖြစ်ပြီး ရာဇဝတ်ကြောင်းဆိုင်ရာ တာဝန်ရှိမှုကို ဖြစ်ပေါ်စေပါသည်။ [315] *Krajsnik* အယူခံတရားရုံးက ခုံရုံး၏ တွေ့ရှိချက်ဖြစ်သော "ကြီးမားသည့် စိတ်အန္တရာယ်ခံစားနေရခြင်း" သည် "အနာဂတ်တွင် ပြန်ရာ ဖြစ်နိုင်ချေ နှင့်ပတ်သက်၍ အာမခံချက်မရှိသည့် နေထိုင်ရာ အရပ် သို့မဟုတ် ရပ်ရွာ အသိုင်းအဝန်းမှ အတင်းအကြပ် ထွက်ခွာရမှု" အခြေအနေများတွင် အမြဲ ဖြစ်ပေါ်နေလိမ့်မည်။" ဆိုသည်ကို ထောက်ခံ ခဲ့ပါသည်။[316]

---

312 Judgment, **Blagojevi←& Joki←(IT-02-60), Trial Chamber, 17** January 2005, § 586; Judgment, Tolimir (IT-05-88/2-T), Trial Chamber, 12 December 2012, § 854; Judgment, **Stanišiand Župljanin (IT-08-91-T), Trial Chamber, 27 March 2013, § 59;** Judgment, **Prli←et al. (IT-04-74), Trial Chamber, 29 May 2013, §§ 78 and 119;** Judgement, Case 002/01 (Case File No. 002/19-09-2007/ECCC/TC), Trial Chamber, 7 August 2014, §§ 438-439.

313 Judgement, *Case 002/01* (Case File No. 002/19-09-2007/ECCC/TC), Trial Chamber, 7 August 2014, §§ 450-455; Judgment, *Karadži←*(IT-95-5/18-T), Trial Chamber, March 24, 2016, § 494 (re forcible transfer)

314 Judgement, Simic (IT-95-9-T), 17 October 2003 စာပိုဒ် ၁၃၀၊ အယူခံရာ၌ ယခင်အတိုင်းလက်ခံလိုက်ခြင်း။ l

315 Acquittal စွဲဆိုမှုအပေါ် *မီလိုဆီဗစ် ဆုံးဖြတ်ချက် စာပိုဒ် ၆၉။* *Simic* စာပိုဒ် ၁၃၀။ *Krajsnik* တွင်လည်းကြည့်။ အဓမ္မရွှေပြောင်းမှု ပမာဏ၏ သီးခြား အပြုအမူများကို (၁၉၉၃ ICTY) သဘောတူစာချုပ် ပုဒ်မ ၅(၁) အောက်တွင်"အခြား လူမဆန်သော အပြုအမူများ" အဖြစ် တွေ့ရှိသည့်အခါ ကြားနာမှု ခုံရုံးအား အဓမ္မရွှေပြောင်းမှုသာ အခြားသော လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကဲ့သို့ ပင် ပြင်းထန်မှုရှိကြောင်း ကြားနာမှု ခုံရုံးကို လက်ခံလာအောင် ကြိုးပမ်းရသည်။ ဤအခြေအနေမှာ လက်ရှိ ဖြစ်ရပ်တွင် ကိုက်ညီနေသည်။ အဓမ္မရွှေပြောင်းခြင်း အပြုအမူများသည် နိုင်ငံမှ မောင်းထုတ်ခြင်း ဖြစ်ရပ်များ၏ ပြင်းထန်မှုနှင့် အလားတူဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော ယင်းတွင် နေအိမ်များ အသိုင်းအဝိုင်းများမှ အနာဂတ်တွင် ပြန်လာနိုင်စွမ်းရှိမည်မရှိမည်ကို အာမခံခြင်းမရှိပဲ အဓမ္မထွက်ခွာစေမှုကြောင့် ကျူးလွန်ခံရသူများမှာ မလွဲမရှောင်သာပဲ ပြင်းထန်းသော ခံစားမှုများကို ရရှိစေသည်။ အယူခံ စီရင်ချက်၊ စာပိုဒ် ၃၃၁။

316 Judgement, *Krajsnik* (ICTY IT-00-39-A), Appeals Chamber, 17 March 2009, paragraph 331.

၁၃၂။ လူပုဂ္ဂိုလ်များကို သူတို့၏ လူမှု အသိုင်းအဝိုင်းနှင့် နေအိမ်များတွင် နေထိုင်ရန် အခွင့်အရေးနှင့် ရည်မှန်းချက် စိတ်ဆန္ဒကို ကာကွယ်ပေးခြင်း၏ တန်ဖိုးနှင့် အထက်တွင် ဖော်ပြခဲ့သော နာကျင်ခံစားမှု အခြေအနေများသည် ရိုဟင်ဂျာများအတွက် သူတို့ နေအိမ်များသို့ ပြန်ရန် မဖြစ်နိုင်တော့ပေ။ လူတစ်ဦးတစ်ယောက်၏ ပိုင်ဆိုင်မှု ပစ္စည်းများကို လက်လှမ်းမမီနိုင်တော့ခြင်းနှင့် အခြားသူ တစ်ဦး၏ နေအိမ်တွင် နေထိုင်နေရခြင်းသည် ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ နာကျင်ခံစားမှုမှာ အဓမ္မရွှေ့ပြောင်းမှုနှင့် နိုင်ငံမှ မောင်းထုတ်ခံရမှုတို့နှင့် နှိုင်းယှဉ်၍ ရနိုင်သည်ဖြစ်ရာ "အခြားသော လူမဆန်သည့် အပြုအမူများ" အမျိုးအစားအောက်တွင် ယင်းသည် လူသားဖြစ်မှု ကို ဆန့်ကျင်သော ရာဇဝတ်မှု အတန်းအစားများကဲ့သို့ပင် ပြင်းထန်ပြီး ကြီးလေးသည်။[317]

၁၃၃။ နိုင်ငံတို့၏ နယ်စပ်များ လုံခြုံမှု၊ စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းမှုကို လုပ်နိုင်သည့် နိုင်ငံများ၏ အချုပ်အခြာ အာဏာပိုင်ဆိုင်ခွင့်ကို မစ်ရှင်က အသိအမှတ်ပြုသည်။ သို့ရာတွင် ယင်းတို့သည် နိုင်ငံတကာ ဥပဒေအောက်ရှိ ရာဇဝတ်မှု တစ်ခုကို ကျူးလွန်ခြင်း သို့မဟုတ် အားပေးခြင်း ပုံစံမျိုး အပါအဝင် နိုင်ငံတကာ ဥပဒေကို ဆန့်ကျင်သည့် ပုံစံဖြင့် လုပ်ဆောင်ခြင်း မပြုရပေ။ ရိုဟင်ဂျာများ၏ လူ့အခွင့်အရေး အခြေအနေအတွင်းသို့ စုံစမ်းစစ်ဆေးရာတွင် အောက်ပါ အခြေအနေများ၏ စုပေါင်းမှုကို အခြေခံလျက်၊ မစ်ရှင်သည် မြန်မာအစိုးရနှင့် တပ်မတော်တို့က လုပ်ဆောင်ထားခဲ့သော အခြားသော အရေးယူဆောင်ရွက်မှုများနှင့် ပူးပေါင်းလျက် ခြံစည်းရိုး အတားအဆီးသည် ရွှေ့ပြောင်းသွားခဲ့သော ရိုဟင်ဂျာများကို သူတို့၏ အိမ်ယာမြေများကို လက်လှမ်းမီမှုအား တားဆီးရန် ရည်ရွယ်ချက်ရှိကြောင်း မစ်ရှင်က ကျိုးကြောင်းဆီလျော်သော အခြေခံများအပေါ်တွင် ကောက်ချက်ချသည်။[318] ပထမ အနေဖြင့် အစိုးရသည် အစုအပြုံလိုက် သတ်ဖြတ်မှုများနှင့် အဓမ္မ ရွှေ့ပြောင်းစေမှုများကြောင့် ထောင်နှင့်ချီသော ရိုဟင်ဂျာများ မြန်မာနိုင်ငံမှ စတင်ထွက်ခွာရန် နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ စတင်ပြီးသည့် အချိန်တွင် ချက်ချင်း ခြံစည်းရိုး အားဖြည့်မှုကို ဦးစားပေးခဲ့သည်။ ခြံစည်းရိုး လုံခြုံမှုနှင့် ပတ်သက်၍ အစောပိုင်းတွင် ဆွေးနွေးမှုများရှိခဲ့သော်လည်း အရပ်သားအစိုးရ[319] နှင့် တပ်မတော်[320] အတွက်

---

[317] "တရားစွဲဆိုသူဖက်မှ သဘောတူစာချုပ်၏ ပုဒ်မ ၁၉ (၃) အောက်တွင် တရားစီရင်မှုအပါ ပြန်လည်သုံးသပ်ရန် တောင်းဆိုချက်" အပေါ်ဆုံးဖြတ်ချက် သည် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာအခြေအနေသည် အလားတူပင် လူမဆန်သော အပြုအမူများ ရှိနေသည်။ သို့ရာတွင် ကြားနာမှု အကြို ရုံးတော်သည် နေရပ်ပြန်ပိုင်ခွင့် အပေါ် မှီခိုနေပြီး မစ်ရှင်က နိုင်ငံမှ မောင်းထုတ်ခြင်းနှင့်အဓမ္မ ပြောင်းရွှေ့ခြင်း၏ လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများမှ ကာကွယ်ပေးသော တူညီသည့် အခွင့်အရေးများအဖြစ် စွဲယူသည်။ (ICC-RoC46(3)-01/18 at paragraph 77).

[318] ဤတွေ့ရှိချက်ကို ယခင်က ပြုလုပ်ခဲ့ပြီး ဖြစ်သည်။ ပထမအကြိမ်မှာ ၂၀၁၈ ခု အစီရင်ခံစာတွင် မစ်ရှင်က ပြုလုပ်သည်။ A/HRC/38.CRP.2၊ စာပိုဒ် ၁၂၁၅။ နိုင်ငံတကာ ရာဇဝတ် တရားရုံး တရားစွဲဆိုသူ ရုံးကလည်း သူတို့၏ ၂၀၁၉ ဇူလိုင် ၄ ရက် ရက်စွဲဖြင့် "ပုဒ်မ ၁၅ နှင့် အညီ စုံစမ်းစစ်ဆေးမှု အခွင့်အာဏာအတွက် တောင်းခံချက်" တွင် သုံးသပ်ချက်ကိုလည်း လက်ခံသည်။ ICC-01/19 at စာပိုဒ် ၁၅၃-၁၅၄။

[319] အတားအဆီး ခြံစည်းရိုး ကိစ္စကို ၂၀၁၇ စက်တင်ဘာ ၆ ရက် အဆင့်မြင့် အရာရှိ အစည်းအဝေး တွင် တင်ပြခဲ့ပြီး ၂၀၁၇ အောက်တိုဘာ ၂၀ ရက်တွင် UEHRD ရုံပုံငွေ ရှာဖွေရေး အခန်းအနားတွင် တင်ပြခဲ့သည်။

[320] ယင်းသည် ၂၀၁၇ စက်တင်ဘာ ၁၀ နှင့် ၂၁ ရက်များနှင့် ဖြစ်နိုင်ချေ စက်တင်ဘာ ၁ ရက်တွင် တပ်မတော် ရံပုံငွေ ရှာဖွေရေး အခမ်းအနားများအားဖြင့် အထောက်အထား ဖြစ်ခဲ့သည်။ နယ်စပ် ခြံစည်းရိုကို ရံပုံငွေ ရှာဖွေသည့် အခမ်းအနား သုံးခု အနက်မှ ၂၀၁၇ စက်တင်ဘာ ၁ ရက်နေ့တွင် ပြုလုပ်သော ပထမ အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဝက်ဘ်ဆိုဒ် အစီရင်ခံချက်တွင် သီးသန့်ဖော်ပြထားခြင်း မရှိသော်လည်း ဒုတိယ အခမ်းအနားတွင်

ယင်းသည် ထိုအချိန်သို့ ရောက်သည့်တိုင် အရေးပေါ် ဦးစားပေး ဖြစ်မနေခဲ့ပေ။ ဒုတိယ အနေဖြင့် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရုံပုံငွေ တောင်းခံခြင်း အခမ်းအနား သုံးခုစလုံး အတွင်း ပြောကြားခဲ့သော မိန့်ခွန်းတွင် အလှူငွေများ၏ ရည်ရွယ်ချက်သည် ရိုဟင်ဂျာများကို မြန်မာနိုင်ငံသို့ ပြန်လာခြင်းမှ တားဆီးရန် ရည်ရွယ်ကြောင်း သီးသန့် ညွှန်ပြနေခဲ့သည်။ ရခိုင်ပြည်နယ်ရှိ တင်းမာမှုများ၏ "အကြောင်းရင်းခံများ" ကို ပြောကြားရာတွင် သူက "ဘင်္ဂါလီ ပြဿနာသည် ရေရှည်တည်ရှိခဲ့သော ပြဿနာဖြစ်ပြီး ယခင် အစိုးရများက ယင်းကို ဖြေရှင်းရန် ကြိုးစားခဲ့သော်လည်း အပြီးမသတ်နိုင်သည့် ပြဿနာ ဖြစ်နေခဲ့သည်.. မိမိတို့အနေဖြင့် ""လုံးဝ ဉသုံပင် မိမိတို့နိုင်ငံတွင် ရိုဟင်ဂျာလူမျိုးမရှိ"" ကြောင်း ပြောကြားခဲ့သည်။ [321] တတိယ အနေဖြင့် ကိုနာပါရာရှိ အခြေအနေသည် အတားအဆီး ခြံစည်းရိုး၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍အထူး ဖော်ပြနေသည်။ ထိုနေရာသည် နယ်စပ်မှ မီတာ ၂၀၀ အကွာတွင် မြန်မာနိုင်ငံနယ်နမိတ်အတွင်း ရိုဟင်ဂျာ ဒုက္ခသည်များ ဝန်းရံနေထိုင်လျက်ရှိရာ ခြံစည်းရိုးသည် သူတို့အား သူတို့၏ ကျေးရွာများနှင့် နေအိမ်များကို လက်လှမ်းမမီနိုင်စေရန် တားဆီးထားသည်။ [322] ထိုနေရာတွင် နေစဉ် အသံချဲ့စက်ဖြင့် ကြေညာချက်များကို မြန်မာနိုင်ငံဘက်ခြမ်း ခြံစည်းရိုးဖက်တွင် ရှိ ရိုဟင်ဂျာ ဒုက္ခသည်များကို ရည်ရွယ်လျက် ထိုနေရာရှိ ရိုဟင်ဂျာများမှာ တရားမဝင် ရောက်ရှိနေခြင်းဖြစ်ကြောင်း အသံလွှင့်ကြေညာနေခဲ့သည်။ [323] စတုတ္ထအနေဖြင့် အတားအဆီး ခြံစည်းရိုးကို အသက်ဝင် ဖြစ်ပေါ်လာစေခြင်းကို အချို့သော စီမံကိန်းများအကောင်အထည်ဖော်ခြင်း နှင့် ရိုဟင်ဂျာများကို သူတို့၏ နေအိမ်များသို့ ပြန်မလာနိုင်စေမည့် ရိုဟင်ဂျာ ကျေးရွာများ ဖျက်ဆီးခြင်း၊ အပါအဝင် တပ်မတော်က

---

နောက်ခံစာတမ်းတွင် ဖော်ပြချက်အရ ခြံစည်းရိုးကို ပထမအကြိမ်အခမ်းအနားတွင် ထည့်သွင်း ဖော်ပြပြီး ဖြစ်သည်ဟု ကောက်ယူနိုင်သည်။ နောက်ခံ စာတမ်းတွင် "ရခိုင်ပြည်နယ်တွင် အမျိုးသား လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များကို အသက်ကို ပဓါန မထားပဲ ထမ်းဆောင်ခဲ့ကြသော လုံခြုံရေး တပ်ဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ နှင့် ARSA ဘင်္ဂါလီ အစွန်းရောက် အကြမ်းဖက်သမားများ ၏ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံ ပြည်သူများအား ထောက်ပံ့ပစ္စည်း ပေးအပ်ခြင်းနှင့် နယ်စပ်ခြံစည်းရိုး ကာရံရန် အတွက် ဒုတိယအကြိမ် အလှူငွေ ပေးအပ်ခြင်း အခန်းအနား" (http://www.seniorgeneralminaunghlaing.com/2017/09/cash-donations-will-be-used-in-areas.html?view=mosaic).

[321] ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ "အစိုးရ ဌာနများနှင့် ပြည်သူတစ်ရပ်လုံး သည် နိုင်ငံတော်ကို ပြင်းထန်သော မျိုးချစ်စိတ်ဖြင့် ကာကွယ်ရမည်။" ၂၀၁၇ စက်တင်ဘာ ၂ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/345/entire-government-institutions-and-people-must-defend-the-country-with-strong-patriotism/)။ "နိုင်ငံချစ်စိတ်နည်းပါးခြင်းသည် စည်းလုံးညီညွတ်မှုကို ပြိုကွဲနိုင်ပြီး နိုင်ငံသားတိုင်တွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် မြန်မာ စိတ်ဓါတ် ရှိရမည်။" ၂၀၁၇ စက်တင်ဘာ ၁၁ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/486/lack-of-country-loving-spirits-may-lead-to-disunity-and-all-citizens-should-have-country-loving-spirits-patriotic-spirits-and-myanmar-spirits/)။ https://www.seniorgeneralminaunghlaing.com.mm/en/1410/sep-22-cash-donations-will-be-used-in-the-areas-where-help-is-really-in-need-according-to-the-wish-of-the-donors/

[322] စာပိုဒ် ၁၁၂ တွင် ဖော်ပြထားသည့် အတိုင်း။

[323] ရိုဟင်ဂျာ ပြည်သူများ၏ လူ့အခွင့်အရေး အခြေအနေပေါ်တွင် လူ့အခွင့်အရေး မဟာမင်းကြီး၏ နှုတ်ဖြင့် ဖြည့်စွက်ချက်၊ A/HRC/38.CRP.2၊ စာပိုဒ် ၁၄၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေပေါ်တွင် အထူးကိုယ်စားလှယ်၏ လုပ်ငန်းစဉ် အဆုံးသတ် ပြောဆိုချက်၊ ဒါကာ၊ ၂၀၁၈ ဇူလိုင် ၇ ရက်။ https://www.ohchr.org/en/NewsEvents/Pages/DisplayNews.aspx?NewsID=23347&LangID=E. FI-051နှင့် FM-006 တွင်လည်း ကြည့်။

လုပ်ဆောင်နေသော လုပ်ဆောင်မှုများ ရှိသည့် ဆက်စပ် အခြေအနေအတွင်းတွင် လုပ်ဆောင်ခြင်းဖြစ်သည်။ ယင်းတို့ကို အောက်ပါ အခန်းတွင် ဖော်ထုတ်ထားပြီး အတားအဆီး ခြံစည်းရိုး၏ ရည်ရွယ်ချက်ကို ထပ်မံ အတည်ပြုစေသည်။

၁၃၄။ ကမ္ဘောဇ အုပ်စုနှင့် မက်စ်မြန်မာ အရာရှိများ ပေးအပ်ခဲ့သော ဘဏ္ဍာရေး အထောက်အပံ့သည် ခြံစည်းရိုးတည်ဆောက်ရေးအတွက် ရည်ရွယ်သည်မှာ အခိုင်အမာ ဖြစ်သည်။ ကမ္ဘောဇ အုပ်စုက ခြံစည်းရိုး၏ အစိတ်အပိုင်း တစ်ခု တည်ဆောက်ရန် UEHRD မှတဆင့် အလှူငွေ အမေရိကန်ဒေါ်လာ ၂.၂ သန်း လှူခဲ့သည်။[324] ယင်းသည် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့[325]နှင့် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၀ ရက်နေ့[326]တို့တွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အားလည်း အမေရိကန်ဒေါ်လာ ၂,၄၇၇,၈၅၇[327] ကို လှူဒါန်းခဲ့သည်။ မက်စ်မြန်မာက နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်မှ နယ်စပ် ခြံစည်းရိုး တိုးတက်မှု အကြောင်း ပြောခဲ့သည့် ရံပုံငွေ အခန်းအနားတွင် UEHRD သို့ အမေရိကန် ဒေါ်လာ ၆၅၄,၀၀၀[328] ကို လှူဒါန်းခဲ့သည်။[329] ယင်းသည် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်[330]နှင့် နောက်ထပ် အခန်းအနားဖြစ်သော ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့ [331] တို့တွင်

---

[324] Ben Dunant၊ "ရခိုင်ပြန်လည် တည်ဆောက်ရေး ရှေ့တန်းမျက်နှာစာရှိ တိုင်ကွန်းများ"၊ အမေရိကန်အသံ VoA၊ ၂၀၁၈ ဇန်နဝါရီ ၂၃ ရက်။ (https://www.voanews.com/a/business-leaders-support-myanmar-reconstruction/4219898.html)

[325] ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ "အစိုးရ ဌာနများနှင့် ပြည်သူတစ်ရပ်လုံး သည် နိုင်ငံတော်ကို ပြင်းထန်သော မျိုးချစ်စိတ်ဖြင့် ကာကွယ်ရမည်။" ၂၀၁၇ စက်တင်ဘာ ၂ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/345/entire-government-institutions-and-people-must-defend-the-country-with-strong-patriotism/).

[326] ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ "နိုင်ငံချစ်စိတ်နည်းပါးခြင်းသည် စည်းလုံးညီညွတ်မှုကို ပြိုကွဲနိုင်ပြီး နိုင်ငံသားတိုင်းတွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် မြန်မာ စိတ်ဓါတ် ရှိရမည်။" ၂၀၁၇ စက်တင်ဘာ ၁၁ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/486/lack-of-country-loving-spirits-may-lead-to-disunity-and-all-citizens-should-have-country-loving-spirits-patriotic-spirits-and-myanmar-spirits/).

[327] ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ "အစိုးရ ဌာနများနှင့် ပြည်သူတစ်ရပ်လုံး သည် နိုင်ငံတော်ကို ပြင်းထန်သော မျိုးချစ်စိတ်ဖြင့် ကာကွယ်ရမည်။" ၂၀၁၇ စက်တင်ဘာ ၂ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/345/entire-government-institutions-and-people-must-defend-the-country-with-strong-patriotism/).

[328] ဧရာဝတီဖောင်ဒေးရှင်း "ဧရာဝတီဖောင်ဒေးရှင်းမှ ရခိုင်ပြည်နယ်အတွက် လှူဒါန်းမှု ပြုလုပ်ခဲ့။" (http://www.ayeyarwadyfoundation.org/en_US/ayeyarwady-foundation-donated-for-rakhine-state/)

[329] ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၊ "UEHRD တွက် လှူဒါန်းခြင်း အခန်းအနားမှ အသံများ" နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ရုံး၊ ၂၀၁၇ အောက်တိုဘာ ၂၁ ရက်။ (https://www.statecounsellor.gov.mm/en/node/1185)

[330] ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ "အစိုးရ အဖွဲ့အစည်းတွေ နဲ့ ပြည်သူတွေ အားလုံးက နိုင်ငံတော်ကို ပြင်းထန်တဲ့ မျိုးချစ်စိတ်နဲ့ ကာကွယ်ရမယ်။" ၂၀၁၇ စက်တင်ဘာ ၂ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/345/entire-government-institutions-and-people-must-defend-the-country-with-strong-patriotism/) စက်တင်ဘာ ၁ ရက် ရံပုံငွေ ရှာဖွေခြင်း အခမ်းအနားတွင် အတားအဆီး ခြံစည်းရိုးကို သီးသန့်ပြောကြားခြင်း မရှိသော်လည်း ရိုဟင်ဂျာများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်လာခြင်းကို တားဆီးရန် ရည်ရွယ်ချက်ကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဖော်ပြောကြားခဲ့ပြီး ဆက်တိုက်ပြုလုပ်သော အခမ်းအနား နှစ်ခုအပေါ် တင်ပြသည့် ဝက်ဘ်ဆိုဒ်တွင် ခြံစည်းရိုးကို သီးသန့် ဖော်ပြခဲ့သည်။

[331] ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ "လှူဒါန်းငွေများကို အလှူရှင်များ၏ ဆန္ဒနှင့် အညီ အမှန်တကယ် လိုအပ်သော နေရာများတွင် အသုံးပြုမည်။" ၂၀၁၇ စက်တင်ဘာ ၂၂ ရက်၊

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အမေရိကန်ဒေါ်လာ ၉၇၆,၈၅၇[332] ကို လှူဒါန်းခဲ့သည်။

၁၃၅။ အထက်ပါ ဥပဒေမူဘောင် အခန်းတွင် မှတ်ချက်ပြုခဲ့သည့် အတိုင်း ရာဇဝတ်မှုများကို တိုက်ရိုက်ကျူးလွန်နေသော အဖွဲ့အစည်းတစ်ခုကို ဘဏ္ဍာရေး အထောက်အပံ့ပေးခြင်းသည် ထိုအဖွဲ့အား ပံ့ပိုးပေးနေခြင်း ခိုင်မာသည်ဟု ယူဆရန် လုံလောက်သည်။ ခြံစည်းရိုး တည်ဆောက်မှုကို အထူးသဖြင့် ရံပုံငွေ ထည့်သည်ဟု မစ်ရှင်က တွေ့ရှိသော ကမ္ဘောဇ အုပ်စုနှင့် မက်စ်မြန်မာတို့သည် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် သူတို့၏ မူရင်း အိမ်ယာမြေမှ ရိုဟင်ဂျာများ မောင်းထုတ်မှုအတွက် လုံခြုံစေပြီး အခိုင်အမာဖြစ်စေသော အတားအဆီး ခြံစည်းရိုး တည်ဆောက်ရန် ငွေကြေး လိုအပ်ခဲ့သော တပ်မတော်နှင့် အရပ်သား ခေါင်းဆောင်များဖြစ်သည့် တိုက်ရိုက် ချိုးဖောက်ကျူးလွန်သူများကို ရံပုံငွေ ပေးအပ်ခဲ့ပြီး ရိုဟင်ဂျာများကို သူတို့၏ အိမ်မြေများလက်လှမ်းမှီမှုမှ တားဆီးသည့် လူမဆန်သည့်အပြုအမူတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ သို့ဖြစ်ရာ သူတို့သည် ရာဇဝတ်ပြစ်မှုအတွက် အခိုင်အမာ ပံ့ပိုးမှု ပြုခဲ့သည်။ ထို့အပြင်ကမ္ဘောဇအုပ်စုနှင့် မက်စ်မြန်မာမှ အရာရှိများသည် ရံပုံငွေ အခမ်းအနားများနှင့် UEHRD တွင် ဖော်ပြခဲ့သော ခြံစည်းရိုးနှင့် အခြားသော ဆောင်ရွက်ချက်များသည် ရိုဟင်ဂျာများကို သူတို့၏ နေအိမ်များနှင့် ပစ္စည်းဥစ္စာများအား လက်လှမ်းမီမှုမှ ကာကွယ်တားဆီးသော လူမဆန်သည့် အပြုအမူဖြစ်ကြောင်း သိရှိကြသည်။ ယင်းကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရိုဟင်ဂျာ များကို တစ်ခုလုံး အနေဖြင့် ရည်ညွှန်းလျက်နှင့် "ဘင်္ဂါလီပြဿနာ" အပေါ် သူ၏ ရည်ညွှန်းချက်များ ပါသော လူသိရှင်ကြား အထပ်ထပ်ပြောကြားခဲ့သော အမုန်းတရားပြည့်နေသည့် ပြောဆိုချက်များက အထောက်အထား ဖြစ်စေသည်။[333] ကမ္ဘောဇ အုပ်စု၏ အဆင့်မြင့် စီမံခန့်ခွဲမှု ဒါရိုက်တာ ဦးညိုမြင့်က ခြံစည်းရိုး၏ ရည်ရွယ်ချက်အပေါ် သူ၏ သိနားလည်မှုကို သတင်းထောက်တစ်ဦးအား သူ၏ ခြံစည်းရိုးအပေါ် လှူဒါန်းခြင်းသည် တရားမဝင်

---

(https://www.seniorgeneralminaunghlaing.com.mm/en/1410/sep-22-cash-donations-will-be-used-in-the-areas-where-help-is-really-in-need-according-to-the-wish-of-the-donors/)

332 ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ "လှူဒါန်းငွေများကို အလှူရှင်များ၏ ဆန္ဒနှင့် အညီ အမှန်တကယ် လိုအပ်သော နေရာများတွင် အသုံးပြုမည်။" ၂၀၁၇ စက်တင်ဘာ ၂၂ ရက်၊ (https://www.seniorgeneralminaunghlaing.com.mm/en/1410/sep-22-cash-donations-will-be-used-in-the-areas-where-help-is-really-in-need-according-to-the-wish-of-the-donors/)

333 ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ "အစိုးရ ဌာနများနှင့် ပြည်သူတစ်ရပ်လုံး သည် နိုင်ငံတော်ကို ပြင်းထန်သော မျိုးချစ်စိတ်ဖြင့် ကာကွယ်ရမည်။" ၂၀၁၇ စက်တင်ဘာ ၂ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/345/entire-government-institutions-and-people-must-defend-the-country-with-strong-patriotism/)။ "နိုင်ငံချစ်စိတ်နည်းပါးခြင်းသည် စည်းလုံးညီညွတ်မှုကို ပြိုကွဲနိုင်ပြီး နိုင်ငံသားတိုင်းတွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် မြန်မာ စိတ်ဓါတ် ရှိရမည်။" ၂၀၁၇ စက်တင်ဘာ ၁၁ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/486/lack-of-country-loving-spirits-may-lead-to-disunity-and-all-citizens-should-have-country-loving-spirits-patriotic-spirits-and-myanmar-spirits/)။ https://www.seniorgeneralminaunghlaing.com.mm/en/1410/sep-22-cash-donations-will-be-used-in-the-areas-where-help-is-really-in-need-according-to-the-wish-of-the-donors/.

ရွှေပြောင်းမှုများကို တားဆီးရန် ထည့်ဝင်မှု ဖြစ်ကြောင်း ပြောကြားခြင်းဖြင့် ဖော်ပြခဲ့သည်။[334] ယခင်က ရှင်းပြထားခဲ့သည့်အတိုင်း တရားမဝင် ရွှေပြောင်းခြင်းအပေါ် ရည်ညွှန်းခြင်းသည် ရိုဟင်ဂျာများအပေါ် ခြုံငုံသည့် အမုန်းတရား၊ ရာသီဥတုနှင့် ရိုဟင်ဂျာများကို မလိုလားမှုကို ပြသပြီး ရိုဟင်ဂျာများအပေါ် အမုန်းတရားများ မွေးမြူပေးရန် မှားယွင်းသော ဖြစ်ရပ်ဇာတ်ကြောင်းကို ဝါဒဖြန့်ခြင်း ဖြစ်ကြောင်း မစ်ရှင်က ဆုံးဖြတ်သည်။[335]

၁၃၆။ ထိုအကြောင်းရင်းများအတွက် ကမ္ဘောဇ အုပ်စုနှင့် မက်စ်မြန်မာ အရာရှိများသည် ခွဲခြားဖိနှိပ်မှု၏ လူသားကို ဆန့်ကျင်သော ရာဇဝတ်မှုနှင့် အခြားလူမဆန်သော အပြုအမူများ ကို ထောက်ပံ့ခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် ပံ့ပိုးခြင်းတို့ဖြစ်ကြောင်း ကျိုးကြောင်း ဆီလျော်သော အခြေခံများအပေါ်တွင် မစ်ရှင်က ကောက်ချက်ချသည်။ ယင်းသည် ယခု အခါ မြန်မာအစိုးရ၏ တာဝန်ခံမှု သို့မဟုတ် မြန်မာအစိုးရ၏ ပျက်ကွက်သော လုပ်ဆောင်မှုဖြစ်ပြီး အခြားသော တရားစီရင်မှုပါသည့် တရားရေး စံနစ်များ က စုံစမ်းစစ်ဆေးရန်၊ အကယ်၍လုံလောက်သော အထောက်အထားရှိပါက နိုင်ငံတကာ ဥပဒေအောက်တွင် ထို အရာရှိများကို တရားစွဲဆိုရန် ဖြစ်သည်။ UEHRD ၏ အကောင်အထည်ဖော်မှုနှင့် တပ်မတော်၏ အတားအဆီး ခြံစည်းရိုး ပြန်လည်အားဖြည့်ခြင်း မဟုတ်ပဲ အခြား ရိုဟင်ဂျာများကို သူတို့အိမ်များနှင့် လူမှုအသိုင်းအဝိုင်းများသို့ ပြန်လာခြင်းမှ တားဆီးခြင်းဖြင့် ကြီးမားသော နာကျင်ခံစားမှုများကို ဖြစ်စေသောကြောင့် သူတို့၏ ပါဝင်မှုအတွက် နိုင်ငံတကာ ဥပဒေအောက်တွင် ရာဇဝတ်များအတွက် ထိုကုမ္ပဏီများနှင့် အခြား ကုမ္ပဏီအရာရှိများသည် တာဝန်ရှိမရှိကို ဆုံးဖြတ်ရန် ရာဇဝတ်စုံစမ်းစစ်ဆေးမှု လုပ်သင့်သည်ဟု ကျိုးကြောင်းဆီလျော်သော အခြေခံများအပေါ်တွင် မစ်ရှင်က ကောက်ချက်ချသည်။ ယင်းတွင် အခြားသူများ အကြား အေးရှားဝေါလ်နှင့် အေဒင် အုပ်စုတို့လည်း ပါဝင်သည်။

### (ခ) တပ်မတော် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားသို့ အလှူငွေ ထည့်ဝင်ခြင်းအတွက် ကုမ္ပဏီအရာရှိများ တရားစွဲဆိုခံရနိုင်မှု

၁၃၇။ တပ်မတော်၏ ရံပုံငွေ ပေးအပ်ပွဲ အခမ်းအနား သုံးခုတွင် သူတို့၏ ဘဏ္ဍာရေးဆိုင်ရာ ထည့်ဝင်မှုများအတွက် ပေါ်သောက်လာသော နိုင်ငံတကာ ဥပဒေအောက်တွင် ရာဇဝတ်မှုများအတွက် ကမ္ဘောဇ အုပ်စုနှင့် မက်စ်မြန်မာ တို့အပြင် ကုမ္ပဏီအရာရှိများ တာဝန်ခံမှု ရှိမရှိကို ဆုံးဖြတ်နိုင်ရန်အတွက် ရာဇဝတ်ကြောင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်သင့်ကြောင်း မစ်ရှင်က ကျိုးကြောင်းဆီလျော်သော အခြေခံများအပေါ်တွင် ကောက်ချက်ချသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပြောထားသည့်အတိုင်းပင် အခမ်းအနားများတွင် တောင်းခံသော ရံပုံငွေများသည် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ"ကို ဆက်လက်လုပ်ဆောင်ရန် အလျင်အမြန် လိုအပ်လျက်ရှိပြီး "ဘင်္ဂါလီ ပြဿနာ" ကို

[334] Ben Dunant၊ "ရခိုင်ပြန်လည်တည်ဆောက်ရေး ရှေ့မျက်နှာစာမှ တိုင်ကွန်းများ" အမေရိကန် အသံ VoA၊ ၂၀၁၈ ဇန္နဝါရီ ၂၃ ရက်။ (https://www.voanews.com/a/business-leaders-support-myanmar-reconstruction/4219898.html)

[335] A/HRC/39/CRP.2၊ စာပိုဒ် ၁၅၀၁၊ ၁၃၁၅။

အဆုံးသတ်ရန် ဖြစ်သည်။[336] အတားအဆီး ခြံစည်းရိုးတည်ဆောက်ခြင်းအပြင် ရံပုံငွေများသည် “ရခိုင်ပြည်နယ်တွင် စွန့်လွှတ်ပေးဆပ်မှု ဘေးအန္တရာယ်များကြားတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်ကြသော လုံခြုံရေး တပ်ဖွဲ့များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ” ကို ပံ့ပိုးရန် ရည်ရွယ်သည်။[337] ဤဖော်ပြချက်အရ တပ်မတော်သည် အလှူငွေများကို ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ “နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ”ကို ပံ့ပိုးသည့် လှုပ်ရှားမှုများအတွက် လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းသည်။

၁၃၈။ ရံပုံငွေ ရှာဖွေရေး အခမ်းအနားများ ပြုလုပ်သည့် အခြေအနေတွင် ငွေထောက်ပံ့သော စီမံကိန်းများ၏ ရည်ရွယ်ချက်ကို နားလည်ရန်နှင့် အလှူရှင်များ၏ အသိ သို့မဟုတ် သိနားလည်မှုသည် အလွန်အရေးကြီးသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင် စတင်ခဲ့သော အကြမ်းဖက်မှုနှင့် လူပေါင်း ၇၀၀,၀၀၀ ကျော် မောင်းထုတ်ခံရပြီးနောက်ပိုင်းတွင်[338] တပ်မတော်သည် ရိုဟင်ဂျာကျေးရွာများကို ဖျက်ဆီးခြင်း၊ တဝက်တပျက် ဖျက်ဆီးခံထားရသော အိမ်များကို ဘူဒိုဇာများဖြင့် ထိုးပစ်ခြင်း နှင့် ယခင်က လူနေခဲ့သော မြေယာများကို ရှင်းလင်းခြင်း အားဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နိုင်ငံတကာ ဥပဒေကို ပြင်းထန်စွာ ချိုးဖောက်မှုများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ဂြိုလ်တု ရုပ်ပုံများအား သုံးသပ်ချက်အပေါ် အခြေခံလျက် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော စုစုပေါင်း ဖျက်ဆီးမှုများ၏ ၂၀ ရာခိုင်နှုန်းသည် ၂၀၁၇ စက်တင်ဘာ ၁၆ ရက်နောက်ပိုင်းတွင် ဖြစ်ပွားခဲ့ပြီး အဆောက်အဦးပေါင်း ၇,၀၀၀ ကျော် ကို သက်ရောက်ခဲ့ပြီး အနည်းဆုံး ၂၀၁၈ မတ်လ တိုင်အောင် ဖျက်ဆီးမှုများ ဆက်ဖြစ်နေခဲ့သည်ကို မစ်ရှင်က လေ့လာစမ်းစစ်ရသည်။[339]

၁၃၉။ အမြစ်ဖြတ်သုတ်သင်ခြင်းအပါအဝင် အစုအပြုံလိုက် ရက်စက်ကြမ်းကြုတ်သော အပြုအမူများနှင့် ရိုဟင်ဂျာများကို အစုအပြုံလိုက် ရွှေ့ပြောင်းခြင်းများ ဖြစ်ပွားနေဆဲမှာပင် အခမ်းအနားများကို ကျင်းပခဲ့သည်။ ဤအချိန်ကိုက်မှုနှင့် ရိုဟင်ဂျာ လူထု တစ်ခုလုံးအပေါ် အမုန်းပွားစေသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အခမ်းအနားများအတွင်း ပြောဆိုမှုများ ပေါင်းစပ်လိုက်သောအခါ တပ်မတော် ရံပုံငွေ အခမ်းအနားများတွင် တက်ရောက်ပြီး အလှူငွေထည့်ဝင်ကြသော သူများသည် သူတို့၏ အလှူငွေများသည် ရိုဟင်ဂျာ ပြည်သူများ သူတို့၏ ကျေးရွာများနှင့် လူမှုအသိုင်းအဝိုင်းများသို့ ပြန်မလာနိုင်အောင် အာမခံချက်သေချာပေါက် ဖြစ်စေမည်ကို သိရှိနိုင်ချေရှိသွားပေသည်။ ယင်းသည် တပ်မတော်နှင့် လက်ရှိနှင့်

---

336 ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ “အစိုးရအဖွဲ့အစည်းတွေ နဲ့ ပြည်သူတွေ အားလုံးက နိုင်ငံတော်ကို ပြင်းထန်တဲ့ မျိုးချစ်စိတ်နဲ့ ကာကွယ်ရမယ်။” ၂၀၁၇ စက်တင်ဘာ ၂ ရက်။ (https://www.seniorgeneralminaunghlaing.com.mm/en/345/entire-government-institutions-and-people-must-defend-the-country-with-strong-patriotism/).

337 ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဝက်ဘ်ဆိုဒ်၊ “အစိုးရအဖွဲ့အစည်းတွေ နဲ့ ပြည်သူတွေ အားလုံးက နိုင်ငံတော်ကို ပြင်းထန်တဲ့ မျိုးချစ်စိတ်နဲ့ ကာကွယ်ရမယ်။” ၂၀၁၇ စက်တင်ဘာ ၂ ရက်။(https://www.seniorgeneralminaunghlaing.com.mm/en/345/entire-government-institutions-and-people-must-defend-the-country-with-strong-patriotism/).

338 A/HRC/39/CRP.2၊ စာပိုဒ် ၁၃၃၁။

339 အသေးစိတ် အချက်အလက်များကို၊ A/HRC/39/CRP.2၊ စာပိုဒ် ၁၁၈၀-၁၂၄၄ တွင်ကြည့်။ ပုဒ်မ ၁၅ အရ စုံစမ်းစစ်ဆေးရေးအတွက် OTP ခွင့်ပြုချက် တောင်းခံခြင်း ICC-01/19-07 04-07-2019 2/146 RH PT၊ စာပိုဒ် ၁၅၂-၁၇၀ တွင်လည်း ကြည့်။

ယခင် တပ်မတော်တပ်ဖွဲ့ဝင်ဟောင်းများနှင့် သူတို့၏ ဆွေမျိုးများ ပါဝင်သော အလှူရှင် အများအပြားကြား အလွန်အမင်း နီးစပ်သော ဆက်ဆံမှု အခြေအနေတွင် အထူးသဖြင့် မှန်ကန်ပေသည်။[340]

၁၄၀။ ဤရံပုံငွေ အခမ်းအနားများအတွင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရရှိခဲ့သော ဘဏ္ဍာငွေ ထောက်ပံ့မှု ပမာဏမှာ (အမေရိကန် ဒေါ်လာ ၁၀.၂ သန်း) သိသာထင်ရှားမှုရှိပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် တပ်မတော်၏ ဆက်လက်လုပ်ဆောင်နေသော စစ်ဆင်ရေးများအတွက် အဓိပ္ပာယ်ရှိသော ပံ့ပိုးမှုကို ပေးသည်။ သူတို့၏ လှူဒါန်းမှုများမှ တဆင့် ဤကုမ္ပဏီများနှင့် သူတို့၏ အရာရှိများသည် နိုင်ငံတကာ ဥပဒေအောက်တွင် ရာဇဝတ်မှု အရေအတွက် တစ်စုံတစ်ရာကို ကျူးလွန်ထားသော "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" ကို ပံ့ပိုးပေးပြီး အဆင်ပြေချောမွေ့စေသည်။ ဤအကြောင်းရင်းများကြောင့် တပ်မတော်၏ အလှူငွေ ပေးအပ်ပွဲ အခမ်းအနားများတွင် အလှူငွေများ ထည့်ဝင်ကြသော အလှူရှင်များအနေဖြင့် နိုင်ငံတကာ ရာဇဝတ်ဆိုင်ရာ တရားစွဲခံရနိုင်ခြင်း ရှိမရှိကို ရာဇဝတ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် မစ်ရှင်တွင် ကျိုးကြောင်းခိုင်လုံသော အခြေခံများ ရှိသည်ဟု ကောက်ချက်ချသည်။ ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ ၄ သည် ထို အခန်းအနားများတွင် အလှူငွေထည့်ဝင်ကြသည်ဟု သိရသော ကုမ္ပဏီနှင့် အခြား လုပ်ဆောင်သူများ စာရင်းကို ဖော်ပြထားသည်။[341]

### (ခ) နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားမှ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းအုပ်စုကြီးများနှင့် MEHL နှင့် MEC ၏ ပူးတွဲရင်းနှီးမြှုပ်နှံမှုများ၊ကုန်သွယ်မှုဆိုင်ရာ စပ်တူလုပ်ငန်းများ

၁၄၁။ နိုင်ငံခြား ကုမ္ပဏီများ၊ နိုင်ငံခြား အစိုးရပိုင် စီးပွားရေးလုပ်ငန်းအုပ်စုကြီးများ နှင့် မိတ်ဖက်ဆောင်ရွက်ခြင်းသည် မြန်မာပြည် တလွှားရှိ အမျိုးမျိုး ကွဲပြားခြားနားနေသော လုပ်ငန်းများကို တပ်မတော်မှ လက်လှမ်းမီရန် အကျိုးဆောင် ပေးပါသည်။ မစ်ရှင်အနေဖြင့် MEHL၊ MEC သို့မဟုတ် ၎င်းတို့၏ လက်အောက်ခံ ကုမ္ပဏီခွဲ တခုဖြင့် ဖက်စပ်လုပ်ငန်းများ ထိန်းသိမ်း သို့မဟုတ် စတင်ပြုလုပ်ခဲ့သည် ဟု ယုံကြည်ရလောက်သော သတင်းများ အပေါ် အခြေပြု သုံးသပ်ခဲ့နိုင်သော ပြည်ပ ကုမ္ပဏီ ၁၅ ခုကို ဖော်ထုတ်နိုင်ခဲ့ပါသည်။[342] ထိုပြည်ပကုမ္ပဏီများသည် ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် အိမ်ယာလုပ်ငန်း၊ ဆေးလိပ်လုပ်ငန်း၊ အနုပညာလုပ်ငန်း၊ ဖျော်ဖြေရေးနှင့် အပမ်းဖြေရေးလုပ်ငန်း၊ မိုင်းနှင့် ကျောက်တူးဖော်ခြင်းလုပ်ငန်း၊ သတင်းနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် ပါဝင်ပါတ်သက်နေပါသည်။[343] ယုံကြည်ရသော အချက်အလက်များအရ နောက်ထပ် ပြည်ပ ကုမ္ပဏီ ၄၄ ခုသည်လည်း MEHL MEC နှင့် ၎င်းတို့၏

---

340 စာပိုဒ် ၁၂၀ တွင်ကြည့်။ နောက်ဆက်တွဲ ၄။ ၂၀၁၇ စက်တင်ဘာတွင် တပ်တော်မှ တောင်းဆိုခဲ့သည့်အပေါ် အလှူရှင် စာရင်းနှင့် အသေးစိတ် အလှူငွေ အချက်အလက်များ။ ကြည့်။

341 နောက်ဆက်တွဲ ၄။ ၂၀၁၇ စက်တင်ဘာတွင် တပ်မတော်မှ တောင်းခံပြီးနောက် အလှူရှင်စာရင်းနှင့် အလှူငွေ အသေးစိတ်တွင် ကြည့်။

342 နောက်ဆက်တွဲ II. မြန်မာ့ စီးပွားရေး ဦးပိုင်လီမိတက် (MEHL) နှင့် မြန်မာ့ စီးပွားရေး ကော်ပိုရေးရှင်း (MEC) တွင်ကြည့်ပါ။

343 ရုပ်ပုံ ၂: MEHL ၊ MEC တို့နှင့် ပူးတွဲလုပ်ငန်း လုပ်ဆောင်နေသော နိုင်ငံခြား စီးပွားရေးများ၏ လုပ်ငန်းအလိုက် ဇယား

လက်အောက်ခံကုမ္ပဏီများနှင့် သဘောတူစာချုပ်များ သို့မဟုတ် အခြား ကုန်သွယ်မှု ဆက်ဆံရေးများ ရှိသည်ဟု မစ်ရှင်မှ တွေ့ရှိထားပါသည်။[344]

၁၄၂။ ထိုသို့သော ဆက်ဆံရေးများ၏ သဘောသဘာဝကို MHEL နှင့် ဝမ်ပေါင် ကုမ္ပဏီ၏ ဆက်ဆံရေး က သရုပ်ဖော်ပြနေပါသည်။ ဝမ်ပေါင်ကုမ္ပဏီသည် တရုတ် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းစုကြီးဖြစ်သော တရုတ်ပြည်မြောက်ပိုင်း စက်မှုလုပ်ငန်း ကော်ပိုရေးရှင်း (NORINCO) က အပြည့်အဝ ပိုင်ဆိုင်သော လက်အောက်ခံ ကုမ္ပဏီဖြစ်ကာ စစ်ကိုင်းတိုင်း အတွင်းရှိ အကြီးဆုံး ကြေးနီမိုင်း ၂ ခုမှ တစ်ခုဖြစ်သော မုံရွာ လက်ပတောင်းတောင် တွင် ဝင်ရောက်လုပ်ကိုင်နေခြင်း ဖြစ်ပါသည်။ မိုင်းတူးဖော်ခွင့် လုပ်ငန်းသဘောတူညီချက်အရ မြန်မာ နိုင်ငံတော်ပိုင် သတ္တုတွင်းတူးဖော်ရေး ၁ (ME 1) က လက်ပတောင်းမှ ရရှိလာမည့် အမြတ်အကျိုးခံစားခွင့်ကို ၅၁% ရမည်ဖြစ်ပြီး၊ မြန်မာ-ဝမ်ပေါင် ကြေးနီမိုင်း ကုမ္ပဏီ လီမိတက်က အမြတ်၏ ၃၁% ကိုရကာ၊ MHEL က ၂၉ % ကို ရရှိကြပါသည်။[345] တဖန် ဝမ်ပေါင် သတ္တုတွင်း ကုမ္ပဏီ လီမိတက်က ၎င်း အပြည့်အဝ ပိုင်ဆိုင်သည့် မြန်မာ ယန်စီ ကြေးနီ လီမိတက်မှ တဆင့် စပယ်တောင်နှင့် ကြေးစင်တောင်ကို ဝင်ရောက်လုပ်ကိုင်နေပြီး အမြတ်အစွန်း၏ ၄၉ % ကို ရရှိပိုင်ခွင့်ရှိကာ MEHL မှ အကျိုးအမြတ်၏ ၅၁% ကို ခံစားခွင့် ရှိနေပါသည်။[346]

၁၄၃။ မစ်ရှင်မှ တပ်မတော် စီးပွားရေး လုပ်ငန်းအုပ်စုကြီးများနှင့် ဖက်စပ် လုပ်ကိုင်နေသည့် ပြည်ပ ကုမ္ပဏီ ၁၅ ခု ကို ဖေါ်ထုတ် နိုင်ခဲ့ပါသည်။ တချို့ဖက်စပ်ပုံစံများတွင် ပြည်ပကုမ္ပဏီများက MEHL သို့မဟုတ် MEC ကုမ္ပဏီများတွင် အရင်းနှီး ထည့်ဝင်ခြင်းဖြင့် ရှယ်ယာအစုဝင် လုပ်ပါသည်။ အခြားပုံစံများတွင်မူ နိုင်ငံခြား ကုမ္ပဏီများနှင့် MEHL သို့မဟုတ် MEC ကုမ္ပဏီများသည် စီးပွားရေးလုပ်ငန်းစု အသစ်ကို ပူးတွဲတည်ထောင်ကြသည်။ သယံဇာတ တူးဖေါ်ရေးလုပ်ငန်းများတွင်မူ MEHL သို့မဟုတ် MEC က လိုင်စင် သို့မဟုတ် ပါမစ် ကို ပေးပြီး ပူးတွဲလုပ်ငန်း တွင် အစုရှယ်ယာ တခုဝင်ယူပါသည်။ ပူးတွဲ လုပ်ငန်းဖက်များသည် ရင်းနှီးမြှုပ်နှံမှု မတည်ငွေကို ထည့်ဝင်ကြရပြီး လုပ်ငန်းလည်ပတ်ရန် အတွက်လည်း တာဝန်ရှိကြပါသည်။ [347] နိုင်ငံခြားကုမ္ပဏီများနှင့် တပ်မတော် စီးပွားရေး လုပ်ငန်းအုပ်စုကြီးများနှင့် လုပ်သော ပူးတွဲလုပ်ငန်း တချို့သည် ပွင့်လင်းမြင်သာမှု ရှိသည်ဟု ဆိုနိုင်သည်။ ဥပမာ တောင်ကိုးရီးယား သံမဏိကုမ္ပဏီ

344 နောက်ဆက်တွဲ II. မြန်မာ့ စီးပွားရေး ဦးပိုင်လီမိတက် (MEHL) နှင့် မြန်မာ့ စီးပွားရေး ကော်ပိုရေးရှင်း (MEC) တွင်ကြည့်ပါ။

345 နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၊ "စီးပွားရေးအတွက် ဖွင့်တာလား? မြန်မာကြေးနီ မိုင်းတွင်းများ၌ စီးပွားရေး လုပ်ငန်းရှင်များ၏ ရာဇဝတ်မှုမှင့် အလွဲသုံးစားပြုမှုများ" (၂၀၁၅); မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (MEITI): ၁ ဧပြီ ၂၀၁၆ မှ ၃၁ မတ် ၂၀၁၇ (FY 2016-2017) ကာလအတွက် ရေနံနှင့် သဘာဝဓါတ်ငွေ့၊ ကျောက်မျက်ရတနာနှင့် ကျောက်စိမ်း၊ အခြားသတ္တုများနှင့် ပုလဲ တို့အပေါ် စတုတ္တ အကြိမ်မြောက် မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး၏ အစီရင်ခံစာ (၃၀ မတ် ၂၀၁၉) https://myanmareiti.org/sites/myanmareiti.org/files/publication_docs/4th_meiti_report_30_march_2019_1.pdf), စာမျက်နှာ ၇၂; Reference No. 5/3/Ah Kha Ya/Pai (2124/2018), "MEHL၏ သတင်းနှင့် အချက်အလက်များကို EITI ဖြစ်စဥ်အတွက် တင်ပြခြင်း" ၂၅ ဇွန် ၂၀၁၈ ခုနှစ် (https://myanmareiti.org/files/uploads/mehl_information_data_for_eiti.pdf).

346 ရုပ်ပုံ ၅။ MEHL ၊ MEC တို့ဖြင့် ကုန်သွယ်မှု မိတ်ဖက်ပြုထားသည့် နိုင်ငံခြားကုမ္ပဏီများ - ကိုကြည့်ပါ။

347 Digital record 2005

တခုဖြစ်သော Posco Steel Co., Ltd., သည် MEHL ၏ ကုမ္ပဏီ တခုဖြစ်သော Myanmar Posco Steel Company Ltd., တွင် ၇၀% ပိုင်ဆိုင်မှု ရှိပါသည်။[348] အခြား စီးပွားရေး မိတ်ဖက်ဖွဲ့ ဆောင်ရွက်မှုများသည်လည်း ကော်ပိုရိတ် ဖွဲ့စည်းပုံ နှင့် ခေါင်းဆောင်မှုများမှ တဆင့် ခြေရာကောက်၍ ရရှိပါသည်။ ဥပမာ မစ်ရှင် အနေဖြင့် သီလဝါ ဘိလပ်မြေ နှင့် ဆောက်လုပ်ရေး ပစ္စည်းများ လီမိတက် နှင့် MEHL ၏ ကုမ္ပဏီခွဲ ဖြစ်သော ဆင်မင်း ဘိလပ်မြေ အကြား ကုန်သွယ်မှု မိတ်ဖက်ဖွဲ့မှု တရပ်ကို မှတ်တမ်းတင်ရရှိခဲ့ပါသည်။[349]ကော်ပိုရိတ် စာရင်းသွင်းထားမှုအရ သီလဝါ ဘိလပ်မြေ နှင့် ဆောက်လုပ်ရေး ပစ္စည်းများ ကုမ္ပဏီ လီမိတက်သည် Lafarge[350]ကပိုင်ဆိုင်ခြင်း ဖြစ်ပြီး ပြင်သစ်-ဆွစ်ဇာလန် ကုမ္ပဏီ LafargeHolcim အဖြစ် ၂၀၁၅ ကတည်းက ပူးပေါင်းသွားခဲ့ရာ ကမ္ဘာပေါ်တွင် အကြီးဆုံး ဘိလပ်မြေ ထုတ်လုပ်သူ ဖြစ်ပါသည်။[351] ကော်ပိုရိတ် မှတ်တမ်းများ အရ သီလဝါ ဘိလပ်မြေ နှင့် ဆောက်လုပ်ရေး ပစ္စည်းများ လီမိတက် နှင့် MEHL ၏ ကုမ္ပဏီခွဲ ဖြစ်သော ဆင်မင်း ဘိလပ်မြေတို့သည် ဘုတ်အဖွဲ့ ဦးဆောင်မှုကို မျှဝေယူထားကြပါသည်။[352]

၁၄၄။ အခြားသော နိုင်ငံခြား ကုမ္ပဏီများက MEHL ၊ MEC နှင့် ၎င်းတို့၏ လက်ခွဲ ကုမ္ပဏီများနှင့် ပို၍ တိုက်ရိုက် ထိတွေ့ဆက်ဆံကြပြီး ထိုတပ်မတော်၏ စီးပွားရေးလုပ်ငန်း အုပ်စုကြီးများကို ၎င်းတို့၏ ပိုင်ဆိုင်မှု အဆောက်အအုံများ အသုံးပြုမှုအတွက်သာ ငွေကြေး ပေးခြင်းမျိုး ဖြစ်သည်။ မြင်သာသော ဥပမာ တခုမှာ အိန္ဒိယ နိုင်ငံမှ Adani Group သည် ရန်ကုန်ရှိ မြေတကွက်ကို MEC ထံမှ အမေရိကန် ဒေါ်လာ သန်း ၂၉၀ ဖြင့် နှစ် ၅၀ အသုံးပြုခွင့်ကို ရယူကာ အလုံ နိုင်ငံတကာ ဆိပ်ကမ်း အမှတ် ၂ ဆောက်ရန် ငှားရမ်းခဲ့ပါသည်။[353] မစ်ရှင်အနေဖြင့် ထိုမြေကို MEC အနေဖြင့် မည်သို့ စတင်ပိုင်ဆိုင်ခဲ့သည်ကို မရှာဖွေနိုင်ခဲ့ပါ။ MEHL, MEC သို့မဟုတ် တပ်မတော် ပိုင်ဆိုင်သော ပစ္စည်း ဥစ္စာများကို ကြီးမားသော ငွေပမာဏဖြင့် နိုင်ငံခြားကုမ္ပဏီများက ငှားရမ်းနေပြီး ထိုပေးချေမှုများသည်လည်း တပ်မတော်အား မည်သို့မည်ပုံ အကျိုးအမြတ် ဖြစ်စေသည်ကို လုပ်သင့်သော စီစစ် စစ်ဆေးမှု မရင်ဆိုင်ရဘဲ ရှိနေသော အခြား ဥပမာများက[354] လေးနက်သော စိုးရိမ်မှုကို ဖြစ်ပေါ်စေပါသည်။

### ၁။ ဥပဒေကြောင်းအရ နှင့် မူဝါဒအရ ရှာဖွေတွေ့ရှိချက်များ

၁၄၅။ တပ်မတော်နှင့် ၎င်း၏ စီးပွားရေးလုပ်ငန်းအုပ်စုကြီးများဖြစ်သော MEHL နှင့် MEC တို့ဖြင့် ပါဝင်ပတ်သက်သော မည့်သည့် နိုင်ငံခြား စီးပွားရေး လုပ်ငန်းမဆို လူ့အခွင့်အရေး ဥပဒေ နှင့်

[348] ရုပ်ပုံ ၅။ MEHL ၊ MEC တို့ဖြင့် ကုန်သွယ်မှု မိတ်ဖက်ပြုထားသည့် နိုင်ငံခြားကုမ္ပဏီများ - ကိုကြည့်ပါ။

[349] စီးပွားရေး လုပ်ငန်းများ မှတ်တမ်းတင်ရာ မြန်မာအစိုးရ၏ တရားဝင်ဌာန DICA တွင် ဆင်မင်းကုမ္ပဏီ၏ ဖိုင်စာရင်းသွင်းချက်။ မစ်ရှင်ထံတွင် ဖိုင်ဖြင့် သိမ်းဆည်းထားသည်။

[350] Digital record 1922.

[351] Lafarge Holcim (https://www.lafargeholcim.com/).

[352] OpenCorporates အချက်အလက် တင်သွင်းထားမှု: ကုမ္ပဏီအမှတ်: 2198-2014-2015, ဆင်မင်း ဘိလပ်မြေ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက် (https://opencorporates.com/companies/mm/2198-2014-2015).

[353] Digital record 2008; "Adani ၏ ရင်းနှီးမြှုပ်နှံမှုကို ဒေသတွင်း သတင်းများက အမေရိကန် ဒေါ်လာ ၂၉၀ သန်းဟု ဖော်ပြထား" PTI New Delhi, ၁၄ မေ ၂၀၁၉ (https://www.thehindubusinessline.com/economy/logistics/adani-group-to-develop-container-terminal-port-in-myanmar/article27124926.ece)

[354] MEHL ၊ MEC နှင့် တပ်မတော်တို့၏ အိမ်ရာလုပ်ငန်း ပိုင်ဆိုင်မှု နှင့် ပတ်သက်၍ ပိုမိုသော သတင်းအချက်အလက်များကို စာပိုဒ် ၆၇ တွင် ကြည့်ပါ။

နိုင်ငံတကာ လူသားချင်းစာနာမှု ဆိုင်ရာ ဥပဒေ အပေါ် ချိုးဖောက်မှုများအား ပံ့ပိုးခြင်း သို့မဟုတ် ချိတ်ဆက်ခံရခြင်း အတွက် ကြီးစွာသော အန္တရာယ် ကို ရင်ဆိုင်ရမည်ဟု မစ်ရှင်က တွေ့ရှိပါသည်။ အနိမ့်ဆုံးအားဖြင့် ထိုနိုင်ငံခြားကုမ္ပဏီများသည် တပ်မတော်၏ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်မှုကို ထောက်ကူနေသော ပံ့ပိုးမှုကို ဖြစ်စေပါသည်။

၁၄၆။ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုမရှိခြင်းနှင့် မစ်ရှင်၏ ၂၀၁၈ ခုနှစ် အစီရင်ခံစာတွင် မှတ်တမ်းတင်ခဲ့သည့် တာဝန်ယူ တာဝန်ခံမှု အစဉ်ကင်းမဲ့နေခြင်း အစရှိသည့် ဤအခြေအနေကို ထည့်သွင်းစဉ်းစားပါက တပ်မတော်နှင့် ၎င်း၏ စီးပွားရေး လုပ်ငန်းအုပ်စုကြီးနှင့် ဆက်ဆံနေသော နိုင်ငံခြားကုမ္ပဏီများနှင့် အစိုးရပိုင် ပြည်ပကုမ္ပဏီများ၏ လုပ်ဆောင်မှုများသည် မြန်မာပြည်လူ့အခွင့်အရေး အခြေအနေနှင့် ပတ်သက်သည့် ကျိုးကြောင်းရှိစွာဖြင့် မှန်းဆနိုင်သည့် ဆိုးကျိုး သက်ရောက်မှု တခု ဖြစ်နိုင်ကြောင်း ဖြစ်နိုင်ချေရှိသည့် အချက်များအရ မစ်ရှင်မှ ကောက်ချက်ချပါသည်။ သို့ဖြစ်၍ နိုင်ငံခြားကုမ္ပဏီများနှင့် အစိုးရပိုင် ပြည်ပကုမ္ပဏီများကို လက်ခံသော အိမ်ရှင် အစိုးရများအနေဖြင့် ထိုနိုင်ငံခြားကုမ္ပဏီများနှင့် အစိုးရပိုင် ပြည်ပကုမ္ပဏီများသည် အစိုးရ၏ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ရှိမှုများနှင် တစ်သမတ်တည်း ဖြစ်နေသည်ကို သေချာစေသော သင့်လျော်သည့် ဥပဒေပြုခြင်းနှင့် အခြားနည်းလမ်းများကို ဆောင်ရွက်ရန် မြင့်မားသော တာဝန်တရပ်ရှိပါသည်။ တပ်မတော်နှင့် ၎င်း၏ စီးပွားရေး လုပ်ငန်းအုပ်စုကြီးများဖြစ်သည့် MEHL နှင့် MEC တို့ဖြင့် ပတ်သက်နေသော နိုင်ငံခြားကုမ္ပဏီများနှင့် အစိုးရပိုင် ပြည်ပကုမ္ပဏီများသည် ဤ အစီရင်ခံစာမှ တင်ပြသော သတင်းအချက်အလက်များ အပေါ် အခြေပြု၍ ထို စီးပွားရေးလုပ်ငန်းစုများ နှင့် ပတ်သက်သော ၎င်းတို့၏ ဆက်ဆံရေးကို ဖြတ်တောက်သင့်ပြီး ၎င်းတို့အနေဖြင့် လူ့အခွင့်အရေး များအား လေးစားလိုက်နာရန်အတွက် ၎င်းတို့ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၏ တာဝန်ရှိမှု ဖြည့်ဆည်းပေးခြင်းကို သေချာစေရန် လုပ်သင့်သည်ဟု မစ်ရှင်မှာ အလားတူ ကောက်ချက်ချပါသည်။ MEHL သို့မဟုတ် MEC နှင့် ကုန်သွယ်မှု ဆက်ဆံရေးထဲတွင် ပါဝင်ပတ်သက်နေသူများသည် ဥပဒေအရ၊ အချက်အလက်အရ၊ ကျယ်ပြန့်သော အများပြည်သူလူထု အမြင်အရ တပ်မတော်မှ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ အပေါ် ကြမ်းတမ်းစွာ ချိုးဖောက်ခြင်းနှင့် နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ အပေါ် ပြင်းထန်စွာ ချိုးဖောက်ခြင်းများ အပေါ် တပ်မတော်အတွက် အရင်းအမြစ်များ ရရှိနိုင်ရန် ပံ့ပိုးကူညီပေးနေခြင်းတွင် ကြံရာပါ ဖြစ်နေကြောင်း ၎င်းတို့ဖာသာ တွေ့ရှိလာပေလိမ့်မည်။

**ရုပ်ပုံ ၂။ MEHL ၊ MEC တို့ဖြင့် ပူးတွဲလုပ်ငန်းများ လုပ်ဆောင်သော လုပ်ငန်းအလိုက် နိုင်ငံခြားကုမ္ပဏီများ**




## (ဂ) လက်နက်နှင့် စစ်သုံး ပစ္စည်းကိရိယာ တင်သွင်းသူများ

၁၄၇။ မစ်ရှင်၏ ရှာဖွေတွေ့ရှိချက်များ၏ ရလဒ် တစ်ရပ်အနေဖြင့် တပ်မတော်မှ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ အပေါ် ကြမ်းတမ်းစွာ ချိုးဖောက်ခြင်းနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ အပေါ် ပြင်းထန်စွာ ချိုးဖောက်ခြင်း တို့အပြင် လူမျိုးတုန်း သတ်ဖြတ်ခြင်း၊ လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှု ကျူးလွန်ခြင်းနှင့် စစ်ရာဇဝတ်မှုပြုလုပ်ခြင်းတို့ရှိသည်ဟု ကောက်ချက်ချရသော ယုံကြည်နိုင်သည့် အခြေအနေများ ရှိသည့်အတွက် တပ်မတော်မှ လွှဲပြောင်းလာမည့် လက်နက်များကို ထိုသို့သော ရာဇဝတ်မှုများ ကျူးလွန်ရန် အသုံးပြုနိုင်ခြင်း သို့မဟုတ် အနည်းဆုံး အနေဖြင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိပါးနိုင်သည့် ချေဖျက်မည့် အန္တရာယ်ရှိခြင်း သို့မဟုတ် နိုင်ငံတကာ ဥပဒေအောက်တွင် နောက်ထပ် ပြင်းထန်သော ရာဇဝတ်မှုများ ဖြစ်ပေါ်မှုကို ကျူးလွန်ရာတွင် သို့မဟုတ် အကျိုးဆောင်ရာတွင် အသုံးပြုခြင်း အစရှိသည်တို့ အပေါ် သိရှိနိုင်သည့် အစိုးရများအား မြန်မာပြည်သို့ လက်နက် လွှဲပြောင်းခြင်း မပြုရန် မစ်ရှင်အနေဖြင့် အကြံပြုပါသည်။[355]

၁၄၈။ အမေရိကန်နိုင်ငံ[356]၊ ဥရောပသမဂ္ဂ အဖွဲ့ဝင် ၂၈ နိုင်ငံ[357]၊ ကနေဒါ[358] နှင့် သြစတေးလျ[359] အပါအဝင် တစ်စုံတရာ အရေးအတွက် ရှိသည့် နိုင်ငံများက မြန်မာပြည်ပေါ်တွင် ကာလရှည်ကြာစွာ

---

355 A/HRC/39/CRP.2 စာပိုဒ် ၁၇၀၉။

356 အမေရိကန် ပြည်ထောင်စု၊ ဖက်ဒရယ် စည်းမျဉ်းများ၏ ဥပဒေ ကျင့်ဝတ်၊ Title 22 §126.1 - အချို့သော နိုင်ငံများ မှ/သို့ ကန့်သတ်ထားသော ပို့ကုန်၊ သွင်းကုန်နှင့် ရောင်းချမှုများ.

357 စတော့ခ်ဟုမ်း နိုင်ငံတကာ ငြိမ်းချမ်းရေး သုတေသန အင်စတီကျူ၊ "မြန်မာ (ဗမာ) ပြည်အပေါ် ဥရောပ သမဂ္ဂ၏ လက်နက် ပိတ်ဆို့မှု)" (https://www.sipri.org/databases/embargoes/eu_arms_embargoes/myanmar)

358 ကနေဒါ အစိုးရ "မြန်မာပြည်နှင့် ပတ်သက်၍ ကနေဒါနိုင်ငံ၏ အရေးယူပိတ်ဆို့မှုများ" (https://international.gc.ca/world-monde/international_relations-relations_internationales/sanctions/myanmar.aspx?lang=eng)

လက်နက် ပိတ်ဆို့အရေးယူမှုကို ပြုထားပါသည်။ တချို့က ၂၀၁၇ ခုနှစ် ဩဂုတ်လ က စတင်ခဲ့သော "ရှင်းလင်းရေး စစ်ဆင်ရေးများ" အပြီးနောက်တွင် ၎င်းတို့၏ ကန့်သတ်သော နည်းလမ်းများ၏ အတိုင်းအတာ မြင်ကွင်းကို ချဲ့ထွင်သည့် ခြေလှမ်းများ လုပ်ဆောင်လာခဲ့ပါသည်။ ဥပမာအားဖြင့်၊ လက်နက်များ၊ ကျည်များနှင့် စစ်ဘက်ဆိုင်ရာ ကရိယာ ပစ္စည်းများ ပါဝင်သည့် ကန့်သတ်မှုကို ပြုလုပ်ထားနှင့်ပြီးသော ဥရောပ သမဂ္ဂကောင်စီက ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီတွင် စစ်တပ်နှင့် နယ်ခြားစောင့်တပ်များ အတွက် ဖြစ်သော နှစ်မျိုးသုံးနိုင်သည့် ပစ္စည်းများ တင်ပို့မှုကို အလားတူ တားမြစ်ခြင်း၊ နှင့် စစ်သင်တန်းများ၊ ပူးပေါင်းဆောင်ရွက်ခြင်းများ အပါအဝင် ဆက်သွယ်မှု စောင့်ကြည့်ခြင်းဆိုင်ရာ ပစ္စည်းကိရိယာများ တင်ပို့မှုကို ကန့်သတ်သည့် မြန်မာပြည်အပေါ် လက်နက်ပိတ်ဆို့မှုကို ချဲ့ထွင်ခဲ့ပါသည်။[360]

၁၄၉။ မြန်မာ နိုင်ငံအပေါ် လက်နက်များ လွှဲပြောင်းမှုကို ဆန့်ကျင်သော မစ်ရှင်၏ အကြံပြုချက်များကို မစ်ရှင်အနေဖြင့် ထပ်မံ အတည်ပြုပါသည်။ နှစ်ပေါင်းများစွာ မြန်မာပြည်၏ နေရာဒေသ အနှံ့တွင် တပ်မတော်အနေဖြင့် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ခြင်းများအား အကွက်ကျကျ ဖော်ဆောင် မြှင့်တင်ခဲ့ပြီး အပြစ်ပေးခံရခြင်းမှ လုံးဝနီးပါး ကင်းလွတ်သည့် ရာသီဝန်းကျင် ထဲတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဤချိုးဖောက်မှုများအတွက် ထိပ်တန်း စစ်ဗိုလ်ချုပ်များ ဦးစီးသည့် ကြံ့ခိုင် စုစည်းသော တပ်မတော်၏ စစ်မိန့်ပေး ကွပ်ကဲမှု အနေဖြင့် တာဝန်ရှိပါသည်။ ဤချိုးဖောက်မှုများ ပြုလုပ်မှုထဲတွင် တပ်မတော်၏ လက်နက်များ၊ စစ်သုံးယာဉ်များ၊ ရေတပ်သင်္ဘောများ နှင့် လေယာဉ်များ အသုံးပြုမှု အခြေအနေများကို ထည့်သွင်းစဉ်းစားလျက် တပ်မတော်၏ လက်နက်များနှင့် အခြားသော ကိရိယာများ၏ အရင်းအမြစ်များကို မစ်ရှင်မှ စမ်းသပ်စစ်ဆေးခဲ့ပါသည်။

၁၅၀။ တပ်မတော် အတွက် လက်နက်များနှင့် သက်ဆိုင်ရာ ပစ္စည်းကိရိယာများ ရောင်းချမှုကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ရာ၌ မစ်ရှင်အနေဖြင့် ၂၀၁၆ မှစ၍ ပေးပို့မှုများ ၊ မှာယူမှုများနှင့် ပတ်သက်သော သတင်းများအပေါ် စုံစမ်းစစ်ဆေးခြင်းကို အာရုံထားခဲ့ပါသည်။[361] ဤအချိန်ကာလတွင် အထူးသဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ နောက်ပိုင်း၌ တပ်မတော် အပါအဝင် လုံခြုံရေး တပ်ဖွဲ့များသည် ရခိုင်ပြည်မြောက်ပိုင်းတွင် လူ့အခွင့်အရေး ဥပဒေ အား ကြမ်းတမ်းစွာ ချိုးဖောက်မှုများအတွက် တာဝန်ရှိသည်ကို အစိုးရများ၊ အစိုးရပိုင် စီးပွားရေးလုပ်ငန်းများ အပါအဝင် နိုင်ငံခြား ကုမ္ပဏီများအနေဖြင့် သိရှိခဲ့ပြီး သို့မဟုတ် သိရှိရမည်ဖြစ်ပြီး ဖြစ်ပါသည်။ ဤအချက်ကို အတည်ပြုရမည်ဆိုလျှင်၊ အနည်းဆုံး ပြည်တွင်း တရားစီရင်ပိုင်မှု တခုက ၂၀၁၆ အောက်တိုဘာလ ရခိုင်ပြည်မြောက်ပိုင်း၌ အဖြစ်အပျက်များအပေါ် အခြေခံ၍ အသနားခံချက် တရပ်ကို ၂၀၁၇

---

[359] ဩစတေးလျ အစိုးရ၊ "အရေးယူ ပိတ်ဆို့မှု အစီအစဉ်များ- မြန်မာ" (https://dfat.gov.au/international-relations/security/sanctions/sanctions-regimes/Pages/myanmar.aspx),

[360] စတော့ခ်ဟုမ်း နိုင်ငံတကာ ငြိမ်းချမ်းရေး သုတေသန အင်စတီကျု၊ "မြန်မာ (ဗမာ) ပြည်အပေါ် ဥရောပ သမဂ္ဂ၏ လက်နက် ပိတ်ဆို့မှု)" (https://www.sipri.org/databases/embargoes/eu_arms_embargoes/myanmar)

[361] ရုပ်ပုံ ၆။ တပ်မတော်အား လက်နက်များနှင့် စစ်ဖက် ပစ္စည်းကရိယာ တင်သွင်းသူများ

အစောပိုင်းတွင် တင်သွင်းကာ တပ်မတော်အား စစ်ကိရိယာပစ္စည်းများ လွှဲပြောင်းပေးခြင်းကို အောင်မြင်စွာ တားဆီးနိုင်ခဲ့ပါသည်။[362]

၁၅၁။ ၂၀၁၆ ခုနှစ်မှစ၍ အခြေအနေများ ဆိုးဝါးလာသည်နှင့် အမျှ အများသိ မှတ်တမ်းတင်မှု တရပ်ဖြစ်ခဲ့သော ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီပစ္စည်းများ ပေးပို့ရန် လုပ်ဆောင်ခြင်းမှ တားမြစ်ခံခဲ့ရမှု ဖြစ်ပွားခဲ့ပါသည်။[363] မြန်မာလုံခြုံရေး တပ်ဖွဲ့များမှာ "မြေလှန်စနစ်" မူဝါဒကို ကျင့်သုံးနေကြောင်း စွပ်စွဲခံလာရပါသည်။[364] ၂၀၁၇ ခုနှစ် မတ်လတွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ထုတ်ပြန်သော "လျပ်တပြက် အစီရင်ခံစာ" တင်ပါရှိသည့် စွပ်စွဲချက်များ၏ ပြင်းထန်လေးနက်မှုကို ဂရုပြုသော လူ့အခွင့်အရေး ကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် 34/22 ကိုချမှတ်ခဲ့ပါသည်။[365] ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် လုံခြုံရေးကောင်စီမှ ရခိုင်ပြည်နယ်ရှိ လူမျိုးအုပ်စုများအကြား အကြမ်းဖက်မှုနှင့် တပ်အင်အား အလွန်အမင်း အင်အားသုံးမှုကို အဆုံးသတ်ရန် မြန်မာနိုင်ငံသို့ တောင်းဆိုသည့် ဥက္ကဌ၏ ကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်။[366] မြန်မာလုံခြုံရေးတပ်ဖွဲ့များ၏ ပြုမူကျင့်ကြံမှုအပေါ် ကျယ်ကျယ်ပြန့်ပြန့် လူသိရှင်ကြား ရှုံ့ချမှုများ၊ နိုင်ငံတကာ စင်မြင့်များအတွင်း တုန့်ပြန်မှုနှင့် အလွန်အမင်း ထိခိုက်ဒဏ်ရာခံစားရသော အရပ်သားများ အပေါ် နိုင်ငံတကာ မီဒီယာ၏ လွှမ်းခြုံမှုတို့က နိုင်ငံအစိုးရများ၏ အာရုံစိုက်မှုကို မလွတ်မြောက်စေပါ။ တပ်မတော်အနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများ၊ ဆက်စပ်နိုင်သော နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေများကို ပြင်းထန်စွာ ချိုးဖောက်နေသောကြောင့် ၎င်းတို့ အနေဖြင့် အသိနှင့် သတိပြုမိမှု ရှိကို ရှိရမည်ဖြစ်သည်။

၁၅၂။ ၂၀၁၇ ဩဂုတ်လမှ စ၍ တပ်မတော်၏ "ရှင်းလင်းရေး စစ်ဆင်ရေးများ" နှင့် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို နိုင်ငံတကာ သတင်းမီဒီယာများက တပြိုင်နက်၊ အချိန်နှင့် တပြေးညီ အစီရင်ခံနေကြသလို ကမ္ဘာကြီး တခုလုံးကလည်း သိရှိလာကြပါသည်။[367]မစ်ရှင်၏ ၂၀၁၈ စက်တင်ဘာ အစီရင်ခံစာကလည်း ကျယ်ပြန့်သော နိုင်ငံတကာနှင့် ပြည်တွင်း၏ အာရုံစူးစိုက်မှုကို အလားတူ ရရှိခဲ့ပါသည်။ မစ်ရှင်က အထွေထွေညီလာခံကို ၂၀၁၈ ခုနှစ် အောက်တိုဘာတွင် အစီရင်ခံခဲ့ပါသည်။ ထို့အတူ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ ၂၀၁၈ အောက်တိုဘာလတွင် အကျဉ်းချုပ်တင်ပြရန် ဖိတ်ကြားခံခဲ့ရပြီး ရုရှားပြည်ထောင်စုနှင့် တရုတ်နိုင်ငံအပါအဝင် ထိုအဖွဲ့ဝင်

362 Digital records 1990, 1991, 1997

363 "ကုလသမဂ္ဂ- ရိုဟင်ဂျာ ၈ သောင်းအတွင် စားနပ်ရိက္ခာ အကူအညီများအား မြန်မာမှ ပိတ်ဆို့။" Al Jazeera, ၁၉ အောက်တိုဘာ ၂၀၁၆ ခုနှစ် (https://www.aljazeera.com/news/2016/10/food-aid-80000-rohingya-blocked-myanmar-161019135600701.html)

364 နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အသင်း- "မြန်မာ- ရက်စက်သော ရခိုင်ပြည် မြေလှန်ခြင်း ကင်ပိန်းတွင် လုံခြုံရေးတပ်ဖွဲ့များသည် ရိုဟင်ဂျာများကို ပစ်မှတ် ထားသည်။" ၁၉ ဒီဇင်ဘာ ၂၀၁၆ ခုနှစ် (https://www.amnesty.org/en/press-releases/2016/12/myanmar-security-forces-target-rohingya-viscious-scorched-earth-campaign/)

365 A/HRC/RES/34/22, စာပိုဒ် ၉။

366 SC/13055, "ရခိုင်ပြည်နယ်ရှိ လူမျိုးအုပ်စုများအကြား အကြမ်းဖက်မှုနှင့် တပ်အင်အား အလွန်အမင်း အင်အားသုံးမှုကို အဆုံးသတ်ရန် မြန်မာနိုင်ငံသို့ တောင်းဆိုသည့် လုံခြုံရေးကောင်စီ ဥက္ကဌ၏ ကြေညာချက်" ၆ နိုဝင်ဘာ ၂၀၁၇ ခုနှစ် (https://www.un.org/press/en/2017/sc13055.doc.htm)

367 A/HRC/RES/34/22, စာပိုဒ် ၁၅၃၈။

အစိုးရ အချို့က ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ အခြေအနေများနှင့် ပတ်သက်၍ သိရှိမှုကို ညွှန်ပြသည့် ထုတ်ပြန် ကြေညာချက်များ ပြုလုပ်ခဲ့ကြပါသည်။[368]

၁၅၃။ ထို့အပြင် တပ်မတော်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များက နိုင်ငံတကာ ဥပဒေများကို ချိုးဖောက်သော ၎င်းတို့၏ ဆောင်ရွက်မှုများတွင် အသုံးပြုခဲ့သော လက်နက်များနှင့် ဆက်စပ်သော ပစ္စည်းကရိယာများ ၏ အမျိုးအစားများ အကြောင်း ခိုင်လုံသည့် သတင်းအချက်အလက်များလည်း မြန်မာပြည် လူ့အခွင့်အရေး အကြပ်အတည်းများကို မှတ်တမ်းတင်နေသည့် လူသိရှင်ကြား ထုတ်ပြန်သော အစီရင် ခံစာများတွင် ပါဝင်လာခဲ့ပါသည်။ ၂၀၁၆ အောက်တိုဘာမှ စခဲ့သော တိုက်ခိုက်မှုများအတွင်း မြန်မာလုံခြုံရေး တပ်ဖွဲ့များသည် ရဟတ်ယာဉ်များ၊ ရိုင်ဖယ်သေနတ်များ၊ လက်ပစ်ဗုံးများနှင့် ပခုံးတင် နောက်ပွင့် ဗုံးသေနတ်များ (RPGs) ကို အသုံးပြုခဲ့ကြသည်။[369] ၂၀၁၈ မစ်ရှင်၏ ရီပို့တွင် အစီရင်ခံထားခဲ့သလိုပင်၊ ဒါဂျီးဇာ ရွာမှ မျက်မြင်သက်သေများက ၂၀၁၆ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် စစ်သားများ ရဟတ်ယာဉ် ၂ စီး သို့မဟုတ် ၃ စီးဖြင့် လာရောက်ခဲ့ပြီး အော်တိုမက်တစ် သေနတ်များဖြင့်[370] ၂ နာရီခန့် ပစ်ခတ်ခဲ့ကြသည်ကို တွေ့ရှိခဲ့ကြပါသည်။ အနည်းဆုံး အမျိုးသမီး တစ်ဦး သူမ၏ အိမ်ထဲတွင် သေနတ်ပစ်ခံရ၍ သေဆုံးနေပြီး၊ ရဟတ်ယာဉ်မှ ပစ်ခတ်မှုများကြောင့် သေဆုံးရသည့် ရုပ်အလောင်း ၁၅ ဦးအထိ သက်သေများက တွေ့ရှိခဲ့ပါသည်။[371] ၂၀၁၆ ခုနှစ် ရှမ်းပြည်နယ် မူဆယ်မြို့နယ်၊ နမ်းဟာ ကျေးရွာ တွင် မော်တာဗုံးကြဲခြင်းနှင့် တိုက်ခိုက်ရေး လေယာဉ် ၄ စီးဖြင့် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည့် အကြောင်း အစီရင်ခံခဲ့သည့် သတင်းများအား မစ်ရှင်မှာ စုဆောင်း ရရှိခဲ့သည်။ ထိုရွာသည် အိမ်ခြေ ၁၀၀ နီးပါးခန့်ရှိပြီး လူဦးရေမှာလည်း ရွာသား ၅၀၀ ခန့်သာရှိသည်။ မစ်ရှင်မှ ရရှိသော သတင်းများအရ ထိုသို့ တိုက်ခိုက်ခံရချိန်တွင် မည်သည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့မှ အဖွဲ့ဝင်များ ရှိနေသည်မဟုတ်ဘဲ ရွာထဲတွင်လည်း စစ်ဖက်ဆိုင်ရာ အခြား ပိုင်ဆိုင်မှုများလည်း ရှိမနေပါ။[372] ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့မှ ရခိုင်ပြည်မြောက်ပိုင်းတွင် စခဲ့သော နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအား ကြမ်းတမ်းစွာ ချိုးဖောက်မှုများ နှင့် နိုင်ငံတကာ လူသားချင်းစာနာမှု အပေါ် ပြင်းထန်သည့် ချိုးဖောက်မှုများကို ရလဒ် ဖြစ်ပေါ်စေခဲ့သည့် ရှင်းလင်းရေးစစ်ဆင်ရေးတွင် ပါဝင်ခဲ့သည့် စစ်တပ် ယူနစ်များသည် တင့်ကား ၆၀ နှင့် သံချပ်ကာ လူစီးယာဉ်များဖြင့် ဖွဲ့စည်းထားပါသည်။[373] မစ်ရှင်ကို စကားပြောခဲ့ကြသည့် နှစ်နာခံစားသူများက

---

[368] ဥပမာအားဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၄ ရက်နေ့ အစည်းအဝေး မီဒီယာသတင်းပါဝင်မှု- မြန်မာပြည် လူ့အခွင့်အရေး အခြေအနေ အချက်အလက် ရှာဖွေရေး အဖွဲ့ခေါင်းဆောင်က လုံခြုံရေးကောင်စီကို ရိုဟင်ဂျာများအပေါ် လူ့အခွင့်အရေး ပြင်းထန်စွာ ချိုးဖောက်မှုများအတွက် တာဝန်ယူတာဝန်ခံမှု သေချာစေရန် တိုက်တွန်း၊ မြန်မာ နိုင်ငံ၏ ကိုယ်စားလှယ်က မစ်ရှင်သည် အပြစ်အနာအဆာများ၊ ဘက်လိုက်သတင်းများဖြင့် ဖြစ်နေ၊ ရခိုင်ပြည်နယ်ရှိ လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ အကြမ်းဖက် ဆန့်ကျင် တိုက်ဖျက်ရေးကို ကာကွယ်။ SC/13552, ၂၄ အောက်တိုဘာ ၂၀၁၈ ခုနှစ် (https://www.un.org/press/en/2018/sc13552.doc.htm).

[369] BBC သတင်း, "ရခိုင်ဒေသတွင် မြန်မာစစ်တပ်မှ ရိုဟင်ဂျာရွာများကို ပစ်ခတ်" ၁၃ နိုဝင်ဘာ ၂၀၁၆ ခုနှစ် (https://www.bbc.com/news/world-asia-37968090); OHCHR, *ဘင်္ဂလားဒေ့ရှ် OHCHR မစ်ရှင်မှ အစီရင်ခံချက် – Interviews with ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှ ထွက်ပြေးလာသော ရိုဟင်ဂျာများနှင့် တွေ့ဆုံမေးမြန်းခြင်း- လျှပ်တပြက် အစီရင်ခံစာ* (၃ ဖေဖော်ဝါရီ ၂၀၁၇ ခုနှစ်)

[370] LI-123.

[371] A/HRC/39/CRP.2, စာပိုဒ် ၁၀၈၄; CI-139, LI-123, LI-125, LI-135, QI-101, XI-009.

[372] A/HRC/39/CRP.2, အပိုဒ် ၁၂၇။

[373] A/HRC/39/CRP.2, အပိုဒ် ၁၂၄၈။

တိုက်ခိုက်သူများသည် လက်ဖြင့်ကိုင်သော သို့မဟုတ် ပခုံးတွင် ထမ်းသော သေနတ်များကို အသုံးပြုခဲ့ကြသည်ဟု ရှင်းပြပါသည်။ တချို့ကမူ လက်နက်များကို မြေပြင်တွင် ချ၍ တပ်ဆင်ရပြီး အထောက်အကူပြုပစ္စည်းများဖြင့် တွဲဖက်အသုံးပြုရသည် ဟု ရှင်းပြကြသည်။ နစ်နာခံစားသူများ ရှင်းပြနေသည့် ဖြစ်နိုင်ခြေ အရှိဆုံးမှာ အလွယ်တကူသယ်ဆောင်နိုင်သော တင့်ကားဖျက် လက်နက်များဖြစ်သည့် RPG-7 (ဒလက်ပါသော ဗုံးပစ် လက်နက်) သို့မဟုတ် M-3 ကားလ် ဂွါစ်တဗ် အမျိုးအစား နောက်ပြန်ကန်မှု မရှိသည့် ရိုင်ဖယ်လက်နက် များဖြစ်ပြီး အသုံးပြုပုံနှင့် ရလဒ်များဖြင့်လည်း ကိုက်ညီမှု ရှိပေသည်။ [374] MI-17 ရဟတ်ယာဉ် ၈ စီးကိုလည်း ရခိုင်ပြည်နယ်တွင် ရွှေ့ပြောင်းထားရှိပြီး ရှင်းလင်းရေး စစ်ဆင်ရေးများတွင် အသုံးပြုသည်ဟု ဖေါ်ထုတ်ထားသော ရဟတ်ယာဉ်များ အထဲတွင် ပါဝင်နိုင်ပါသည်။[375] အနည်းဆုံး ရေတပ်သင်္ဘော တစ်စီးက ဘင်္ဂလားပင်လယ်အော်မှ နေ၍ ရိုဟင်ဂျာ ရွာတစ်ရွာကို ပစ်ခတ်ခဲ့ပါသည်။ [376] မစ်ရှင်အနေဖြင့် ကချင်ပြည်နယ်၊ တနိုင်းဒေသအား ၂၀၁၇ ခုနှစ် နိုဝင်ဘာလ နှင့် ၂၀၁၈ ဧပြီလ အကြား လေယာဉ်ဖြင့် ဗုံးကြဲခြင်းနှင့် အမြောက်များဖြင့် ပစ်ခတ်ခြင်းကို အလားတူ အစီရင်ခံခဲ့ပြီး ၎င်းမှာ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေနှင့် ကိုက်ညီမှု မရှိခဲ့ပါ။[377]

၁၅၄။ မစ်ရှင်အနေဖြင့် တိုက်ခိုက်ရေးလေယာဉ်များ၊ ရဟတ်ယာဉ်များအား ထိန်းသိမ်းမှုနှင့် အဆင့်မြှင့်မှု လုပ်ပေးခြင်းများ၊ မြေပြင်မှ မြေပြင်သို့ ပစ်သော ဒုံးကျည် စနစ်များ၊ သံချပ်ကာ လူစီးယာဉ်များ နှင့် အမြောက်ပစ် စနစ်များ၊ လက်နက်ငယ်များနှင့် ပစ္စည်းများ အပါအဝင် ထို ဆင်တူသော ပစ္စည်းကိရိယာများနှင့် ပံ့ပိုးမှုများကို တပ်မတော်အား ထောက်ပံ့နေသော ကုမ္ပဏီများစွာကို ဖေါ်ထုတ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ကတည်းကစ၍ တပ်မတော်ကို စစ်ဖက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးနေသည်ဟု ထုတ်ဖေါ်ရရှိခဲ့သည် ကုမ္ပဏီ ၁၄ ခုအနက် ၁၂ ခုမှာ ပြည်ပ အစိုးရပိုင် စီးပွားရေး လုပ်ငန်းစု ကြီးများ ဖြစ်ပါသည်။ မစ်ရှင်မှာ တရုတ်၊ ကိုးရီးယား ဒီမိုကရက်တစ် ပြည်သူ့ သမတ နိုင်ငံ၊ အိန္ဒိယ၊ ရုရှ နှင့် ယူကရိန်းနိုင်ငံတို့မှာ အစိုးရပိုင် စီးပွားရေးလုပ်ငန်းစုများကို ဖေါ်ထုတ်နိုင်ခဲ့ပြီး ၎င်းတို့သည် မြန်မာနိုင်ငံနှင့် အဓိက လက်နက်များ သို့မဟုတ် လက်နက်နှင့်ပတ်သက်သည့် သဘောတူညီချက်များတွင် ပါဝင်ခဲ့ပါသည်။ အစ္စရေးသည် ၎င်းတို့၏ တရားလွှတ်တော်ချုပ်မှာ နောက်ထပ် မရောင်းချရန် တားမြစ်သည့် အချိန်အထိ မြန်မာပြည်အား လက်နက်များ တင်ပို့ခဲ့ပါသည်။[378]

---

[374] A/HRC/39/CRP.2, အပိုဒ် ၉၆၁။

[375] A/HRC/39/CRP.2, အပိုဒ်များ ၇၆၂၊ ၇၇၀၊ ၁၀၈၄ နှင့် ၁၁၅၂။

[376] A/HRC/39/CRP.2, အပိုဒ် ၁၁၅၆။

[377] A/HRC/39/CRP.2, အပိုဒ် ၃၀၇ မှ ၃၁၅။

[378] Noa Landau, "အစ္စရေးမှ မြန်မာအား လက်နက်ဆင်ပေးနေသည်ကို ငြင်းဆို၊ သို့သော်လည်း ၎င်းတို့ အရာရှိများ Tel Aviv လက်နက်ပြပွဲသို့ လာနေဆဲဖြစ်" ၄ ဇွန် ၂၀၁၉၊ Haaretz (https://www.haaretz.com/israel-news/.premium-israel-denies-selling-weapons-to-myanmar-but-reps-are-still-at-tel-aviv-arms-expo-1.7332146). အစ္စရေးအနေဖြင့် တပ်မတော် အရာရှိများ အစ္စရေးလက်နိုင်ပြပွဲ သို့ ဆက်လက်မတက်စေရန် သေချာအောင် ပြုလုပ်နေကြောင်း မစ်ရှင်မှ ၂၀၁၉ ဇူလိုင်တွင် သတိပြုခဲ့မိသည်။ Noa Landau၏ "အစ္စရေး မှ မြန်မာအရာရှိများ လက်နက်ပြပွဲ တက်ရောက်ခြင်းကို ပိတ်ပင်၊" ၁၇ ဇူလိုက် ၂၀၁၉၊ Haaretz (https://www.haaretz.com/israel-news/.premium-israel-to-bar-myanmar-officials-from-arms-expos-1.7532506) တွင်ကြည့်ပါ။

၁၅၅။ ၂၀၁၆ ခုနှစ်မှစ၍ မြန်မာလေတပ်သည် United Aircraft Corporation ၏ လက်အောက်ခံ ကုမ္ပဏီဖြစ်သည့် ရုရှနိုင်ငံ အစိုးရက ပိုင်ဆိုင်သော Irkutsk Corporation မှ Yakovlev Yak-130 တိုက်လေယာဉ် သင်တန်းဆရာ ၁၂ ဦးကို လက်ခံရရှိခဲ့ပါသည်။[379] ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် မြန်မာလေတပ်၏ Mil Mi-24P သေနတ်ပစ် ရဟတ်ယာဉ် ၄ စီးကို ရုရှား အစိုးရပိုင် ကာကွယ်ရေးကုမ္ပဏီ တခုဖြစ်သည့် Rostec က ထိန်းသိမ်းမှု ဝန်ဆောင်ခြင်းလုပ်ပေးခဲ့ရပြီး Mil Mi-35 ရဟတ်ယာဉ်လေးစီးကိုမူ နည်းပညာ အသစ်များဖြင့် အဆင့်မြှင့်ပေးခဲ့ပါသည်။[380] ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် Sukhoi SU-30 အမျိုးအစား စွယ်စုံသုံး ဂျက်တိုက်လေယာဉ် ၆ စီးကို အမေရိကန်ဒေါ်လာ ၂၀၄ သန်း တန်ဘိုးရှိသော သဘောတူစာချုပ် တရပ်ဖြင့် ရောင်းဝယ်မှု ပြုရန် မြန်မာနှင့် ရုရှား အကြား သဘောတူညီခဲ့ပါသည်။[381] ထိုတိုက်ခိုက်ရေး ဂျက်လေယာဉ်များကို အစိုးရပိုင် Irkutsk Corporation က ထုတ်လုပ်ခြင်း ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ကချင်ပြည်နယ် တနိုင်းဒေသတွင် တပ်မတော်မှ လေကြောင်းဖြင့် တိုက်ခိုက်မှုကို ပြုလုပ်ခဲ့ရာ၊ အရပ်သားများ သေကြေပြီး ပိုင်ဆိုင်မှု ဥစ္စာပစ္စည်းများဆုံးရှုံး၍ ရွှေ့ပြောင်းနေထိုင်ရခြင်းနှင့် သက်မွေးဝမ်းကြောင်းမှု ဖျက်ဆီးခံရခြင်းတို့ ဖြစ်ခဲ့ပါသည်။[382] တပ်မတော် အနေဖြင့် Mil Mi-35 ရဟတ်ယာဉ်များကို ထိုတိုက်ခိုက်မှုတွင် အသုံးပြုခဲ့ကြောင်း ခိုင်လုံသည့် သတင်းများကို ရရှိခဲ့ပါသည်။[383]

၁၅၆။ အစိုးရ အရာရှိများ၏ ကြေညာချက်များ အပေါ် မီဒီယာ အစီရင်ခံမှုများက မစ်ရှင်အတွက် ထိုလွှဲပြောင်းမှုများ၏ ကိစ္စတော်တော်များများနှင့်ပတ်သက်၍ ယေဘုယျနှင့် တိကျသော အတည်ပြုချက်ကို ပံ့ပိုးပေးပါသည်။ ၎င်းတို့က ထို ပစ္စည်းကိရိယာများသည် သောင်ကျန်းသူ ဆန့်ကျင်ရေး နှင့် အကြမ်းဖက်သောင်းကျန်းသူများအား နှိမ်နင်းရေး စစ်ဆင်ရေး အခြေအနေများတွင် သုံးခဲ့သည် သို့မဟုတ် သုံးလိမ့်မည်ဟု ရှင်းလင်းစွာ ပြောဆိုသလို ထိုကိစ္စများသည်ကပင် တပ်မတော်အနေဖြင့် နာမည်ဆိုးဖြင့် ကျော်ကြားသော နိုင်ငံတကာ လူ့အခွင့်အရေးနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများ ချိုးဖောက်မှုကို ကျူးလွန်သည့် အရာများ ဖြစ်နေပါသည်။ ၂၀၁၈ ခုနှစ် စောစောပိုင်းက ရုရှ ပြည်ထောင်စု ဒုတိယ ကာကွယ်ရေးဝန်ကြီး Alexander Fomin ပြောဆိုခဲ့သည်ဟု လူသိရှင်ကြား သုံးစွဲ ဖေါ်ပြထားသည်မှာ

---

379 Andrew Selth, "မြန်မာ- အထီးကျန် အဆင့်အတန်းသည်လည်း ကာကွယ်ရေးစနစ် ခေတ်မီစေခြင်းအတွက် အတားအဆီး မရှိပါ" The Lowy Institute (https://www.lowyinstitute.org/the-interpreter/myanmar-pariah-status-no-bar-defence-modernisation); See https://asian-defence-news.blogspot.com/2019/01/myanmar-has-received-six-more-yak-130.html, which it cited in https://www.irrawaddy.com/news/burma/russia-building-six-advanced-fighter-jets-myanmar-military.html.

380 "ရုရှ ရဟတ်ယာဉ်များ မြန်မာလေတပ်အတွက် Mi-24P ရဟတ်ယာဉ်များကို ပြင်ဆင်ပေးနေ" TASS, 13 October 2017 (https://tass.com/defense/970640); "မြန်မာလေတပ်မှာ ပထမဦးဆုံးသော ခေတ်မီ Mi-35P ရဟတ်ယာဉ်ကို လက်ခံရရှိ။" Defense Studies, ၇ အောက်တိုဘာ ၂၀၁၇ ခုနှစ်။

381 Andrew Selth, "မြန်မာ- အထီးကျန် အဆင့်အတန်းသည်လည်း ကာကွယ်ရေးစနစ် ခေတ်မီစေခြင်းအတွက် အတားအဆီး မရှိပါ" The Lowy Institute (https://www.lowyinstitute.org/the-interpreter/myanmar-pariah-status-no-bar-defence-modernisation)

382 GI-011, GI-026, A/HRC/39/CRP.2, အပိုဒ် ၃၁၀ နှင့် ၃၁၁

383 PM-008.

တိုက်လေယာဉ်များသည် " တိုင်းပြည်၏ နယ်နမိတ် တည်ရှိမှုကို ကာကွယ်ထိန်းသိမ်းရန် နှင့် မည်သည့် ခြိမ်းခြောက်မှု အန္တရာယ်မဆို ဖယ်ရှားပစ်ရန် အတွက် မြန်မာ့လေတပ်၏ အဓိက တိုက်လေယာဉ် ဖြစ်လာမည်။"ဟု ဖြစ်သည်။[384] ဧပြီလ ၂၀၁၉ ခုနှစ် ၊နိုင်ငံတကာ လုံခြုံမှု အပေါ် မော်စကို ညီလာခံ အပြီး ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ကာကွယ်ရေးဦးစီချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောခဲ့သည်မှာ ရုရှားနိုင်ငံ၏ စစ်လက်နက် အမာထည် ပစ္စည်းများသည် မြန်မာပြည်ရှိ ၎င်း၏ စစ်တပ် အဓိက ကျသော နေရာများတွင် အလွန်အသုံးဝင်သည် ဟု ပြောခဲ့ပါသည်။[385] အစိုးရပိုင် သတင်းစာဖြစ်သည့် Global New Light of Myanmar ကလည်း ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၉ ဧပြီလ ၂၃ ရက်နေ့ Irkutsk လေကြောင်းစက်ရုံ သို့ သွားရောက်လည်ပတ်ခဲ့ကြောင်း ဖေါ်ပြထားပါသည်။[386]

၁၅၇။ အထက်ပါ စာပိုဒ် ၁၅၂ တွင် ရှင်းပြထားသကဲ့သို့ လက်ခံယုံကြည်နိုင်ဖွယ်ရာ ဖြစ်သော သတင်းများနှင့် မြန်မာလူ့အခွင့်အရေး အခြေအနေနှင့် ပတ်သက်ပြီး ကုလသမဂ္ဂတွင် မြင့်မြင့်မားမား အလေးပေးထားမှုတို့အပြင် အခြားနိုင်ငံများ၏ ဆောင်ရွက်မှုမှ ကြည့်ခြင်းအားဖြင့် ၎င်း၏လက်နက်လွှဲပြောင်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးရွားသည့် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှု ဥပဒေများ ဆိုင်ရာ နောက်ဆက်တွဲ သက်ရောက်မှုများကို သိခဲ့သည် သို့မဟုတ် သိနေခဲ့ရပေလိမ့်မည်။ ဤအထဲတွင် များစွာသော အခြားအစိုးရများ၏ လက်နက်ပိတ်ဆို့မှုလည်း ပါဝင်ပြီး ထိုအထဲမှ အများအပြားကို ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်များရှိ လူနည်းစုများအပေါ် စစ်တပ်နှင် အခြား လုံခြုံရေးတပ်ဖွဲ့များက ပြုလုပ်နေသော ကျယ်ပြန့်လှသည့် အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ အပေါ် တုန့်ပြန်သည့်အနေဖြင့် ဆက်လက်ထိန်းသိမ်းထားကြသည် သို့မဟုတ် ထပ်မံ ချဲ့ထွင်ခဲ့ကြသည်။ [387]

၁၅၈ ။ လက်နက်များ လွှဲပြောင်းမှုသည် တရုတ်ပြည်မှလည်း ရောက်ရှိလာကြောင်း မစ်ရှင်၏ စုံစမ်းစစ်ဆေးမှုက တွေ့ရှိပါသည်။ ၂၀၁၇ မေလတွင် တပ်မတော် အနေဖြင့် တရုတ်အစိုးရပိုင်

[384] Oliver Slow ၏ "ဆက်လက်ဝေဖန်မှုများ အကြားမှပင် မြန်မာသည် စစ်တပ်အပေါ်တွင် ကြီးမား များပြားစွာ သုံးစွဲဆဲဖြစ်။" VOA သတင်း၊ ၁ ဖေဖေါ်ဝါရီ ၂၀၁၈ ခုနှစ် (https://www.voanews.com/a/myanmar-military-spending/4234303.html)

[385] မိုးမြင့် "မြန်မာစစ်တပ်အတွက် ရုရှမှ အဆင့်မြင့် တိုက်လေယာဉ် ၆ စီးဆောက်လုပ်နေ" ၂၅ ဧပြီ ၂၀၁၉ ခုနှစ် (https://www.irrawaddy.com/news/burma/russia-building-six-advanced-fighter-jets-myanmar-military.html)

[386] The Global New Light of Myanmar, "ဗိုလ်ချုပ်မှူးကြီး Irkutsk မြို့ရှိ Irkutsk လေကြောင်းစက်ရုံသို့လည်ပတ်" ၂၃ ဧပြီ ၂၀၁၉ ခုနှစ်။ (http://www.globalnewlightofmyanmar.com/senior-general-visits-irkutsk-aviation-plant-irkutsk-town/)

[387] အပိုဒ် ၁၄၈ တွင်ကြည့်ပါ။ သာဓကအားဖြင့် ၂၀၁၈ ခုနှစ် ဖေဖေါ်ဝါရီလတွင် ဥရောပ သမဂ္ဂကောင်စီက မြန်မာစစ်တပ်နှင့် အခြား လုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်သော ကျယ်ပြန့် စနစ်ကျသည် ကြီးမားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ အပေါ် ကန့်ကွက်ရှုံ့ချခဲ့သည်။ ၎င်းက လက်ရှိ ရှိနေသော ပိတ်ဆို့မှု၏ ဆက်စပ်သက်ဆိုင်မှုကို အတည်ပြုခဲ့ပြီး ၂၀၁၈ ဧပြီ ၂၆ ရက်နေ့တွင် နောက်ဆုံး အသုံးပြုသူဖြစ်သွားမည့် စစ်တပ်နှင့် နယ်စပ်ရဲ တို့အပေါ် နှစ်မျိုးသုံး ပစ္စည်းများ တင်ပို့မှုကို တားမြစ်ခြင်း၊ ပြည်တွင်း ဖိနှိပ်မှုတွင် အသုံးပြုနိုင်မည့် ဆက်သွယ်မှုစောင့်ကြည့် ပစ္စည်းကရိယာများ တင်ပို့မှုကို ကန့်သတ်ခြင်း၊ စစ်သင်တန်းများနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများကို ကန့်သတ်ခြင်း အစရှိသည့် မြန်မာပြည်အပေါ် ကန့်သတ်နည်းလမ်းများ ထပ်မံ တိုးချဲ့ခဲ့ပါသည်။ ကောင်စီ စည်းမျဉ်းသတ်မှတ်ချက် (EU) 2018/647 (26 April 2018) မြန်မာ/ဗမာ အရေးနှင့်ပါတ်သက်၍ သက်ဆိုင်သော ကန့်သတ်သည့် နည်းလမ်းများဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက် (EU) No 401/2013 အားပြင်ဆင်ခြင်း။

တရုတ် အာကာသသိပ္ပံနှင့် စက်မှု ကော်ပိုရေးရှင်း မှ ထုတ်လုပ်သော တိကျသော တာတိုပစ် မြေပြင်မှ မြေပြင် ဒုံးကျည်စံနစ် SY-400 ကို ရယူနေကြောင်း သတင်းရရှိခဲ့ပါသည်။[388] ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ၂၀၁၅ ခုနှစ်က တရုတ်အစိုးရပိုင် တရုတ်လေကြောင်း စက်မှု ကော်ပိုရေးရှင်း (AVIC) နှင့် အမေရိကန် ဒေါ်လာ သန်း ၅၆၀ တန် ကန်ထရိုက်စာချုပ်ဖြင့် မှာယူခဲ့သည့် လေယာဉ် ၁၆ စင်းမှ ပထမ အသုတ်ဖြစ်သော JF-17M "Thunder" တိုက်ခိုက်ရေး လေယာဉ် ၆ စီးကို မြန်မာ့လေတပ်မတော်မှ လက်ခံရရှိခဲ့ပါသည်။ [389] ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အတိတ်ကာလက မြန်မာပြည်သို့ တရုတ်လက်နက်လွှဲပြောင်းမှုများကို အတည်ပြုခဲ့ပြီး ဆက်ဆံရေးသည် ၂၀၁၉ ခုနှစ်တွင် ဆက်လက် တည်ရှိနေသည်ဟု ရည်ညွှန်းခဲ့ပါသည်။ တရုတ်ပြည် ဘီဂျင်းမြို့ အလည်အပတ်ခရီးစဉ်အတွင်း ၂၀၁၉ ခုနှစ် ဧပြီလ ၁၀ ရက်နေ့က ၎င်း၏ ပြောကြားမှုဖြစ်သော "လက်နက် ရယူမှုအတွက် မြန်မာတပ်မတော် အနေဖြင့် တရုတ်ပြည်သူ့တပ်မတော် အပေါ် မလွှဲသာ မရှောင်သာ မှီခိုနေရသည်။" နှင့် "ရခိုင်ကိစ္စ နှင့် ပတ်သက်၍ နိုင်ငံတကာ အသိုင်းအဝန်းနှင့် ဆန့်ကျင်ပေးသည့် ၎င်း၏ မှန်ကန်သော အနေအထားနှင့် ရပ်တည်ချက်" အပေါ်တွင် ကျေးဇူးတင်ကြောင်းကို မီဒီယာထဲတွင် အစီရင်ခံသွားပါသည်။"[390]

၁၅၉ ။ ၂၀၁၈ ဖေဖော်ဝါရီလတွင် ဆုံးဖြတ်ချက် ၁၈၇၄ (၂၀၀၉) ကို လိုက်နာချက်အဖြစ် ထူထောင်ခဲ့သော ကုလသမဂ္ဂ၏ ကျွမ်းကျင်သူ ပညာရှင်များ ခုံရုံး၏ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမတ နိုင်ငံ အပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုနှင့် ပတ်သက်၍ အစီရင်ခံရာတွင် အဖွဲ့ဝင် တစုက ခုံရုံးကို "ဒုံးပစ်လောင်ချာ အမျိုးမျိုး နှင့် မြေပြင်မှ ဝေဟင်ပစ် မစ်ဆိုင်း ဒုံးပျံများ အပါအဝင် သမာရိုးကျ လက်နက်မျိုးစုံတို့ အပြင် မစ်ဆိုင်း ဒုံးကျည်စနစ်များကို ကိုးရီးယား ဒီမိုကရက်တစ် သမတနိုင်ငံမှ မြန်မာက လက်ခံရရှိထားသည်ဟူသော လက်ခံပြေစာ အထောက်အထား" အကြောင်း အသိပေးခဲ့ပြီး "ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမတနိုင်ငံမှ လူများကို မြန်မာနိုင်ငံ ကာကွယ်ရေး စက်မှုလုပ်ငန်း ညွှန်ကြားရေးဌာနမှ လည်ပတ်သည့် အဆောက်အအုံများထံသို့ စေလွှတ်ထားကြောင်း"သတိပေးခဲ့ပါသည်။[391] ဤသည်မှာ Korea Mining Development Trading Corporation (KOMID) မှတဆင့် ဖြစ်သွားပုံရပါသည်။ [392] အစီရင်ခံမှု နောက်ခံ အခြေအနေ အတွင်းက ပြောရမည်ဆိုလျှင် မြန်မာနိုင်ငံသည် ၎င်း၏ ကာကွယ်ရေး စက်မှုလုပ်ငန်း ညွှန်ကြားရေးဌာန မှတဆင့် ရှုပ်ထွေးနက်နဲသော ကမ္ဘာလုံးဆိုင်ရာ လက်နက်ဝယ်ယူစုဆောင်းမှု

[388] "တရုတ်၏ SY-400 မစ်ဆိုင်း ဒုံးကျည်စနစ်များ ဝယ်ယူရန် မြန်မာမှ ကြည့်နေ" ၅ မေ ၂၀၁၇ ခုနှစ် (https://defence-blog.com/news/myanmar-looks-to-buy-chinese-sy-400-ballistic-missile-systems.html)

[389] "Le JF-17 «Thunder» entre en service au Myanmar," ၃ နိုဝင်ဘာ ၂၀၁၈ (http://psk.blog.24heures.ch/archive/2018/11/03/le-jf-17-thunder-entre-en-service-au-myanmar-866464.html)

[390] နန်းလွင် "မြန်မာ စစ်တပ်အကြီးအကဲမှာ ရခိုင် အကြပ်အတည်းတွင် ကူညီမှုအပေါ် ဘီဂျင်းအား ကျေးဇူးတင်" The Irrawaddy, ၁၀ ဧပြီ ၂၀၁၉ ခုနှစ် (https://www.irrawaddy.com/news/burma/myanmar-military-chief-thanks-beijing-support-rakhine-crisis.html)

[391] S/2018/171, ဆုံးဖြတ်ချက် ၁၈၇၄ (၂၀၀၉) ကို လိုက်နာချက်အဖြစ် ထူထောင်ခဲ့သော ကုလသမဂ္ဂ၏ ကျွမ်းကျင်သူ ပညာရှင်များ ခုံရုံး၏ အစီရင်ခံစာ၊ စာပိုဒ် ၁၀၁။

[392] S/2018/171, ဆုံးဖြတ်ချက် ၁၈၇၄ (၂၀၀၉) ကို လိုက်နာချက်အဖြစ် ထူထောင်ခဲ့သော ကုလသမဂ္ဂ၏ ကျွမ်းကျင်သူ ပညာရှင်များ ခုံရုံး၏ အစီရင်ခံစာ၊ စာပိုဒ် ၁၀၁။

ကွန်ရက်ကို ထိန်းသိမ်းထားသည်။ ထိုခုံရုံးအဖွဲ့မှ ထပ်မံ ပြောသည်မှာ ထိုညွှန်ကြားရေးရုံး၏ ဒါရိုက်တာ ထွန်းလှိုင်သည် "ပြည်ပ လက်နက် ဝယ်ယူမှုများတွင် ပါဝင်ပတ်သက်နေသည်ဟု သိရှိခဲ့ရပြီး စင်္ကာပူ အခြေစိုက် ကုမ္ပဏီများဖြစ်သည့် Excellence Metal Casting နှင့် STE Global Trading Pte Ltd. တို့ဖြင့် ဆက်နွယ်ပတ်သက်နေသည်"[393] ဟု အဖွဲ့ဝင်နိုင်ငံတစ်ခုက ဂရုပြု ပြောဆိုခဲ့သည်။ ထိုကုမ္ပဏီများမှ မည်သည့် ပစ္စည်း အမျိုးစားများ ဝယ်ယူသည်ဆိုသည့် အသေးစိတ်ကိုမူ ထိုခုံရုံးမှ မစ်ရှင်အား မပေးအပ်ခဲ့ပါ။

၁၆၀။ ယူကရိန်းအနေဖြင့် တပ်မတော်၏ အခြေခံအဆောက်အအုံနှင့် ပစ္စည်းထုတ်လုပ်မှု စွမ်းဆောင်ရည်ကို ထောက်ပံ့နေကြောင်း မစ်ရှင်မှ တွေ့ရှိပါသည်။ ၂၀၁၉ ခုနှစ် မတ်လတွင် ယူကရိန်းအစိုးရပိုင် Ukrspetsexport နှင့် Ukroboronprom တို့မှ သံချပ်ကာ လူစီးယာဉ်များနှင့် မိမိအားဖြင့် တွန်းကန်သည့် ဟောင်ဝပ်ဇာ အမြောက်များ အထူးသဖြင့် BTR-4U ဘီးတပ် 8×8 သံချပ်ကာ လူစီးယာဉ်နှင့် မိမိအားဖြင့် တွန်းကန်သည့် 2S1U ဟောင်ဝပ်ဇာ အမြောက် ထုတ်လုပ်ရန်အတွက် ဖြစ်သော စက်ရုံကို မြန်မာပြည်တွင် တည်ဆောက်ရန် လက်နက်ထုတ်လုပ်ရေး သဘောတူညီချက်အား စတင် အကောင်အထည် ဖော်ပါသည်။[394] Ukrspetsexport မှ စက်ရုံအတွက် ပစ္စည်းကိရိယာနှင့် စက် ကို ပထမ အသုတ် ပို့ပြီးသည်ကို အတည်ပြုခဲ့ပြီး ထုတ်လုပ်မှုကို ၂၀၂၀ တွင် စတင်ရန် အစီအစဉ်ဆွဲထားသည်။[395]

၁၆၁။ အိန္ဒိယ အစိုးရပိုင် ကာကွယ်ရေး ပစ္စည်းထုတ်လုပ်သူများကလည်း တပ်မတော်ကို အလားတူ ထောက်ပံ့ကြပါသည်။ Hindustan Aeronautics Limited (HAL) က အမောင်းသင် လေယာဉ်ပျံကို အကူအညီအနေဖြင့် ၂၀၁၈ က ပေးအပ်ခဲ့ပါသည်။[396] Bharat Dynamics Limited ကလည်း ၂၀၁၇ ခုနှစ် မတ်လ က အမေရိကန်ဒေါ်လာ ၃၈ သန်းဘိုးတန်ဘိုးရှိသည့် သဘောတူညီချက်

[393] S/2018/171, ဆုံးဖြတ်ချက် ၁၈၇၄ (၂၀၀၉) ကို လိုက်နာချက်အဖြစ် ထူထောင်ခဲ့သော ကုလသမဂ္ဂ၏ ကျွမ်းကျင်သူ ပညာရှင်များ ခုံရုံး၏ အစီရင်ခံစာ၊ စာပိုဒ် ၁၀၂။ ခုံရုံးအဖွဲ့ မှ ထပ်မံ ဂရုပြုပြောဆိုသည်မှာ ထိုအဖွဲ့ဝင်နိုင်ငံက "ထွန်းလှိုင်အနေဖြင့် ယခင်က Myanmar's Excellence Mineral Manufacturing Co. Ltd နှင့် ပတ်သက်ဖူးလိမ့်မည်ဖြစ်ကြောင်း၊ ထိုကုမ္ပဏီသည် ကိုးရီးယား ဒီမိုကရက်တစ် ပြည်သူ့သမတ နိုင်ငံမှ အရာရှိများနှင့် အလုပ်လုပ်ရန် သတ်မှတ်ပေးခဲ့သော ကုမ္ပဏီဖြစ်ပြီး စစ်လက်နက်ပစ္စည်း အစီအစဉ်များအတွက် ပစ္စည်းများ တင်သွင်းရန်အတွက် ဖြစ်သည်။"

[394] မိုးမြင့် "စစ်လက်နက်ပစ္စည်းများ စက်ရုံ ဆောက်လုပ်ရန် ယူကရိန်း ကုမ္ပဏီမှ တပ်မတော်ကို ကူညီလိမ့်မည်ဟု သတင်းရရှိ၊" The Irrawaddy, ၇ မတ်လ ၂၀၁၉ ခုနှစ် (https://www.irrawaddy.com/news/burma/ukrainian-firm-will-reportedly-help-tatmadaw-build-plant-military-equipment.html)

[395] "မြန်မာပြည်တွင် သံချပ်ကာယာဉ်များ ယူကရိန်းမှ စက်ရုံတည်ဆောက်မည်။" ယူကရိန်း စစ်တပ် စာမျက်နာများ၊ ၆ မတ် ၂၀၁၉ ခုနှစ် (https://en.ukrmilitary.com/2019/03/ukraine-to-build-plant-in-myanmar.html); "မြန်မာပြည်တွင် သံချပ်ကာကား စက်ရုံ ယူကရန်းမှ တည်ဆောက်မည်။" ကာကွယ်ရေးဘလော့ဂ်၊ ၆ မတ်လ ၂၀၁၉ ခုနှစ် (https://defence-blog.com/army/ukraine-to-build-armoured-vehicle-assembly-plant-in-myanmar.html)

[396] "တရုပ်ပြည်၏ လွှမ်းမိုးမှုကို တန်ပြန်သည့် အနေဖြင့် အိန္ဒိယမှ မြန်မာကို HAL Kiran အမောင်းသင် ဂျက်လေယာဉ် ၆ စီး လက်ဆောင်ပေးအပ်၊" Times Now News, ၁ ရက်နေ့ ဒီဇင်ဘာ ၂၀၁၈ ခုနှစ်၊ (https://www.timesnownews.com/india/article/china-hal-kiran-myanmar-indian-air-force-southeast-asia-kaladan-multimodal-project-act-east-policy-narendra-modi-national-socialist-council-of/324243); SIPRI Database မှ အဓိကကျသော လက်နက်များ လွှဲပြောင်းမှု အချက်များကို ထုတ်ယူကြည့်ခြင်း-၂၀၁၆ မှ ၂၀၁၈ အတွင်း ပေးပို့လွှဲပြောင်းမှုများ သို့မဟုတ် မှာယူမှုများနှင့် ပတ်သက်သော သဘောတူညီချက်များ၊ SIPRI လက်နက်လွှဲပြောင်းမှု အချက်အလက် စုဆောင်းရာဌာန၊ Stockholm International Peace Research Institute

ရရှိပြီးသည့်နောက်ပိုင်းတွင် ရေငုပ်သင်္ဘောပစ် ဒုံးကျည်များ မြန်မာစစ်တပ်ကို ပေးခဲ့ပါသည်။ [397] ဤသဘောတူညီမှု ရပြီးနောက်ပိုင်း ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် အိန္ဒိယ ရေတပ်ဦးစီးချုပ်က မြန်မာပြည်သို့ လာရောက်လည်ပတ်ခဲ့ပါသည်။ [398] ထိုလည်ပတ်မှုကို ကြေညာသော သတင်းထုတ်ပြန်ချက်တွင် အိန္ဒိယအနေဖြင့် မြန်မာ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန် ဦးတည်ချက်ဖြင့် စစ်ဖက်ဆိုင်ရာ အမာထည်ပစ္စည်းများနှင့် ပစ္စည်းကရိယာများ မှ တဆင့် မြန်မာရေတပ်ကို ကူညီမှုများ ပေးခြင်း ဖြစ်ကြောင်း ထုတ်ပြန်ပါသည်။[399]

၁၆၂။ ၂၀၁၇ ခုနှစ် ဧပြီတွင် အစ္စရေး အစိုးရပိုင် လုပ်ငန်းစု တခုဖြစ်သော Israel Aerospace Industries က တပ်မတော် ရေတပ်အတွက် တိုက်ခိုက်ရေး ဖရီးဂိတ် ရေယာဉ် ၂ စီး ပေးအပ်ခဲ့ပါသည်။ [400] ဤလွှဲပြောင်းပေးအပ်မှုသည် ၂၀၁၆ ခုနှစ် အောက်တိုဘာတွင် ရခိုင်ပြည်မြောက်ပိုင်း၌ တပ်မတော်၏ ပြုကျင့်ပုံ အပေါ် အခြေခံပြီး အစ္စရေးနှင့် မြန်မာနိုင်ငံများ အကြား လက်မှတ်ရေးထိုးခဲ့သော ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် အကောင်အထည်ဖော်ရေး အပေါ် တွင် တားမြစ်ပေးရန် ၂၀၁၇ ခုနှစ် အစောပိုင်းက အစ္စရေး တရားရုံးချုပ်ရှေ့မှောက်တွင် အသနားခံစာ တင်သွင်းပြီးနောက်တွင် ဖြစ်ခဲ့ခြင်းဖြစ်သည်။ အစ္စရေး တရားရုံးချုပ်၏ နောက်ဆက်တွဲ ဆုံးဖြတ်ချက်အရ စစ်တပ်လက်နက်ပစ္စည်းများ ပို့ကုန်လိုင်စင်အား ရုပ်သိမ်းခဲ့လိုက်ပြီး ထိုအချိန်မှစ၍ နောက်ထပ် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလည်း မရှိတော့ချေ။[401]

၁၆၃။ ပုဂ္ဂလိကပိုင် လက်နက်ထုတ်လုပ်သော ကုမ္ပဏီများကလည်း တပ်မတော်ကို လက်နက်များ ရောင်းချခြင်းနှင့် စစ်သင်တန်းများ ပေးခြင်းကို ပြုလုပ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်က အစ္စရေး စစ်ဖက်နှင့် ရဲဖက် ဆိုင်ရာ ပစ္စည်းကိရိယာများနှင့် သင်တန်း ကုမ္ပဏီဖြစ်သော TAR Ideal Concepts သည် ၎င်း၏ ဝက်ဘ်ဆိုဒ်တွင် တပ်မတော် အထူးစစ်ဆင်ရေး တပ်ဖွဲ့များအား ၎င်းတို့မှ သင်တန်းပေးနေသည့် ဓါတ်ပုံများ တင်ထားပါသည်။ [402] ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ဖိလစ်ပိုင် အခြေစိုက် Armscor International ကုမ္ပဏီမှ အရာရှိတစ်ဦးက ထုတ်ပြန်သော မီဒီယာ

[397] Rajat Pandit, "အိန္ဒိယနိုင်ငံမှာ တရုတ်ပြည်ကို တန်ပြန်ရန်အတွင် မြန်မာနိုင်ငံကို စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ရန် အရှိန်မြှင့်" Times of India, ၂၄ မတ် ၂၀၁၇ ခုနှစ် (https://timesofindia.indiatimes.com/india/india-steps-up-supply-of-military-equipment-to-myanmar-to-counter-china/articleshow/57815200.cms); SIPRI Database မှ ၂၀၁၈ အတွင်း ပေးပို့လွှဲပြောင်းမှုများ သို့မဟုတ် မှာယူမှုများနှင့် ပတ်သက်သော သဘောတူညီချက်များ၊ SIPRI လက်နက်လွှဲပြောင်းမှု အချက်အလက် စုဆောင်းရာဌာန၊ Stockholm International Peace Research Institute.

[398] အိန္ဒိယ ရေတပ်၏ တရားဝင် ဝက်ဘ်ဆိုဒ် "ရေတပ်ဗိုလ်ချုပ် Sunil Lanba, PVSM, AVSM, ADC, ရေတပ် စစ်ဦးစီးအရာရှိချုပ် မြန်မာပြည်သို့ သွားရောက်လည်ပတ်" ၁ နိုဝင်ဘာ ၂၀၁၆ ခုနှစ် (https://www.indiannavy.nic.in/content/admiral-sunil-lanba-pvsm-avsm-adc-chief-naval-staff-visits-myanmar)

[399] အိန္ဒိယ ရေတပ်၏ တရားဝင် ဝက်ဘ်ဆိုဒ် "ရေတပ်ဗိုလ်ချုပ် Sunil Lanba, PVSM, AVSM, ADC, ရေတပ် စစ်ဦးစီးအရာရှိချုပ် မြန်မာပြည်သို့ သွားရောက်လည်ပတ်" ၁ နိုဝင်ဘာ ၂၀၁၆ ခုနှစ် (https://www.indiannavy.nic.in/content/admiral-sunil-lanba-pvsm-avsm-adc-chief-naval-staff-visits-myanmar)

[400] Andrew Selth, "မြန်မာ- အထီးကျန် အဆင့်အတန်းသည်လည်း ကာကွယ်ရေးစနစ် ခေတ်မီစေခြင်းအတွက် အတားအဆီး မရှိပါ" The Lowy Institute (https://www.lowyinstitute.org/the-interpreter/myanmar-pariah-status-no-bar-defence-modernisation)

[401] MM-002

[402] MM-002, Digital records 1990, 1991 and 1997.

ထုတ်ပြန်ချက်တခုဖြင့် အသိပေးကြေညာသည်မှာ ၎င်းတို့တပ်မတော် သေနတ်ပစ်အဖွဲ့အတွက် ပြိုင်ပွဲဝင် လက်နက်တို သေနတ်များ ရောင်းချခဲ့ကြောင်းနှင့် မြန်မာပြည် ကာကွယ်ရေးဈေးကွက်အတွင်း မည်သို့ ထိုးဖောက်ဝင်ရောက်ရမည်ကို လေ့လာနေကြောင်း၊ "မြန်မာပြည်တွင် ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများကို စိတ်ဝင်စားနေသော လုံခြုံရေး အေဂျင်စီများ တစ်စုံတစ်ရာ ရှိနေပါကြောင်း" ဂရုပြု ပြောကြားခဲ့ပါသည်။"[403]

၁၆၄။ ဤ အတည်ပြု ဖေါ်ထုတ်နိုင်သော အရင်းအမြစ်များမှ တဆင့် စစ်ဖက်ဆိုင်ရာ ပစ္စည်းများနှင့် အခြား အထောက်အကူများကို ဖြည့်ဆည်းနေသည့် အပြင်၊ တပ်မတော်အနေဖြင့် တတိယ အုပ်စုများကို အသုံးပြု၍ မူလအစ ရင်းမြစ်နေရာကို ဖုံးကွယ်ကာ လက်နက်များနှင့် ပစ္စည်းကိရိယာများကို ဝယ်ယူခဲ့ပါသေးသည်။ SIPRI လက်နက် လွှဲပြောင်းမှု အချက်အလက် သိမ်းဆည်းသိုလှောင်ရေးဌာန မှ ရရှိသည့် အချက်အလက်အရ ၂၀၁၆ ခုနှစ်တွင် တပ်မတော်မှ မသိရသည့် အရင်းအမြစ် တစ်ခုမှ အသုံးပြုပြီးသား ပေါ့ပါးသည့် ရဟတ်ယာဉ်များ ဝယ်ခဲ့ပါသည်။[404] မျက်မြင်သက်သေ တစ်ဦး၏ အဆိုအရာ ၂၅ ဩဂုတ်နေ့ ၂၀၁၇ ခုနှစ် ရှင်းလင်းရေး စစ်ဆင်ရေးများ မစမီ ရက်သတ္တပါတ်များက Bell ၂၀၆ သို့မဟုတ် ၂၁၂ ဟု သတ်မှတ်နိုင်မည့် ပေါ့ပါး ရဟတ်ယာဉ်များ ( ၈ ယောက်မှ ၁၀ ယောက်အထိ စီးနိုင်သည်။) ရခိုင်ပြည် မြောက်ပိုင်းတွင် များစွာ ပျံသန်းနေခဲ့ပြီး အများစုမှာ နယ်ခြားစောင့် ရဲဌာနချုပ် (၁) ရှိရာ မောင်တောရှိ ကျီးကန်းပြင် ကျေးရွာသို့ ဖြစ်သည်ဟု ပြောပြပါသည်။ [405] Bell ၂၀၆ သို့မဟုတ် ၂၁၂ ရဟတ်ယာဉ်များသည် ပေါ့ပါးသော လေယာဉ်အမျိုးအစားဖြစ်ပြီး တပ်ဖွဲ့များ သယ်ယူပို့ဆောင်ရာတွင် မကြာခဏ အသုံးပြုလေ့ရှိပါသည်။

၁၆၅။ တပ်မတော် အနေဖြင့် လက်နက်များ၊ စစ်ဖက်ဆိုင်ရာ ပစ္စည်းကရိယာများနှင့် လက်နက်ထုတ်လုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်တို့အား ရယူစုဆောင်းခြင်းအပြင် ၂၀၁၆ ခုနှစ်မှစ၍ ကာကွယ်ရေးဝန်ကြီးဌာန တရားဝင် ဘတ်ဂျက်ကို အသုံးပြုပြီး သတင်းနှင့် ဆက်သွယ်ရေး အတတ်ပညာကို အနည်းဆုံး နိုင်ငံခြား ကုမ္ပဏီ ၇ ခုမှ ရယူရန် ကြိုးစားခဲ့ပါသည်။[406] ၎င်းတို့ထဲတွင် မောင်းသူမဲ့ လေကြောင်းသုံးယာဉ်များ၊ စစ်ဖက် လေကြောင်းထိန်းသိမ်းရေး စနစ်များ၊ အင်တာနက်နှင့် cloud အခြေခံ စကြာ်များ နှင့် ဆက်သွယ်နိုင်မှု ဝန်ဆောင်မှုများ၊ တယ်လီဖုန်းဆက်သွယ်ရေး အတတ်ပညာ၊ ကင်မရာ၊မြေပြင်မှ ဝေဟင် ဆက်သွယ်ရေးအတွက် ရေဒီယို အသံလွှင့်ဖမ်းစက်များ၊ တိကျမှုပေးသည့် မြေပုံလမ်းပြစနစ်များ အစရှိသည်တို့ ပါဝင်ပါသည်။ [407] ဤ ၂ မျိုး အသုံးပြုနိုင်သော အတတ်ပညာများကို ဥရောပသမဂ္ဂ အတွင်းမှ တင်ပို့မည်ဆိုပါက လက်ခံနိုင်ငံ၏ စစ်တပ်ဖြစ်သော တပ်မတော်သည် ထိုပစ္စည်းများအား လက်ခံသူ၊

[403] "ဖိလစ်ပိုင်လုပ် လက်နက်တိုများ မြန်မာပြည်သို့ စတင်ထိုးဖောက်", South Asian Monitor, ၉ နိုဝင်ဘာ ၂၀၁၈ ခုနှစ် (http://southasianmonitor.com/2018/11/09/filipino-handguns-triggering-into-myanmar/)

[404] SIPRI Database မှ အဓိကကျသော လက်နက်များ လွှဲပြောင်းမှု အချက်များကို ထုတ်ယူကြည့်ခြင်း-၂၀၁၆ မှ ၂၀၁၈ အတွင်း ပေးပို့လွှဲပြောင်းမှုများ သို့မဟုတ် မှာယူမှုများနှင့် ပတ်သက်သော သဘောတူညီချက်များ၊ SIPRI လက်နက်လွှဲပြောင်းမှု အချက်အလက် စုဆောင်းရာဌာန၊ Stockholm International Peace Research Institute

[405] QM-001

[406] ရုပ်ပုံ ၆။ တပ်မတော်အား လက်နက်များနှင့် စစ်ဖက် ပစ္စည်းကရိယာ တင်သွင်းသူများ

[407] Digital records 2165, 2166, 2167, 2168, 2169, 2170 and 2171.

နောက်ဆုံးတွင် အသုံးပြုမည့်သူ ဖြစ်နေခြင်းကြောင့် စစ်ဖက်ဆိုင်ရာ နည်းအတတ်ပညာများနှင့် ပစ္စည်းကိရိယာများ တင်ပို့မှုက ဥရောပ သမဂ္ဂ၏ ထိန်းချုပ်မှုနှင့် [408] ငြိစွန်းနေပါသည်။ [409] ဤပစ္စည်းများနှင့် နည်းအတတ်ပညာများသည် အခြား ပို့ကုန်တင်ပို့မှု ထိန်းချုပ်မှုစနစ်များဖြစ်သော သမားရိုးကျလက်နက်များနှင့် နှစ်မျိုးအသုံးပြုနိုင်သော ပစ္စည်းများ နှင့် နည်းပညာများအပေါ် တင်ပို့မှုကို ထိန်းချုပ်သည့် ဝက်စင်းနား စီစဉ်မှု (Wassenaar Arrangement) နှင့်လည်း ငြိစွန်းနိုင်ပါသည်။ [410] မြန်မာ့ကာကွယ်ရေးဘတ်ဂျက်အရ တပ်မတော်သည် ဝက်စင်းနား စီစဉ်မှုအောက်တွင် ပါဝင်နေသော နိုင်ငံတော်တော်များများဖြစ်သည့် ဩစတီးယား၊ ကနေဒါ၊ ဂျပန်၊ နော်ဝေး၊ တောင်အာဖရိကနှင့် ဗြိတိန်တို့ရှိ ကုမ္ပဏီများမှ ထို ပစ္စည်းများနှင့် နည်းအတတ်ပညာများကို ရယူစုဆောင်းရန် ကြိုးပမ်းနေကြောင်း သိရပါသည်။

### ၁။ ဥပဒေကြောင်းအရ ရှာဖွေ တွေ့ရှိချက်များ

၁၆၆။ နိုင်ငံတကာ ဥပဒေသည် မစ်ရှင်မှ မြန်မာပြည်တွင် မှတ်တမ်းတင်ခဲ့သော ချိုးဖောက်မှု အမျိုးအစားများကို တားဆီးရန်အတွက် တိုင်းပြည်တခုမှ နောက်တိုင်းပြည်တခုသို့ လက်နက်များ နှင့် အခြားပစ္စည်းကိရိယာများ လွှဲပြောင်းခြင်းကို စည်းမျဉ်းများ ချမှတ်နိုင်ရန်အတွက် အမျိုးမျိုးသော ဥပဒေ မူဘောင်များကို ဖြည့်ဆည်းပေးပါသည်။ နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေအောက်တွင် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ စာချုပ်အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ၎င်းတို့၏ နယ်မြေ သို့မဟုတ် စီရင်ပိုင်ခွင့် အတွင်းဆောင်ရွက်သော တစုံလုံး သို့မဟုတ် တစ်စိပ်တစ်ပိုင်းသော လုပ်ရှားမှုများအားလုံးသည် ၎င်းနယ်မြေများ၏ ပြင်ပတွင် ရှိသော လူပုဂ္ဂိုလ်များ၏ အသက်ရှင်သန်ပိုင်ခွင့်အတွက် တိုက်ရိုက် နှင့် ကျိုးကြောင်းဆီလျော်သည့် မှန်းဆနိုင်သော သက်ရောက်မှု ရှိမည်ဆိုလျှင် အသက်ရှင်သန်ခွင့်နှင့် အခွင့်အရေး နစ်နာဆုံးရှုံးသူမှ ထိရောက်သော ကုသမှု ရပိုင်ခွင့် များအတွက် တစိုက်မတ်မတ် ရစေမည့် သင့်တော်သော ဥပဒေဆိုင်ရာ နှင့် အခြားသော နည်းလမ်းများကို ပြုလုပ်၍ သေချာစေရမည်။[411]

၁၆၇။ မစ်ရှင်အနေဖြင့် တရုတ်၊ ကိုးရီးယား ဒီမိုကရက်တစ် ပြည်သူ့သမတ နိုင်ငံ၊ အိန္ဒိယ၊ အစ္စရေး၊ ဖိလစ်ပိုင်၊ ရုရှ နှင့် ယူကရိန်းတို့သည် လက်နက်များနှင့် လက်နက်နှင့်ပတ်သက်သော လွှဲပြောင်းမှုများ နှင့် အကူအညီများ မြန်မာနိုင်ငံသို့ ပေးရန် ခွင့်ပြုခဲ့ကြောင်း လက်ခံနိုင်သည့် အထောက်အထားများအရ ကောက်ချက်ချပါသည်။ ပေးအပ်ခဲ့သော ပစ္စည်းအမျိုးစားများနှင့် အကူအညီများကို ကြည့်ခြင်းအားဖြင့် တရုတ်၊ ကိုးရီးယား ဒီမိုကရက်တစ် ပြည်သူ့သမတ နိုင်ငံ၊ အစ္စရေး၊ ရုရှ နှင့် ယူကရိန်းတို့သည် ဤသို့ပြုမူခြင်းအားဖြင့် မြန်မာပြည်ရှိ ပြည်သူများ၏ လူ့အခွင့်အရေးပေါ်တွင် တိုက်ရိုက် နှင့် ကျိုးကြောင်းဆီလျော်သည့် မှန်းဆနိုင်သော သက်ရောက်မှု

[408] ဥရောပ သမဂ္ဂ ကောင်စီ၏ ဘုံ ရပ်တည်ချက်၊ 2008/944/CFSP (၈ ရက်နေ့ ဒီဇင်ဘာ ၂၀၀၈ ခုနှစ်) စစ်ဖက်ဆိုင်ရာ နည်းပညာနှင့် ပစ္စည်းကရိယာများ တင်ပို့မှု ထိန်းချုပ်ခြင်းအား စီမံမည့် ဘုံစည်းမျဉ်းအား သတ်မှတ် ဖေါ်ထုတ်ခြင်း၊

[409] အပိုဒ် ၆။ ဥရောပ သမဂ္ဂ ကောင်စီ၏ ဘုံ ရပ်တည်ချက်၊ 2008/944/CFSP (၈ ရက်နေ့ ဒီဇင်ဘာ ၂၀၀၈ ခုနှစ်) စစ်ဖက်ဆိုင်ရာ နည်းပညာနှင့် ပစ္စည်းကရိယာများ တင်ပို့မှု ထိန်းချုပ်ခြင်းအား စီမံမည့် ဘုံစည်းမျဉ်းအား သတ်မှတ် ဖေါ်ထုတ်ခြင်း၊

[410] ဝက်စင်းနား စီစဉ်မှု၊ "နှစ်မျိုးသုံး ပစ္စည်းများနှင့် အတတ်ပညာများအပေါ် စာရင်း နှင့် ကျည်စာရင်း" ဒီဇင်ဘာ ၂၀၁၈ ခုနှစ် တွင်ကြည့်ပါ။

[411] စာပိုဒ် ၂၇ တွင် ကြည့်ပါ။

ရှိမည်ဆိုသည်ကို သိခဲ့ပြီး သို့မဟုတ် သိခဲ့နိုင်ပြီး ဖြစ်ရပေမည်။ ဤသည်မှာ နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး သဘောတူစာချုပ်နှင့် ဆန့်ကျင်ဘက်ဖြစ်နေပြီး ကိုးရီးယား ဒီမိုကရက်တစ် ပြည်သူ့သမတ နိုင်ငံ၊ အစ္စရေး၊ ရုရှ နှင့် ယူကရိန်း တို့သည် စာချုပ်အဖွဲ့ဝင် နိုင်ငံများ ဖြစ်နေပါသည်။ တရုတ်ကမူ လက်မှတ် ထိုးထားရုံသာ ဖြစ်သည်။ အသုံးချမှုပိုင်းအရတွင်လည်း ဤနိုင်ငံများ အနေဖြင့် ထိုလွှဲပြောင်းမှုများတွင် လူ့အခွင့်အရေးဆိုင်ရာ ချိန်ကိုက် အားထုတ်မှုကို ထိရောက်စွာ အသုံးပြုရန် ပျက်ကွက်ခဲ့ကြသည်။ ပတ်ဝန်းကျင် အခြေအနေများ အားလုံးထည့်သွင်းပြီး စဉ်းစားကြည့်ပါက အိန္ဒိယ နှင့် ဖိလစ်ပိုင်သည်လည်း တပ်မတော်ကို လက်နက်များနှင့် အခြားဆက်စပ်ပစ္စည်းများကို လွှဲပြောင်းမပေးသင့်ဟု မစ်ရှင်မှ အမြင်ရှိပါသည်။ ICCPR ကို လက်မှတ်လည်း ထိုးမထား၊ အဖွဲ့ဝင်လည်း မဟုတ်သည့် စင်္ကာပူ တွင် အခြေစိုက်သည့် စီးပွားရေးလုပ်ငန်း ၂ ခု ထံမှ မြန်မာနိုင်ငံက ရယူရန် ကြိုးစားနေသော လက်နက်များ သို့မဟုတ် ဆက်စပ်ပစ္စည်းများ၏ သဘောသဘာဝနှင့် ပါတ်သက်ရ ထပ်မံ စုံးစမ်းစစ်ဆေးမှုများ လုပ်ရန် လိုပါလိမ့်မည်။

၁၆၈။ တရုတ်၊ ကိုးရီးယား ဒီမိုကရက်တစ် ပြည်သူ့သမတ နိုင်ငံ၊ အစ္စရေး၊ ရုရှ နှင့် ယူကရိန်း တို့သည် တပ်မတော်၏ အတိတ်ကာလ ပုံစံများအပေါ် ၎င်းတို့၏ အသိ သို့မဟုတ် အချက်အလက်များအပေါ် အခြေခံ၍ ပေးအပ်မည့် လက်နက်များကို နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာမှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်သည့် ပြုမူမှုများ အတွက် အသုံးပြုမည်ကို မျှော်လင်ခဲ့လျက်နှင့် သို့မဟုတ် မျှော်လင့်ခဲ့ရန်ဖြစ်လျက်နှင့် လက်နက်များ လွှဲပြောင်းခြင်း မပြုလုပ်ရန် ပျက်ကွက်ခဲ့ကြောင်း မစ်ရှင်မှ အလားတူ နိဂုံးချုပ်ပါသည်။[412]

၁၆၉။ ဤအကြောင်းချက်ကြောင့် လက်နက်များနှင့် အခြားဆက်စပ် ပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးခဲ့သော ထိုနိုင်ငံများသည် ဘုံ အပိုဒ် ၁ တာဝန်ရှိမှုများကို ဖောက်ဖျက်ပြီး စာချုပ်ဥပဒေ ဖျက်သည်လော သို့မဟုတ် ထုံးတမ်းစဉ်လာ နိုင်ငံတကာဥပဒေ ဖျက်သည်လော ဆိုသည့် ကိစ္စသာ ရှိပါသည်။ နိုင်ငံတကာအတွက် မှားယွင်းသော ပြုမူမှု တရပ်ကို ဆောင်ရွက်ခြင်းကြောင့် အဆိုပါ နိုင်ငံတခုကို ထောက်ပံ့ခြင်း သို့မဟုတ် ကူညီခြင်း အပေါ် တားမြစ်သည့် အစိုးရတာဝန်ရှိမှုများ၏ အထွေထွေ စည်းမျဉ်းများအောက်တွင် မစ်ရှင်အနေဖြင့် ဖြည့်ဆည်းသောအစိုးရများသည် ထိုအကူအညီကို ဥပဒေနှင့် မညီသော ရည်ရွယ်ချက်များအတွက် အသုံးပြုလိမ့်မည်ဖြစ်ကြောင်း သိရှိခဲ့ပြီး သို့မဟုတ် သေချာလုနီးပါး ဖြစ်ရမည်ဟု ကောက်ချက်ချမှုကို ရရှိခဲ့သည်။ မစ်ရှင်အနေဖြင့် တရားမဝင်သော လုပ်ရပ် တခု တကယ်ဖြစ်ခဲ့သည်ဟု နိဂုံးချုပ်နိုင်ရန် လုံလောက်သော သတင်းမရှိသော်လည်း အထက်ပါ တွေ့ရှိချက်၏ လေးနက်မှုကို တွန်းအားပေးသည့် အချက်မှာ တပ်တော်သည် "ပြင်းထန်သော စည်းဖောက်မှုများ" တွင် ပတ်သက်နေသည်ဆိုခြင်းဖြစ်သည်။ ထိုစည်းဖောက်မှုများမှ ပေါ်ထွက်လာသည့် အခြေအနေ အနေအထားကို *ထိန်းသိမ်းထားရန်* အတွက် (ဤချိုးဖောက်မှု ရပ်တန့်သွားလျှင်ပင်) နိုင်ငံများအနေဖြင့် ထောက်ပံ့ကူညီခြင်းများ ပေးအပ်ခြင်းကို ဤ စည်းဖောက်နေမှုကပင် တားမြစ်ထားစေပါသည်။အထက်တွင် မှတ်ချက်ပြုခဲ့သလို ပါတ်ဝန်းကျင် အခြေအနေများ အားလုံးထည့်သွင်းပြီး စဉ်းစားကြည့်ပါက အိန္ဒိယ နှင့်

[412] စာပိုဒ် ၂၉ တွင်ကြည့်ပါ။

ဖိလစ်ပိုင်သည်လည်း တပ်မတော်ကို လက်နက်များနှင့် အခြားဆက်စပ်ပစ္စည်းများကို လွှဲပြောင်း မပေးသင့်ဟု မစ်ရှင်မှ အမြင်ရှိပါသည်။ ဤ စည်းမျဉ်းများ၏ သက်ရောက်မှုနှင့် ပတ်သက်၍လည်း စင်္ကာပူကို အလားတူ ထပ်မံ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သင့်ပါ

၁၇၀။ မစ်ရှင်အနေဖြင့် နိုင်ငံတကာ လက်နက်ကူးသန်းရောင်းဝယ်မှု ဥပဒေမှလည်း ဥပဒေပိုင်းဆိုင်ရာ ရှာဖွေတွေ့ရှိချက်များ ဆွဲထုတ်ခဲ့ပါသေးသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ စ၍ ATT စာချုပ်လက်မှတ်ထိုးထားသော အစ္စရေး၊ ဖိလစ်ပိုင်နှင့် ယူကရိန်းတို့သည် လက်နက်ရောင်းဝယ်မှုစာချုပ်မှ လွှမ်းခြုံမှုရှိသော သမားရိုးကျ လက်နက်များနှင့် အခြားပစ္စည်းများကို လွှဲပြောင်းခြင်း သို့မဟုတ် စုပေါင်း ဖွဲ့စည်းတည်ဆောက်စေနိုင်ခြင်း တို့ကို ခွင့်ပြုခဲ့ကာ အမည်အားဖြင့် ဖော်ပြရလျှင် သံချပ်ကာ တိုက်ခိုက်ရေးယာဉ်များ နှင့် စစ်မြေပြင်သုံး တင့်ကားများ၊ [413] လက်နက်ငယ်နှင့် အပေါ့စားလက်နက်များ၊ [414] နှင့် စစ်သင်္ဘောများ၊ [415] တို့ဖြစ်ပါသည်။ လက်မှတ်ထိုးသူများအနေဖြင့် စာချုပ်၏ ဦးတည်ချက် နှင့် ရည်မှန်းချက် ကို ဆန့်ကျင်စေမည့် ပြုမူမှုများမှ ရှောင်ရှားရန် တာဝန်ရှိပြီး ဤအထဲတွင် လူသားများ ခံစားရမှု လျော့ချရန် ရည်ရွယ်ချက်ဖြင့် သမာရိုးကျ လက်နက်များ ကူးသန်းရောင်းဝယ်မှု၏ စည်းမျဉ်းများအား ချမှတ်ရန် နှင့် အားကောင်းလာစေရန် အတွက် အမြင့်မားဆုံး ဖြစ်နိုင်သော ဘုံ နိုင်ငံတကာ စံသတ်မှတ်ချက်များ တည်ထောင်ရန် ဟုပါရှိပါသည်။ ဤသည်ကို အပိုဒ်မ ၆ နှင့် ၇ တွင် တွေ့ရှိရမည်ဖြစ်သည့် ATT ၏ အနှစ်သာရ တာဝန်ရှိမှုများ အဖြစ် အခြေခံကျစွာ ပေါ်လွင်စေခဲ့ခြင်းဖြစ်သည်။ ၎င်းက နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ နှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများအား ပြင်းထန်စွာ ချိုးဖောက်မှုကို ကျူးလွန်ရန် ကြံစည်သူများလက်သို့ ရောက်ရှိ အဆုံးသတ်မသွားစေရေးအတွက် သေချာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ [416] ဤသို့ရှိလျက်နှင့် အစ္စရေးသည် ထိုလက်နက်များကို နိုင်ငံတကာ ဥပဒေကို ချိုးဖောက်သော ပြင်းထန်သည့် ရာဇဝတ်မှုများ ကျူးလွန်ရာတွင် အသုံး ပြုနိုင်သည်ဟု သိရှိမှု ရခဲ့သည့် အချိန် သို့မဟုတ် သိရှိမှု ရနိုင်သည့် အချိန်တွင် ATT မှ တားဆီးထားသော လက်နက်များကို သေသေချာချာ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပါသည်။ ဖိလစ်ပိုင်၏ လွှဲပြောင်းသော နှင့် အလားအလာ မျှော်လင့်သော လက်နက်ငယ်များ သို့မဟုတ် အခြားပစ္စည်းများ ရောင်းချမှု၏ သဘောသဘာဝကိုရင်း၊ ATT တွင် လက်မှတ်လည်း ထိုးမထားသည့် စင်္ကာပူ တွင် အခြေစိုက်သည့် စီးပွားရေးလုပ်ငန်း ၂ ခု ထံမှ မြန်မာနိုင်ငံက ရယူရန် ကြိုးစားနေသော လက်နက်များ သို့မဟုတ် ဆက်စပ်ပစ္စည်းများ၏ သဘောသဘာဝနှင့် ပါတ်သက်၍ ထပ်မံ စုံးစမ်းစစ်ဆေးမှုများ လုပ်ရန် လိုပါလိမ့်မည်။

[413] BTR-4U ဘီးတပ် 8×8 သံချပ်ကာ လူစီးယာဉ်နှင့် MT-LBu မျိုးစုံသုံးစံနစ် အခြေခံ၍ မိမိအားဖြင့် တွန်းကန်သည့် ဟောင်ဝပ်ဇာ 2S1U အမြောက်ထုတ်လုပ်ရန်အတွက်ဖြစ်သော စက်ရုံကို ယူကရိန်း အစိုးရပိုင် Ukrspecexport က ပြုလုပ်ပေးပါသည်။

[414] တပ်မတော်အား ရောင်းချသော ပြိုင်ပွဲဝင် လက်နက်တိုများမှာ ဖိလစ်ပိုင် အခြေစိုက် ပုဂ္ဂလိကပိုင် လက်နက်ထုတ်လုပ်သူ Armscor International က ရောင်းချခြင်းဖြစ်ပါသည်။

[415] အစိုးရပိုင် စီးပွားရေး လုပ်ငန်း အုပ်စုဖြစ်သော Israel Aerospace Industries က တပ်မတော်ရေတပ်ကို တိုက်ခိုက်ရေး စစ်သင်္ဘော ၂ စီး ဖြည့်ဆည်းပေးပါသည်။

[416] စာပိုဒ် ၃၁-၃၂ ကို ကြည့်ပါ။

၁၇၁။ ATT ၏ လက်မှတ်ထိုးထားသူ တစ်ဦးအနေဖြင့် ယူကရိန်းသည်လည်း စာချုပ်၏ ဦးတည်ချက်နှင့် ရည်မှန်းချက်ကို ကျဆုံးစေသည့် ပြုမူမှု သို့မဟုတ် ဖုံးကွယ်မှုတွင် မပါဝင်သင့်ပါ။ "သမာရိုးကျ လက်နက်များကို ဖွဲ့စည်း ပြုလုပ်ရန် စွမ်းဆောင်မှုကို ပေးနိုင်သည့် ပုံစံတွင် ရှိသည့် အစိပ်အပိုင်းများ တင်ပို့မှု" ကိုလည်း ATT က လွှမ်းခြုံထားပါသည်။[417] ဤသို့သိရှိလျက်နှင့် ယူကရိန်း အစိုးရပိုင် Ukrspetsexport နှင့် Ukroboronprom စက်ရုံသည် သမာရိုးကျ လက်နက်များ၊ ဤဖြစ်ရပ်တွင် သံချပ်ကာ လူစီးယာဉ်များနှင့် မိမိတွန်းအားဖြင့် ရုန်းထွက်သော ဟာဝပ်ဇာအမြောက်များကို စုပေါင်းဖွဲ့စည်းတည်ဆောက်နိုင်သည့် စွမ်းရည်ကို ပေးရန် သဘောတူခဲ့ပါသည်။ ဤသည်မှာလည်း ထိုလက်နက်များသည် နိုင်ငံတကာဥပဒေကို ပြင်းထန်စွာ ချိုးဖောက်မှု လုပ်ရပ်များတွင် အသုံးပြုမည်ကို သိရှိခဲ့သော သို့မဟုတ် သိရှိနိုင်ခဲ့သော အချိန်၌ မြန်မာအစိုးရလက်ထဲသို့ ထိုလက်နက်များ ရောက်ရှိသွားလိမ့်မည်ဟူသော အပြုအမူဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ATT အနေဖြင့် အခြားနိုင်ငံတခုတွင် လက်နက်စက်ရုံ တည်ဆောက်ခြင်းကို တိတိကျကျ လွှမ်းခြုံထားမှုမရှိသော်လည်း စာချုပ်ကို ကောင်းမွန် သစ္စာရှိစွာဖြင့် ဘာသာပြန်ဖွင့်ဆိုချက် တရပ် အနေဖြင့် စာချုပ်၏ အပိုဒ် ၆ ကို ရှောင်တိမ်းလိုခြင်းဖြစ်သည့်၊ လက်နက်များ လွှဲပြောင်းခြင်းကို တားမြစ်ခံရနိုင်သည့် ယူကရိန်းအနေဖြင့် လက်နက်စက်ရုံသွားတည်ပေးသည်ဟူသော လှုပ်ရှားမှုမျိုးကိုလည်း ဟန့်တားပိတ်ပင် ရမည်ဖြစ်ပေသည်။ [418] မြန်မာပြည်တွင် လက်နက်စက်ရုံတခု တည်ပေးခြင်းသည် စာချုပ်က တားဆီးမည်ဖြစ်သည့် သမားရိုးကျ စစ်လက်နက်ပစ္စည်းများအား ရေရှည်ဖြစ်သော အရင်းအမြစ်ကို ဖြည့်ဆည်း ပေးခြင်းသာဖြစ်သည်။ ထိုအကြောင်းပြချက်များအရ ATT အပေါ်တွင် ကောင်းမွန်သစ္စာရှိသော ဘာသာပြန်ဖွင့်ဆိုချက် တရပ်မှတဆင့် ယုံကြည်ရသော အခြေခံအကြောင်းများအပေါ် မူတည်၍ မြန်မာနိုင်ငံရှိ Ukrspetsexport and Ukroboronprom လက်နက်စက်ရုံသည် ATT ၏ ဦးတည်ချက်နှင့် ရည်မှန်းချက်ကို ကျဆုံးစေသည်ဟု မစ်ရှင်အနေဖြင့် သုံးသပ်ချက်ချပါသည်။

၁၇၂။ ချိန်ကိုက် အားထုတ်မှုနှင့် လျော့ပါးစေရန် အားထုတ်မှုများကို လွှမ်းခြုံသည့် အပိုဒ် ၇ က အပိုဒ် ၆ အောက်တွင် တားမြစ်မထားသည့် သမားရိုးကျ လက်နက်များ နှင့် ဆက်စပ်ပစ္စည်းများ၏ တင်ပို့မှုအပေါ် အသုံးပြုထားသည်။ အပိုဒ် ၇ အောက်တွင် လက်မှတ်ထိုးထားသူများ အနေဖြင့်၎င်း (စာချုပ်၏ ဦးတည်ချက်နှင့် ရည်မှန်းချက်ကို အနိုင်မယူစေရန် ၎င်းတို့၏ တာဝန်ရှိမှုအရ) နှင့် စာချုပ် အဖွဲ့ဝင်အစိုးရများ (စာချုပ်အောက်တွင် ချည်နှောင်ထားသည့် ၎င်းတို့ တာဝန်ရှိမှုများ အရ) အားလုံးမပါနိုင်လျှင်တောင်မှ ပို့ကုန်များသည် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်မည် သို့မဟုတ် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေ တို့အပေါ် ပြင်းထန်စွာ ချိုးဖောက်မှုများကို ကျူးလွန်ရန် သို့မဟုတ် အကျိုးဆောင်ရန် အတွက် အသုံးပြုမည် အစရှိသည့် ဖြစ်နိုင်ချေ အလားအလာများ ရှိမရှိကို အကဲဖြတ် ဆန်းစစ်ရမည်။ တင်ပို့မှုပြုသော

[417] လက်နက်ကူးသန်းရောင်းဝယ်ရေး စာချုပ် (https://thearmstradetreaty.org/treaty-status.html?templateId=209883#) အပိုဒ်၄

[418] နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ နှင့် လူ့အခွင့်အရေး ဂျီနီဗာ အကယ်ဒမီ၏ လက်နက်ကူးသန်းရောင်းဝယ်ရေး စာချုပ် (၂၀၁၃) တွင် ကြည့်ပါ။ ဇွန် ၂၀၁၃၊ စာမျက်နှာ ၂၁ (https://www.geneva-academy.ch/joomlatools-files/docman-files/Publications/Academy%20Briefings/ATT%20Briefing%203%20web.pdf)

လက်မှတ်ထိုးထားသည့် သို့မဟုတ် အဖွဲ့ဝင်ဖြစ်သည့် နိုင်ငံအနေဖြင့် ထိုအန္တရာယ်များကို လျော့နည်းစေရန် လုပ်ဆောင်နိုင်မည့် နည်းလမ်းများ ရှိမရှိ ကို စဉ်းစားရမည်ဖြစ်ပြီး အကယ်၍ ထိုဖြစ်နေသော မည်သည့် ဆိုးကျိုးကိုမဆို လွှမ်းမိုးသွားသည့် အန္တရာယ် တခုပေါ်လာလျှင် တင်ပို့မှုကို ခွင့်မပြုသင့်ပေ။ မြန်မာပြည်အခြေအနေတွင် အကုန်လုံး ဖြစ်ပွားနေသည့် လိင်စိတ်ဝိသေသလက္ခဏာ ကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုကို ပြင်းထန်စွာ ပြုမူချက်များ သို့မဟုတ် အမျိုးသမီးများနှင့် ကလေးများအပေါ် အကြမ်းဖက်ခြင်းကို ပြင်းထန်စွာ ပြုမူချက်များအား ကျူးလွန်ရန် သို့မဟုတ် အကျိုးဆောင်ရန် အသုံးပြုနိုင်သည့် အန္တရာယ်ကိုလည်း ခွင့်ပြုစာရင်းတွင် ပါသော တင်ပို့မှုတခုကို တင်ပို့သော နိုင်ငံများ၏ အကဲဖြတ် ဆန်းစစ်မှုထဲတွင် ထည့်သွင်းစဉ်းစားရမည်။

၁၇၃။ သမားရိုးကျလက်နက်များကို အစ္စရေးနှင့် ယူကရိန်းက လွှဲပြောင်းခြင်း သို့မဟုတ် စုပေါင်းဖွဲ့စည်းတပ်ဆင်နိုင်စေခြင်း ကို မပြုလုပ်သင့်ဟု မစ်ရှင်မှ တွေ့ရှိပြီးနောက်တွင် အပိုဒ် ၇ အောက်၌ အစ္စရေးနှင့် ယူကရိန်းသည် ထိရောက်သော ဆန်းစစ်မှုကို လုပ်မလုပ် သုံးသပ်ရန် မစ်ရှင်အနေဖြင့် မလိုအပ်တော့ပါ။ မည်သို့ပင်ဆိုစေ လွှမ်းမိုးသွားသော အန္တရာယ် တခု တည်ရှိခြင်းနှင့် ထိုတိုးလာသော အကြောင်းပြချက်ကြောင့် ထိုပစ္စည်းများကို မတင်ပို့သင့်ပါ။

၁၇၄။ နိုင်ငံများအနေဖြင့် လက်နက်များ လွှဲပြောင်းမှုအပေါ် စည်းမျဉ်းများ ချမှတ်လိုက်နာရန် တာဝန်ရှိမှုများအပြင် တပ်မတော်၏ စက်ဆုတ်ရွံရှာဖွယ်ဖြစ်သော လူ့အခွင့်အရေးမှတ်တမ်း အပေါ် ကျယ်ပြန့်စွာ သိရှိထားမှုကြောင့် တရုတ်၊ ကိုးရီးယား ဒီမိုကရက်တစ် ပြည်သူ့သမတ နိုင်ငံ၊ အစ္စရေး၊ ရုရှ နှင့် ယူကရိန်းရှိ လက်နက် လွှဲပြောင်းရေး စီးပွားရေးလုပ်ငန်းများသည် လက်နက်လွှဲပြောင်းမှုကို ခွင့်မပြုသင့်ပါ။ မစ်ရှင်အနေဖြင့် ထိုစီးပွားရေးလုပ်ငန်းများသည် လူ့အခွင့်အရေးကို လေးစားရန် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ တာဝန်ရှိမှု နှင့် အညီ ဆက်စပ်သက်ဆိုင်သော နိုင်ငံတကာ လူ့အခွင့်အရေး အခြေခံမှုများကို ထိရောက်စွာ အသုံးပြုသင့်ကြောင်း သတိပေးလိုပါသည်။ လက်နက်များနှင့် နှစ်မျိုးသုံးနိုင်သော ပစ္စည်းများ (အောက်ပါ စာပိုဒ် ၁၇၅-၁၇၆ တွင်ကြည့်ပါ။) ရောင်းဝယ်မှုနှင့် ပတ်သက်နေသော စီးပွားရေးလုပ်ငန်းများသည် တားဆီးမည့် သို့မဟုတ် လျော့နည်းစေမည့် နည်းနာများ (ပစ္စည်းကိရိယာများကို မည်သို့၊ မည်သည့်နေရာတွင်သာ သုံးစွဲရမည်ဟူသော ကန့်သတ်ချက်များ) မည်သို့ထားရှိမည်ကို ဆုံးဖြတ်နိုင်ရန်အတွက် လူ့အခွင့်အရေးဆိုင်ရာ ချိန်ကိုက် အားထုတ်မှုကို လုပ်ဆောင်သင့်ပြီး မလိုက်နာနိုင်ပါက ရောင်းချမှုကို ငြင်းဆိုသင့်သည်။ ပါတ်ဝန်းကျင် အခြေအနေများ အားလုံးထည့်သွင်းပြီး စဉ်းစားကြည့်ပါက အိန္ဒိယ နှင့် ဖိလစ်ပိုင်သည်လည်း တပ်မတော်ကို လက်နက်များနှင့် အခြားဆက်စပ်ပစ္စည်းများကို လွှဲပြောင်းမပေးသင့်ဟု မစ်ရှင်မှ အမြင်ရရှိပါသည်။ စင်္ကာပူ တွင် အခြေစိုက်သည့် စီးပွားရေးလုပ်ငန်း ၂ ခု ထံမှ မြန်မာနိုင်ငံက ရယူရန် ကြိုးစားနေသော လက်နက်များ သို့မဟုတ် ဆက်စပ်ပစ္စည်းများ၏ သဘောသဘာဝနှင့် ပါတ်သက်၍လည်း ထပ်မံ စုံစမ်းစစ်ဆေးမှုများ လုပ်ရန် လိုပါလိမ့်မည်။

၁၇၅။ ၂၀၁၆ ခုနှစ်မှစ၍ တပ်မတော်အနေဖြင့် သတင်းနှင့် ဆက်သွယ်ရေး အတတ်ပညာကို အနည်းဆုံး နိုင်ငံခြား ကုမ္ပဏီ ၇ ခုမှ ရယူရန် ကြိုးစားခဲ့ပါသည်။ ထို့အပြင် စစ်ရေးဆိုင်ရာ

နည်းပညာများနှင့် ပစ္စည်းကိရိယာများ တင်ပို့မှုအပေါ် ဥရောပသမဂ္ဂ၏ ထိန်းချုပ်မှု တရပ်အနေဖြင့်[419] လက်ခံသော နိုင်ငံများတွင် နှစ်မျိုးအသုံးပြုနိုင်သော ပစ္စည်းများနှင့် နည်းပညာများကို လက်ခံသူသည် လက်နက်ကိုင် တပ်ဖွဲ့များ သို့မဟုတ် ပြည်တွင်း လုံခြုံရေးတပ်ဖွဲ့များ သို့မဟုတ် အလားတူအုပ်စုများ ဖြစ်သည်ဟု ယုံကြည်ဖွယ်ရာ လေးနက်သော အခြေအနေများရှိပါက ပို့ကုန်ထိန်းချုပ်ရေး ရည်ရွယ်ချက်များအတွက် ထိုသို့သော ပစ္စည်းမျိုးကို စစ်ဖက်ဆိုင်ရာ နည်းပညာ သို့မဟုတ် ပစ္စည်းကိရိယာ အနေဖြင့် စဉ်းစားကြောင်း ဥရောပသမဂ္ဂ၏ ဘုံရပ်တည်ချက်က ရှင်းလင်းစွာ ပြုလုပ်ထားပါသည်။ [420] မြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဘတ်ဂျက်ထဲတွင် ဖော်ထုတ်ထားသည့် ကုမ္ပဏီများမှ သတင်းနှင့် ဆက်သွယ်ရေး နည်းအတတ်ပညာများ ရယူရန် ထည့်ထားခြင်းသည် ပစ္စည်းနှင့် နည်းအတတ်ပညာများကို လက်ခံသူနှင့် နောက်ဆုံးအသုံးပြုသူသည် တပ်မတော်သာ ဖြစ်လိမ့်မည်။ တပ်မတော်၏ ဘတ်ဂျက်တွင် ဖော်ပြထားသော ထိုသို့ ပစ္စည်းများနှင့် နည်းအတတ်ပညာများအတွက် အလားအလာရှိသော အရင်းအမြစ်များအဖြစ် စာရင်းပြထားသည့် သြစတီးယားနှင့် ဗြိတိသျှနိုင်ငံတို့သည်လည်း ဥရောပ သမဂ္ဂ၏ ပို့ကုန်ထိန်းချုပ်မှု စည်းမျဉ်းထဲတွင် ကျရောက်နေပါသည်။

၁၇၆။ ထို့အပြင် နှစ်မျိုးအသုံးပြုနိုင်သော ပစ္စည်းများနှင့် နည်းပညာများအပေါ် ဝက်စင်းနား သဘောတူညီချက်အရ ပို့ကုန် ထိန်းချုပ်မှုစာရင်းတွင် ပါဝင်သည့် သတင်းလုံခြုံမှု နည်းပညာ၊ ပစ်မှတ်ရှာမီးခြင်း၊ ပုံဖော်ခြင်း၊ အကွာအဝေး ရှာဖွေခြင်း၊ စောင့်ကြည့်ခြင်း သို့မဟုတ် ခြေရာခံခြင်းစနစ်များ၊ ကင်မရာများ နှင့် အပျော့ထည်များ အစရှိသည်တို့အားလုံးမှာ ၂၀၁၆ ခုနှစ်ကစ၍ ကာကွယ်ရေးဝန်ကြီးဌာန ဘတ်ဂျက်အောက်မှ တပ်မတော်က ရယူနေပုံရသည်။ [421] ဝက်စင်းနား သဘောတူညီချက်တွက် ပါဝင်နေသော နိုင်ငံများအားလုံး သည် ၎င်း၏ နှစ်မျိုးသုံးနိုင်သော ပစ္စည်းများနှင့် နည်းပညာများ စာရင်းရှိ အရာအားလုံးအပေါ်တွင် ပို့ကုန်ထိန်းချုပ်မှုလုပ်ရန် မျှော်လင့်ခံထားရပါသည်။[422]သြစတီးယား၊ ကနေဒါ၊ ဂျပန်၊ နော်ဝေး၊ တောင်အာဖရိက နှင့် ဗြိတိသျှ နိုင်ငံတို့သည် ဝက်စင်းနား သဘောတူညီချက်တွင် ပါဝင်နေသော နိုင်ငံများ ဖြစ်ကြသည်။

ရုပ်ပုံ ၃။ တပ်မတော်သို့ လက်နက်နှင့် စစ်ရေးဆိုင်ရာ ပစ္စည်းကိရိယာ တင်သွင်းသူများ

[419] ဥရောပ သမဂ္ဂ ကောင်စီ၏ ဘုံ ရပ်တည်ချက်၊ 2008/944/CFSP (၈ ရက်နေ့ ဒီဇင်ဘာ ၂၀၀၈ ခုနှစ်) စစ်ဖက်ဆိုင်ရာ နည်းပညာနှင့် ပစ္စည်းကရိယာများ တင်ပို့မှု ထိန်းချုပ်ခြင်းအား စီမံမည့် ဘုံစည်းမျဉ်းအား သတ်မှတ် ဖော်ထုတ်ခြင်း၊

[420] အပိုဒ် ၆။ ဥရောပ သမဂ္ဂ ကောင်စီ၏ ဘုံ ရပ်တည်ချက်၊ 2008/944/CFSP (၈ ရက်နေ့ ဒီဇင်ဘာ ၂၀၀၈ ခုနှစ်) စစ်ဖက်ဆိုင်ရာ နည်းပညာနှင့် ပစ္စည်းကရိယာများ တင်ပို့မှု ထိန်းချုပ်ခြင်းအား စီမံမည့် ဘုံစည်းမျဉ်းအား သတ်မှတ် ဖော်ထုတ်ခြင်း၊

[421] ဝက်စင်းနား စီစဉ်မှု၊ "နှစ်မျိုးသုံး ပစ္စည်းများနှင့် နည်းအတတ်ပညာများအပေါ် စာရင်း နှင့် ကျည်စာရင်း" ဒီဇင်ဘာ ၂၀၁၈ ခုနှစ်။

[422] ဝက်စင်းနား စီစဉ်မှု၊ "နှစ်မျိုးသုံး ပစ္စည်းများနှင့် နည်းအတတ်ပညာများအပေါ် စာရင်း နှင့် ကျည်စာရင်း" ဒီဇင်ဘာ ၂၀၁၈ ခုနှစ်။

ENTERPRISES AND STATES THAT TRANSFER CONVENTIONAL ARMS AND RELATED ITEMS TO THE TATMADAW




*The boundaries and names shown and designations used on this map do not imply official endorsement or acceptance by the United Nations or the Independent International Fact-Finding Mission on Myanmar.*

## ၆။ နိဂုံးချုပ်ချက်များနှင့် အကြံပြုချက်များ

၁၇၇။ ၂၀၁၈ ခုနှစ် မစ်ရှင်၏ အစီရင်ခံစာတွင် မစ်ရှင်၏ မှတ်တမ်းတင်ချက်များအရ ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်များတွင် ချိုးဖောက်မှုများနှင့် ရာဇဝတ်မှုများ၏ အများစုကို ကျူးလွန်သူမှာ တပ်မတော်နှင့် ၎င်း၏ အုပ်ချုပ်မှုအောက်ရှိ တပ်ဖွဲ့များ ဖြစ်ကြောင်း မစ်ရှင်မှ တွေ့ရှိခဲ့ပါသည်။[423] မစ်ရှင်အနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍများတွင် စစ်တပ်၏ အခွင့်ထူးခံနေမှုများ ဖယ်ရှားခြင်း အပါအဝင် တပ်မတော်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များ၏ နေရာ၊ အခန်းကဏ္ဍနှင့် အာဏာကို နိုင်ငံရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေပြုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်တရပ်ဖြင့် အသွင်ကူးပြောင်းရန် အကြံပြုခဲ့ပါသည်။[424]

၁၇၈။ ဤ တပ်မတော်၏ စီးပွားရေးအကျိုးစီးပွား အစီရင်ခံစာက တပ်မတော်အနေဖြင့် စစ်တပ်နှင့် ချိတ်ဆက်သော ကုမ္ပဏီများ၊ လက်အောက်ခံ လုပ်ငန်းခွဲများမှတဆင့် အစိုးရပိုင် လုပ်ငန်းစုများနှင့် ပုဂ္ဂလိက ခရိုနီကုမ္ပဏီများနှင့် ဆက်ဆံရေး ထူထောင်ပြီး ၎င်း၏ လုပ်ဆောင်မှုများနှင့် လုပုဂ္ဂိုလ်များအား ထောက်ပံ့ရန် ဘဏ္ဍာရေး အရင်းအမြစ် လုံခြုံသေချာစေရန်အတွက် ၎င်း၏

[423] A/HRC/39/CRP.2, အပိုဒ် ၁၅၅၄
[424] A/HRC/39/CRP.2, အပိုဒ် ၁၆၃၁

ကူးသန်းရောင်းဝယ်ရေး အကျိုးစီးပွား ကွန်ရက်ကို မည်သို့မည်ပုံ အသုံးချသည်ကို ဖေါ်ပြရင်း မစ်ရှင်၏ အကြံပြုချက်များ မှန်ကန်ကြောင်း သက်သေပြထားပါသည်။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် တပ်မတော် အနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု နှင့် ကြီးကြပ်ခံရမှုမှ ၎င်းကိုယ်၎င်း သီးခြားဖြစ်စေပါသည်။ တပ်မတော် အနေဖြင့် စစ်ရေးဘတ်ဂျက်အပေါ် အရပ်သားကြီးကြပ်ထိန်းကွပ်မှုကြောင့် ပုံမှန်ရလေ့ရှိသော တာဝန်ယူတာဝန်ခံမှုနှင့် ကြီးကြပ်မှုတို့ကို ၎င်း၏ ကိုယ်ပိုင်စီးပွားရေး အင်ပါယာကို ထိန်းချုပ်ထားခြင်းအားဖြင့် ရှောင်ထွက်သွားနိုင်ခြင်းဖြစ်သည်။

၁၇၉ ။ ထို့အပြင် ဤအစီရင်ခံစာ အနေဖြင့် တပ်မတော်၏ လူ့အခွင့်အရေးနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေ ချိုးဖောက်မှုများ ပံ့ပိုးကူညီသည့် သို့မဟုတ် ချိုးဖောက်မှုများမှ အကျိုးအမြတ်ရသည့် နေရာတွင် ပါဝင်ကြသော အခြား စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကို စတင်၍ ထင်ရှားပေါ်လွင်လာစေပါသည်။ တပ်မတော်နှင့် ဖက်စပ်လုပ်ငန်းများ၊ အခြား ကုန်သွယ်ရေး ဆက်ဆံမှုရှိသည့် နိုင်ငံခြား ကုမ္ပဏီများ၊ တပ်မတော်၏ စစ်ဆင်ရေးများအတွက် မြန်မာစီးပွားရေးသမား အလှူရှင်များ နှင့် လက်နက်ထောက်ပံ့သူများသည် တပ်မတော်၏ ပြုမူမှုတွင် ကိစ္စဖြစ်ရပ်တချို့၌ ဥပဒေကြောင်းအရ ပါဝင်ပတ်သက်မှု မြောက်နေပြီး ဖြစ်ရပ်ကိစ္စအားလုံးတွင်မူ တပ်မတော်၏ လုပ်ဆောင်မှုများကို နည်းနာအရ လက်ခံခြင်းနှင့် အတည်ပြုခြင်းတို့ကြောင့် ကြံရာပါများ ဖြစ်နေပါသည်။ ဤနိဂုံးချုပ်ချက်ကို တပ်မတော်၏ လူမဆန်၊ ခွဲခြားဆက်ဆံသော မူဝါဒများကို အဓိက အကောင်အထည်ဖေါ်ရာတွင်လည်းကောင်း၊ တခုလုံး အတိုင်းအတာအရ အစိုးရ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပြန်လည်တည်ဆောက်ရေး ဟန်ဆောင်မှုအောက်တွင်လည်းကောင်း၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများက ကူညီပေးခဲ့သည့် ရခိုင်မြောက်ပိုင်းတွင် သတိထားမိဆုံးဖြစ်စေပါသည်။

၁၈၀။ ယုံကြည်နိုင်လောက်သည့် အခြေခံအနေများအရ ဤအစီရင်ခံစာတွင် မစ်ရှင်က နိဂုံးချုပ်သည်မှာ -

(က) တပ်မတော်၏ စီးပွားရေး လုပ်ငန်းအုပ်စုကြီး ၂ ခုဖြစ်သော မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင် လီမိတက် (MEHL) နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) တို့ကို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ နှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ တို့အား ဆိုးဝါးကြမ်းတမ်းစွာ ချိုးဖောက်ခဲ့သော တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့ အပါအဝင် တပ်မတော် ထိပ်တန်း ခေါင်းဆောင်များက ပိုင်ဆိုင် ချုပ်ကိုင် ထားသည်။ ကွဲပြားခြားနားသော စီးပွားရေး ကဏ္ဍ မြောက်မြားစွာတို့တွင် MEHL နှင့် MEC တို့မှ ပိုင်ဆိုင်သော စီးပွားရေး လုပ်ငန်း ၁၂၀ ခု - ဆောက်လုပ်ရေး နှင့် ကျောက်မျက်တူးဖော်ရေး မှ စပြီး ကုန်ထုတ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းအထိ- နှင့် ကော်ပိုရေးရှင်း ပုံစံဖြင့် MEHL နှင့် MEC တို့ဖြင့် နီးစပ်စွာ ဆက်စပ်မှုရှိသော နောက်ထပ် စီးပွားရေးလုပ်ငန်း ၂၇ ခု တို့ကို မစ်ရှင်မှ ဖေါ်ထုတ်နိုင်ခဲ့ပါသည်။ ထို စစ်တပ်စီးပွားရေး လုပ်ငန်းများမှ ရရှိသော ဘဏ္ဍာငွေက ရွေးချယ်ခံ အရပ်သားများ၏ ကြီးကြပ်မှုမှ ကင်းလွတ်စေကာ နိုင်ငံတကာ လူ့အခွင့်အရေး နှင့် လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ရှိနေသည့် တပ်မတော်၏ စစ်ဆင်ရေးများကို ဘဏ္ဍာရေးထောက်ပံ့မှုအား ဖြစ်စေပါသည်။

"ခရိုနီ ကုမ္ပဏီများ" ဟု လူသိများသော မြန်မာ့ ပုဂ္ဂလိက ကုမ္ပဏီများ၊ စီးပွားရေး လုပ်ငန်းအုပ်စုကြီးများနှင့် တပ်မတော်၊ တပ်မတော်၏ စီးပွားရေးလုပ်ငန်းစု အုပ်စုကြီးများ ဖြစ်သည့် MHEL နှင့် MEC တို့ အကြား အားကောင်း၍ ခိုင်မြဲသော စီးပွားရေး နှင့် မိသားစု ဆိုင်ရာ ချိတ်ဆက်မှုများ ရှိနေပါသည်။

(ခ) မိုင်းတွင်း ဒေသများ အထူးသဖြင့် ကချင်ပြည်နယ်တွင် ၎င်းတို့၏ စီးပွားရေး လှုပ်ရှားမှုများနှင့် ပါတ်သက်ပြီး အဓမ္မလုပ်အား ခိုင်းစေခြင်း နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ အပါအဝင် လူ့အခွင့်အရေးနှင့် နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေတို့ အပေါ် ချိုးဖောက်မှုများကို တပ်မတော်မှ ကျူးလွန်ခဲ့ပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ MEHL ၊ MEC နှင့် ဖေါ်ထုတ်သိရှိထားသော ၎င်းတို့၏ လက်အောက်ခံ စီးပွားရေး လုပ်ငန်းခွဲ ၂၆ ခု မှ ကျောက်စိမ်းနှင့် ပတ္တမြား တူးဖော်ခွင့် လိုင်စင် အမြောက်အမြားကို ရရှိထားပါသည်။

(ဂ) ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် စတင်ခဲ့သည့် ရခိုင်ပြည် မြောက်ပိုင်းရှိ ရိုဟင်ဂျာတို့ အပေါ် စစ်တပ်၏ "ရှင်းလင်းရေး စစ်ဆင်ရေးများ" ကို အထောက်အကူပြုရန် ၂၀၁၇ ခုနှစ် စက်တင်ဘာလက တပ်မတော် ထိပ်တန်း ခေါင်းဆောင်များက ကောက်ခံ၍ ရခဲ့သော အလှူငွေထဲတွင် ကုမ္ပဏီနှင့် အဖွဲ့အစည်း အနည်းဆုံး ၄၅ ဖွဲ့က လှူဒါန်းငွေ အမေရိကန် ဒေါ်လာ ၁၀.၂ သန်း ပါဝင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၌ ရိုဟင်ဂျာများ ပါဝင်သည့် အထောက်အထား ဖျောက်ဖျက်ရန် နှင့် ၎င်းတို့၏ ဇာတိမြေနှင့် လူထုအသိုင်းအဝန်းထံသို့ ၎င်းတို့ ပြန်လာနိုင်ရေးကို တားဆီးရန်တို့အတွက် နည်းလမ်းတခုအနေဖြင့် ဒေသကို ပုံစံအသစ် ပြန်လည် ဖေါ်ဆောင်ရန် ဟူသော တပ်မတော်၏ ဦးတည်ချက်ကို ဖြည့်ဆည်းပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား တပ်မတော်နှင့် ခိုင်ခိုင်မြဲမြဲ ချိတ်ဆက်မှုရှိသည့် ပုဂ္ဂလိက ကုမ္ပဏီများက ငွေကြေးပံ့ပိုးလျက် ရှိကြောင်း မစ်ရှင်မှ တွေ့ရှိခဲ့သည်။ လူသားချင်း စာနာမှု အကူအညီ ထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD) အောက်တွင် အကောင်အထည်ဖေါ်သော ဤစီမံချက်များသည် စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု နှင့် လူမျိုးတုန်း သတ်ဖြတ်မှု ဆောင်ရွက်ချက်များ၏ နောက်ဆက်တွဲ အကျိုးဆက်များကို တပေါင်းတစည်း တည်း ထုတ်ဖေါ်ပြသပါသည်။ [425] ဤတွေ့ရှိချက်များကို အခြေခံ၍ "လူသားမဆန်သော ပြုမူချက်များ" ဖြစ်သည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် နှိပ်ကွပ်ညှဥ်းပန်းမှု အပါအဝင် နိုင်ငံတကာ ဥပဒေအောက်တွင် ကျူးလွန်သည့် ရာဇဝတ်မှုများအား သိသာထင်ရှားစွာ၊ တိုက်ရိုက် ပံ့ပိုးမှု ပြုလုပ်ခဲ့နိုင်သော ပုဂ္ဂလိက ကုမ္ပဏီများနှင့် အရာရှိများအား စုံစမ်းစစ်ဆေးရန် မစ်ရှင်မှ ဖေါ်ထုတ်ခဲ့ပါသည်။

(ဃ) နိုင်ငံခြား ကုမ္ပဏီပေါင်း ၁၅ ခု က တပ်မတော်၏ စီးပွားရေးလုပ်ငန်းများနှင့် ဖက်စပ်လုပ်ငန်းများ ရှိပြီး နောက်ထပ် နိုင်ငံခြား ကုမ္ပဏီပေါင်း အနည်းဆုံး ၄၄ ခုက အခြားသော ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ချည်နှောင်မှုများ ရှိကြသည်။ ထိုကဲ့သို့သော ဖက်စပ်လုပ်ငန်းများနှင့် ကုန်သွယ်မှု ဆက်ဆံမှုများမှ

[425] Jennifer Balint, Kristian Lasslett နှင့် Kate Macdonald တို့၏ ""ပဋိပက္ခလွန်" ပြန်လည်တည်ဆောက်ရေး၊ အာဏာကြီးသူများ၏ ရာဇဝတ်မှုများနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု " State Crime Journal, Vol. 6, No. 1, (Spring 2017), စာမျက်နှာ ၄ မှ ၁၂ အထိ၊ အလားတူကြည့်ပါ။ Loewenstein, A. (2017) ၏ ဘေးအန္တရာယ် အရင်းရှင်ဝါဒ - ကပ်ဆိုးထဲမှ သတ်ဖြတ်မှုကို လုပ်ဆောင်ခြင်း" New York: Verso.

တဆင့် တပ်မတော်နှင့် ၎င်း၏ စီးပွားရေး လုပ်ငန်းစုကြီးများ ဖြစ်သော MHEL နှင့် MEC တို့နှင့် ပတ်သက်သော မည်သည့် ပြည်ပ စီးပွားရေး လုပ်ငန်းမဆို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေတို့အား ချိုးဖောက်မှုများတို့အပေါ် ပံ့ပိုးဖြည့်ဆည်းပေးရာ သို့မဟုတ် ချိတ်ဆက်မှု အပြုခံရဖွယ်ရာ မြင့်မားသော အန္တရာယ် တစ်ခု ရှိသည်ဟု မစ်ရှင်က တွေ့ရှိပါသည်။ အနည်းဆုံးအနေဖြင့် ထိုပြည်ပ ကုမ္ပဏီများသည် တပ်မတော်၏ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်ကို ထောက်ပံ့ပေးပါသည်။

(c) တပ်မတော်၏ ဆိုးရွားသော လူ့အခွင့်အရေး မှတ်တမ်းကို ကျယ်ကျယ်ပြန့်ပြန့် နှင့် လူသိရှင်ကြား ဖြစ်စေခဲ့သော ၂၀၁၆ ခုနှစ် မှ စ၍ နိုင်ငံ ၇ နိုင်ငံမှ ပြည်ပ ကုမ္ပဏီ အနည်းဆုံး ၁၄ ခုက တပ်မတော်အား လက်နက်များနှင့် ဆက်စပ် ကိရိယာများကို ပံ့ပိုးပေးခဲ့ပါသည်။ ထို့အပြင် ထို လက်နက်နှင့် ဆက်စပ် ကိရိယာများ၏ အမျိုးအစားများစွာကို တပ်မတော် က နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ နှင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေ တို့အား ဆိုးရွားစွာ ချိုးဖောက်ရာတွင် အသုံးပြုနေကြောင်း အများသိ မှတ်တမ်းများက ရှင်းရှင်းလင်းလင်း ဖော်ပြထားခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်၍ ဤ ကုမ္ပဏီများနှင့် နိုင်ငံများသည် ၎င်းတို့၏ လက်နက်များ လွှဲပြောင်းပေးမှုကြောင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေ အပေါ်တွင် တိုက်ရိုက်နှင့် ကျိုးကြောင်းရှိစွာ ခန့်မှန်းနိုင်သော သက်ရောက်မှု ရှိကြောင်း သိပြီးသား သို့မဟုတ် သိသင့်ပြီးသား ဖြစ်သည်။ မစ်ရှင်က ဖော်ထုတ်ခဲ့သော လက်နက် ထောက်ပံ့ပေးသူများအနက် ကုမ္ပဏီ ၁၂ ခုမှာ နိုင်ငံပိုင် လုပ်ငန်းများ ဖြစ်ကြသည်။

၂၀၁၆ ခုနှစ်မှ စ၍ တပ်မတော်က နှစ်မျိုးသုံးနိုင်သော ပစ္စည်းများနှင့် အတတ်ပညာများ ရယူရန် ကြိုးစားခဲ့သော ပြည်ပ ပုဂ္ဂလိက ကုမ္ပဏီ ၇ ခု နှင့် ပတ်သက်၍ ခိုင်လုံသော အချက်အလက်များကို အလားတူ ရရှိခဲ့ပါသည်။ ဤ နည်းပညာထဲတွင် ဆက်သွယ်ရေး ဝန်ဆောင်မှုများ၊ တိတိကျကျ ခြေရာခံစနစ်များ၊ လူမပါသော လေကြောင်းအသုံးပြု ယာဉ်များ၊ အင်တာနက်နှင့် အချက်အလက် ထုတ်လွှင့်နိုင်သော နည်းပညာများ ပါဝင်ပါသည်။ [426]

၁၈၁။ အထက်တွင် ဖော်ပြခဲ့သော နိုင်ငံအစိုးရများနှင့် ကုမ္ပဏီများကို ဤ အစီရင်ခံစာ၏ နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။

၁၈၂။ မြန်မာ့စီးပွားရေးမှ တပ်မတော်အား ဖယ်ရှားနိုင်ရေးအတွက် စင်ပြိုင်ချဉ်းကပ်မှု ၂ ခု လိုအပ်ပါလိမ့်မည်။ ပထမ တစ်ခုမှာ အနုတ်လက္ခဏာ ဆောင်ပြီး တပ်မတော်နှင့် ဆက်စပ်နေသော ကုမ္ပဏီများအား စီးပွားရေးအရ အထီးကျန်စေခြင်း နှင့် ဆက်ဆံမှုမပြုခြင်း လုပ်ရန် လိုအပ်မည်။ ဤထဲတွင် မစ်ရှင်၏ ရှာဖွေတွေ့ရှိချက်များမှ ထောက်ပြခဲ့သော အထက်၌ ရှင်းပြခဲ့သည့် စီးပွားရေး အကျိုးစီးပွားများ ပါဝင်ပါသည်။ ဒုတိယ ချဉ်းကပ်မှုမှာ အပေါင်းလက္ခဏာဆောင်ပြီး မြန်မာပြည်ရှိ တပ်မတော် နှင့် မသက်ဆိုင်သော ကုမ္ပဏီများနှင့် စီးပွားရေးချည်နှောင် ထိတွေ့မှုများ မြှင့်တင်ခြင်းကို ဗဟိုပြု၍ တပ်မတော် မဟုတ်သော စီးပွားရေးကဏ္ဍအား တည်ဆောက်အားကောင်းစေသည့် နည်းလမ်းဖြစ်သည်။

---

[426] နောက်ဆက်တွဲ ဖော်ပြချက် ၆ တွင် ပါဝင်ပါသည်။ တပ်မတော်သို့ လက်နက်နှင့် စစ်ဖက်ဆိုင်ရာ ကရိယာ တင်သွင်းထောက်ပံ့သူများ

၁၈၃။ ဤစင်ပြိုင် ချဉ်းကပ်မှု ၂ ခုစလုံးကို အကောင်အထည်ဖော်ခြင်းသည် တပ်မတော်၏ စီးပွားရေး အခြေခံကို လှိုက်စားတိုက်ဖျက်ပါလိမ့်မည်။ ဤသည်က မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကို ပိတ်ဆို့နေသော တပ်မတော်၏ စွမ်းပကားကို ဖြတ်တောက်ပေးလိမ့်မည်ဖြစ်ပြီး ၎င်း၏ စစ်ဆင်ရေးများ ဖော်ဆောင်ရန် စွမ်းပကားကိုလည်း ယိုယွင်းစေမည်ဖြစ်ကာ လူ့အခွင့်အရေးနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကို ချိုးဖောက်နေမှုများ အပေါ်တွင်လည်း ကျဆင်းမှု တရပ်ကို ပံ့ပိုးပေးမည်ဖြစ်သည်။ နောက်ဆုံးတွင် တပ်မတော်အနေဖြင့် ၎င်း၏ လုပ်ဆောင်မှုများအတွက် အနည်းဆုံး စီးပွားရေးအရ ခံစားရန် သေချာစေလိမ့်မည် ဖြစ်ပြီး ဤချဉ်းကပ်မှုသည် ရေတို တာဝန်ယူမှု တာဝန်ခံမှု ပုံစံတခုအဖြစ် လုပ်ဆောင်ပေးမည်။

၁၈၄။ တပြိုင်တည်းမှာပင် ဤ ချဉ်းကပ်မှု ၂ ခုလုံးကို စင်ပြိုင် လုပ်ဆောင်ခြင်းဖြင့် မြန်မာ ပြည်သူလူထုအတွက် ကြီးမားသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အပြင် သာတူညီမျှမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို ပံ့ပိုးထောက်ကူပြုခြင်း၊ သဘာဝအရင်းအမြစ် ကဏ္ဍ အပါအဝင် ဆက်လက်ဖြစ်ပေါ်နေသော မြန်မာ့ စီးပွားရေး၏ ဖြေလျှော့ပေးမှုကို တာဝန်ခံတာဝန်ယူသော နည်းလမ်းတရပ်အတွင်းမှ တိုက်တွန်းအားပေးခြင်း၊တို့ကို အထောက်အကူပြု ကူညီလိမ့်မည်။

၁၈၅။ ဤ အဆုံးသတ်တွင် မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၊ သက်ဆိုင်ရာ ဒေသတွင်း၊ နိုင်ငံတကာနှင့် အစိုးရများအကြား နိုင်ငံတကာ အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတကာ ငွေကြေးရံပုံငွေ အဖွဲ့အစည်းများ နှင့် ကုလသမဂ္ဂ၊ ယင်း၏ ရံပုံငွေအဖွဲ့များ၊ လုပ်ငန်းအစီအစဉ် အဖွဲ့များ နှင့် အေဂျင်စီများ အတွက် လမ်းပြမြေပုံ တရပ်ကို အောက်ပါ အကြံပြုချက်များဖြင့် ခင်းကျင်းဖော်ပြလိုက်ပါသည်။

၁၈၆။ မြန်မာနိုင်ငံ အစိုးရသို့။ ။

က။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်း အပါအဝင် လိုအပ်သော ဥပဒေများနှင့် မူဝါဒများကို အတည်ပြုခြင်းမှ တဆင့် တပ်မတော်အား အရပ်ဘက် ထိန်းချုပ်မှုနှင့် ကြီးကြပ်မှု အောက်သို့ လုံးဝထားရှိစေရန်။

ခ။ တပ်မတော်အား ပြီးပြည့်စုံစွာ ပြန်လည်ဖွဲ့စည်းခြင်းနှင့် အရပ်ဘက်မှ တပ်မတော် အပေါ် ထိန်းချုပ်မှုကို သေချာစေသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက်တရပ် နောက်တွင် တပ်မတော် ရံပုံငွေအားလုံးကို လွှတ်တော်၏ အတည်ပြုမှု ရယူရန် နှင့် လွှတ်တော်၏ ထိန်းချုပ်မှု အောက်တွင် မရှိသော တပ်မတော်အတွက် မည်သည့်ဝင်ငွေမဆို တားမြစ်ရန်။ ဆက်လက်၍ တပ်မတော်အား မြန်မာ့စီးပွားရေး ဘဝမှ ဖယ်ရှားကာ မည်သည့်စီးပွားရေး လှုပ်ရှားမှု ပုံစံတခုနှင့်မှ ထိတွေ့မနေစေရန်၊ ဥပဒေဖြင့် တားမြစ်ပြီး တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော် အရာရှိများကို မည်သည့် စီးပွားရေးလုပ်ငန်းများ၌မဆို ထိန်းချုပ်သော အကျိုးစီးပွား တရပ် ရရှိခြင်းနှင့် စီးပွားရေး လုပ်ငန်းစုများ၏ ဘုတ်အဖွဲ့များတွင် ပါဝင်ခြင်းတို့အား တားမြစ်ရန်။

ဂ။ ကြားကာလအတွင်း MEHL ၊ MEC နှင့် ၎င်းတို့၏ လက်ဝေခံ လုပ်ငန်းများအားလုံး အနေဖြင့် အခွန်ဆောင်မှု၊ စာရင်းဇယားနှင့် ဘဏ္ဍာရေးစည်းမျဉ်းများအား လိုက်ပါဆောင်ရွက်မှုကို သေချာစေသည့် နည်းလမ်းများ အကောင်အထည်ဖော်ရန် နှင့် ၎င်းတို့၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ရှားမှုများ နှင့် လည်ပတ်မှုများ၏ သတင်းအချက်အလက်များကို အပြည့်အစုံ ထုတ်ပြန်စေရန်။

ဃ။ MEHL ၊ MEC နှင့် လက်ဝေခံ ကုမ္ပဏီများ အပါအဝင် သဘာဝအရင်းအမြစ်များ ထုတ်ယူနေသည့် ကုမ္ပဏီအားလုံး မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) အောက်တွင် ပါဝင်သော အစိုးရ၏ ကတိကဝတ်များနှင့် အညီဖြစ်သည့် ဘဏ္ဍာရေး အစီရင်ခံရန် လိုအပ်ချက်များ နှင့် အကျိုးခံစားခွင့်ရှိသည့် ပိုင်ဆိုင်သူ၏ အသေးစိပ်အချက်အလက်များ ထုတ်ပြန်ပေးရေးတို့ကို လိုက်နာဆောင်ရွက်ရမည့် ကြံ့ခိုင်သော မူဝါဒနှင့် ဥပဒေပြုရေး မူဘောင် တခု ဖော်ထုတ်ရန်။

င။ မစ်ရှင်နှင့် အတူ ပူးပေါင်းဆောင်ရွက်ခဲ့သူ တစ်ဦးဦး သို့မဟုတ် အဖွဲ့တဖွဲ့အား လက်တုန့်ပြန်မှုများ၊ ခြိမ်းခြောက်မှုများ သို့မဟုတ် မည်သည့် ပုံစံဖြင့် ဖြစ်သော အခြား အနှောက်အယှက်ပေးမှုများ မခံရရေးအတွက် သေချာစေရန်။ ထိရောက်သော မူဝါဒများ၊ ဥပဒေပြုခြင်းများ၊ စည်းမျဉ်းချမှတ်ခြင်း၊ စီးပွားရေးနှင့် သက်ဆိုင်သော လုပ်ရှားမှုများ အတွက် စီရင်ဆုံးဖြတ်ချက် ချမှတ်ခြင်း တို့မှတဆင့် လူ့အခွင့်အရေးချိုးဖောက်မှုများအား တားဆီးခြင်း၊ စုံစမ်းခြင်း၊ အပြစ်ပေးခြင်းနှင့် ကုစားခြင်းတို့ ပြုရန်အတွက် သင့်လျော်သော ခြေလှမ်းများအားလုံးကို လုပ်ဆောင်ရန်။ စီးပွားရေး လုပ်ငန်းများမှ လူ့အခွင့်အရေးကို လေးစားလိုက်နာစေရန်၊ ထိုဥပဒေများ၏ လုံလောက်မှုကို မကြာခဏ ဆန်းစစ်ပြီး ကွာဟလစ်လပ်မှုများကို ဖော်ထုတ်ဖြေရှင်းရန်။ ကြိုတင်ပြင်ဆင် အားထုတ်မှု ပြုလုပ်၍ စီပွားရေးလုပ်ငန်းများအား ၎င်းတို့ လုပ်ငန်းဆောင်ရွက်မှုတလျောက် လူ့အခွင့်အရေးကို မည်သို့ လေးစားလိုက်နာရမည် ဆိုသည်နှင့် ထိရောက်သော လမ်းညွှန်မှုများကို ပေးရန်။ စီးပွားရေးလုပ်ငန်းများ အနေဖြင့် လူ့အခွင့်အရေး သက်ရောက်မှုများကို မည့်သို့ ကိုင်တွယ် လုပ်ဆောင်သည်ကို ဆက်သွယ်တင်ပြရန် တိုက်တွန်းရမည်၊ လိုအပ်လျှင် လုပ်ဆောင်စေမည်။

၁၈၇။ လုံခြုံရေးကောင်စီသို့။ ။

က။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေတို့ အပေါ် ချိုးဖောက်မှုများအတွက် တာဝန်ရှိသော တပ်မတော် ထိပ်တန်း အရာရှိကြီးများအား ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူပိတ်ဆို့မှု ပြုရန်။

ခ။ တပ်မတော်ပိုင် ကုမ္ပဏီများအားလုံး အထူးသဖြင့် MEHL ၊ MEC နှင့် ၎င်းတို့၏ လက်ဝေခံ လုပ်ငန်းများ အားလုံးကို ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူပိတ်ဆို့မှုလုပ်ရန်နှင့် ထိုသို့လုပ်နေစဉ် လူ့အခွင့်အရေးကို လေးစားရန်၊ အရေးယူပိတ်ဆို့မှု၏ မည်သည့် လူမှုရေး၊ စီးပွားရေး ဆိုးကျိုးသက်ရောက်မှုများမဆို သိသာထင်ရှားစွာ လျော့နည်းစေရန်။

ဂ။ မြန်မာပြည် အပေါ် ပြည့်စုံကုံလုံသော လက်နက်ပိတ်ဆို့မှု တခု လုပ်၍ စောင့်ကြည့်ရေးနှင့် သက်ဝင်လိုက်နာစေရေး ယန္တရားတရပ် ထူထောင်ရန်။

၁၈၈။ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ နှင့် သက်ဆိုင်ရာ အစိုးရများအကြား ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသို့။ ။

က။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ နှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများကို ကျူးလွန်သူများဟု မစ်ရှင်မှ လူသိရှင်ကြား ဖော်ထုတ်ထားသော လူပုဂ္ဂိုလ်များ၊ အလားတူ ၎င်းတို့၏ မိသားစုအဖွဲ့ဝင်များ၊ ထို့အပြင် ပိတ်ဆို့မှုကို ရှောင်ရှားရန်အတွက် စီးပွားရေး လုပ်ငန်းရှင် အငှား အဖြစ် သို့မဟုတ် ဖော်ထုတ်ခံပြီးသားဖြစ်သော သူများ၏ ကိုယ်စားလှယ် အဖြစ် ဆောင်ရွက်နိုင်သည့် ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များအား၊ ခရီးသွားလာခွင့် ပိတ်ပင်ခြင်း၊ ပိုင်ဆိုင်မှုများ သိမ်းဆည်းခြင်း တို့ အပါအဝင် တစ်ဦးချင်းစီ ပစ်မှတ်ထားသော ပိတ်ဆို့ အရေးယူမှုများကို လူ့အခွင့်အရေးအား လေးစားလိုက်နာလျက် လုပ်ဆောင်ရန်။

ခ။ တပ်မတော် စီးပွားရေးလုပ်ငန်း အုပ်စုကြီးများနှင့် ၎င်းတို့၏ လက်ဝေခံ ကုမ္ပဏီများအား ပိုင်ဆိုင်သူများကိုလည်း တစ်ဦးချင်း ပစ်မှတ်ထား အရေးယူပိတ်ဆို့ခြင်းနှင့် ပိုင်ဆိုင်မှုများ သိမ်းဆည်းခြင်းကို ဖော်ဆောင်ရန်။ ထိုသို့လုပ်နေစဉ် လူ့အခွင့်အရေးကို လေးစားရန်၊ ပိတ်ဆို့မှု၏ မည်သည့် လူမှုရေး၊ စီးပွားရေး ဆိုးကျိုးသက်ရောက်မှုများမဆို သိသာထင်ရှားစွာ လျော့နည်းစေရေးလုပ်ဆောင်ရန်။

ဂ။ တပ်မတော်နှင့် ၎င်း၏ လုပ်ငန်းများထံမှ စီးပွားရေးအရ အကျိုးအမြတ်ခံစားနေသူ သို့မဟုတ် စီးပွားရေးအရ ထောက်ပံ့ကူညီမှု ဖြစ်နေစေသူ ဥပဒေဆိုင်ရာ ပုဂ္ဂိုလ်များ၊ အဖွဲ့များ၊ အဆောက်အအုံများ၊ အလားတူ ၎င်းတို့၏ မိသားစုအဖွဲ့ဝင်များ၊ ထို့အပြင် ပိတ်ဆို့မှုကို ရှောင်ရှားရန်အတွက် စီးပွားရေး လုပ်ငန်းရှင် အငှား အဖြစ် သို့မဟုတ် ဖော်ထုတ်ခံပြီးထားသော သူများ၏ ကိုယ်စားလှယ် အဖြစ် ဆောင်ရွက်နိုင်သည့် ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များ အပေါ်တွင်လည်း တစ်ဦးချင်းစီ ပစ်မှတ်ထားသော ပိတ်ဆို့ အရေးယူမှုများကို လူ့အခွင့်အရေးအား လေးစားလိုက်နာလျက် လုပ်ဆောင်ရန်။

ဃ။ တာဝန်ယူမှုတာဝန်ခံမှု၊ တရားမျှတမှုနှင့် မြန်မာပြည်တွင် လူ့အခွင့်အရေး အကြပ်အတည်း အဆုံးသတ်စေရန်အတွက် ညှိနှိုင်းဆက်စပ်မှုရှိသော ဘက်ပေါင်းစုံ ချဉ်းကပ်မှု၏ အဓိက အစိတ်အပိုင်း တရပ်အနေဖြင့် လက်နက်လွှဲပြောင်းမှု ပိတ်ဆို့အရေးယူခြင်းကို ဖော်ဆောင်ရန်။

င။ မြန်မာပြည်တွင် စီးပွားရေး လုပ်နေသော မိမိတို့ ပိုင်နက်အတွင်း တည်ရှိနေသည့် မည်သည့်ကုမ္ပဏီများကို မဆို ၎င်းတို့၏ အာရုံစူးစိုက်မှု ရစေရန်အတွက် ဤ အစီရင်ခံစာကို ပေးပို့ရန်။

စ။ ၎င်းတို့၏ နယ်မြေ အတွင်း သို့မဟုတ် စီရင်မှုအတွင်း တစ်စိတ်တစ်ပိုင်းဖြစ်စေ သို့မဟုတ် တစ်ခုလုံးဖြစ်စေ ရှိနေသည့်၊ မြန်မာပြည် လူ့အခွင့်အရေး အကြပ်အတည်း

အခြေအနေအတွင်း လူပုဂ္ဂိုလ်များ၏ လူ့အခွင့်အရေးအပေါ် တိုက်ရိုက်နှင့် မြင်သာနိုင်သော သက်ရောက်မှုများ ဖြစ်စေသည့်၊ စီးပွားရေးလုပ်ငန်းများအားလုံးမှ ထိရောက်သော ကုစားမှုကို နစ်နာသူမှ ရပိုင်ခွင့်အပါအဝင် သက်ဆိုင်ရာအစိုးရများ၏ လူ့အခွင့်အရေးတာဝန်ရှိမှုများနှင့် တသမတ်တည်းဖြစ်စေရန် သေချာစေမည့် သင့်လျော်သော ဥပဒေပြုမှုနှင့် အခြားနည်းလမ်းများ လုပ်ဆောင်ရန်။

ဆ။ မစ်ရှင်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ရလဒ်အဖြစ် လက်တုန့်ပြန် ခံရသူများ သို့မဟုတ် လက်တုန့်ပြန်ခံရရန် အန္တရာယ်နှင့် ရင်ဆိုင်နေရသူများကို ကာကွယ်မှုပေးရန်၊ အထူးသဖြင့် နိုင်ငံတစ်ခုအနေဖြင့် မြန်မာပြည်တွင် သို့မဟုတ် အိမ်နီးနားချင်းနိုင်ငံများတွင် သံတမန်ရုံး ရှိနေပါလျှင် ထောက်ပံ့ကူညီပေးရန်။

ဇ။ မြန်မာပြည်လူ့အခွင့်အရေး အကြပ်အတည်းနှင့် ဆက်စပ်၍ နိုင်ငံတကာ ဥပဒေအောက်တွင် ရာဇဝတ်မှု ကျူးလွန်ရာ၌ ပါဝင်သည်ဟု ယုံကြည်ရလောက်သော အခြေအနေရှိသည့် ကော်ပိုရေးရှင်းများ၏ အရာရှိများအား လွှဲပြောင်းအပ်နှံခြင်း သို့မဟုတ် စစ်ဆေးခြင်း နှင့် ခိုင်လုံသော အထောက်အထားရှိပါက တရားစွဲဆိုခြင်း အတွက် တရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးရန်။

ဈ။ မြန်မာပြည်မှ တင်ပို့လိုက်သော ကုန်ပစ္စည်းများကို ထုတ်လုပ်၊ ရောင်းချ သို့မဟုတ် တင်ပို့ရာတွင် တပ်မတော်နှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း မည်သို့မျှ ပတ်သက်မှု မရှိကြောင်း ခွဲခြား သတ်မှတ်ပေးရေး အပါအဝင် MEHL ၊ MEC နှင့် ၎င်းတို့၏ လက်ဝေခံများ၊ တပ်မတော်မှ ပိုင်သော သို့မဟုတ် လွှမ်းမိုးနိုင်သော အခြားကုမ္ပဏီများနှင့် ဆက်ဆံမှု မပြုနိုင်စေရန် စားသုံးသူများကို ကူညီပံ့ပိုးရန်။

၁၈၉။ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းများသို့။ ။

က။ မြန်မာနိုင်ငံတွင် လည်ပတ်နေသော သို့မဟုတ် ကူးသန်းရောင်းဝယ်မှုပြုလုပ်နေသော သို့မဟုတ် ရင်းနှီးမြှုပ်နှံနေသော မည်သည့် စီးပွားရေးမဆို မစ်ရှင်မှ အကြံပြုထားသည့် အတိုင်း တပ်မတော် ပြန်လည်ဖွဲ့စည်းခြင်း နှင့် အသွင်ပြောင်းလဲခြင်းများ မပြုလုပ်မချင်း လုံခြုံရေးတပ်ဖွဲ့များ အထူးသဖြင့် တပ်မတော် သို့မဟုတ် ၎င်းတို့ (လက်ဝေခံ လုပ်ငန်းများ အပါအဝင်) သို့မဟုတ် တစ်ဦးတစ်ယောက်ချင်းစီ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်ထားသည့် မည်သည့် လုပ်ငန်း နှင့်မျှ စီးပွားရေး ဆက်ဆံမှု ပုံစံတစ်ခု အတွင်းသို့ မဝင်ရောက်သင့်ပါ။ ဤစီးပွားရေးလုပ်ငန်းစုများထဲတွင် အဓိက အားဖြင့် MEHL ၊ MEC ၊ ၎င်းတို့၏ လက်ဝေခံများနှင့် စီးပွားရေး အဆက်အစပ် ရှိမှုများဖြစ်ပါသည်။ သက်ဆိုင်သော စီးပွားရေး အဆက်အစပ်ရှိမှုများထဲတွင် ထိုကုမ္ပဏီများသို့ ငွေကြေးချေးငှားခြင်း သို့မဟုတ် ၎င်းလုပ်ငန်းလည်ပတ်မှုများထဲတွင် မတည်ငွေ ရင်းနှီးမြှုပ်နှံခြင်း နှင့် တပ်မတော်နှင့် ဆက်စပ်သော ကုမ္ပဏီများမှ ဝန်ဆောင်မှုများ ရယူခြင်း (အိမ်ယာများ ငှားယူခြင်းပါ ပါဝင်သည်။) အစရှိသည်တို့ ဖြစ်ပါသည်။ တပ်မတော် ခေါင်းဆောင်များ၏ မိသားစုများ ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်ထားသော ကုမ္ပဏီများနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းစုများ အနေဖြင့် ကြီးမားသော

သတိထားရှိရန် လိုအပ်ပြီး တင်းကြပ်သော ကြိုတင်ပြင်ဆင် အားထုတ်မှု ပြုလုပ်ထားပြီးနောက် ထိုကုမ္ပဏီများက တရားဝင် စီးပွားရေးဖြစ်သည်၊ တပ်မတော်နှင့် ချိတ်ဆက်မှု မရှိ သို့မဟုတ် ထောက်ပံ့မှု မရှိဟု မိမိကိုယ်တိုင် သေချာမှသာ ထိုသို့သော ဆက်ဆံရေးမျိုး လုပ်သင့်သည်။ မြန်မာပြည်တွင် လည်ပတ်နေသော စီးပွားရေးလုပ်ငန်းများ သို့ မြန်မာပြည်တွင် ကုန်သွယ်မှု သို့မဟုတ် စီးပွားရေးထဲတွင် ရင်းနှီးမြှုပ်နှံမှု လုပ်နေသော သို့မဟုတ် ပြုလုပ်ရန် စဉ်းစားနေသော စီးပွားရေးများအနေဖြင့် မိမိတို့၏ ကြိုတင်ပြင်ဆင် အားထုတ်မှု အကဲဖြတ်သုံးသပ်မှုကို ပြုလုပ်သည့် အခါ ဤအစီရင်ခံစာနှင့် နောက်ဆက်တွဲများတွင် ဖေါ်ပြထားသော ကုမ္ပဏီ စာရင်း (ထွက်ပေါ်လာမည့် နောက်ဆုံးရရှိသော မည်သည့်သတင်းများ မဆို)၊ နှင့် မစ်ရှင်၏ ၂၀၁၈ အစီရင်ခံစာ အပါအဝင် ယုံကြည်စိတ်ချရသော သတင်းများကို အသုံးပြုသင့်ပါသည်။

ခ။ တပ်မတော်သို့ တိုက်ရိုက်ဖြစ်စေ သို့ဟုတ် မြန်မာကုမ္ပဏီများနှင့် စီးပွားရေး ဆက်စပ်မှုမှ ဖြစ်စေ ထောက်ပံ့ ပံ့ပိုးမှုများ၊ အလှူငွေများ နှင့် အခြားရံပုံငွေ အားလုံးကို တားမြစ်ရန်။

ဂ။ ပဋိပက္ခသက်ရောက်ရာ ဒေသများ အထူးသဖြင့် ကချင်၊ ရှမ်း နှင့် ရခိုင်ပြည်နယ်များရှိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ အပါအဝင် ရင်းနှီးမြှုပ်နှံမှု အားလုံးကို ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမှုများနှင့် အညီ လုပ်ဆောင်စေရန်၊ အထက်ဖေါ်ပြပါ အကြံပြုချက်တွင် ဟန့်တားမခံရသေးသော ရင်းနှီးမြှုပ်နှံမှုအားလုံးအား မစ်ရှင်၏ ရှာဖွေတွေ့ရှိချက်များအရ ကြိုတင်ပြင်ဆင် အားထုတ်မှု တိုးမြှင့် လုပ်ဆောင်စေရန်။

ဃ။ ဤအစီရင်ခံစာတွင် မီးမောင်းထိုးပြထားသော မြန်မာပြည်မှ သယံဇာတများ ဝယ်ယူနေသော၊ အထူးသဖြင့် ကချင်နှင့် ရှမ်းပြည်နယ်များမှ ကျောက်စိမ်း၊ ပတ္တမြားနှင့် ကျွန်းသစ်- မည်သည့်စီးပွားရေးလုပ်ငန်းစုများ မဆို ထိုအရင်းအမြစ်များသည် တပ်မတော် (လက်ဝေခံများနှင့် ဖက်စပ်များပါ ပါဝင်သည်။) သို့မဟုတ် တပ်မတော်၏ တစ်ဦးချင်း လူပုဂ္ဂိုလ်များ ပိုင်ဆိုင် သို့မဟုတ် လွှမ်းမိုးထားသည့် စီးပွားရေးလုပ်ငန်းစုများမှ ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်း မဟုတ်သည်ကို သေချာစေသည့် ကြိုတင်ပြင်ဆင် အားထုတ်မှု တိုးမြှင့်ဆောင်ရွက်ခြင်းကို ကျင့်သုံးရန်။ အကယ်၍ ထိုသို့ပတ်သက်နေပါက ထိုအရင်းအမြစ်များကို တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ ဖြစ်စေ ဝယ်ယူခြင်း သို့မဟုတ် အသုံးပြုခြင်း မလုပ်သင့်ချေ။ ဤကိစ္စနှင့်ပါတ်သက်၍ OECD ၏ ပဋိပက္ခသက်ရောက်သော၊ အန္တရာယ်မြင့်မားသော ဒေသများမှ သတ္တုများ ထုတ်ယူရာတွင် တာဝန်ယူသော အဆင့်ဆင့် ထုတ်လုပ်မှုစနစ် အတွက် ကြိုတင်ပြင်ဆင် အားထုတ်မှု လမ်းညွှန်မှ အသုံးဝင်သော လမ်းညွှန်ချက်များ ဖြည့်ဆည်းပေးထားပါသည်။

င။ မြန်မာပြည်မှ ကုန်ပစ္စည်းများ ဝယ်ယူနေသော စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့၏ မည်သည့်ကုန်ပစ္စည်းကမျှ ထပ်မတော်နှင့်ဆက်စပ်နေသော စီးပွားရေးလုပ်ငန်းများမှ လာခြင်းမဟုတ်ကြောင်း သေချာစေသည့် ၎င်းတို့၏ အဆင့်ဆင့်သော ထုတ်လုပ်မှုများတွင် တင်းကြပ်သည့် ကြိုတင်ပြင်ဆင် အားထုတ်မှု စံသတ်မှတ်ချက်ကို ကျင့်သုံးသင့်ပါသည်။ စားသုံးသူများအနေဖြင့် သိနားလည်စွာ

ရွေးချယ်မှု ပြုနိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းများ အနေဖြင့် ၎င်းတို့၏ ကုန်ပစ္စည်းများ၏ ဇစ်မြစ်ကို ရှင်းလင်းစွာ ဖော်ပြသင့်သည်။

၁၉၀။ စားသုံးသူများသို့။ ။

က။ တပ်မတော်ကုမ္ပဏီများ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်နေမှုကြောင့် မြန်မာနိုင်ငံသို့ ခရီးသွားရန် စဉ်းစားနေသူများအနေနှင့် MEHL ၊ MEC နှင့် ၎င်းတို့၏ လက်ဝေခံများ၊ တပ်မတော်မှ ပိုင်သော သို့မဟုတ် လွှမ်းမိုးထားသော မည်သည့်ကုမ္ပဏီ မဆိုနှင့် ဆက်ဆံမှုကို ရှောင်ရှားရန်၊ ဤအစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းတွင် ပါဝင်သော ကုမ္ပဏီစာရင်း (ထွက်ပေါ်လာမည့် နောက်ဆုံး ရသည့် မည်သည့်သတင်းမဆို) အသုံးပြု၍ မိမိတို့ စားသုံးသူ၏ သိရှိနားလည်စွာ ရွေးချယ်ပိုင်ခွင့်ကို ပေးရန်။

ခ။ မြန်မာနိုင်ငံ ကချင်နှင့် ရှမ်းပြည်နယ်များမှ မြစ်ဖျားခံလာရန် ဖြစ်နိုင်ခြေများသော၊ ကျောက်စိမ်းနှင့် ပတ္တမြား မိုင်းလုပ်ငန်းတွင် တပ်မတော်စီးပွားရေးများ၏ ပတ်သက်မှု ရှိနေသော၊ သတ္တုမိုင်းလုပ်ငန်းများနှင့် မြန်မာပြည်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ နီးကပ်စွာဆက်စပ်နေသော အခြေအနေများကို ထောက်ရှု၍ MEHL ၊ MEC ၊ ၎င်းတို့၏ လက်ဝေခံများ၊ တပ်မတော်မှ ပိုင်ဆိုင် သို့မဟုတ် လွှမ်းမိုးထားသော ကုမ္ပဏီများ မှ ထုတ်လုပ်၊ ရောင်းချ သို့မဟုတ် တင်ပို့သည့် သို့မဟုတ် မြစ်ဖျားခံရာ မသေချာသည့် ကျောက်စိမ်း သို့မဟုတ် ပတ္တမြား တို့အား ဝယ်ယူခြင်းမှ ရှောင်ရှားရန်။

ဂ။ ဤ အစီရင်ခံစာ၏ နောက်ဆက်တွဲပါ ကုမ္ပဏီစာရင်းကို အသုံးပြု၍ (ထွက်ပေါ်လာမည့် နောက်ဆုံးရသည့် မည်သည့်သတင်းမဆို ပါ အသုံးပြု၍) မြန်မာပြည်မှ မြစ်ဖျားခံလာသော ကုန်ပစ္စည်းများကို စားသုံးသူ သိနားလည်စွာ ရွေးချယ်နိုင်မှုကို အသိပေးရန်အတွက် စီစစ်ရန် နှင့် တပ်မတော်နှင့် မပတ်သက်သော စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သော ကုန်ပစ္စည်းတို့ကိုသာ ဝယ်ယူအားပေးရန်။

၁၉၁။ နိုင်ငံတကာ ငွေကြေး ရံပုံငွေ အဖွဲ့အစည်းများသို့။ ။

က။ တပ်မတော်နှင့် ၎င်းတို့နှင့် ဆက်စပ်သော စီးပွားရေးလုပ်ငန်းများ မဟုတ်သည့် အခြားသော စီးပွားရေးစွမ်းဆောင်သူများ ဖွံ့ဖြိုးမှုအတွက် တပ်မတော်နှင့် ချိတ်ဆက်မှု မရှိသည့် ပုဂ္ဂလိက ကဏ္ဍတွင်သာ ရင်းနှီးမြှုပ်နှံမှုကို ထောက်ပံ့ အားပေးရန်။

ခ။ ပါဝင်မှု၊ စွမ်းအားမြှင့်တင်မှု၊ ဒေသခံပိုင်ဆိုင်မှု နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုတို့ ပါဝင်သည့် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်မှုနှင့်အတူ စီမံချက်ပုံစံချမှုကို ဦးတည်သည့် ဖွံ့ဖြိုးရေး စီမံချက်များကို အကောင်အထည်ဖော်ဆောင်ပေးရန်။

ဂ။ ဖွံ့ဖြိုးရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပြန်လည်တည်ဆောက်မှုများအား မျှတသော၊ သာတူညီမျှသော၊ ခွဲခြားဆက်ဆံမှု မရှိသော၊ နိုင်ငံရေးအကျိုးအမြတ် မကြည့်သော ပုံစံဖြင့် ထောက်ပံ့ ဖြည့်ဆည်းရန်။ ဤအခြေခံကြောင့် ရခိုင်ပြည်နယ်တွင် အရေးပေါ် လူသားချင်းစာနာသည့် အကူညီမှ လွဲ၍ ကျန်ရှိနေသော ရိုဟင်ဂျာပြည်သူလူထုအပေါ် ကန့်သတ်မှုများ မပယ်ဖျက် မချင်း မည်သည့် စီးပွားရေးနှင့် ဖွံ့ဖြိုးရေး လုပ်ဆောင်မှုများမှ မလုပ်ရန်။

ဃ။ ဖွံ့ဖြိုးရေးစီမံချက်များကို အစီအစဉ် ဆွဲသည့်အခါနှင့် အကောင်အထည် ဖော်သည့်အခါ လူ့အခွင့်အရေး၊ လူ့အသိုင်းအဝိုင်း နှင့် ကာကွယ်မှု အခြေခံသည့် ချဉ်းကပ်မှုကို လိုက်နာရန်၊ အထူးသဖြင့် ဖွံ့ဖြိုးရေးစီမံချက်များနှင့် အစီအစဉ်များကို မည်သည့်နေရာ၌ နှင့် မည်သို့ ဖြည့်ဆည်းသည် သို့မဟုတ် အကူအညီများ ပေးသည် ဆိုသည့် အခြေအနေနှင့် ပါတ်သက်လျှင် ပိုမို စဉ်းစားရမည်။ စီမံချက်များ သို့မဟုတ် အကူညီများက စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ သို့မဟုတ် လူမျိုးတုန်းသတ်ဖြတ်မှုများ အပါအဝင် နိုင်ငံတကာဥပဒေအောက်တွင် ရာဇဝတ်မှုမြောက်သော အပြုအမူများ၌ ဥပဒေနှင့်အညီမဟုတ်ဘဲ ပါဝင်ပတ်သက်သည်ဟု သံသယရှိစရာ အကြောင်းပြချက် ရှိနေသော အဖွဲ့များသို့ စီးပွားရေး သို့မဟုတ် အခြား အကျိုးအမြတ်များ မပေးသင့်ပါ။

င။ ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်များရှိ ဖွံ့ဖြိုးရေးစီမံချက်များသည် ရာဇဝတ်မှု အခင်း ဖြစ်ပွားရာနေရာများ သို့ အခြားသက်သေခံ အထောက်အထားများကို ဖျက်ဆီး သို့မဟုတ် ပုံပျက်စေမည့် လုပ်ရပ်များတွင် တာဝန်ယူ၊တာဝန်ခံမှု ရည်ရွယ်ချက်များအတွက် ထောက်ပံ့ သို့မဟုတ် ပါဝင်မှုများ မလုပ်ရပါ။

စ။ မြန်မာအစိုးရအတွက် မည်သည့် တိုက်ရိုက် ဘဏ္ဍာရေး ထောက်ပံ့ကူညီမှုမဆို ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးရေး ပန်းတိုင် များနှင့် မြန်မာနိုင်ငံရှိ ပြည်သူတရပ်လုံး ၏ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများကို ခွဲခြားဆက်ဆံမှုမရှိသည့် ပုံစံဖြင့် မည်သူတစ်ဦးတစ်ယောက်မှ နောက်တွင် မကျန်ရစ်စေဘဲ ပြီးပြည့်စုံရေးကို ဦးတည်ရန်အတွက် သေချာစေရမည်။

၁၉၂။ ကုလသမဂ္ဂနှင့် ၎င်း၏ ရံပုံငွေ အဖွဲ့အစည်းများ၊ အစီအစဉ်များနှင့် အေဂျင်စီများသို့။

က။ မြန်မာပြည်နှင့် ပတ်သက်၍ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများ ချိုးဖောက်မှု အပေါ် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန် ရည်မှန်းချက်များကို ဘက်လိုက်မှုများ ဖြစ်စေနိုင်သည့် အကူအညီ နှင့် အစီအစဉ်များ မထောက်ပံ့ရန်။

ခ။ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အထူးလိုအပ်ချက်များကို ကုလသမဂ္ဂ၏ လူသားချင်းစာနာမှုဆိုင်ရာ၊ ဖွံ့ဖြိုးရေးဆိုင်ရာ နှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ အစီအစဉ်ဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၏ ထိပ်ဆုံးတွင် ထားပေးရန်။

ဂ။ အောက်ပါနေရာများတွင် ထပ်မံ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပေးရန်

(၁) တပ်မတော်က တိုက်ရိုက် ပိုင်ဆိုင်သော ကုမ္ပဏီများ၊ MHEL ၊ MEC နှင့် ၎င်းတို့၏ လက်ဝေခံများ နှင့် မြန်မာ ရူပီကြယ် ကုမ္ပဏီ၊

(၂) MEHL ၊ MEC နှင့် တပ်မတော်ပိုင် ကုမ္ပဏီများ၏ အတိတ်နှင့် လက်ရှိခေါင်းဆောင်ပိုင်း၊

(၃) တပ်မတော်ပိုင် အိမ်ရာမြေ စီမံကိန်းများ၊

(၄) ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်များရှိ နိုင်ငံတကာဥပဒေများအောက်မှ ရာဇဝတ်မှုများနှင့် ဆက်စပ်နေသော တပ်မတော်၏ ခေါင်းဆောင်မှု နှင့် တပ်မတော် အရာရှိများ အပါအဝင် ထိပ်ပိုင်းခေါင်းဆောင်များ၏ အနီးဆုံး မိသားစုဝင်များက ပိုင်ဆိုင်သော ကုမ္ပဏီများ၊

(၅) သတ်မှတ်ဖော်ထုတ်ထားပြီးသော ကျူးလွန်သူများ၏ ပိုင်ဆိုင်မှုများ၊

(၆) တပ်မတော်ပိုင် ကုမ္ပဏီများနှင့် ဘဏ်များသို့ ပေးခဲ့သော ချေးငွေများနှင့် ရင်းနှီးမတည်ငွေများ၊

(၇) လက်နက်များနှင့် ဆက်စပ်ပစ္စည်းများကို တပ်မတော်သို့ ရောင်းချမှု နှင့် လွှဲပြောင်းမှုတွင် အကျိုးဆောင်ကြသော ကုမ္ပဏီများနှင့် နိုင်ငံများ၊

(၈) ရခိုင်မြောက်ပိုင်းတွင် ၂၀၁၇ ခုနှစ် ဩဂုတ်မှ စခဲ့သော"ရှင်းလင်းရေး စစ်ဆင်ရေး" ဖြစ်ပေါ်နေချိန်တွင် မဘသ (အမျိုးဘာသာ သာသနာ ထိမ်းသိမ်းစောင့်ရှောက်ရေးအဖွဲ့) ၏ လှုပ်ရှားရန် ခေါ်ဆိုချက်များ နှင့် အားထုတ်လှူဒါန်းခြင်းများ၊ ရိုဟင်ဂျာ ဆန့်ကျင်သော အကြမ်းဖက်မှုတွင် လှူဒါန်းဆော်မှုနှင့် အခြားပါဝင်ပတ်သက်မှုများ၊ တပ်မတော်၏ ရာဇဝတ်မှုများကို ထောက်ခံမှုများနှင့် ဆက်စပ်၍ မဘသ အပါအဝင် ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒီ အဖွဲ့အစည်းများနှင့် တပ်မတော်အကြား စီးပွားရေး နှင့်/သို့ ဘဏ္ဍာရေးဆက်သွယ်မှုများ၊ နှင့်

(၉) မြန်မာပြည်လူ့အခွင့်အရေး အကြပ်အတည်း အပေါ်တွင် ပံ့ပိုးပေးခဲ့သော၊ ဆက်လက်၍ သက်ရောက်နေစေမည်ဖြစ်သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများ၊

# နောက်ဆက်တွဲများ

## ၁။ မြန်မာပြည်မြေပုံ



## ၂။ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက် (MEHL) နှင့် မြန်မာ့ စီးပွားရေး ကော်မရှင် (MEC)

### (က) MEHL နှင့် MEC အုပ်ချုပ်မှု ယန္တရား

| | *Rank (if known) and name* | *If known, active military position or (if retired) in other parts of government* | *Comments* | *Position on MEHL Patron Group*[427] | *Position in MEHL, Ltd.* | *Position in MEC Ltd.* |
|---|---|---|---|---|---|---|
| 1 | Senior General Min Aung Hlaing | Commander-in-Chief | Named by the Mission. Sanctioned by the U.S. | Chairman | | |
| 2 | Vice Senior General Soe Win | Deputy Commander-in-Chief and Commander in Chief of Army | Named by the Mission. Sanctioned by the U.S. | Vice Chairman | | |
| 3 | Lt. General Hsan Oo | Adjutant-General | | Secretary | Chairman – representative of Military Personnel in service | |
| 4 | Lt. General Mya Tun Oo | Joint Chief of Staff (Army, Navy, Airforce) | | Member | | |
| 5 | Admiral Tin Aung San | Commander-in-Chief of Navy | | Member | | |
| 6 | General Maung Maung Kyaw | Commander-in-Chief of Air Force | | Member | | |
| 7 | Lt. General Nyo Saw | Quartermaster General | | Member | | Director |
| 8 | Major General Khin Maung Than | Director for Military Procurement | | | Managing Director – representative of Defence Services Branches | |
| 9 | Major Gen. Moe Myint Htun (Tun) | Army Chief of Staff | | | Director - representative of Defence Services Branches | Director |
| 10 | Rear Admiral Moe Aung | Navy Chief of Staff | | | Director | Director |

[427] Digital record 2179.

| | Rank (if known) and name | If known, active military position or (if retired) in other parts of government | Comments | Position on MEHL Patron Group[427] | Position in MEHL, Ltd. | Position in MEC Ltd. |
|---|---|---|---|---|---|---|
| 11 | Lt. General (Tun) Htun Aung | Air Force Chief of Staff | | | Director - representative of Defence Services Branches | Director |
| 12 | Lt. General Min Naung | Inspector General | | | Director - representative of Military Personnel in service | |
| 13 | Lt. General Aung Lin Dwe | Judge Advocate General and Former Western Commander (2015) | | | Director - representative of Military Personnel in service | |
| 14 | Brig. General Kyaw Tin (Ret) /Kyaw Htin | Director General of Customs Department | | | Director - War Veterans' Organization representative | |
| 15 | Major Ni Aung (Ret) | Managing Director of Myanmar Port Authority | | | Director - War Veterans' Organization representative | |
| 16 | Brig. General Kyaw Myo Win (Ret) | N/A | | | Director - War Veterans' Organization representative | |
| 17 | Major Ming Khine (Ret) | N/A | | | Director - War Veterans' Organization representative | |
| 18 | Colonel Myint Swe | Chief of Myanmar War Veterans' Organization's Headquarters | | | Director - War Veterans' Organization representative | |
| 19 | Brig. General Aung Kyaw Hoe | Defence Permanent Secretary | | | | Director |
| 20 | Aung Lin Htun | N/A | | | | Director |
| 21 | Major General Aung Zay Ya | Director of Military Electrical and Mechanical Engineers | | | | Director |

| | *Rank (if known) and name* | *If known, active military position or (if retired) in other parts of government* | *Comments* | *Position on MEHL Patron Group*[427] | *Position in MEHL, Ltd.* | *Position in MEC Ltd.* |
|---|---|---|---|---|---|---|
| 22 | Khin Maung Soe | Commander, 15th Light Infantry Division | Sanctioned by the EU, U.S., UK and Australia. | | | Director |
| 23 | Maj. Gen. Maung Maung Myint | Director of Military Engineers | | | | Director |
| 24 | Brig. Gen. Thaik Soe | Vice Quartermaster | | | | Director |
| 25 | Thant Swe | N/A | | | | Managing Director |
| 26 | Thant Zin | N/A | | | | Director |
| 27 | Major General Thaw Lwin | Director of Signals Intelligence | | | | Director |
| 28 | Thein Toe | N/A | | | | Director |
| 29 | Major General Zaw Lwin Oo | Director of Supply and Transport | | | | Director |
| 30 | Zin Min Htet | N/A | | | | Director |

## (ခ) MEHL နှင့် MEC သို့မဟုတ် MEC Ltd. ၏ လက်ဝေခံ ကုမ္ပဏီများနှင့် အခြားပေါင်းစည်းထားသော အသင်းဝင်အဖွဲ့များ

### (i) MEHL၏ လက်ဝေခံများဟု စွပ်စွဲထားသူများ၏ စာရင်းအားလုံး[428]

| *No.* | *Name of company* | *Sector (if known)* | *Source* |
|---|---|---|---|
| 1 | Adipati Agricultural Produce Trading Ltd* | Trade | DICA 109896691 |
| 2 | Aquarii (Gems & Jewellery) Co., Ltd.* | Mining and quarrying - gems | DICA 113094192 |
| 3 | ASHOK (Gems and Jewellery) Co., Ltd. | Mining and quarrying - gems | MEHL[429] |
| 4 | Aung Thitsa Oo Insurance* | Finance and insurance | DICA 188668933 |
| 5 | Aung Thitsa Oo Life Insurance* | Finance and insurance | DICA 119880386 |
| 6 | Bandoola Transportation Company Inc* | Transportation and storage | DICA 110156200 |
| 7 | Berger Paints Manufacturing Limited* | Manufacturing | DICA 111266581 |
| 8 | Bo Aung Kyaw Terminal | Trade | Lann Pyi Marine[430]; JICA[431] |
| 9 | Cancri (Gems and Jewellery) Co., Ltd. | Mining and quarrying - gems | MEHL |
| 10 | Da Na Theiddi Kyal (Jewellery) Co., Ltd. | Mining and quarrying - gems | MEHL |
| 11 | Da Na Theiddihi Star | Mining and quarrying - gems | MEHL |
| 12 | Du Won Kyal (Jewellery) Co., Ltd. | Mining and quarrying - gems | MEHL |
| 13 | Du Won Star | Mining and quarrying - gems | MEHL |
| 15 | Hawk Star (Gems and Jewellery) Co., Ltd. | Mining and quarrying - gems | MEHL |
| 16 | Hlaing Inland Terminal and Logistics Co., Ltd.* | Trade | DICA 108334258 |
| 17 | Inndagaw Industrial Complex | Manufacturing | Confidential[432] |
| 18 | Jasmine | Mining and quarrying - gems | MEHL |
| 19 | Kanpauk Oil Palm Estate and Palm Oil Mill | Agriculture, forestry and fishing | SPRGID[433] |

[428] MEHL, DICA No. 156387282. Subsidiaries for which the Mission was able to confirm MEHL officers sitting on their boards and/or which were owned outright by MEHL are marked with asterisks (*).

[429] Reference No. 5/3/Ah Kha Ya/Pai (2124/2018), "Submitting MEHL's information and data for EITI process," 25 June 2018 (https://myanmareiti.org/files/uploads/mehl_information_data_for_eiti.pdf), pg. 3 and Mia Newman, "Multifaceted: Governance and Conflict Risks in Myanmar's Ruby Industry," Natural Resource Governance Institute, March 2018, p. 10 (https://resourcegovernance.org/sites/default/files/documents/multifaceted-goverance-and-conflict-risks-in-myanmar-ruby-industry.pdf).

[430] "Bo Aung Kyaw Terminal", official website of Lann Pyi Marine (http://lpm-myanmar.com/Home/BusinessUnit/2)

[431] Japan International Cooperation Agency, "The Preparatory Survey for the Project for Expansion of Yangon Port in Thilawa Area," June 2014, pg. 35 (http://open_jicareport.jica.go.jp/pdf/12244893.pdf).

[432] MI-001; Digital records 2172, 2173, and 2174.

| No. | Name of company | Sector (if known) | Source |
|---|---|---|---|
| | Project (KOPP) | | |
| 20 | Kayah State Mineral Production Company Ltd.* | Mining and quarrying | DICA 111611327 |
| 21 | Kone Yar Thi Star | Mining and quarrying - gems | MEITI[434] |
| 22 | Lann Pyi Marine Company Ltd.* | Trade | DICA 110156286 |
